
www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်

ဖိုးချည်မျှင် နှင့် ဆွတ်ဆိုင်သည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြှင့်

ပိုးချည်မှုင်နှင့်ညွှတ်ဆင်သည်


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၉၃၃၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၇၁၄၁၂၀၈

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊




စီစဉ်သူ

မောင်ကျော်လှိုင်

(စေတနာစာပေ)


# တက္ကသိုလ်တင်မြှင့်

ပိုးချည်မှုင်နှင့် ညွှတ်ဆင်သည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# အပိုင်း | ၁ |

www.burmeseclassic.com

www.burmeseclassic.com



(ကင်းတားသို့)

## အခန်း (၁)

ရှေ့ဦးစွာ သူမ၏ ဖြူဆွတ်ဝင်းမွတ်သော လက်တစ်ဖက်ကို ကျွန်တော် စတင်တွေ့မြင်ရလေသည်။ လက်ကောက်ဝတ် အထက်နားကျကျတွင် သံမဏိရောင်မိန်းမပတ် လက်ပတ်နာရီကို ကြိုးမည်းမည်းလေးဖြင့် ပတ်ထားသည်။ လက်ခလယ်ဝယ် ရွှေရေ ကြီးအရွယ်ခန့် တစ်လုံးတည်းသော စိန်ကိုပရိုက်ခေါက် ရွှေဖြင့် ကွင်းထားသည့်လက်စွပ်လည်း ဝတ်ထားသေးသည်။

ယင်းအဖိုးတန် ဥါရာများကိုဆင်မြန်းထားလေသည် သူမ၏ ဖြူဆွတ်ဝင်းမွတ်သော လက်တစ်ဘက်သည် ကျွန်တော် ထိုင်နေရာမော်တော်ကား လက်ကိုင်ဘီး၏ ဘေးတစ်ဘက်ရှိ ပြ တင်းဘောင်ထက်သို့ မေးတင်လာတော့သည်။

"မိနိုင်ကို တစ်ခုလောက်ကူညီပါလားရှင်"

သူမ၏လက်ကို မြင်ရပြီးနောက် သူမ၏အသံကို

BURMESE CLASSIC .com



ကျွန်တော်ကြားရပြန်လေသည်။ ကားပြတင်းမှ ကျွန်တော် ခေါင်းပြူ၍ ကြည့်ရလေတော့သည်။ သူမသည် မော်တော်ကားဘေးတွင် မားမားကလေး ရပ်လျက်သားရှိနေသည်။ သူမ၏လက်ကလေးလှသလို သူမ၏မျက်နှာမှာလည်း လှပပေသည်။ ကိုယ်ထည်ဒြပ်မှာလည်း အချိုးကျပြေပြစ်သူတစ်ယောက်ပေ။ အသက်မှာ ရှိလှပါမှ အလွန်ဆုံးနှစ်ဆယ်မျှလောက်သာ ဖြစ်မည်။

သူမ၏ကျောဘက်တွင် "မန်းရိပ်ငြိမ်ဟိုတယ်"၏ ဆိုင်းဘုတ်ကို ကျွန်တော် မြင်တွေ့နေရသည်။ ယခုလက်ရှိ ကျွန်တော်တည်းခိုလျက်ရှိနေသော ဟိုတယ်ပင်ဖြစ်ပါလေ၏။

"အစ်ကို ကျောက်ဆည်ဘက်ကို လေ့လာရေးထွက်မလို့ မှတ်လား၊ခုနက မန်းရိပ်ငြိမ်ရဲ့ မန်နေဂျာနဲ့ အစ်ကိုပြောနေတာ မိနိုင်ကြားမိတယ်"

"အဲဒါ ... ဟုတ်သားဘဲ"

ကျွန်တော်က တည်တည်တန့်တန့်ပင် ပြန်လည်ဖြေကြားလိုက်သည် သူမသည် ယခုတိုင် ကျွန်တော်၏မော်တော်ကားပြတင်းဘောင်ကို ဆုပ်ကိုင်ထားဆဲပင် ရှိနေပေ၏။

"မိနိုင်လဲ လိုက်ချင်လို့ပါ အစ်ကို၊ မိနိုင်တို့ လေ့လာရေးအဖွဲ့က မော်တော်ကားဟာ မိနိုင်ကို မေ့ထားပစ်ခဲ့ကြတယ် အစ်ကို ဘတ်(စ်)ကားနဲ့ သွားဖို့ဆိုတာကလဲ ဟွန်း ... စိတ်ပျက်စရာကြီးပါ အစ်ကို မန္တလေးကနေ ကျောက်ဆည်ကို နှစ်နာရီကြီးများတောင် မောင်းသတဲ့ ... ရှိလှပါမှ သုံးဆယ့်နှစ်မိုင်လောက်ကိုများလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ... တက်လေ"

"တကယ်လားအစ်ကို ... မိနိုင် တကယ်လိုက်ခွင့် ရတယ်ပေါ့"

"အော် ... ကြွပ်ဘဲကြွပ်သေးတော့"

ကျွန်တော်၏ စိတ်ပျက်လက်ပျက် ညည်းညူလိုက်မှုကို မိနိုင်က သဘောကျစွာ တဟင်းဟင်း ရယ်သွမ်းသွေးလိုက်သည်။ ပြီးမှ ကားခေါင်းကိုပတ်ခါ ဟိုဘက်တံခါးပေါက်ရောက်အောင်သွားကာ တံခါးကိုဖွင့်ပြီး ကျွန်တော်၏ဘေး၌ ထိုင်ချလိုက်သည်။ ကျွန်တော်၏ကားမှာ တံခါးနှစ်ပေါက် စကိုဒါကားဖြစ်သည်။ နောက်ကုရှင်သို့ဝင်ရန် သီးခြားတံခါးရှိမနေပေ။ ထို့ကြောင့်ပင် သူမသည် ကျွန်တော်၏ဘေး၌ ထိုင်ချလိုက်ရခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ သို့တိုင်အောင် သူမ၏အခြားလက်တစ်ဘက်ရှိ ဆွဲထားသော ခရီးဆောင် ဇစ်တပ်လက်ဆွဲအိတ်ကိုမူ နောက်ကုရှင်ပေါ်သို့ ပစ်တင်လိုက်လေသည်။ ကျွန်တော်၏ ဂါဗာဒင်း လက်ဆွဲသေတ္တာမှာလည်း နောက်ကုရှင်ပေါ်၌ပင်ရှိနေရာ သူမ၏လက်ဆွဲအိတ်သည် ကျွန်တော်၏ လက်ဆွဲသေတ္တာဘေးသို့ ပုံလျက်သား လဲလျောင်းသွားတော့သည်။ သူမ၏လက်ပွေ့အိတ်အနီကိုမူ သူမသည်သူမ၏ ရင်ခွင်၌ပင် ပိုက်ထားပေသည်။

ကျွန်တော် မော်တော်ကား စက်နှိုးလိုက်စဉ်မှာပင် သူမသည် သူမ၏ပေါင်ကို ပေါင်ချင်းချိတ် ထိုင်လိုက်ပေသည်။ ထမီ၏ အောက်နားစက အပေါ်သို့ကြွတက်လေသောအခါဝယ် သူမ၏ သလုံးသားဖွေးဖွေးကို ကျွန်တော်မြင်ရပြန်သည်။ သလုံးဖွေးဖွေး

BURMESE CLASSIC .com



ဝယ် စိမ်းနုနုအကြောကလေးများနှင့် ရှိန်းမြမြမွေးညှင်းကလေးများသည် တမျိုးတမည် ဆွဲဆောင်မှု ရှိနေလေသည်။

ကျွန်တော်သည် နံပါတ်တစ်ဂီယာကို သွင်းရင်းသူမ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူမသည် ရှေးတူရှုသို့ စိုက်ကြည့်နေပေသည်။ အပျံအကလက် သူမ၏မျက်နှာအမူအရာတွင်မရှိ။ သူမ၏နေနေကျ နေတတ်သလို နေထိုင်လေသည့်အသွင်သဏ္ဍာန်ကသာ ပေါ်လွင်လျက်သား ရှိနေသည်။ သူမ၏ နှုတ်ခမ်း... နဖူးပြင်ဝယ် ချွေးသီးချွေးဥကလေးများ စိစိရီရီ ရှိနေသည်။

ကျွန်တော်သည် မန်းရိပ်ငြိမ်မှ မောင်းထွက်လာခဲ့သည်။ မန္တလေး၏ လမ်းမကြီးများသည် ကျယ်ကျယ်ပြောပြော ရှိလှသည်။ အရှည်အဝေးကိုကြည့်ပါလျှင်လည်း တပြုံနှစ်ပြုတမျှော်တခေါ်ဝေးလံလှသည်။ အမှတ်တမဲ့ ကြည့်လိုက်လျှင် အပြင်ကျယ်သော ကောင်းကင်ကို မြင်နေရကား ရီဝေမှုန်ဆိုင်းနေသည်ဟု ထင်ရသည်။ သို့သော် ပူလိုက်သည်ကတော့ ပေါင်းအိုးထဲ ထည့်ပြုတ်ထားလေသလားထင်ရသည်။ ကားအရှိန်ကလေးရလာမှပင် မှန်ပြူတင်းမှတိုးဝင်လာသော လေကြောင့် အနည်းအကျဉ်းချွေးတိတ်လာရတော့၏။

"မိနိုင်တော့ တစ်နေ့ကိုငွေတစ်ရာပေးမယ် ... မန္တလေးမှာနေပါဆိုရင်တောင် မနေချင်ပေါင်"

"ဘာဖြစ်လို့"

"ဟာ ... ဒီလောက်ပူလောင်တဲ့မြို့မျိုး တွေ့တောင်မှ မတွေ့ဘူးဟာဘဲ အစ်ကို အလကားနေရင်း ချွေးစို့နေရတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်စိတ်ပျက်ဖို့ ကောင်းသလဲ"

"ရွှေဘိုက ဒီထက်ဆိုးတာပေါ့ ... မုံရွာလဲ ပူတာပါဘဲကွယ်"

ကျွန်တော်က မန္တလေး၏ အပူကိုရွှေဘို၊မုံရွာနှင့် နှိုင်းယှဉ်ပြီး ဖာဖာထေးထေး ပြောလိုက်မိသည်။

"ဟုတ်လား ... ရွှေဘို၊မုံရွာက ဒီထက်ပူလား၊အဲဒီနေရာတွေကိုဖြတ်သွားဖြတ်လာ လောက်တော့ မိနိုင်ရောက်ဖူးပါတယ် ... ဒါပေမဲ့ ညအိပ်ညနေ မနေခဲ့ဖူးဘူး အစ်ကို ... နို ... အစ်ကိုက . အဲဒီဘက်တွေရောက်ပီးပလား ... အစ်ကိုဘာကိစ္စနဲ့ရောက်သွားတာလဲဟင်"

ကျွန်တော်က မိနိုင်ကို လှည့်ကြည့်မိပြန်သည်။ ဤသူငယ်မသည် တကယ်ပင် ကလေးဆန်လှသည်။ လူတစ်ယောက်အား မည်သည့်ကိစ္စနှင့် မည်သည့်နေရာမျိုးကို သွားလေရသနည်းဟူသော မေးခွန်းမျိုးသည် ယဉ်ကျေးမှုဘောင်ကို ကျော်လွန်လာသော မေးခွန်းမျိုးဖြစ်သည်။ သူတစ်ဦး၏ ကိုယ်ရေးကိုယ်တာကို စစ်ကြောမေးမြန်းရာ ရောက်နေသည်။ မေးမြန်းရန်အတွက် ဆင်ခြင်အပ်သော မေးခွန်းမျိုးသာလျှင် ဖြစ်ပါလေ၏။ သို့သော် မိနိုင်သည် ဒါတွေကို တွေးမိဟန်မတူ၊ သူမေးချင်ရာ. သူ၏စိတ်ထဲရှိရာကိုသာ စွတ်တင်းမေးမြန်းပြောဆိုနေဟန် ရှိပါလေ၏။

ကျွန်တော့်မှာ ပခုံးကိုသာ တွန့်လိုက်မိသည်။ ဤသူငယ်မ၏ မေးခွန်းကိုလည်း ဖြေရန်ဆုံးဖြတ်လိုက်သည်။ မည်သို့ဆိုစေလမ်းခရီးတွင် သူမသည် ကျွန်တော်၏ အပျင်းပြေစကားပြောဖော်ဖြစ်လာခဲ့ပြီ မဟုတ်ပါလား။



"အစ်ကိုက အညာကို လေ့လာရေးနဲ့ ဘုရားဖူးလာခဲ့တဲ့ လူအားဘဲ မုံရွာမှာဆိုရင် သမ္ဗုဒ္ဓေအကျော်ဒေးယျ ရှိတယ်မှတ်လား ... ပြီးတော့ ဟိုဘက်ကမ်းမှာ ဖိုးဝင်းတောင်ဆီကိုလဲ သွားလည်ခဲ့တယ်"

"ဟယ် ... အဲဒီ ဖိုးဝင်းတောင်မှာ သူ နံတွေ ရှိတယ်ဆို အစ်ကို"

"ဟုတ်လား ... အစ်ကိုတော့ သူပုန်တွေမတွေ့ခဲ့ပါဘူး တွေ့ရင် မိတ်ဆွေတွေ လက်ဆောင်ပေးဖို့ တမတ်ဖိုး ငါးမူးဖိုး လောက်တောင် ဝယ်ဖြစ်ဦးမှာ"

"အွန် ... သူပုန်ကိုတမတ်ဖိုး ငါးမူးဖိုး ဝယ်လို့ရသတဲ့လား"

ကျွန်တော်က ရယ်မိလိုက်သည်။ ထိုအခါကျမှ မိနိုင်ကလည်း ကျွန်တော့်နောက်ပြောင်မှန်း သိသွားဟန်ဖြင့် သူမဟာသူမ တခိခိရယ်မောနေပါလေတော့သည်။

"မိနိုင်ပျော်တယ် အစ်ကို ... ပြီးတော့ မိနိုင် ကံကောင်းပါတယ်နော် အစ်ကို"

"ပျော်တာတော့ ဟုတ်ပါပြီ၊ ကံကောင်းတာက ဘာလို့လဲကွဲ့"

"အစ်ကိုနဲ့ တွေ့ရလို့ပေါ့ ... တကယ်တော့ မိနိုင်မှာ အဖော်ကောင်းတစ်ယောက်လိုအပ်နေတဲ့အချိန်ဘဲ အစ်ကို၊ဟောအခု အဖော်အဖြစ် အစ်ကိုနဲ့တွေ့ရတော့ မိနိုင် ကံကောင်းတာပေါ့"

မိနိုင်တို့၌ အဘယ်အကြောင်းကြောင့် အဖော်

www.burmeseclassic.com

www.burmeseclassic.com



ကောင်း တစ်ယောက်လိုအပ်နေပါသလဲကိုမူ ကျွန်တော် မမေးမိပေ။ မီးပွိုင့်ဆိုစေကာမူ မီးစလောင်းများတွင် ဝါစိမ်းနီ မီးပြသည် မဟုတ်။ လမ်းဒေါင့်တွင် ယာဉ်ထိန်းရဲ တစ်ဦးသာ မသိမသာရပ်လျက်သား ရှိနေသည်။ မီးပွိုင့်ပျက်နေသည်ဘဲ ထင်ပါသည်။ လမ်းမှာလေးဆုံလမ်းဖြစ်၏။ ကျွန်တော်က ဒေါင့်မှန်ချိုးညာသို့ကွေ့ချိုးလိုသူဖြစ်သည်။ ယာဉ်အသွားအလာကို လေးဘက်လေးတန် ကြည့်ကာ ကိုယ့်လမ်းကို ကိုယ့်ဟာကိုယ် ရှာနေရခြင်းဖြစ်သည်။ လက်ပြယာဉ်ထိန်းရဲလမ်းလယ်၌မရှိစေကာမူ ကိုယ်ကမှားသွားလျှင် ငရဲပွက်သလို ဝီစီမှုတ်ခါ ယာဉ်ထိန်းရဲတစ်ဦးဦးသည် မိုးပေါ်က ကျလာသည့်အလား ရေဝဲလာတတ်သည်။ ပြီးတော့ လိုင်စင်တောင်းလား၊ ဖမ်းလား၊ဆီးလားတွေ ရှုပ်သွားတော့၏။

ထို့ကြောင့် မိခိုင်ကိုပြန်မမေးအားနိုင်ဘဲ ကျွန်တော် ကွေ့ချိုးလိုသည့်ဘက်သို့ ဘယ်ကြည့်၊ညာကြည့်၊ရှေ့ကြည့်၊နောက်ကြည့်ပြီး ချိုးကွေ့မောင်းနှင်လိုက်ရသည်။ ထိုနောက်မှာတော့ မြို့ပြင်ထွက်လမ်းဆီသို့ဖြစ်သည်။ တည့်တည့်ကြီးမောင်းဖို့သာရှိတော့၏။

"ရွှေဘိုကျတော့ကော ... အစ်ကို ဘာလို့သွားတာလဲဟင်"

ပထမကုန်းဘောင်ဆက်အလောင်းမင်းတရားကြီးဦးအောင်ဇေယျရဲ့ အောင်မြေမှတ်လား ... မှတ်ထား ... အညာလာတဲ့လူတိုင်းဟာ ရွှေဘိုကိုရောက်အောင်သွားပြီး အောင်မြေနင်းရတယ်၊ဒါမှ ကိုယ့်အကြံအစည်တွေ ဘာတွေအောင်တယ်တဲ့ကွဲ့"



"မသွားမိရင်ကော ... အစ်ကို"

"အို ... မသွားမိရင် ကိုယ့်မှာရှိတဲ့ အကြံအစည်တွေ မအောင်မြင်တတ်ဘူးပေါ့"

မိခိုင်သည် ငေးငေးငိုင်ငိုင်ဖြစ်သွားလေပြီးမှ ...

"ဒီလိုဆိုရင် ကျောက်ဆည်လေ့လာရေးကပြန်မှ ရွှေဘိုကို မိခိုင်ရောက်အောင် သွားဦးမယ် အစ်ကို" ...

ကျွန်တော်သည် ရယ်မိပြန်သည်။ ဤသူငယ်မသည် တကယ်တန်း၌မူ ကြင်နာဖွယ်ရာနှင့် နှစ်လိုဖွယ်ရာကောင်းလေသော အမျိုးသမီးငယ်တစ်ဦးပင် ဖြစ်ပါလေ၏။ အပျော်အပျက်ပြောသည်ကိုပင် အပျော်အပျက်ပြောနေမှန်း မသိတတ်။

"နေပါဦး ... အမိက ငယ်ငယ်ရွယ်ရွယ် လှလှပပကလေးနဲ့ တစ်ယောက်တည်းလျှောက်သွားနေတာက လေ့လာရေးကိစ္စတွေက အမိရဲ့ အသက်မွေးဝမ်းကျောင်းမို့လား"

"အလကားပါ အစ်ကို ... မိခိုင်က ဘာကိုလေ့လာမယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိဘဲ ခရီးလျှောက်သွားနေမိတာပါ ... နို့ ... အစ်ကိုယ့်ကျတော့ကော ကားတစ်စီးနဲ့ အခုလိုနေပူထဲ လျှောက်သွားနေတာက အစ်ကိုရဲ့ အသက်မွေးဝမ်းကျောင်းမို့လား ... အစ်ကိုအသားတွေဟာ နေလောင်ထားလို့ နီတောင်နေပြီဘဲ" ...

မှန်ပေ၏။ ကိုယ်ကမေးမိလျှင် သူကလည်း ပြန်၍မေးလိမ့်မည်။ အမှန်မှာ ကျွန်တော်၏အဖြစ်ကလည်း မိခိုင်မေးချင်စရာဖြစ်နေပေသည်။ တကယ်တော့ ကျွန်တော်၏ဇနီးသည့်ခိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ရုပ်ရှင်မင်းသမီးဖြစ်ပေသည်။ ကျွန်တော်ကမူ စာရေးဆရာနှင့် ဓာတ်ညွှန်းရေးဆရာပင်ဖြစ်၏။ ပထမအစီအစဉ်အရမူ ကျွန်တော်၏ဇနီးမင်းသမီးသဇင်သည် ခေတ္တအနားယူကာ အညာဒေသသို့ လင်မယားအပျော်ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။ မန္တလေး၏ မန်းရိပ်ငြိမ်ဟိုတယ်တွင် ရောက်၍မှသုံးရက်မပြည့်မီ ရန်ကုန်မှရုပ်ရှင်ကုမ္ပဏီတစ်ခုသည် သဇင်၏နောက်သို့လိုက်လာပြီး ရှမ်းပြည်နယ်အခြေခံသော ဓာတ်ကားတစ်ကားရိုက်ပေးရန် နားပူနာဆာလုပ်လာပေသည်။ နောက်ဆုံးတစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီတွေ ဖြစ်၍အနားယူခြင်းကို ပယ်ဖျက်ခါသဇင်သည် ရှမ်းပြည်နယ်တောင်ပိုင်းဆီသို့ ကားရိုက်ရန် လိုက်ပါသွားလေတော့သည်။

ကျွန်တော့်အနေနှင့်မူ ရှမ်းပြည်နယ်နောက်ခံနှင့် ဓာတ်လမ်းဝတ္ထုများ ဖန်တရာတေအောင်ရေးခဲ့ပြီမို့ ရှမ်းပြည်နယ်သို့ မလိုက်လိုတော့ပေ။ ထို့ကြောင့် မန်းရိပ်ငြိမ်တွင်ပင် ကျန်ခဲ့ကာ ရေးကွင်းရေးကွက်ကို ရှာဖွေနေသူဖြစ်ပေသည်။ ရွှေဘိုမုံရွာသို့လည်း ဤနည်းနှင့်ကျွန်တော်ရေးဝှဲခဲ့ခြင်းဖြစ်သည်။ စိတ်ကြိုက်မဖြစ်သေး၍ 'မြန်မာ့အစ–ကျောက်ဆည်က' ဟု သမိုင်းကိုမဏ္ဍိုင်ခံထားသည့် ကိုးခရိုင်နယ်မြေအား သွားရောက်လေ့လာရန်အတွက် မန္တလေးမှ ထွက်ခွာလာခြင်း ဖြစ်သည်။ ကိုးခရိုင်နယ်မြေ၏ ပထဝီ အနေအထားဆည် မြောင်းနှင့်စိုက်ပျိုးရေး၊ရှေးအစဉ်လာ နောက်ကြောင်းရာဇဝင် စသည်တို့ပြင် ထင်ပေါ်ကျော်ကြားလေသည့် ဝေဘူတောင်နှင့် ဝေဘူဆရာတော်ကို ဖူးမျှော်ရန်အတွက်လည်း ဖြစ်ပေ၏။

ကျွန်တော်၏အစီအစဉ်သည် နာမည်ကြီး ကင်း



တားဆည်တွင် ညအိပ်ညနေ သွားရောက်နားနေကာ စာတစ်စောင်၊ ဝတ္ထုတစ်ပုဒ်ရေးရန် ရည်ရွယ်ပြီးလည်း ဖြစ်သည်။ စီစဉ်ပြီးလည်း ဖြစ်ပေ၏။

"အစ်ကိုက ကင်းတားအထိသွားမှာပါ ... အဲဒီမှာ နှစ်ရက်သုံးရက်လောက်နားနေဖို့ စိတ်ကူးရှိတယ်လေကွယ် ... အစ်ကိုက စာလေးဘာလေး စိတ်ကူးတဲ့ရင် ရေးတဲ့လူကိုး"

ကျွန်တော်က မိနိုင်အား ကျွန်တော်သည် စာရေးဆရာတစ်ဦးဖြစ်ကြောင်းသွယ်ဝိုက်၍ ပြောပြလေသည်။ သို့သော်... မိနိုင်သည် ကျွန်တော် ဘာကောင်ဖြစ်သည်ကို သိပ်စိတ်ဝင်စားဟန်မတူပေ။

"အော် ... မေ့နေတယ်အစ်ကို ... မိနိုင်နာမည် အရှည်က မိမိနိုင်ပါ"

"မိမိနိုင်ဆိုတဲ့နာမည်က အလှသားဘဲ ... အစ်ကိုယ့်နာမည်က ဇော်မြင့်ဝင်း"

"နာမည်အရှည်ကြီးတွေက စိတ်ပျက်စရာပါ အစ်ကို ... မိနိုင်ကို မိနိုင်လို့ဘဲ အစ်ကိုခေါ်ပေါ့ ... အစ်ကိုကိုယ်လည်း မိနိုင်က အစ်ကိုလို့ပဲ ခေါ်မှာဘဲ"

ကျွန်တော်သည် ဓာတ်ခ နဲ့သူငယ်မအား လှည့်ကြည့်မိပြန်သည်။ ဤသူငယ်မတွင် ထူးခြားချက်တစ်ခု ရှိနေလေသည်မှာ အမှန်ပင်။ သူမသည် သူမ၏အကြောင်းကို ငုံးတိတိမျှသာ ပြောချင်ဟန်တူပြီး ကျွန်တော်၏အကြောင်းကိုလည်း အသေးစိတ်ဘာမျှသိလိုချင်ဟန်မရှိပေ။ များသောအားဖြင့် အမျိုးသမီးတို့သည်

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မိနိုင်တို့လို အသက်နှစ်ဆယ်ပင် ဖြစ်ဖြစ်မြောက် မြောက်မပြည့်တတ်သေးသော အမျိုးသမီးအရွယ်သည် တစ်ပါးသူတို့၏ ကိစ္စဥ္စစပ်စုချင်တတ်သည်။ ကိုယ်နှင့်နီးကပ်စွာဆက်ဆံနေရတတ်သော ဆန့်ကျင်ဘက်လိင်၏ အကြောင်းအရာကို ပိုမိုသိလိုစိတ်ရှိကြသည်။ တတ်နိုင်လျှင် သူမလေးတို့၏ အကြောင်းကိုလည်း ကိုယ်ရည်သွေးစကားလေးများဖြင့် သာသာထိုးထိုးအကြွားပိုတတ်သည်။ ယခုမှု မိနိုင်သည်တကားထဲစီးကာ အရင်းအနှီးဆက်ဆံလာပြီဖြစ်သည့်တိုင် သူမကိုယ်ကို မိနိုင်ဟူ၍သာ သိစေပြီး ကျွန်တော်၏အကြောင်းကိုလည်း စိတ်ဝင်စားမှုမရှိကြောင်း ပြသလျက်ရှိနေသည်။ ဆန်းတော့လည်း ဆန်းနေ၏။

ကျွန်တော်၏စိတ်က စပ်စုလိုလာမိသည်။

"မိနိုင်က ဘယ်ကလာတာလဲ ... မန္တလေးကို အလယ်လာတာလား"

"ဟင့်အင်း ... ရထားလမ်းတွေက ရေကြီးပြီး ပျက်စီးကြလို့ အစ်ကို"

"ဘာဆိုင်လဲ ... အစ်ကိုမေးတာနဲ့ မိနိုင်ဖြေတာနဲ့"

မိနိုင်က ရယ်လိုက်ပေသည်။ ရယ်လေမှ မိနိုင်သည် ပို၍ ချစ်စရာကောင်းပေသည်။

"အပြောလောသွားလို့ပါ အစ်ကို၊ မိနိုင်မြစ်ကြီးနားက လာတာပါ။ရန်ကုန်ကိုဆက်သွားဖို့ဘဲ၊ ဒါပေမဲ့ ရန်ကုန်၊မန္တလေးလမ်းတစ်လျှောက်မှာ ရေကြီးပြီး မီးရထားတွေက ရက်အကန့်အသတ်မရှိ လက်မှတ်မရောင်းဘူးတဲ့ အစ်ကို"



"လေယာဉ်ပျံနဲ့ သွားပေါ့"

"အဲဒီမီးရထားလမ်း ပိတ်ထားလို့ လေယာဉ်လက်မှတ်ကလဲ သုံးရက်အတွင်း ကုန်နေပြီတဲ့လေ၊ဒါကြောင့် ရတဲ့နေ့အတွက် လေယာဉ်လက်မှတ် ယူထားသားဘဲ၊ အဲ ... လောလောဆယ် မန်းရိပ်ငြိမ်မှာ တည်းမလို့၊အဲဒီတုံးက မန်းရိပ်ငြိမ်က လေ့လာရေးသွားချင်တဲ့ လူတွေနဲ့တွေ့ပြီး ကျောက်ဆည်ကင်းတားဆည်လိုက်ဖို့ စာရင်းပေးထားတာ သူတို့ကမေ့ထားခဲ့တယ်၊ဒါကြောင့် အလကား မန္တလေးမှာ အချိန်ဖြုန်းရမယ့်အစား အစ်ကိုနဲ့လိုက်လာတာဘဲ အစ်ကို"

မိနိုင်သည် သူမရင်ခွင်ထဲမှ လက်ပွေ့အိတ်အနီကို ဖွင့်လိုက်သည်။ ဒူးယားစီးကရက်တစ်ဘူးဆွဲထုတ်ယူကာ တစ်လိပ်ကို မီးညှိ၍ဖွာနေပေသည်။ အသက်အရွယ်နှင့် အမျိုးသမီးငယ် စီးကရက်လက်ကြားညှပ်သည်ကို ကျွန်တော်ကြည့်မရပေ။ သို့သော် ကိုယ်နှင့် ဘာမှမဆိုင်သောကြောင့် ဆိတ်ဆိတ်ပင် နေလိုက်ရသည်။

"နေတော့ ရန်ကုန်မှာဘဲလား မိနိုင်"

"ဟုတ်တယ် အစ်ကို"

"ဘယ်လမ်းမှာလဲ"

စပ်စုလွန်းသော ကျွန်တော့်အား မိနိုင်က မျက်လုံးစွေ၍ကြည့်လိုက်သည်။ သို့သော် အဖြေတော့ ပေးလေ၏။

"အိမ်ကတော့ ဆင်းဒဝတ်လမ်းမှာဘဲ အစ်ကို၊ဒါပေမဲ့ မိနိုင်က ဝိုင်ဒဗလျူစီအေ မှာဘဲနေတယ် ... ဖေဖေရန်ကုန်ရောက်မှ ဖေဖေနဲ့အတူ အိမ်ပြန်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"မိခိုင်ဖေဖေက ဘယ်သွားနေတတ်လို့လဲ"

"မြန်မာပြည်အနှံ့ပဲ အစ်ကို၊ ဖေဖေက သမိုင်းသုတေသီ သမားလေ၊ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းရှိတဲ့နေရာမှန်သမျှ လျှောက်သွားနေတာပဲပေါ့"

မိခိုင်တွင် အခြားညီအစ်ကိုမောင်နှမ ရှိဟန်မတူပေ။ သို့သော် ဤမေးခွန်းကို မမေးရက်သောကြောင့် ကျွန်တော် မမေးပေ။ ဖခင်လုပ်သူကလည်း အလုပ်၌သာ စိတ်ဝင်စားကာ သမီးလေးအားသူမဘာသာ နေချင်သလိုနေရန် ထားရှိထားပုံရသည်။

"ဘာပဲပြောပြော မိခိုင်ယခုလို လျှောက်သွားမနေသင့်ဘူး မိခိုင် အသက်က ငယ်သေးတယ်မှတ်လားကွဲ ..."

"မိခိုင် မငယ်ပါဘူး"

"ဒါဖြင့် အသက်ဘယ်လောက်ကြီးတောင် ရှိနေပြီမို့လဲ"

"နှစ်ဆယ်ကြီးတောင် အစ်ကို"

ကျွန်တော် အသံထွက်အောင် ရယ်လိုက်မိသည်။

"အဲဒါ ရယ်စရာလား အစ်ကို"

"ရယ်စရာတော့ မဟုတ်ဘူးပေါ့ မိခိုင် ... အစ်ကိုဟာ အသက်သုံးဆယ့်လေးနှစ်ရှိနေပြီဖြစ်တဲ့ ယောကျ်ားကြီးတစ်ယောက်ဖြစ်ရက်နဲ့တောင် တစ်ခါတလေတစ်ယောက်တည်း ခရီးသွားတို့ ခပ်ရွံ့ရွံ့ဖြစ်မိတယ် ... အခုမိခိုင်အသက်နှစ်ဆယ်အရွယ် လှလှပပအမျိုးသမီးလေးတစ်ယောက် အနေနဲ့ ခရီးသွားနေတာ အန္တရာယ် သိပ်များနိုင်တယ် ... ဒီကြားထဲက မိခိုင်က 'နှစ်ဆယ်ကြီးတောင်'လို့ ပြောတာကို



သဘောကျလို့ ရယ်မိတာပဲ မိခိုင်"

မိခိုင်သည် ကျွန်တော့်အား တွေတွေဝေဝေလေး တစ်ချက်ကြည့်လိုက်သည်။ ပြီးတော့မှ ပြုံးလိုက်၏။

"အစ်ကိုဟာ ... သိပ်အရွယ်တင်ပါတယ် ... ပြီးတော့ အစ်ကိုဟာ သိပ်စပ်စုတတ်တာဘဲ"

"ဆောရီးပဲ မိခိုင်၊ အစ်ကိုစပ်စုမိတာကို တောင်းပန်ပါတယ် တကယ်တော့ မိခိုင်ကို အစ်ကိုစိတ်ဝင်စားမိလို့ စပ်စုမိတာပါ"

တအောင့်ကြာသည်အထိ မိခိုင်ကဘာမျှ မပြောပေ။ ကျွန်တော်၏ စကိုဒါကလေးသည် မြစ်ငယ်တံတားဖြူကြီးကို ကျော်ဖြတ်လျက်ရှိပေပြီ။

"အစ်ကို့ မျက်နှာရော၊ လည်ပင်းရော၊ လက်မောင်းတွေမှာရော နေလောင်ထားတယ်၊ တစ်ခုခုမလိမ်းဘူးလား အစ်ကို ကြာရင် အသားတွေအဖတ်လိုက်ကွာလိမ့်မယ်"

"အဲဒီလိမ်းဆေးဝယ်ဖို့ အစ်ကိုမေ့နေတယ် မိခိုင်"

"မိခိုင်မှာ လိမ်းဆေးပါပါတယ်၊နားကြတဲ့အခါ လိမ်းပေါ့ အစ်ကို"

"ကျေးဇူးပါပဲကွယ်" ...

မိခိုင်သည် ကား၏နောက်မှန်ဘက်ဆီသို့ လှည့်ကြည့်လေသည်။ ယင်းသို့လှည့်ကြည့်သည်ကိုလည်း ကျွန်တော် သိစေချင်ဟန် မတူပေ။ မိခိုင် ကားနောက်မှန်ဘက်ဆီသို့ အကြည့်နှင့် ကျွန်တော်က သူမအားအကြည့်လိုက်ဆုံစီးသွားသဖြင့် မိခိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်မြစ်ငယ် တံတားဖြူကြီးအောက်ဆီမှ မြစ်ငယ်ရေပြင်ဆီသို့ မျက်နှာလွှဲပစ်လိုက်သည်။ မိခိုင်၏ အမူအရာသည် သူမ၏နောက်မှ တစ်စုံတစ်ယောက်လိုက်ပါလာလေသလားဟု စစ်ကြောရှာဖွေနေခြင်း ဖြစ်တန်ရာသည်။

"တကယ့်ကို နွံ့ရေတွေပါပဲနော် အစ်ကို" ...

မှန်ပေ၏ မြစ်ငယ်ရေသည် နောက်ကျိလွန်းနေသည်။

"မိုးတွင်းမို့ပါ မိခိုင် ... နွေကျတော့လည်း ကြည်လို့စိမ်းလို့ပဲ"

"အဲဒါ ဘာဖြစ်လို့"

"ဩော် ... မြစ်ငယ်မြစ်ဖျားခံရတာက ရှမ်းကုန်းမြင့်ဆီကမှုတ်လား ... ဟိုမှာမိုးရွာသလောက် ရေစီးကြောင်းဟာတောတောင်အနှံ့ကိုဖြတ်စီးရတယ်လေ ... တိုက်စားလာရတယ် ... ဒါကြောင့် ဒီကျတော့ ရေတွေနောက်သွားရတာပေါ့"

"နွေကျတော့ကော အစ်ကို"

"နွေကျတော့ မိုးမရှိဘူး ... ရေစီးအား ပျော့တယ် ... အတိုက်အစားမပြင်းထန်ဘူး ... ဒါကြောင့် ရေကြည်ရတယ်လေ"

"ဟုတ်ပါရဲ့နော် ... သက်မဲ့သဘာဝမှာတောင် စီးဆင်းအားပြင်းထန်ပြီး အတိုက်အစားများရင် အကြည်အလင်မဟုတ်တော့ဘဲ အနောက်အကျိ ဖြစ်ရသေးတယ်"

ကျွန်တော်က မိခိုင်၏ အဘိဓမ္မာကို မဝေဖန်ဘဲ နေ



ခဲ့သည်။ တကယ်တော့ မိခိုင်သည် သူမ၏အထီးကျန်ဆန်သောဘဝကိုရည်ရွယ်၍ ပြောကောင်းပြောသည်ပဲ ထင်ပါ၏။

မြစ်ငယ်တံတားကို အတန်ငယ်ဖြတ်ကျော်လာမိသည်ဆိုလျှင်ပင် ကျောက်ဆည်ခရိုင် နယ်မြေထဲသို့ ရောက်လာသည်။ သိသိသာသာလည်း ခြားနားလာ၏။ အခြောက်မှ အစိုသို့နှင့် အပူမှအအေးသို့နှင့် ရာသီဥတုက ပြောင်းလဲသွားသည်ကိုတွေ့ရသည်။ မန္တလေးခရိုင်အတွင်း၌ ခြောက်ခြောက်သွေ့သွေ့ရှိသလောက် ကျောက်ဆည်ခရိုင်မှာ စိုသောရေမြေနှင့် စိမ်းသောအပင်များက မြင်ရသူအား ရင်အေးစေသည်။ သည်ကားလမ်းမှဟိုတောင်ခြေအထိ အပင်တို့သည် လေအတိမ်းတွင် တယိမ်းနွဲ့နွဲ့ကြပေသည်။

မိခိုင်သည် နောက်သို့လှည့်ကြည့်ပြန်သည်။ ယခုတစ်ကြိမ်၌မူ အတော်ကြာအောင် မိခိုင်ရှေ့သို့ ပြန်လှည့်မလာသောကြောင့် မော်တော်ကားနောက်ကြည့်မှန်ထဲသို့ ကျွန်တော်လှည့်ကြည့်လိုက်သည်။ ကျွန်တော်၏ကားနောက်တွင် ကပ်လျက်သားနီးထိလာ ဘတ်(စ်)ကားတစ်စီးပါလာသည်ကို မှန်ထဲ၌ကျွန်တော်တွေ့ရ၏။

လမ်းဘေးသို့ ဘီးတစ်ချက်ချကာ ကျွန်တော်ကနောက်ကားကျော်တက်သာအောင်ရှောင်ပေးလိုက်သည်။ အကယ်၍ ကျော်အတက်မခံဘဲ ကျွန်တော်၏ကားကို အရှိန်မြှင့်လိုကနောက်ကားကို ဖြတ်ကျန်ခဲ့သည်အထိ ကျွန်တော်မောင်းနိုင်ပေသည်။ သို့သော် မိခိုင်ကိုကြည့်ရသည်မှာ နောက်ကြောင်းမလုံသလို

www.burmeseclassic.com

www.burmeseclassic.com



လည်ပြန်တကြည့်ကြည့်ဖြစ်နေလေသောကြောင့်မန်းထီလာဘတ်(စ်)ကားကို ကျွန်တော်ကျော်တက်ခွင့်ပြုလိုက်၏။

မန်းထီလာ ဘတ်(စ်)ကားသည် ကျွန်တော်၏ကား ကိုကျော်တက်သွားပေသည်။ ဘတ်(စ်)ကားထဲဝယ် လူနှင့်ပစ္စည်း တို့သည် အပြည့်အသိပ်ပင် ဖြစ်ပါလေတော့၏။

"မိနိုင်ကံကောင်းတယ်နော် အစ်ကို ... ကြည့်စမ်းပါဦး ပြွတ်သိပ်နေတာဘဲ ... အဲဒီကားနဲ့သာလိုက်ရရင် မိနိုင်ဘယ် လိုအသက်ရှူရမလဲတောင် သိမှာမှုတ်ဖူး ... အစ်ကိုကိုယ် မိနိုင် ကျေးဇူးတင်ပါတယ် အစ်ကို"

မိနိုင်သည် ဖြတ်ကျော်သွားသော ဘတ်(စ်)ကားကို သေချာကြည့်ကာ တိုးတိုးလေး ရေရွတ်လိုက်ခြင်း ဖြစ်ပေ၏။ ကျွန်တော်သည် ကျွန်တော်၏ စကိုဒါကားကလေးကိုသာ မှန်မှန် မောင်းနေမိသည်။ မော်တော်ကားလေးသည် ဆွဲအားပျော့လာ သည်ဟု ကျွန်တော်ထင်မိသည်။

ထို့ပြင် မော်တော်ကားလေးဆီမှ ညှော်နံ့တမျိုး ထွက်နေသည်ဟု ကျွန်တော်မှတ်ယူကာ နှာခေါင်းက ရှုံ့ချီပွချီဖြင့် အနံ့ခံမိသည်။

ဟုတ်ပေပြီ။ မော်တော်ကား ရေတိုင်ကီဝယ် ရေခန်း နေသောကြောင့် ညှော်နံ့တစ်မျိုးထွက်လာခြင်း ဖြစ်သည်။ ဤ စကိုဒါကားကလေးသည် ကျွန်တော်၏ ကိုယ်ပိုင်ကားကလေး မဟုတ် မန္တလေးရပ်ရှင်ကုမ္ပဏီတစ်ခုမှ ခေတ္တငှားရမ်းထားသော မော်တော်ကားသာ ဖြစ်ပေသည်။ မော်တော်ကားထဲတွင် ဓာတ်ဆီ



အပြည့်ထည့်ပေးထားသော်လည်း ရေတိုင်ကီထဲ၌ ရေဖြည့်ရန်ပိုင်ရှင် က မေ့လျော့ခဲ့ဟန်တူပေသည်။ သို့မို့ကြောင့်ပင် ရေတိုင်ကီ၌ ရေ ခန်းကာ ဤညှော်နံ့ထွက်ခြင်း ဖြစ်သည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ပုလိပ်သို့ ကျွန်တော်တို့ ဝင်ခဲ့လေပြီ။

ထမင်း၊မုန့်တီ၊လက်ဖက်ရည်နှင့်ကြံရည်၊ဘိလပ်ရည် တွဲရောင်းသောဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ကျွန်တော်ရပ်လိုက်ပေ၏။ ပုလိပ်အား အချို့က မြို့တစ်မြို့ဟု ထင်မှတ်မှားကြသည်။ အမှန်မှာ ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ်ထဲ၌ ပါဝင်သော ကျေးရွာကြီး တစ်ရွာမျှသာလျှင် ဖြစ်၏။ ရန်ကုန်မန္တလေးမော်တော်ကားလမ်း တစ်ဘက်တစ်ချက်၌ ရွာကိုင့်၍ တည်ဆောက်ထားသည်။ မီးရထား ဘူတာလည်းရှိ၏။ မီးရထားလမ်းသည် တံတားဦး မြို့ဘက်သို့ ပုလိပ်မှ လမ်းခွဲလေသည်။ စခန်းကောင်းပြီး အရိပ်အာဝါသ မြိုင်လေ သောကြောင့် ခရီးသွား မော်တော်ကားများ နားခိုတတ်ကြသည်။ ဤသည်ကိုအကြောင်းပြုကာ လမ်းဘေးစားသောက်ဆိုင်ကြီးများ ပေါ်ထွန်းလာ၏။ ပုလိပ်သည် စည်ကားသောရန်ကုန်၊မန္တလေးလမ်း



၏ စခမ်းရွာကြီးတစ်ရွာဟု ခေါ်ယူထိုက်ပေသည်။

"အဲဒီဆိုင်ထဲမှာ ကြံရည်,ဘိလပ်ရည်ရသားဘဲ မိနိုင်၊သွား သောက်ပါလား အစ်ကိုတော့ မော်တော်ကားထဲ ရေဖြည့် ဦးမယ်"

"မသောက်တော့ဘူး အစ်ကို ... မိနိုင် ကြံရည်,ဘိလပ်ရည် ကို မကြိုက်ဘူး"

"ဒါဖြင့် မုန့်တီစား ... ဒါမှမဟုတ် ကော်ဖီသောက်ပေါ့"

"ဟင့်အင်း ... မိနိုင် မဆာဖူး"

ကျွန်တော်က ကားတံခါးဖွင့်၍ ဆင်းလိုက်သည်။ မိနိုင်လည်း ကားပေါ်တွင်ညောင်းညာသည့်အလား အောက်သို့ ဆင်းသည်ကို တွေ့ရသည်။ ကျွန်တော်သည် ဆိုင်ကြီးတစ်ဆိုင်မှ ရေတစ်ပုံးတောင်းလေသည်။ အသင့်ပင်ဆိုင်ရှေ့၌ ပီပါအပြည့်ရေ တွေနှင့် သံဖြူပုံးကို ဆိုင်ရှင်က လက်ညှိုးထိုးပြသည်။ ဤသည်မှာ လည်း ဈေးခေါ်တစ်မျိုးဖြစ်ဟန်တူသည်။ ရေဆူသောကားများ သည် ကျွန်တော့်လိုပင် ရေတောင်းကြမည်။ ဆိုင်ရှင်က ရေပေး၏ ဤစေတနာကြောင့်ပင် သူ့ဆိုင်၌ အနည်းဆုံးကော်ဖီတစ်ခွက် မုန့် တီတစ်လုံး တန်ပြန်စားသောက်ချင်စိတ် ပေါ်လာရလေမည်။ မေတ္တာတရားသည် အရောက်ပြန်စမြဲ မဟုတ်ပါလား။ ကိုင်းနှင့် ကျွန်းသည် အပြန်အလှန်မှီကြတတ် မဟုတ်ပါလား။

မော်တော်ကား စက်ဖုံးကိုဖွင့်ကာ ကျွန်တော်သည် ရေဖြည့်နေစဉ် ကျွန်တော်၏ဘေးသို့ ဂျစ်ကားတစ်စီး ထိုးဆိုက်လာ တော့သည်။ နံပါတ်ပြားမှာ အနီရောင်ဖြစ်၍ အငှားဂျစ်ကားပင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။ ဂျစ်ကားပေါ်မှ အမျိုးသမီးကြီးတစ်ဦးဆင်းလာသည်။ အသက်မှာ လေးဆယ်ကျော်ခန့်ရှိမည် ထင်သည်။ ဖြူဖြူတုတ်တုတ်ခန့်ခန့်ငြားငြားရှိသည်။ ဝတ်စားဆင်ယင်မှုကို ကြည့်ခြင်းဖြင့် ငွေကြေးတတ်နိုင်သော အမျိုးသမီးကြီးတစ်ဦးမှန်း သိသာလှသည်။ သူမ၏လက်ထဲတွင် အကောင်းစားထောင်ကျော်တန် ကင်မရာတစ်လုံးကိုကိုင်ထားသည်။ အမျိုးသမီးကြီးသည် ဓာတ်ပုံဝါသနာအိုးဖြစ်ဟန်တူသည်။ သူမသည် ပုလိပ်စခန်းတွင် ရိုက်ကွင်းရိုက်ကွက်ကို ဟိုဟိုဒီဒီကြည့်ရင်း ရှာဖွေလျက်ရှိ၏။

"အဲဒီအမျိုးသမီးကြီးလည်း အစ်ကိုတို့လို လေ့လာရေးထွက်လာတာနဲ့တူတယ် မိနိုင်"

စောစောက မိနိုင်ရပ်နေရာဆီသို့ ကျွန်တော်က လှမ်းပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် စောစောကနေရာတွင် မိနိုင်သည်ရှိမနေတော့သည့်မို့ ကျွန်တော်တစ်ယောက်တည်း စကားပြောမိသလို ဖြစ်သွားကာ ကြောင်အမ်းအမ်းဖြစ်သွားရသည်။ ကျွန်တော်ကမကျေမနပ်နှင့် လှည့်ပတ်ကြည့်မိသည်။ တမင်တကာရှာဖွေသော မျက်လုံးနှင့်ကြည့်လေမှ မိနိုင်ကိုတွေ့ရ၏။ စားသောက်ဆိုင်ကြီး၏ လူရှင်းသော ထောင့်စားပွဲတစ်လုံးတွင် မိနိုင်သည်သွားရောက်ခါ ကုတ်ကုတ်ကလေး ထိုင်နေသည်ကို လှမ်း၍တွေ့ရသည်။

အမျိုးသမီးကြီးသည် သူမ၏ကင်မရာကိုမြှောက်လိုက်သည်။ မှန်ဘီလူးကို စိတ်ရှည်လက်ရှည်မျက်လုံးတွင်ကပ်ကာ ချိန်နေ၏။ အမျိုးသမီးကြီး၏ရိုက်ကွက်သည် လင်ပန်းကလေးတွေကိုယ်စီရွက်ကာ အစုအဝေးရှိနေကြသော အကြော်သည်ကလေး



များကိုပင် ဖြစ်ပေ၏။

ပုလိပ်စခန်းတွင်ဤအကြော်သည်ကလေးများသည် ဘမှုထူးခြားသော အလှအပကလေးများပင် ဖြစ်သည်။ မော်တော်ကားတစ်စင်းဆိုက်လေတိုင်း သူတို့၏လင်ပန်းကလေးများဖြင့် ရောက်လာကာ သူတို့၏ရောင်းကုန်ကလေးများကို သံပြိုင်အော်ကာ ကြော်ငြာတတ်ကြသည်။

ပေါက်စီပူပူနွေးနွေး၊ ပုစွန်ကြော် ပူပူနွေးနွေး၊ ထို့ပြင် ဘူးသီးကြော်၊ ပဲကြော်၊ မုန့်ကတိုးဝါ ပူပူနွေးနွေးများ ဖြစ်ကြသည်။ ဘကယ်လက်နှင့်ကိုင်ကြည့်လျှင်တော့ သူတို့၏ ရောင်းကုန်ကလေးများသည် ပူနွေးချင်မှ ပူနွေးပေလိမ့်မည်။ သို့သော် သူတို့၏အသံများသည် သာသည်။ မော်တော်ကား၏ ဘေးနှစ်ဘက်ခရီးသည်များထိုင်ရာ အပေါက်များတွင် သူတို့သည် လင်ပန်းယိမ်းကလေးများ က,နေဘတ်သည်။ ဤကားတွင်ဝယ်လူမရှိသလောက်ဖြစ်ပြီးနောက် ကားတစ်စီးဝင်လာလျှင် သူတို့သည် တစ်ညီတည်း နောက်ကားဆီသို့ ပြေးကြပြန်သည်။ ယင်းသို့ ဘဝ၏ရုန်းကန်မှုအလှအပကို အမျိုးသမီးကြီးက အရုပ်ထင်စေပြီး မှတ်တမ်းတင်လိုသောကြောင့် ရိုက်ယူနေခြင်း ဖြစ်ပေမည်။ သူမ၏ဓာတ်ပုံကိစ္စ ပြီးသွားသောအခါ အမျိုးသမီးကြီးသည် ကျွန်တော်၏အနီးသို့ တိုးလျှောက်လာလေသည်။

"ကိုယ့်မောင်ကလဲ ကျောက်ဆည်ဘက်ကို လေ့လာရေးဘဲထင်ပါရဲ့ ... ဟုတ်ပါရဲ့လားကွဲ့"

ဟုတ်ကြောင်း ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကင်းတားမှာ ညအိပ်နေမှာဘဲ မှတ်လား"

"အဲဒီလိုဘဲ စိတ်ကူးပါတယ်"

"မမမွန်လဲ အဲဒီမှာ ညအိပ်မှာပါ ... သက်ဆိုင်ရာဆည်မြောင်း အရေးပိုင်နဲ့ ဆက်သွယ်ပြီး မန်းရိပ်ငြိမ်ဟိုတယ် မန်နေဂျာ က စီစဉ်ပေးထားလို့ ဒီလို ကင်းတားမှာလှေလာခွင့်ရတာ မှတ်လား ... ရောက်ခဲပေါက်ခဲတဲ့နေရာမျိုးဘဲ ကိုယ့်မောင် ပြီးတော့ အင်မတန် သာယာတယ်ဆိုဘဲ"

ယင်းအခိုက်မှာပင် အငှားဂျစ်ကားဆီမှ ဟွန်းတီးသံ ထွက်ပေါ်လာသည်။ မမမွန်ဆိုသည့် အမျိုးသမီးကြီးက သူ့ကားဆီ ငဲ့စောင်းကြည့်လိုက်၏။ နောက်ပြီး မဲ့ပြုံလိုက်သည်။

"ဟောဒီအငှားကားသမားတစ်ယောက်ဟာ ပိုက်ဆံရဖို့သာ နားလည်တယ်ကွဲ့ လှေလာရေးရဲ့တန်ဖိုးကို ဘာမှမသိ တတ်ဘူး ... လမ်းမှာအထူးအဆန်းကလေးတွေ့လို့ ဓာတ်ပုံရိုက်ရအောင်ရပ်ပေးပါဆိုရင်လဲ ဆောင့်ကြီးအောင့်ကြီးကွဲ့၊ မမမွန် သူ့ကို ကင်းတားအရောက် ခုနစ်ဆယ့်ငါးကျပ်တောင် ပေးငှားခဲ့ရတာ သူက ကင်းတားက မန္တလေးကိုအပြန် မိုးချုပ်မှာစိုးသတဲ့ကွယ် ... ယောက်ျားဘဲ မိုးချုပ်တော့ကော ကြောက်စရာလား ... မမမွန် မန္တလေးနဲ့ကင်းတားကို ခုနစ်ဆယ့်ငါးကျပ်နဲ့ ငှားလာတာ ဈေးတော်ရဲ့လား ကိုယ့်မောင်"

"ဒီလမ်းတွေရဲ့နှုန်းကို ကျွန်တော်မသိပါဘူး မမမွန်"

"နို့ ... ကိုယ့်မောင်ကားက အပိုင်လား"

"မိတ်ဆွေတစ်ယောက်ဆီက ငှားလာတာပါ"



ဒုတိယအကြိမ် အငှားဂျစ်ကားဆီမှ ဟွန်းတီးသံ ထွက်လာပြန်သည်။ မမမွန်ကလည်း မျက်စောင်းလှည့်ထိုးပြန်သည်။ ကျွန်တော်လည်း မော်တော်ကားရေဖြည့်ခြင်း အလုပ်ပြီးသွားသဖြင့် စက်ဖုံးကို ပြန်ပိတ်လိုက်သည်။

မမမွန်ရဲ့ နာမည်အရှည်က ဒေါ်ရည်မွန်ပါ ကိုယ့်မောင် ...

"ကျွန်တော်က ဇော်မြင့်ဝင်းပါ"

"ကဲ ... ကင်းတားမှာ ထပ်တွေ့ကြစို့ ကိုယ့်မောင် ... ကင်းတားကျရင် ညစာအတွက် မမမွန်က ကိုယ့်မောင်ကို တကာခံပါ့မယ်"

"နေပါစေ မမမွန် ... ကျွန်တော်က မမမွန်ကို ညစာအတွက်တကာခံပါ့မယ်"

ဒေါ်ရည်မွန်က ပြုံးလိုက်သည်။ ထို့နောက် သူမကားဆီသို့ သွားရန်ဟန်ပြင်ပြီးမှ ကျွန်တော့်အား သမင်လည်ပြန်ကြည့်ကာ ...

"မှတ်ထားကိုယ့်မောင် ... ငွေဆိုတာအမြဲတန်ဖိုးရှိနေတတ်တယ် ... သုံးသင့်တဲ့ နေရာမျိုးကို သုံးမှလဲအရာရောက်တယ် ... မမမွန်လို အိုကြီးအိုမ အမျိုးသမီးကြီး တစ်ယောက်အတွက် ငါ့မောင်က ဘာလို့များ ငွေကုန်ခံပြီး ညစာကျွေးရမှာလဲ ... မမမွန်ကဘဲ ကိုယ့်မောင်ကို ကျွေးပါ့မယ်"

ဒေါ်ရည်မွန်၏ ဖော်ရွေမှုမျက်နှာချိုမှုကြောင့် ကျွန်တော်သည် ဒေါ်ရည်မွန်ထွက်ခွာသွားသည်အထိ ငေးကြည့်နေမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါ်ရည်မွန်သည် ဂျစ်ကားပေါ်မှ တောင်ဘက်ဆီမောင်းသွားရင်း ကျွန်တော့်အား လက်ပြနှုတ်ဆက်သွားသေးသည်။

ကျွန်တော်သည် သံဖြူပုံးကို ပြန်ထားပြီး ဆိုင်ထဲသို့ ဝင်လာခဲ့၏။ မိခိုင်ရှိရာ စားပွဲဆီသို့ ကျွန်တော်တိုးကပ်သွားသည်။ မိခိုင်၏ရှေ့ဝယ် ဘီလပ်ရည်တစ်ပုလင်း ဖောက်ပြီးသားနှင့် ဖန်ခွက်အလွတ်တစ်လုံးတွေ့ရ၏။ ငှဲ့ခြင်းသောက်ခြင်း မရှိသေးပေ။

စောစောကကြဲရည်၊ ဘီလပ်ရည်မကြိုက်ပါဟုပြောစေကာမှ ယခုမိခိုင်ရှေ့တွင် ဘီလပ်ရည်တစ်ပုလင်း ရောက်ရှိနေတော့သည်။

မိခိုင်ကိုကြည့်ရသည်မှာ တစ်စုံတစ်ခုကို ကြောက်လန့်နေပုံရသည်။ နောက်မလုံသလို မန္တလေးဘက်ဆီမှလာသော မော်တော်ကားများအား လှမ်း၍လှမ်း၍ကြည့်တတ်သည်။ သူမ၏ လက်ပွေ့အိတ်နီနီကိုလည်း ရင်မှမခွာ ကပ်ထားလေ့ရှိသည်။

အမှန်မှာ မိခိုင်သည် ဒေါ်ရည်မွန်၏ ဂျစ်ကားဝင်အဆိုက်တွင် ဆိုင်တွင်းသို့ ရှောင်ကွင်းကာ ဝင်လာသည့် သဘောမှန်းသိသာလှသည်။ သို့သော် မိခိုင်သည် ဟန်ဆောင်ကောင်းလေသည်။ အရောင်တောက်နေသော သူမ၏မျက်လုံးများဖြင့် ကျွန်တော့်အား ကြည့်ကာ ပြုံး၍ နှုတ်ဆက်လေသည်။

"ကျွန်တော်က 'မိခိုင်ဘာဖြစ်နေသလဲ' ဟု မေးချင်သည် သူမ၏ စိတ်တွင်တစ်စုံတစ်ခုသော အနှောင့်အယှက်ဖြစ်ပေါ်နေမှန်းတော့ ကျွန်တော်အသေအချာအကဲခတ်မိသည်။ ဖခင်အတွက်ဘဲ စိတ်အနှောင့်အယှက်ဖြစ်နေလေသလား။



သို့မဟုတ် သူမလို လှပသည့် မိန်းမရွယ်ငယ်ငယ်လေးသည် ဖြစ်ရိုးဖြစ်စဉ်ချစ်သူတစ်ဦးအတွက် စိတ်အနှောင့်အယှက်ဖြစ်နေလေရသည်လား"

မေးချင်သော်လည်း ကျွန်တော်မမေးဖြစ်ပါ။ မမေးရက်ပါဟု ဆိုလေလျှင် ပို၍မှန်ကန်လိမ့်မည် ထင်ပါသည်။

"သွားစို့လား မိခိုင် ... အသင့်ဖြစ်ရင်ပြောပါ"

"အသင့်ပါဘဲ အစ်ကို ... "

ဟုဖြေကာ မိခိုင်သည်နေရာမှ ထလိုက်သည်။ ဘီလပ်ရည်ဖိုးအတွက် ငွေတစ်ကျပ်ကို စားပွဲပေါ်သို့တင်ကာ ကျွန်တော်နှင့်အတူ ဆိုင်ထဲမှထွက်လာ၏။

"ခုန ... အစ်ကိုအမျိုးသမီးကြီးတစ်ယောက်နဲ့ စကားပြောနေသလားလို့ မိခိုင်မြင်မိတယ်"

"ဟုတ်တယ် မိခိုင် ... ဒေါ်ရည်မွန်တဲ့ ... အစ်ကိုတို့လို ဘဲကင်းတားကို လေ့လာရေးသွားမလို့တဲ့"

"သူတစ်ယောက်တည်းလား အစ်ကို"

"အငှားဂျစ်ကားဒရိုင်ဘာနဲ့ပါ ... သူသွားနှင့်ပါပြီ"

မိခိုင်က ခဏတိတ်ဆိတ်နေပြီးမှ ဆက်မေးပြန်သည်။

"အဲဒီဒေါ်ရည်မွန်ကို အစ်ကိုဘယ်လိုသဘောရသလဲဟင်"

"ဖော်ရွေပြီး သဘောကောင်းတယ်လို့ ထင်တာဘဲ"

မိခိုင်က ဆက်မမေးတော့ပေ။ ကားတံခါးဖွင့်ကာ ဝင်၍ ထိုင်လိုက်ပေသည်။ တစ်ချိန်တည်းမှာပင် ကားကူရှင်နှောင်

www.burmeseclassic.com

www.burmeseclassic.com



၌တင်ထားသော သူမ၏လက်ဆွဲသေတ္တာကို လှမ်းကြည့်လိုက်သည်။ နေရာမပျက် ယခင်အတိုင်းရှိနေသည်ကိုတွေ့ရသောကြောင့် မိနိုင် စိတ်အေးသွားပုံရလေသည်။

မည်သူမဆို မိမိ၏ပစ္စည်းထားသည့် နေရာအတိုင်းရှိမရှိကိုမူ စစ်ဆေးလေ့ရှိကြသည်။ မိနိုင်အနေနှင့် သူမ၏သေတ္တာကိုလှည့်ကြည့် စစ်ဆေးရာ၌မူ စိုးရိမ်စိတ်များစွာဖြင့် စစ်ဆေးလိုက်ကြောင်း ကျွန်တော် အကဲခတ်မိသည်။

မိနိုင်၏အမူအရာကိုကြည့်ကာ ကျွန်တော်သည် မေးခွန်းနှစ်ခုကို ကျွန်တော်၏ ဝမ်းထဲစိတ်ထဲ၌ ပြန်မေးနေမိသည်။

မိနိုင်သည် သူမ၏နောက်မှ လိုက်ပါလာလေမည့် တစ်စုံတစ်ယောက်အား အဘယ်ကြောင့် ဤမျှ ကြောက်ရွံ့နေလေသနည်း။

မိနိုင်သည် အဘယ်ကြောင့် သူမ၏သေတ္တာကို ဤမျှစိုးရိမ်စိတ်ဖြင့် ကြည့်ရှုစစ်ဆေးရလေသနည်း။

မေးခွန်းများ၏အဖြေကို ကျွန်တော် မရှာဖွေတတ်ပါလေ။

⌘



## အခန်း (၃)

ဆက်၍ ကျွန်တော် မောင်းထွက်လာခဲ့သည်။

ကျောက်ဆည်ခရိုင်မှ ထင်ပါသည်။ ဝင်လာသည်ဆို ...င်ပင် မော်တော်ကားလမ်းကို တံတားများအောက်မှ ဖြတ်စီးနေ ...လေသည့် တူးမြောင်းငယ်ကို ဖြတ်မောင်းရတော့သည်။ ဇီးတော ...မြောင်းကို ဆီဆုံတွင်တစ်ကြိမ်၊ညောင်သုံးပင်၌တစ်ကြိမ်၊ပေါင်းနှစ် ကြိမ် တိတိဖြတ်မောင်းရ၏။ ထို့နောက် ခမောက်မြောင်းကို ဖြတ် ...န်သည်။ မြောင်းထိပ်ဝယ် ဆည်မြောင်းဌာနမှ ဖော်ပြထားလေ ...သည့် အမှတ်အသားဆိုင်းဘုတ်ငယ်ကို တွေ့ရတတ်သည်။

ပေရှည်...............၁၂၀၀၀၊

ရေချိန်...............၂၃၂၈ ကျူးဆက်၊

ဧက...............၁၁၆၄ ဧက၊

ခမောက်မြောင်းသည် လယ်ယာမြေဧကပေါင်း ...င့်ဧကအား ဆည်ရေသောက်စေသည်ကို သိခွင့်ရနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မိနိုင်အားလှည့်ကြည့်မိပြန်သည်။ သူငယ်မသည် စောစောကလို သွက်သွက်လက်လက်ရှိမနေပေ။ ငေးမှိုင်နေရှာ၏။ ကျွန်တော် မိနိုင်အား သနားမိသည်။ ထို့ကြောင့် သူမစိတ်ပြောင်းစေရန် စကားကုလားဖန် ထိုးပေးလိုက်မိသည်။

"မိနိုင် အနော်ရထာမင်းကြီးကို သိလား"

"သိတော့သိတယ် အစ်ကို ... သိပ်တော့ရင်းနှီးလှတယ် မဟုတ်ပါဘူး"

"ဗျာ"

ကျွန်တော်က ပြုံးတုံးပြံတဲ 'ဗျာ' လိုက်မိသော ကြောင့် မိနိုင်က ရယ်လိုက်ပေသည်။ ကျွန်တော် မေးလိုက်သည်မှာ မနိုင်အနေနှင့် အနော်ရထာမင်းကြီး၏ ရာဇဝင် အကြောင်းအရာကို သိထားသလားဟု မေးခြင်းဖြစ်သည်။ မိနိုင်ဖြေပုံမှာ အနော်ရထာ မင်းကြီးအား ငယ်ပေါင်းကြီးဖော် မိတ်ဆွေ သူငယ်ချင်း သိကျွမ်း သည့်အနေမျိုး ပြန်ဖြေသောကြောင့် ကျွန်တော် 'ဗျာ'မိခြင်း ဖြစ်ပ ၏။

"ရင်းရင်းနှီးနှီးသိရအောင် မိနိုင်းနဲ့ အနော်ရထာက ငယ်သူ ငယ်ချင်းမို့လား မိနိုင်၊ အစ်ကိုမေးတာက အနော်ရထာရဲ့ ရာဇဝင်ကို မိနိုင်ဘယ်လောက်အထိ သိထားသလဲလို့ မေး တာပါ ..."

"အင်းလေ ... မိနိုင်ကလဲ အဲဒါဘဲ ပြောတာပေါ့။ ငယ်ငယ် တုံးကကျောင်းမှာ သင်ရဖူးသလောက်တော့ သိတာပေ အစ်ကို၊ ဒါပေမဲ့ အထူးတလည်လေ့လာထားတာ မဟုတ်



လို့ အဲဒီရာဇဝင်ကြောင်းကို ကြေကြေညက်ညက် ရင်းရင်း နှီးနှီးမသိဘူးလို့ ပြောတာဘဲဟာ"

"ဒါဖြင့် ကျောက်ဆည်ဟာ ကိုးခရိုင်နယ်မြေ ဆိုတာရယ်၊ အနော်ရထာမင်းကြီးရယ်၊ဘယ်လိုပတ်သက်သလဲ ဖြေစမ်း ပါ"

"မပြောချင်ဘူး အစ်ကို၊ မိနိုင်သိတော့ သိပါတယ်"

"အိုး ... သိရင် ပြောမှပေါ့ကွဲ့"

"မိနိုင်ပြောရင် အစ်ကိုကရယ်မှာ"

"ကဲပါ ... မရယ်ပါဘူး ... ပြောဘဲပြောစမ်းပါဦး"

ယင်းသို့ ကျွန်တော် တိုက်တွန်းပြန်တော့လည်း မိနိုင်သည် ကလေးငယ် တစ်ယောက်ကဲ့သို့ သူသိသမျှ ပြောပြရှာ ပေသည်။

"အနော်ရထာမင်းကြီးက ကျောက်ဆည်ကို ရောက်လာ တယ် အစ်ကို၊ ဟို ... ပြကွဲရွှေဆိုတဲ့ တောင်ပေါ်တက်မီး အောက်ကိုကြည့်လိုက်တော့ ပန်းလောင်မြစ်ရေ စီးနေတာ ကိုမြင်သတဲ့ အဲဒီတော့ အဲဒီပန်းလောင်မြစ်ကနေပြီး ဆည်ဖို့ ချင်တဲ့စိတ်တွေ ရှိလာသတဲ့၊ ဒါနဲ့သူ့ရဲ့ ဆင်ဖြူတော် 'သံမြန် စွာ' ကိုစီးပြီး ပန်းလောင်မြစ်ကိုကူးရော၊ ပြီးတော့ သရက် ချိုဆိုတဲ့အရပ်မှာ တပ်ချပြီး ညအိပ်သတဲ့၊ အိပ်ပျော်သွား တော့ အနော်ရထာမင်းကြီးက အိပ်မက်မက်တယ်တဲ့ အစ်ကို၊ အိပ်မက်ထဲမှာ မြွေကြီးသုံးကောင်နဲ့ဖျိုင်းငှက်ကို တွေ့ရသတဲ့၊ အိပ်မက်ထဲမှာတင် အနော်ရထာမင်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးသုံးကောင်ကို သံလျက်နဲ့ ထပိုင်းလိုက်တယ်၊ အနောက်တောင်ဘက်မှာရှိတဲ့ မြွေကြီးခမျှာ လေးပိုင်းပြတ်သွားရှာသတဲ့ အစ်ကို"

"ဟုတ်လား ပြီးတော့ကော မိနိုင်"

ကျွန်တော်က ကလေးတစ်ယောက် ပုံပြောသလို ပြောပြနေရှာသည့် မိနိုင်အား သဘောကျစွာ ပြုံးလိုက်မိရင်း သူမ၏ စကားကို ဝင်ရောက်ထောက်ကူပေးသည်။ ဒါကိုပင် မိနိုင်က သံသယဖြစ်စွာ ကျွန်တော့်အား စွေကြည့်ပြီး ရှက်ကိုးရှက်ကန်းဖြစ်နေရှာ၏။

"အစ်ကို ပြုံးနေတယ်၊ မိနိုင်ကို ပြောင်တာထင်တယ်"

"ကြံကြံဖန်ဖန် မိနိုင်ရာ၊ အစ်ကိုပြုံးတာက အနော်ရထာကို သဘောကျလို့ပါ၊ မိနိုင်ကို ပြောင်တာမဟုတ်ပါဘူး၊ ဆက်ပြောပါ"

မိနိုင်က မလုံမလဲနှင့်ပင်ဆက်၍ ပြောပြန်သည်။

"အနော်ရထာမင်းကြီးက အလယ်ခေါင်မှာရှိတဲ့ မြွေကြီးကိုလည်း သံလျက်နဲ့ပိုင်းပြန်ရော၊ အဲဒီမြွေကြီးလဲ သုံးပိုင်းပြတ်သွားရောတဲ့၊ဒါပေမဲ့ အစ်ကို မြောက်ဘက်အစွန်က မြွေကြီးကိုတော့ အနော်ရထာကြီး မပိုင်းလိုက်ရဘဲ လွတ်ထွက်ပြေးသွားသတဲ့"

"အော် ... အင်း ... အင်း"

"အဲဒီအိပ်မက်နဲ့ ပတ်သက်ပြီး အနော်ရထာမင်းကြီးက သူ့ရဲ့ သမားဟူးရားတွေကို ပြောပြသတဲ့၊ သမားဟူးရားတွေက



အရှင်မင်းကြီး ဆည်ဖို့တော်မူပါ၊ အောင်မြင်တဲ့ အတိတ်နိမိတ်အိပ်မက်ပါ၊ ဟိုလေးပိုင်းပြတ်တဲ့ အနောက်တောင်ဘက်ကမြွေကြီးရဲ့ နိမိတ်လက္ခဏာဟာ ပန်းလောင်မြစ်ကနေပြီး ဆည်လေးခုဖို့နိုင်မှာပါ၊ သုံးပိုင်းပြတ်သွားတဲ့ အလယ်ခေါင်က မြွေကြီးကတော့ ဇော်ဂျီမြစ်ကနေပြီး ဆည်သုံးခုဖို့နိုင်မှာပါလို့ လျှောက်တင်ကြသတဲ့"

"နို့ လွတ်သွားတဲ့ မြောက်ဘက်စွန်က မြွေကြီးကကော ကွယ်"

"သမားဟူးရားတွေက ပြောတယ် အစ်ကို၊ အဲဒီလွတ်သွားတဲ့ မြောက်ဘက်စွန်က မြွေကြီးဟာ မြစ်ငယ်မြစ်ပါဘဲတဲ့၊ မြစ်ငယ်မြစ်ကနေပြီး ဆည်ဖို့ရင် မရနိုင်တဲ့ လက္ခဏာသဘောကြောင့် အိပ်မက်ထဲမှာ မြောက်ဘက်စွန်ကမြွေလွတ်သွားရတာဘဲတဲ့ အစ်ကို"

"နို့ ... ဖျိုင်းငှက်ကကော မိနိုင်"

"အဲဒီ ဖျိုင်းငှက်က သိကြားမင်းတဲ့ အစ်ကို၊ အနော်ရထာမင်းကြီးတကယ် ဆည်ဖို့တဲ့အခါမှာ သိကြားမင်းဟာ ဖျိုင်းငှက်ယောင်ဆောင်ပြီး အနော်ရထာရဲ့ ဆည်ဖို့လုပ်ငန်းကို ကူညီတာတဲ့"

"အဲဒါနဲ့ ပြီးရောတဲ့လား"

"ဟွန်း ... မိနိုင်သိတာ ဒီလောက်ပဲ အစ်ကို၊ ဒါကြောင့် အနော်ရထာမင်းကြီးနဲ့ မိနိုင်သိပ်မရင်းနှီးဘူးလို့ ပြောထားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရယ်မိလေသည်။ မိခိုင်ပြောနေသည်မှာ အမှန်ပင်၊ မြန်မာရာဇဝင်မှ အနော်ရထာနှင့်ကျောက်ဆည်ပတ်သက်ခဲ့သော ကောက်နှုတ်ချက် ဖြစ်ပေသည်။ ကျွန်တော်ကိုယ်တိုင်က စာရေးဆရာတစ်ဦးဖြစ်နေသောကြောင့် မြန်မာရာဇဝင်အသီးသီးကို မွှေနှောက်ရှာဖွေလေ့လာထားခဲ့ရဖူးသည်။ လက်ရုံးရည်နှလုံးရည်ကောင်းသော မင်းများလက်ထက်တွင် ထိုမင်းများ၏ အောင်နိုင်မှုကြားများ၌ ယင်းကဲ့သို့ ပုံပြင်သဖွယ်၊ ဒဏ္ဍာရီ သဘောဘဲလေးများညှပ်၍ ပါရှိတတ်မြဲ ဖြစ်သည်။ ထိုပုံပြင် ဒဏ္ဍာရီလေးများသည် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ထိုခေတ်သမယနှင့် ထိုခေတ် ပြည်သူလူထု၏ အတွေးအခေါ် အယူအဆအရ ရှိသင့်ရှိထိုက်နှင့်ရှိအပ်သော ဒဏ္ဍာရီပုံပြင်များပင် ဖြစ်ပေသည်။ ဤသို့သော ဒဏ္ဍာရီပုံပြင်များကြောင့်ပင် ပဒေသရာဇ်ခေတ် ဘုရင်၌ စည်းရုံးရေးအင်အားတစ်ခုရစေနိုင်သည်။ အနော်ရထာမင်းနန်းတက်သည့် သက္ကရာဇ် ၁၀၄၄ တွင် ပြည်သူအများသည် အရိုးကြီးများကိုပင် ကိုးကွယ်ဆဲဖြစ်၏။ ယင်းသို့သော ပြည်သူအများကို စုစည်းကာ စည်းရုံးမှုပြုရာ၌ ဤဒဏ္ဍာရီ ပုံပြင်များသည် လက်နက်ကောင်းတရပ် ဖြစ်နိုင်ပေသည်။ အနော်ရထာမင်းကြီးသည် ဦးနှောက်ကောင်းသော မင်းတစ်ပါးဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း သူ၏စည်းရုံးမှုအင်အားကို အဆိုပါမိမိ၏ ဘုန်းလက်ရုံးကို ပေါ်လွင်စေမည့် ဒဏ္ဍာရီပုံပြင်များနှင့် ဆွဲဆောင်သိမ်းသွင်းလေကြောင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ မြွေကြီးများကို အပိုင်းပိုင်းဖြတ်တောက်နိုင်စေပြီး၊ သိကြားမင်းကိုယ်တိုင်က ဗျိုင်းယောင်ဆောင်ကာ ကူညီရလေသော



ဘုန်းတန်ခိုးရှင် အနော်ရထာအား ဆည်ဖို့လုပ်ငန်းတွင် လိုအပ်သော ပြည်သူလုပ်အားသည် အလိုလိုစည်းရုံးရရှိပြီး ဖြစ်စေနိုင်သည်။

ကျွန်တော်တို့၏ မော်တော်ကားလေးသည် စဉ့်ကိုင်မြို့ဟု ဆိုင်းဘုတ်ရေးထားသော လမ်းဆုံသို့ ရောက်လာသည်။ အမှန်မှာ စဉ့်ကိုင်မြို့ဟု ဆိုင်းဘုတ်တပ်ထားသော လမ်းဆုံသည် အုန်းပင်ခြံရွာပင် ဖြစ်၏။ အတွင်းလမ်းခွဲသို့ ဆက်လက်၍ မိုင်ဝက်ပိုပိုခန့်ဝင်ရောက်သွားလေမှ စဉ့်ကိုင်မြို့ထဲသို့ ရောက်ရှိမည်ဖြစ်သည်။ စဉ့်ကိုင်မြို့သည် ရန်ကုန် မန္တလေးကားလမ်းပေါ်၌ရှိပါသည်ဆိုစေကာမူ မော်တော်ကားပေါ်မှ ကြည့်ရုံမျှနှင့်တော့ စဉ့်ကိုင်မြို့အားပီပီပြင်ပြင်မြင်တွေ့ရသည် မဟုတ်ပေ၊ မြို့သည် မော်တော်ကားလမ်းမကြီးမှ အတွင်းဘက်သို့ အနည်းငယ် ဟိုက်၍ဝင်နေလေသည်။

စဉ့်ကိုင်အလွန်မှာပင် နေရောင်သည် အသွေးဖျော့လာသည်။ အနောက်ဘက်တောင်တွတ်များသို့ ငုတ်လျှိုးရန် အားယူလျက်ရှိနေလေတော့သည်။ စကားပြောရပ်ခါ ငြိမ်သက်သွားသည်ဆိုလျှင်ပင် မိခိုင်သည် ပြန်၍တွေဝေငေးငိုင်လာပြန်လေ၏။ ဤသူငယ်မကို ကျွန်တော်သည် တကယ်ပင် သနားမိသည်။ သူမ၏ ဝမ်းထဲ၌ထိတ်လန့်ဖွယ်ရာ၊ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာ တစ်စုံတစ်ခု ကိန်းအောင်းနေပါသည်ဆိုလျှင် ထိုချောက်ချားမှုများသည် သူမ၏အသက်အရွယ် သူမ၏အလှအပနှင့် မလိုက်ဖက်ဟု ကျွန်တော်ယူဆမိသည်။ မိခိုင်သည် အရွှင်အမြူး အပြုံးအရယ်ကလေးနှင့်ဆိုပါလျှင် အလွန်ချစ်စရာကောင်းယုံမက သူမ၏အလှအပနှင့် ငယ်ရွယ်နုပျိုမှုသည် ပိုမိုထင်ပေါ်လာလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိုပါက ငြီးငွေ့ဖွယ်ဖြစ်သွားလေမည်ကို စိုးသောကြောင့်ပေတည်း။

"အစ်ကိုကိုယ် စီးကရက်ပေးသောက်ပါလား မိခိုင်"

"ဟုတ်ပါရဲ့ အစ်ကို ... မိခိုင်တောင် စီးကရက်သောက်ဖို့ မေ့နေမိတယ်"

"မိခိုင်က တစ်ခုခုကို သိပ်ပြီးတွေးနေတယ်၊ ကြောက်နေတယ်၊ထင်ပါရဲ့ ... ဟုတ်လား"

"အို ... မိခိုင်ဘာမှ မကြောက်ပါဘူး"

မိခိုင်သည် ပျာပျာသလဲ ငြင်းဆန်စကား ဆိုလိုက်လေသည်။ မိခိုင်သည် သူမ၏ဝမ်းတွင်းကြိတ်ခံစားချက်ကို လုံးဝအခြားသူ မသိစေလိုကြောင်း ထင်ရှားလှသည်။

သူမ၏လက်ပွေ့အိတ်နီထဲမှ စီးကရက်ဘူးကို ထုတ်ယူကာ စီးကရက်နှစ်လိပ်ပူးကို နှုတ်ခမ်း၌ တွဲလဲခိုစေပြီး မိခိုင်က မီးညှိနေလေ၏။ ပြီးလျှင် ကျွန်တော့်အားလှမ်းပေးသည်။ သို့သော် ကျွန်တော်သည် စီးကရက်ကိုလက်ဖြင့် မယူအားပေ။ ဒေါင်းကျဖြေကျေးရွာထိပ်တွင် ဇော်ဂျီမြစ်အားဖြတ်ကူးထားသည့် တံတားရှည်အား ကျွန်တော်ကူဖြတ်မောင်းနှင်နေရသောကြောင့် ဖြစ်ပေသည်။ ထိုတံတားသည် ပေအတန်ငယ်ရှည်ကာ ကားဘီးချရာတံတား လမ်းပေါ်၌ ပျဉ်ချပ်များကို အလျားလိုက်ခင်းထားသည်။ ကုန်တင်ကားကြီးများအနေနှင့် တံတားပျဉ်များမှာ ဝင်ကျလေမည်ဖြစ်သော်လည်း ကျွန်တော်မောင်းလာသော ဆလွန်းကားမျိုးအတွက် အတွင်းနှစ်စပ်ကို ဘီးမိအောင် ဂရုတစိုက် မောင်းနေရလေသည်။



ကျွန်တော်ကပင် စကားကိုဆက်ပြန်သည်။ သူမတွေဝေ၍ငေးငိုင်နေခြင်းကို ကျွန်တော်မကြည့်မြင်လိုသောကြောင့်ဟု ဆိုလျှင်လည်း ဆိုပါလေတော့။

"အနော်ရထာအကြောင်းကတော့ ဟုတ်ပါပြီ ... ဘာဖြစ်လို့ကျောက်ဆည်ကို လယ်တွင်းကိုးခရိုင်လို့ ခေါ်သလဲ မိခိုင်"

"မသိတော့ကော အစ်ကို ... တကယ်ပဲ အစ်ကိုမေးပုံကစာမေးပွဲစစ်တာကျနေတာဘဲ၊ မိခိုင်မလေ့လာမိတာတောင် ရှက်ရမလို ဖြစ်နေပြီ"

"အိုး ... ဘာဆိုင်လဲ မိခိုင် ... လောကကြီးမှာ ကိုယ်သိပြီး သူများမသိတာတွေ အများကြီးရှိသလို ... ကိုယ်မသိပေမယ့် သူများသိတာတွေ အများကြီးလဲရှိနေတတ်တာဘဲ၊ မသိတာဟာ ရှက်စရာမဟုတ်ဘူး၊ မသိလို့ သိအောင်လေ့လာတာဟာ အရည်အချင်းတစ်ရပ်ဘဲ၊ လယ်တွင်းကိုးခရိုင်အကြောင်း၊ အစ်ကိုပြောပြရင် မိခိုင် စိတ်ဝင်စားမလား"

"သိပ်စိတ်ဝင်စားမှာပါ အစ်ကို"

"ဒါဖြင့် ... ကင်းတားရောက်မှ အစ်ကိုပြောပြမယ်"

"ကြည့် ... အခုဘဲ ပြောတော့မလိုလိုနဲ့ ဘာမှန်းလဲ မသိဘူး"

ကျွန်တော်က ကိုးခရိုင်အကြောင်းကို ယခုလောလောဆယ် ပြောမပြသေးဖို့ စိတ်ပြောင်းလိုက်လေသည်။ ကျွန်တော်ပြောသည်ကို မိခိုင်က ငြိမ်ငြိမ်နားထောင်နေသည်ထက် သူမအနေနှင့်ကျွန်တော့်အား စကားပြောစေချင်သောကြောင့်ဖြစ်၏။ ထို့ပြင်ဗဟုသုတပိုင်းကိုပြောရာတွင် ဝမ်းတွင်းခံတတ်ခံက လိုလိုလားလား

www.burmeseclassic.com

www.burmeseclassic.com



မိနိုင်သည် ကျွန်တော်၏လက်မအားသော အခ
အခဲကို နားလည်သွားသည်ထင်ပါ၏။ ကျွန်တော်၏နှုတ်ခမ်းဆီသ
မီးညှိပြီးသား စီးကရက်ဖင်ကိုလာ၍ တပ်ပေးလိုက်သည်။ သူမ
လက်ဖဝါးများသည် ကျွန်တော်၏ပါးသို့အမှတ်မထင် ထိတွေ့
တော့သည်။ အထိအတွေ့သည် နူးညံ့လှသည်။ ဖောဒ္ဓပွဆိုသည်မှ
ဒါမျိုးဘဲ ထင်ပါ၏။

"ကျေးဇူးပဲ မိနိုင်"

"မလိုပါဘူး အစ်ကိုရာ ... စောစောကတည်းက မိနိုင်
ဆေးလိပ်တည်သင့်နေသားဘဲဟာ၊ မိနိုင်စောစောက
လိပ်သောက်တုံးကတည်းကပေါ့"

"တကယ်တော့ မိနိုင်အသက်အရွယ်နဲ့ စီးကရက် လက်ကြ
မညှပ်သင့်သေးဘူး မိနိုင်"

"ဟုတ်လား ... ဖေဖေကလည်း တစ်ခါမှအဲဒီလို မပြောဘူ
ပြီးတော့ အဲဒီလိုပြောမယ့် အစ်ကိုတွေအစ်မတွေလည်း
နိုင်မှာ မရှိဘူးအစ်ကို"

"ဒါဖြင့် မိနိုင် တစ်ခုခုကို စိတ်ညစ်နေတယ်ပေါ့"

"အယ် ... မဟုတ်တာဘဲ အစ်ကို ... မိနိုင်ဘာမှ စိတ်မညှ
ပါဘူး"

ကျွန်တော် ဆက်မပြောတော့ပေ။ မော်တော်ကာ
ကိုသာ မောင်းနေသည်။ မကြာမတင်မှာပင် ဘယ်လင်းကျေးရွာ
ကျော်ဖြတ်လာကာ တောင်နေဝံရွာသို့ ဝင်လာခဲ့သည်။ စဉ့်ကိုင်
နယ်ပြီးသည့်နောက် ကျောက်ဆည်မြို့ထဲသို့ ဝင်လာခဲ့ပြီကော။



နေသည် ရီတရောဝင်ကာ ဆည်းဆာကကျောက်ဆည်မြို့အား လွှမ်းမိုးနေချေပြီ။ ဝေဘူတောင်တော်တောင်မြတ်ဝယ် မီးပွင့်မီးချောင်းရောင်များကို လှမ်းတွေ့ရသည်။ ထိုတောင်မြတ်ဝယ် အကျော်ဒေးယျဝေဘူဆရာတော်သည် သတင်းသုံးလျှက်ရှိပေသည် ပထမအစီအစဉ်မှုကျောက်ဆည်၌ ဝေဘူဆရာတော်အားဝင်ရောက်ဖူးမျှော်ရန်ပင် ဖြစ်ပါ၏။ သို့သော် ပုလိပ်တွင် လင့်ခဲ့သော အချိန်ကြောင့် ကျောက်ဆည်အဝင်တွင် မိုးချုပ်ခဲ့လေပြီ။ အပြန်ခရီးကျလေမှ ဝင်ရောက်ခါ ဝေဘူဆရာတော်အား ဖူးမျှော်ရပေမည်။ သူတော်စဉ်၊ သူတော်မြတ်တို့အား မည်မျှကြံစည်အားထုတ်၍ ဖူးတွေ့ရန် ကြိုးစားစေကာမူ ဖူးထိုက်မှဖူးရလေသည် ဆိုသည့် စကားက မှန်ကန်နေလေသလား မသိတော့။

ကြက်မင်းတွန်ဂိတ်သည် ကျောက်ဆည်အဝင်ဖြစ်ပြီး ပေါက်တောသည် ကျောက်ဆည်အထွက် ဖြစ်သည်။ ထိုနှစ်နေရာသည် ကျောက်ဆည်မြို့၏ တောင်နှင့်မြောက် ရန်ကုန်၊ မန္တလေးလမ်း မြူနီစပါယ်နယ်မြေစပ် ဖြစ်ပါလေ၏။

ကျောက်ဆည်မြို့စပ်မှ အထွက်တွင် ကျွန်တော်သည် ကားမီးကို ဖွင့်မောင်းသည်။ ပင်စည်ကိုင်းခက် ဝါကြန့်ကာ အရွက်စိမ်းသော ထနောင်းပင်များသည် ကားမီးရောင်အောက်ဝယ် ယိမ်းထိုးလျှက် ရှိနေကြသည်။

မြေဝပ်ငှက်ငယ်များသည် ပြူးကြောင်သော မျက်လုံးများဖြင့် မော်တော်ကားလမ်းလယ်တွင် ငုတ်တုတ်ထိုင်ကာ မော်တော်ကားမီးရောင်ကို စူးစူးစိုက်စိုက် ကြည့်နေတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ထ၍ ပျံမပြေးတတ်ပေ။ မော်တော်ကား နီးကပ်လာလေမှ စူးခနဲ သေပြေးရှင်ပြေး ထပျံတက်သည်။ အရှိန်ပြင်းသော မော်တော်ကားဘီးက သူတို့အား တက်ကြိတ်သွားသည်လည်း ရှိတတ်သည်။ သူတို့၏ အပျံအထ မသွက်လက်လေသောကြောင့် မော်တော်ကား၏ စက်ခေါင်း၊ မောင်တော်ကား၏ရှေ့မှန်များဖြင့် တိုက်မိုက်မိကာ သေကြေပျက်စီးသွားကြသည်လည်း ရှိတတ်ကြသည်။ သနားဖွယ်ကောင်းသော အမှောင်တွင်းမှ အလင်းရောင်ဆာလောင်တတ်သည့် ငှက်ငယ်မျိုးပါပေ။

"အဲဒီမြေဝပ်ငှက်ကလေးတွေ ဟာ တစ်ချိန်တစ်ခါတုံးကတော့ လှပတဲ့ ရွှေမင်းသမီးလေး တစ်ပါးပါတဲ့ အစ်ကို"

"အော် ... အော်"

"အဲဒီရွှေမင်းသမီးလေးရဲ့ အသည်းနှလုံးဟာ သိပ်နူးညံ့သတဲ့ တစ်နေ့တော့ အဲဒီရွှေမင်းသမီးလေးရဲ့ ချစ်သူဟာ အဝေးတစ်နေရာမှာ သေသွားရှာသတဲ့ အစ်ကို ... ဒါပေမဲ့ ရွှေမင်းသမီးလေးက သူ့ချစ်သူ သေဆုံးသွားတာကို မယုံကြည်ဘူးတဲ့ ... ဒါကြောင့် သူ့ချစ်သူပြန်လာမယ့်လမ်းကိုထွက်ပြီး စောင့်စားရင်း ရင်ကွဲနာကျပြီး သေသွားရှာသတဲ့"

"ဟုတ်လား မိနိုင် ... အဲဒီပုံပြင်ကိုကော မိနိုင်ကို ဘယ်သူပြောပြတာလဲ"

"ဖေဖေပြောတာ အစ်ကို ... မိနိုင်အရွယ်မရောက်ခင်ကဆိုရင် ဖေဖေက သူ့သမိုင်း သုတေသီလုပ်ငန်းအတွက် ခရီးထွက်ရာမှာ မိနိုင်ကို ခေါ်သွားလေ့ရှိတယ် ... တောလမ်း



ခရီးတွေကို သွားရတိုင်း အဲဒီမြေဝပ်ငှက်ကို တွေ့ရတယ် အစ်ကို ... ဒါကြောင့် ဖေဖေက မြေဝပ်ငှက်ကလေးတွေ အကြောင်းကို ပြောပြတာ"

"ဆက်ပြောပါ မိနိုင်"

"အဲဒီရွှေမင်းသမီးလေးဟာ ရင်ကွဲနာကျသေပြီးတဲ့နောက် မြေဝပ်ငှက်ကလေး ဖြစ်သွားရောတဲ့ ... ဒါပေမဲ့ ဟိုဘဝက အစွဲအလမ်းကြောင့် အခုအချိန်ထိ သူဟာ လူသွားလမ်းတွေမှာ အခုလို ငုတ်တုတ်ကလေးထိုင်ပြီး သူ့ချစ်သူကို ဆက်ပြီး စောင့်စားနေရှာတာဝဲ့ .အစ်ကို"

ကျွန်တော်သည် သက်ပြင်းတစ်လုံးကို လေးလေးတွဲ့တွဲ့ချလိုက်မိသည်။ လမ်းပေါ်တွင် ငုတ်တုတ်ထိုင်နေတတ်သည့် မျက်လုံးပြူးကြောင်ကြောင်နှင့် မြေဝပ်ငှက်ငယ်အတွက် သက်ပြင်းချမိသည်တော့ မဟုတ်ပေ။ ကျွန်တော်ချမိလေသော သက်ပြင်းမှာ အုပ်ထိန်းခြင်းကင်းလွတ်နေရှာပြီး အရာရာတွင် ကလေးငယ်ဆန်နေရှာလေသည့် မိနိုင်အတွက်ပင် ဖြစ်ပါလေတော့သည်။ ဤသို့သော မိနိုင်ဝယ် မည်သို့သော ကြောက်ရွံ့ထိတ်လန့်စရာများက အမ်းစားထားရှာလေသနည်း။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ကင်းတားသည် ကျောက်ဆည်နှင့် ကတ္တရာလမ်း (၁၄) မိုင်သွားပြီးနောက် လက်ဝဲဘက်သို့ ချိုးကွေ့ကာ မြောင်းဘောင်လမ်း(၁၆)မိုင် ထပ်မံမောင်းရပေသေးသည်။

မြောင်းဘောင်လမ်းသည် လူပြတ်သောလမ်းဖြစ်သောကြောင့် မိနိုင်အား စကားလက်ဆုံမကျတော့ဘဲ မော်တော်ကားကိုသာ ကျွန်တော် ဖိမောင်းနေမိသည်။

ည(၇)နာရီခန့်တွင် ကင်းတားသို့ ကျွန်တော်တို့ ရောက်ခဲ့သည်။

ကျွန်တော်တို့ထက်စောစွာ မန်းရိပ်ငြိမ်ဟိုတယ်မှ လေ့လာရေးအဖွဲ့၏ မော်တော်ကားသည်ဇင်း၊ ဒေါ်ရည်မွန်သည် ဇင်းရောက်နှင့်နေကြပေသည်။

ရောက်နှင့်သူအားလုံးသည် ကင်းတား၏လှပသော ဗိုလ်တဲကြီးပေါ်တွင် နေရာယူထားကြပြီး ဖြစ်ပေသည်။



အမှန်မှာ ကင်းတားသည် ကျောက်ဆည်ခရိုင်၏ အဓိကကျသော ဆည်ကြီးတစ်ခုဖြစ်လေသောကြောင့် လေ့လာသင့်သည်မှာ မှန်ပေ၏။ သို့သော် ထိုနေရာသည် မြို့နှင့်ဝေးသည်။ ခေါင်သည်။ လေ့လာရေးသမားများ စားသောက်ရန် ဆိုင်မရှိ။ တည်းခိုရန် အငှားတည်းခိုရိပ်သာဟူ၍မရှိ။ ထို့ကြောင့် များသောအားဖြင့် လေ့လာရေးသမားများသည် ကင်းတားဆည်ကြီးကို ကွင်းချန်ကာ မလေ့လာဖြစ်ဘဲ ရှောင်သွားတတ်ကြသည်။ ရံဖန်ရံခါ ရောက်လာသော လေ့လာရေးသမားများကျတော့လည်း ကိုယ့်ထမင်းထုပ်နှင့်ကိုယ် လာကာနေ့ချင်းပြန်လေ့ရှိကြသည်။

ကျွန်တော်တို့အတွက်မူကား။

မန်းရိပ်ငြိမ်ဟိုတယ်သည် အစစအစီအစဉ်ပြုလုပ်ပေးလေသည်။ ပထမဦးစွာ ကျောက်ဆည်ရှိ ဆည်မြောင်းအရေးပိုင်နှင့်ညှိကာ ကင်းတား၌ရှိနေသော ဗိုလ်တဲနှင့် အခြားအဆောက်အဦများကို လေ့လာရေးသမားများအတွက် တည်းခိုနားနေခွင့် တောင်းခံယူရသည်။ မြောင်းဘောင်ကို မော်တော်ကား ဖြတ်သန်းမောင်းနှင်ခွင့်ပြုသည့် ပါမစ်ကို ရယူရသည်။

ယင်းကိစ္စအားလုံးအဆင်ပြေလေမှ မန်းရိပ်ငြိမ်ဟိုတယ်မှ ပိုင်ဆိုင်သော ပေါင်မုန့်လုံးဘောက်(စ်)ဝက်ဝွန်းကားကလေးဖြင့် လေ့လာရေးသမားများကို လိုက်လံပို့စေသည်။ မိမိ၏ ကာဥ်အစီအစဉ်ဖြင့် သွားလိုကလည်း သွားနိုင်သည်။

ကင်းတား၌လည်း နားနေသမျှ ရက်အတွင်းဝယ် မန်းရိပ်ငြိမ်ဟိုတယ်မှလိုက်ပါလာသည့် ဟိုတယ်ဝန်ထမ်းများက

www.burmeseclassic.com

www.burmeseclassic.com



ကင်းတား၌ပင် မန်းရိပ်ငြိမ်ဟိုတယ် အသေးစားလေးတစ်ခု ဖွင့်ပေးလိုက်သည်။ စားချင်သည်ကိုစားဖို့ ရစေရမည်၊ သောက်ချင်သည်ကို သောက်ဖို့ ရစေရမည်။ အဲ ဈေးကတော့ကြီးမည်ဖြစ်၏။ မန်းရိပ်ငြိမ်ဟိုတယ်၌ နဂိုရင်းကျသင့်သောနှုန်း တန်ဖိုးတွင် အလုပ်သမားခ်နှင့် သယ်ယူပို့ဆောင်ခများကို ထပ်မံပေါင်းထားလေသည့် ကျသင့်ငွေကို လက်ငင်းပေးချေရသည်။ ဥပမာ မန်းရိပ်ငြိမ် ဟိုတယ်ကြီးတွင် ဘရန်ဒီတပက်ကို နှစ်ကျပ်ပေးရသည်ဆိုပါစို့ ကင်းတားရောက် မန်းရိပ်ငြိမ်ဟိုတယ်အသေးစားလေးက ဘရန် ဒီတပက်ကို သုံးကျပ် ပေးရခြင်းမျိုးပင် ဖြစ်လေတော့သည်။

ကျွန်တော်နှင့်မိခိုင်သည် အဲရောက်နောက်ကျသူများ ဖြစ်လေသောကြောင့် ဗိုလ်တဲကြီးပေါ်တွင် ကျွန်တော်တို့အတွက်နေရာမရပေ။ ဗိုလ်တဲကြီးနှင့်ကိုက်ငါးဆယ် အကွာခန့်၌ ရှိလေသည် ဆည်ဗိုလ်ကွာတာတစ်ခုတွင် နေရာချထားပေးလေသည်ယင်းကွာတာမှာ နှစ်ခန်းတွဲဖြစ်ပြီး သီးခြားထရံခြားဖွဲ့စည်းထားသောကြောင့် မိခိုင်တစ်ခန်း၊ ကျွန်တော်တစ်ခန်း၊ နေထိုင်၍ ဖြစ်ပေသည်။ လျှပ်စစ်မီးမှာလည်း လိုအပ်သောနေရာတွင် လိုသောလျှပ်စစ်မီး ရှိကြလေသည်။

ကျွန်တော်နှင့်မိခိုင်သည် ကိုယ့်လက်ဆွဲအိတ်ကိုကိုယ်ဆွဲကာ ကိုယ့်အခန်းသို့ ကိုယ်ဝင်ကြလေသည်။

ကျွန်တော့်အခန်းထဲဝယ် ခုတင်နှစ်လုံးနှင့် အိပ်ရာနှစ်ခုရှိပေသည်။ ဆည်မြောင်းဌာနသည် လေ့လာသူဦးရေများပါက တစ်ခန်းတွင် နှစ်ဦးနေနိုင်ရန် တင်ကြိုစီစဉ်ပေးထားခြင်းဖြ



ပေမည်။ ကျွန်တော်သည် ကျွန်တော်နှစ်သက်ရာ ခုတင်တစ်လုံးပေါ်သို့ ကျွန်တော်၏ ဂါဗာဒင်လက်ဆွဲအိတ်ကိုတင်ကာ ဇစ်ကို ဖွင့်လိုက်သည်။ အထဲတွင်လိုအပ်သော ဆပ်ပြာခွက်၊ သွားပွတ်တံ၊ သွားတိုက်ဆေး စသည်တို့ကို ထုတ်ယူကာ နောက်ဖက်ရေချိုးခန်းဆီသို့ ကူးဝင်လာခဲ့သည်။

ဟိုဘက်ခန်း၊ဒီဘက်ခန်း နှစ်ခုကြားဝယ် တံခါးပေါက်ရှိနေ၏။ ထိုတံခါးသည်ပွင့်နေသောကြောင့် ဟိုဘက်ရေချိုးခန်းမှ မိခိုင်ကို ကျွန်တော်တွေ့ရလေတော့သည်။

မိခိုင်သည် ထမီရင်လျားနှင့်ဖြစ်၏။ မြန်မာ အမျိုးသမီးတစ်ဦး၏ အသားအရည်လှပခြင်းနှင့် ကိုယ်ခန္ဓာအချိုးကျလှပခြင်းတို့သည် ထမီရင်လျားလေသည့်အခါကျမှ အမှန်ကန်ဆုံး ပေါ်လွင်ပေသည်။ ထိုရေအခါတွင် အခုအခံများသည် ရှိမနေတတ် အမှန်ကန်ဆုံးနှင့်အရှိကို အရှိအတိုင်းဖော်ပြကြရသည်သာ။

မိခိုင်သည်လည်းအရှိကို အရှိအတိုင်းနှင့်ပင် တွေ့ရသည်။ အသားရွှေရောင်မှာ ရင်ညွှန့်အထက်ဝယ် ဆင်စွယ်နှစ်ပေသည်။ ရွှေရင်အမို့သည် ပွင့်တော့မည့်ဆဲဆဲ အစွမ်းကုန် အငုံအဖူးသည်။ သူမအရွယ် အသက်နှစ်ဆယ်ဆိုသည်မှာ အငုံမှအပွင့်သို့ စပ်ကူးမတ်ကူးဖြစ်လေသောကြောင့်အလှအပ ဟူသရွေ့သည် သူမ၏အရှိက်အဟိုက်,အမို့အမောက်,အတင်းအရင်းများ၌ ပီပြင်ပေါ်လွင်သည်ခြင်း။

“ဒီမှာအစ်ကို ... မိခိုင်မမေ့ပါဘူး”

မိခိုင်က သူမ၏လက်ထဲမှဖန်ဘူးကလေးကို ထောင်

www.burmeseclassic.com

www.burmeseclassic.com



ပြသည်။ ဆန်းဘန်းကရင်း (Sunburn Cream) ခေါ် နေလောင်သည့် အခါလိမ်းရ လူးရသော ဆေးပင်ဖြစ်တော့သည်။

"ကျေးဇူးပဲ မိနိုင် ... ပေးလေ ... အစ်ကိုလိမ်းမယ်"

"ဟင့်အင်း အစ်ကို ... မိနိုင်လိမ်းပေးရမှ ဟိုဘက်ကို အစ်ကို လှည့်လေ ကျောနဲ့ ကုတ်ပိုးကစပြီး မိနိုင်လိမ်းပေးမယ်"

ကျွန်တော်က ကျောလှည့်ပေးလိုက်သည်။ မိနိုင်၏ လက်ဖဝါးနုနုကလေးသည် ကျွန်တော်၏နေလောင်သော ကုတ်ပိုး နှင့်ကျောပြင်အား ပွတ်လိမ်းပေးလျှက်ရှိနေပေပြီ။

"အစ်ကိုယ်မှာ ... မိန်းမရှိလား"

"ရှိတယ် မိနိုင်"

"အစ်ကိုယ်မိန်းမက အစ်ကိုယ့်ကို လေ့လာရေးကို စိတ်မဝင် စားဘူးထင်ရဲ့နော် ... မီးတော့ အစ်ကိုယ့်ကိုလဲ စိတ်မဝင် စားလို့ နေမှာပေါ့"

"အစ်ကို မိန်းမက သဖင်တဲ့မိနိုင် ... ရုပ်ရှင်မင်းသမီးလေ အခုရှမ်းပြည်နယ်ဘက်ကို ကားရိုက် ထွက်သွားနေလို့ပါ"

"အော် ... အော်"

မိနိုင်က မထူးခြားသလိုသာမန်အာမေဍိတ်သံသာ ပြုလိုက်ပြီးနောက် ...

"ကဲ ... ဒီဘက်လှည့်ဦး အစ်ကို"

ကျွန်တော်က မိနိုင်နှင့် မျက်နှာချင်းဆိုင် လှည့်လိုက် သည်။ မိနိုင်၏မျက်နှာကလေးသည် အချယ်အသမရှိ၊ နဂိုသဘာ အတိုင်း ဖြူဝင်းယုံမက နုပျိုမှုက ပေါ်လွင်လှသည်။ ခိုင်သည်



ကျွန်တော်၏ ရင်ဘတ်မှစ၍ (Cream) ကို သုတ်လိမ်းပွတ်သတ်လိုက် သည်။ ထို့နောက် လက်မောင်းနှင့် လက်ဖျံများကို လိမ်းပြန်၏။

"အစ်ကိုက စာရေးဆရာဆိုတော့ အခုလို ခေါင်လွန်းတဲ့ ကင်းတားဆည်နေရာမျိုးမှာ အချစ်ဝတ္ထု တစ်ပုဒ်လောက် စိတ်မကူးမိဘူးလား အစ်ကို ..."

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ကင်းတား ဗိုလ်တဲအောက်၌ ဖွင့်လှစ်ထားသော ယာယီပန်းရိပ်ငြိမ် ဟိုတယ် အသေးစားကလေးထဲသို့ ကျွန်တော် ဝင်ရောက်လာသည်ဆိုလျှင်ပင် ဖြူသော့တုတ်သောနှင့် ခန့်ထည်သော ဒေါ်ရည်မွန်က ကျွန်တော့်အား စားပွဲတစ်လုံးမှ လှမ်း၍ဖိတ်ခေါ်ဖော်ရလေတော့သည်။

"ဟေး ... ကိုယ့်မောင် ... လာပါကွဲ့ ဒီကို ... မမမွန်မှာလဲ အဖော်မရှိလို့ ပြင်းခြောက်ခြောက်ကြီး ဖြစ်နေတာ"

ကျွန်တော်သည် ဒေါ်ရည်မွန်၏စားပွဲသို့ ရောက်သွားကာ ထိုင်ချလိုက်လေသည်။

"ကဲ ... ပြော ... ကိုယ့်မောင် ဘာသောက်ချင်လဲ ပြီးတော့ ဘာစားချင်သလဲ ... မမမွန် ပုလိပ်မှာတုန်းက ပေးခဲ့တဲ့ ကတိအတိုင်း မမမွန်က ဒကာပေါ့"

"နေပါစေ မမမွန် ... မန်းရိပ်ငြိမ်ဟာ ဒီမှာဆိုရင် တော်



တော်ပဲ မြိုးမြိုးမြက်မြက် ယူလိမ့်မယ် ထင်တယ်"

ဒေါ်ရည်မွန်သည် ကျွန်တော့်အား မျက်မှောင်ကုတ်ကြည့်လိုက်လေသည်။ အလိုမကျသည့်ပုံမျိုးပင် ဖြစ်ပါ၏။

"ကိုယ့်မောင်က တယ်လဲခက်လိုက်ပါလား ... အပျိုဟိုင်းကြီးတွေအကြောင်းကို နားမလည်တတ်ဘူးထင်ပါရဲ့ ... မမမွန်ဟာ အပျိုဟိုင်းကြီးတစ်ယောက်ဘဲကွဲ့"

"ဘာဆိုင်လို့လဲ မမမွန် ... မန်းရိပ်ငြိမ်က ဈေးကြီးတာနဲ့ အပျိုဟိုင်းနဲ့"

"ဟဲ့ ... သိပ်ဆိုင်တာပေါ့ ကိုယ့်မောင်ရဲ့ ... အပျိုဟိုင်းကြီးတွေဟာ သူတို့သဘောမတွေ့တဲ့လူကိုဆိုရင် ဗိုက်ဆံငါးပြားစေ့လောက်နဲ့လဲ တဖြစ်တောက်တောက်ညည်းညူတတ်ပြီး သူတို့စေတနာရှိတဲ့ လူဆိုရင် ... ကုန်ပလေ့စေ ... ဘယ်လောက်ကုန်ကုန်ဆိုတဲ့ စိတ်မျိုးကွဲ့"

ကျွန်တော်က မမမွန်၏အပြောကို ရယ်လိုက်မိသည်။ မမမွန်သည် ပွင့်လင်းသည်၊ ဖော်ရွေသည်၊ ဟောဟောဒိုင်းဒိုင်းထဲက ဖြစ်ပုံရ၏။

"မရယ်နဲ့ ကိုယ့်မောင် ... အပျိုကြီးတွေဟာ ခွေးကလေးကြောင်ကလေးတွေကို အဖိုးတန်ဟောလစ် ပေးတိုက်တာတို့ ကောင်းပေ့ဆိုတဲ့ ဘီစကွတ်ကျွေးတာ မြင်ဘူးတယ်မှတ်လား ... အေး အဲဒါမှတ်ထား ... အပျိုကြီးဟိုင်းလာလေ ယုယချင်စိတ်တွေများလာလေပဲ ... တသက်လုံး သူတို့ကို ယုယမယ့်သူမရှိခဲ့လေတော့ ... သူတို့စိတ်က သူ

www.burmeseclassic.com

www.burmeseclassic.com



များအပေါ် ယုယချင်စိတ် လောကွတ်ပြုချင်တဲ့စိတ်တွေ
ပိုလာတာပေါ့ ... သဘာဝပဲကိုယ့်မောင် ... အဲဒါ သဘာဝ"

ကျွန်တော်က မမမွန်၏အပြောကို ထပ်၍သာ ရယ်မောရပြန်သည်။ မမမွန်သည် သူ့ထက်အတန်ငယ်သော ကျွန်တော့်အား မြှူဆွယ်သည့် သဘောနှင့်ကျွေးချင် မွေးချင်သည် မဟုတ်မှန်း ကျွန်တော်သိပေသည်။ ရိုးသားသော ခင်မင်စိတ်ဖြင့် အပျိုကြီးတို့ ထုံးစံအတိုင်း စေတနာပိုခြင်းသာ ဖြစ်ပေ၏။

"ဒီလိုပါ မမမွန် ... မမမွန်ရဲ့စေတနာကို ကျွန်တော် လေးစားပါတယ် ... ဒါပေမဲ့ ဒီကနေ့ညစာအတွက် ကျွန်တော်က ဘာကာခံပါ့မယ်လို့ ကတိပေးထားမိတဲ့ ပုဂ္ဂိုလ်နှစ်ဦးရှိနေလို့ပါ ... ပထမတစ်ဦးက မမမွန်ကိုယ်တိုင်ဖြစ်ပြီး ... နောက်တစ်ဦးကတော့"

"နောက်တစ်ဦးကတော့ အမျိုးသမီးချောချောလှလှလေး တစ်ယောက်ပဲမှတ်လား ... ကိုယ့်မောင် ... ပုလိပ်မှာတုန်းက ကိုယ့်မောင် ကားပေါ်က ဆင်းသွားပြီး ဆိုင်ထဲမှာ ဂျောင်ကပ်ဘီလပ်ရေသောက်နေခဲ့တဲ့ အမျိုးသမီးကလေးကို ပြောနေတာ မှတ်လား ..."

ကျွန်တော်သည် ဒေါ်ရည်မွန်၏မျက်နှာကိုဖြတ်ခနဲ ကြည့်လိုက်မိသည်။ ပုလိပ်တုန်းက မိခိုင်သည် ဒေါ်ရည်မွန် အရောက်တွင် လှစ်ခနဲ ဆိုင်ထဲဝင်ကာ ဂျောင်ကုတ်ခဲ့သည်။ ဤ အချင်းအရာကို ဒေါ်ရည်မွန်တွေ့ခဲ့ပါလေသည်။ မိခိုင်ဆိုင်ထဲသို့ဝင် သွားသည်ကို ကျွန်တော်ကိုယ်တိုင်ပင် သတိမထားခဲ့သော်လည်း



ဒေါ်ရည်မွန်က သတိထားမိခဲ့သည်။ မိခိုင်သည် သူမ၏နောက်ပါး ရှိချင်လျှင် ရှိနေမည်ဖြစ်သော အန္တရာယ်တစ်ခုခုကို ကြောက်ရွံ့ ထိတ်ခဲ့သည်မှာအမှန်။ ခိုးချောင်ခိုးဝှက်ဖြင့် မိခိုင်ဆိုင်ထဲသို့ ဝင် သွားလေသည်ကိုလည်း ဒေါ်ရည်မွန်က သတိထားလိုက်လေသည် ... ယခုဒေါ်ရည်မွန်၏ စကားအရ အမှန်ပင်ဖြစ်နေသည်။

မိခိုင်သည် သားသမင်ဖြစ်၍၊ ဒေါ်ရည်မွန်က ကျား ... ရင်များဖြစ်နေလေသည်လား။

ဩ ... မမမွန်က သူ့ကိုတွေ့ခဲ့သကိုး"

"သိပ်တွေ့ခဲ့တာပေါ့ ကိုယ့်မောင် ... မမမွန်ရဲ့ မျက်လုံးဟာ အပျိုဟိုင်းကြီး မျက်လုံးမို့ ထင်ပါရဲ့ ... မမြင်ချင်တာများ ဆိုရင် တထွာတမိုက်အဝေးတောင်လှမ်းမမြင်တတ်ဘူးကွဲ့ အဲ ... ကိုယ်မြင်ချင်တာဆိုရင်တော့ ဂိုက်တစ်ထောင်တစ် သောင်းအထိ လှမ်းမြင်ချင် မြင်တတ်တာကိုး"

ကျွန်တော်ကဒေါ်ရည်မွန်ကိုရှုးစိုက်ကြည့်နေမိသည်။

"အဲ ... ကိုယ့်မောင် အမျိုးသမီးက မြင်ချင်စရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်မှတ်လား ... သိပ်လှတယ်လေ၊ မမမွန် အဲဒီ အမျိုးသမီးရဲ့အလှကို အားကျမိတယ် ... ဒါကြောင့် သူ့ကိုမျက်စိတစ်ဆုံး မမမွန်ရဲ့ ဂျစ်ကားမရပ်ခင်က ထဲက လှမ်းကြည့်နေမိတယ် ... ကိုယ့်မောင်က ကားရေ ဖြည့်နေတော့ သူကကိုယ့်မောင်ဘေးမှာရပ်လို့ဘဲ ဥစ္စာ ... မမမွန်သာ သူ့လိုလှခဲ့ရင် ... ဟင်းဟင်း ကိုယ့်မောင်ရာ ဒီ အရွယ်ကြီးထိ ဘယ်မှာလာ အပျိုကြီးဖြစ်တော့မှာလဲ ...

www.burmeseclassic.com

www.burmeseclassic.com



အားကျစရာ ကောင်းလိုက်ပါဘိနော်”

အကယ်၍ ဒေါ်ရည်မွန်သည် ဝမ်းထဲမှ တစ်မျိုး အပြင်ထွက်လာသော စကားက တစ်မျိုးသာဆိုလျှင် ဒေါ်ရည်မွန်၏သေလှသော မှင်မောင်းကို ကျွန်တော်အကဲမခတ်တတ်ကြောင်း ရိုးသားစွာပင် ဝန်ခံရပေမည်။

ကျွန်တော် စိတ်ဝယ်ဒေါ်ရည်မွန်အား ကျားဘုရင်နှယ်လည်း ထင်မိသည်။ လက်တွေ့အမြင်ကျတော့မူလည်း ဒေါ်ရည်မွန်သည် သိုးငယ်ကလေးတစ်ကောင်အလား အပြစ်ကင်းစင်သော အမူအရာမျိုးကို တွေ့နေရပြန်သည်။ ခက်ဘဲခက်ချည်သေးပါ၏။ မိခိုင်၏ ပဟေဠိသည် အဘယ်ကြောင့်များ ကျွန်တော့်အား ဝက်ဘာ လာ၍ ဖြစ်နေရပြန်တော့သနည်း။

“အဲ ... လာကြ ... လာကြ ... နေရာမရကြတော့ဘူး မှတ် လား ဒါက မန္တလေးက မန်းရိပ်ငြိမ် နှစ်ထပ်တိုက်ဟိုတယ် ကြီး မဟုတ်ဘူး မောင်တို့ရေ ... ကင်းတားဗိုလ်တဲအောက်က မန်းရိပ်ငြိမ်ပိစိကွေးလေး ... ဒီမှာပဲ ထိုင်ကြပါလို့ မမမွန် က ဖိတ်မန္တက ပြုလိုက်ပါရဲ့ကွယ်”

မမမွန်၏ ဖိတ်ခေါ်သံကြားရသောကြောင့် အဖိတ်ခံ ရသူများကို ကျွန်တော်သည် အလိုလိုပင်မော့ကြည့်မိသည်။ အားလုံး သည် သုံးယောက်ဖြစ်ပေသည်။ သို့သော် သူတို့သုံးယောက်ဝ အမျိုးသားက နှစ်ဦးဖြစ်ပြီး၊ အမျိုးသမီးက တစ်ဦးဖြစ်ပေသည် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးသည် လက်တွဲထားလေသော ကြောင့် ထိုစုံတွဲမှာ တတွဲသပ်သပ်ဖြစ်ပုံရပြီး၊ ကျန်အမျိုးသားတ



ဦးတည်းက သီးခြားဖြစ်ပုံရလေသည်။

အမျိုးသမီးသည် ဝတ်စားမှု ကလက်သော်လည်း ပုံ့ဖြိုးဖြိုး မရှိလှပေ။ သူမလက်တွဲထားသော ပုဂ္ဂိုလ်ကြီးကမူ ထွားကြိုင်းလှသည်။ အမျိုးသမီး၏ အသက်သည် နှစ်ဆယ့်ငါးနှစ်ထက် ဆိုဟု ကျွန်တော်ခန့်မှန်းသော်လည်း အမျိုးသား ကိုလူထွားကြီး ကိုမူ အသက်လေးဆယ်ခန့်ဟု ကျွန်တော်ခန့်မှန်းသည်။ သူတို့စုံ တွဲသည် သူတို့ရောက်ရှိနေပြီ ဖြစ်သော အသက်အရွယ်နှင့်စာလျှင် သူတို့၏လင်မယား အပြန်အလှန် အယုအယတို့သည် အနည်းငယ် ဆွေ့နှေးမဲ့သည်ဟု ကျွန်တော်မှတ်ချက်ပြုရသည်။

ကျန်အမျိုးသားမှာမူ ကျွန်တော်၏အသက်ထက် သုံးလေးနှစ်ခန့်ပိုမိုကြီးကောင်းကြီးပေမည်။ ထိုသူအား ကျွန်တော် သည် မန်းရိပ်ငြိမ်ဟိုတယ်၌ တွေ့ဖူးမြင်ဖူးသည်ဟု ထင်မိသည်။ အပြုံးအရယ်နည်းကာ မေးရိုးလေးထောင့်စပ်နှင့် မျက်နှာထား အလွန်တင်းသူ ဖြစ်လေသည်။ ဘုန်းကြီးလူထွက်တစ်ဦးပေလား သို့မဟုတ် စစ်ဗိုလ်လူထွက်တစ်ယောက်ပေလားဟု ကျွန်တော်စိတ် ၌ ထင်မိ၏။

သူတို့သုံးဦးသည် ကျွန်တော်နှင့်ဒေါ်ရည်မွန်ထိုင်ရာ စားပွဲတွင် ဝင်ရောက်ထိုင်လိုက်ကြ၏။ အမှန်ကိုပြောရလျှင်မူ သူတို့ သုံးဦးဝင်ရောက်၍ ဤစားပွဲ၌ နေရာယူမှုကို ကျွန်တော်မနှစ်သက် ပါ။ အဘယ်ကြောင့် ဟူမူ ...

မိခိုင်အား ယခုညစာအတွက် ကျွန်တော်သည်ဖိတ် ခေါ်သွားလေခဲ့သည် မဟုတ်ပါလား၊ မိခိုင်အား လူရှင်းသော စား

www.burmeseclassic.com

www.burmeseclassic.com



ပွဲတွင် ကျွန်တော်နှင့် လက်ဆုံးစားလိုသည်။ ညစာစားပွဲသည် ဖ
ခြောင်ယောက်စာဝိုင်းနိုင်သောကြောင့် မိခိုင်လာလျှင် တစ်ယော
စာနေရာရှိသည်တော့ မှန်ပါသည်။ သို့သော် ...

"ဟော ... ကိုယ့်မောင်ကို မိတ်ဆွေသစ်တွေနဲ့ မိတ်ဆ
ပေးရဦးမယ် ... ဟောဒီ ကြည်နူးစရာကောင်းတဲ့စုံတွဲ
တော့ ဦး ... အဲ ... ကိုမင်းဒင်နဲ့မကေသီတဲ့၊ မင်္ဂလာလေး
မကြာခင်ကမှ လက်ထပ်လိုက်ကြတဲ့ စုံတွဲကွဲ့"

ကျွန်တော်က ဦးမင်းဒင်နှင့်မကေသီကို ပြုံးက
နှုတ်ဆက်လိုက်ရသည်။ ဦးမင်းဒင်သည် ကျွန်တော့်အားနှစ်လိုမှ
အပြုံးဖြင့် ပြန်လှန်နှုတ်ဆက်စေကာမူ မကေသီကအပျိုပေါက်
လေးပမာ ကျွန်တော့်အား နှုတ်ဆက်ရန်ကိုပင် ရှက်သလို၍ သ
ဘက်သို့ မျက်နှာလွှဲနေရှာ၏။ မင်္ဂလာလေးရောက်မှ လက်ထပ်ကြ
သော သူတို့စုံတွဲသည် ဤမျှ ဣန္ဒြေမရဖြစ်သည်ဟုသာ မှတ်ယ
ရှိတော့သည်။

"ဟောဒီ မေးရိုးလေးထောင့်နဲ့ ခန့်ငြားတဲ့ ဆရာကြီး
တော့ 'ကိုသူရ' တဲ့ ငါ့မောင် အငြိမ်းစားစစ်ဗိုလ်တစ်ယော
ဘဲ၊ မြန်မာပြည်အနှံ့လှေလာရေးထွက်ရင်း စိုက်ပျိုးရေးနဲ့
မြူရေးအတွက် အခြေကျလုပ်ဖို့နေရာရှာနေသတဲ့"

ကိုသူရက ကျွန်တော့်အားမပြုံးသော်လည်း အ
အမှတ်ပြုသော အမူအရာဖြင့် ခေါင်းညိတ်ပြလေသည်။ ကျွန်တေ
ကမူ သူတို့သုံးဦးလုံးအား ပြုံး၍ပြလိုက်ပေသည်။ ဒေါ်ရည်မွန်
ဘာမှဆက်မပြောမီ ကျွန်တော်က ကျွန်တော့်ကိုယ်ကို ပြန်လှန်မိ



ဆက်လိုက်သည်။

"ကျွန်တော်က ဇော်မြင့်ဝင်းပါ"

"အေး ... ဟုတ်ပြီ ... ကိုယ့်မောင်ကဇော်မြင့်ဝင်းဆိုတာ
တော့ မမမွန်လဲ သိပြီးပါပြီ ... အဲ ... ကိုယ့်မောင်ရဲ့ အလုပ်
အကိုင်ကိုပါ ကိုမင်းဒင်တို့ ကိုသူရတို့ကို ပြောပြလိုက်ပါဦး
ကွယ်"

ဦးမင်းဒင်နှင့် မကေသီ၊ အပျိုဟိုင်းကြီး ဒေါ်ရည်မွန်
အငြိမ်းစား စစ်ဗိုလ်ပါဟု ဆိုလေသည့်ကိုသူရတို့ လေးဦးလုံးသည်
ကျွန်တော့်အား စူးစိုက်လျက် ကြည့်နေကြပေသည်။ သူတို့သည်
ကျွန်တော့်အား စိတ်ဝင်စားလှသည်ဟုလည်း ကျွန်တော်ထင်မိ
သည်။ သူတို့၏မျက်လုံးများသည် အရောင်တောက်လွန်းနေသည်
ဟု ကျွန်တော် ထင်မိသည်။ တကယ်ဆိုလျှင်မူ ကျွန်တော်သည်
စိတ်ဝင်စားဖွယ်ကောင်းလှသူ တစ်ဦးမဟုတ်ပေ။ သူတို့ စိတ်ဝင်
စားကြသည်မှာ ကျွန်တော့်ကို မဟုတ်ဘဲ ... ကျွန်တော့်အား အလို
လိုပူးပေါင်းလာသော မိခိုင်ကြောင့်သာဟု ကျွန်တော် မှတ်ယူမိ
သည်။ သူတို့လေးဦးလုံးသည်ပင် မိခိုင်၏နောက်သို့လိုက်ပါလာလေ
သော် မိခိုင်၏ ပဟေဠိတွေဘဲလား။

သို့မဟုတ် သူတို့လေးဦးထဲမှ တစ်ဦးတစ်ယောက်
သည် မိခိုင်ကြောက်ရွံ့ထိတ်လန့်နေသူ ဖြစ်နေလေသလား။

သူတို့လေးဦးအား ကျွန်တော်သည် တန်ပြန်အကဲ
ခတ်လိုက်ပြီးမှ ဟဲ ... ခနဲတစ်ချက် ရယ်ချလိုက်မိသည်။

"ကျွန်တော့် အလုပ်က ထမီနားခိုစားတဲ့အလုပ်ရေ ...

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆိုတော့ ကျွန်တော့်ဓနီးက ဝင်ငွေကောင်းတဲ့ ရုပ်ရှင်မင်းသမီးကို နာမည်က သဇင်တဲ့"

"အို ... ဟို ... ကိုယ့်မောင်က သဇင်ရဲ့ခင်ပွန်းကိုး ... ဒါဖြင့် စာရေးဆရာနဲ့ဓာတ်ညွှန်းရေးဆရာ ဇော်မြင့်ဝင်းဆိုတာ ကိုယ့်မောင်ပေါ့ ... ဟင်း ... ဟင်း ဟုတ်ပါရဲ့ အခုမှ သတိရတယ် ... မမမွန်ဟာ ရုပ်ရှင်မင်းသမီးရဲ့ သရုပ်ဆောင်မှုတွေကို သဘောကျလို့ စာရေးဆရာဇော်မြင့်ဝင်း ဝတ္ထုတွေကိုနှစ်သက်ခဲ့ပါတယ်၊ တကယ်တော့ သဇင်ရဲ့ အောင်မြင်မှုတွေဟာ ကိုယ့်မောင်ရဲ့ ဓာတ်လမ်းဓာတ်ကွက်တွေကြောင့်ဆိုလဲ မမှားနိုင်ပါဘူး"

"ကျေးဇူးတင်ပါတယ် မမမွန်"

"ဒါဖြင့် ... အခု ကိုယ့်မောင်နဲ့ပါလာတဲ့ အမျိုးသမီးချောချောကလေးကကော ကိုယ့်မောင် ... တကယ်လို့ မမမွန်ရဲ့ မေးမြန်းချက်ဟာ ရိုင်းသွားတယ်ဆိုရင်လဲ ကိုယ့်မောင် မဖြေပါနဲ့ မမမွန်က အဖျိုကြီးမို့ လျှာရှည်တတ်လို့ပါ"

ဒေါ်ရည်မွန်၏ မေးခွန်းအဆုံးဝယ် မျက်လုံးခြောက်လုံးသည် ကျွန်တော်၏ထံသို့ ပိုမိုစူးစိုက်လာကြသည်ကို ကျွန်တော်သတိပြုမိပြန်သည်။ ဦးမင်းဒင်၊ မကေသီနှင့် ကိုသူရတို့၏ မျက်လုံးများပင် ဖြစ်ပါတော့၏။ သူတို့သည် နိုင်ငံကျော် ရုပ်ရှင်မင်းသမီး သဇင်၏ခင်ပွန်းဖြစ်၍ ကျွန်တော့်အား စူးစိုက်လာခြင်းပေလော၊ သို့မဟုတ် စာရေးဆရာ၊ဓာတ်ညွှန်းရေးဆရာ ဇော်မြင့်ဝင်းပါဟုဆို၍ စိတ်ဝင်စားလာခြင်းပေလော ... သို့မဟုတ် ယခု လောလော



ဆယ် မိနိုင်၏မိတ်ဆွေတစ်ယောက်ဖြစ်နေသောကြောင့် ကျွန်တော့်အား အာရုံစူးစိုက်ကြခြင်းပေလောကိုမူ ကျွန်တော်မဝေခွဲနိုင်အောင်ရှိရပါတော့သည်။

ကျွန်တော်သည်သူတို့အားလုံးသို့ မျက်လုံးတစ်ချက်ဖွေ့ကာ ပခုံးကိုတွန့်ပြလိုက်မိသည်။ ထိုနောက် ဒေါ်ရည်မွန်ပြောလေမှ မိနိုင်ကို ကျွန်တော်သတိရလာပေသည်။ ကျွန်တော်၏ဆည်မိုလ်အဆောက်အဦဆီသို့ ကျွန်တော်လှမ်းကြည့်မိလိုက်သည်။

မိနိုင်ကို ကျွန်တော်မြင်ရပါလေပြီ။ အဝတ်သစ်အစားသစ်များကို လဲလှယ်ကာ သူမ၏အခန်းတံခါးကိုအပြင်မှ ပြန်ပိတ်နေလေသည်။ ကျွန်တော်ကြည့်ရာသို့ သူတို့အားလုံးကလည်း လိုက်၍ကြည့်ကြသည်။ မိနိုင်ကို သူတို့အားလုံးမြင်ကြပါလေ၏။

"ကျွန်တော်နဲ့ပါလာတဲ့သူဟာ မိမိနိုင်တဲ့ မမမွန် ... ကျွန်တော်နဲ့ ကားကြုံလိုက်လာတာကလွဲရင် ... တခြားကျွန်တော် ဘာမှ မသိပါဘူး"

"အဲဒီမိမိနိုင်ဆိုတာက မြစ်ကြီးနားက လိုက်လာတာ မှတ်လား ကိုဇော်မြင့်ဝင်း"

မေးလာသော ကိုသူရအား ကျွန်တော်သည်ဖျတ်ခနဲ ကြည့်မိပြန်သည်။ မိနိုင်တစ်ယောက်မြစ်ကြီးနားမှလာသည်ကို ယင်းကိုသူရသည် မည်သို့သိရှိနေပေသနည်း။

"ဒါတော့ ကျွန်တော်လည်း မသိဘူးကိုသူရ၊ နို့ မိမိနိုင်တစ်ယောက်မြစ်ကြီးနားကမှန်းကိုသူရကဘယ်လိုသိနေတာလဲ"

"ကျွန်တော် မန္တလေးဘူတာကြီးကို ရောက်ခဲ့သေးသပဲ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက လှလွန်းလို့ သတိထားကြည့်မိတယ်၊မြစ်ကြီးနားက ဆိုက်လာတဲ့ မီးရထားပေါ်က သူဆင်းလာတာတွေ့လို့ပါ၊ တကယ်တော့ ဒီမိန်းကလေးဟာ ရန်ကုန်သွားမလို့နဲ့ တူပါတယ်"

"ဗျာ"

"မဗျာနဲ့ ကိုဇော်မြင့်ဝင်း ... အဲ ... ဘယ်သူ မိမိခိုင်၊ အဲဒီမိမိခိုင်ကို မန္တလေးယူဘီအေရုံးမှာ တစ်ခါကျွန်တော် ထပ်တွေ့သေးတယ်၊ရန်ကုန်သွားဖို့လေယာဉ်လက်မှတ်မရလို့စိတ်ပျက်လက်ပျက် ဖြစ်နေတယ်ထင်ပါရဲ့"

ကျွန်တော်က ကောက်ခါငင်ကာ ကိုသူရအား ပြန်၍မေးလိုက်မိပြန်သည်။

"နို့ ... ကိုသူရကကော ယူဘီအေရုံးကို ဘာလို့ ရောက်သွားရတာလဲဗျ"

ကိုသူရသည် ကျွန်တော်၏မေးခွန်းကို ကြားလိုက်ဟန်မတူပါပေ။ သူ၏မျက်လုံးများသည် တစ်နေရာသို့ အာရုံစူးစိုက်နေမိပြီဖြစ်သောကြောင့်ပေတည်း။ ကိုသူရစူးစိုက်ရာသို့ ကျွန်တော်ကလည်း ကြည့်မိလေသည်။

မိခိုင်သည် ကျွန်တော်တို့စားပွဲနှင့် မနီးမဝေးတွင်ရပ်နေပါလေ၏။ ကိုသူရက မိခိုင်အား ကျွတ်ကျလေတော့မလားထင်ရလောက်သော မျက်လုံးအစုံဖြင့် ငေးစိုက်ကြည့်နေလေသည်။ မိခိုင်သည် ရှိုးတိုးရှန့်တန်း ဖြစ်သွားသည့်အလား ခေတ္တတွေကြည့်ပြီးမှ ရဲတင်းစွာပင် ကျွန်တော့်အနီးသို့ တိုးကပ်လာပေတော့သည်။



"လာ ... မိခိုင် အစ်ကိုညစာစားဖို့ မိခိုင်ကို စောင့်နေတာပါ"

ကျွန်တော်သည် မိခိုင်အတွက် ကျွန်တော်၏ဘေးရှိ ုလားထိုင်တွင် နေရာပေးလိုက်သော်လည်း မိခိုင်နှင့်စားပွဲဝိုင်းမှ ုများအား မိတ်ဖွဲ့မပေးမိပါချေ။ စားပွဲဝိုင်းမှလူများကလည်း အသားလွှတ်ထိုင်ရသည်မှာ ကြာလာပြီမို့ ငြီးငွေ့သွားသည့်အလား အစားအသောက်ဘက်သို့ အာရုံစိုက်လာကြတော့သည်။

တစားပွဲတည်းတွင် ထမင်းစားသောက်ကြပုံမှာ တ ျိုးတော့ ရယ်စရာကောင်းပေသည်။

ဦးမင်းဒင်နှင့်မကေသီသည် သူတို့နှစ်သက်ရာစား ရာကို မှာကြသည်။ ကိုသူရကလည်း သူလိုရာကို မှာ၏။

ကျွန်တော်က မိခိုင်,ဒေါ်ရည်မွန်နှင့် ကျွန်တော့် အတွက်ကောင်းနိုးဖွယ်ရာများကို တစ်မျိုးတစ်ဖုံမှာ ကြားပြန်သည်။ စားပွဲတည်းတွင် ထမင်းသုံးဝိုင်းဖြစ်နေသည်က သဘာဝမကျဘဲ ယ်စရာတစ်မျိုးပင်ဖြစ်ပါလေ၏။ မန်းရိပ်ငြိမ် ဟိုတယ် ဝိစိကွေးမှ းဖွဲ့ထိုးပင် ကျွန်တော်တို့ စားပွဲဝိုင်းအားအူကြောင်ကြောင်ဖြစ် နေရှာသည်။ ဟိုတယ်ဆိတ်စွာပင် ကျွန်တော်တို့ ညစာစားကြသည်။

ခွန်းသံ ခရင်းသံဖြင့်သာ ထမင်းဝိုင်းသည် ပြီးစီးသွား ဘော့သည်။ စောစောက စကားသံများဖြင့် စည်ကားခဲ့သော မင်းဝိုင်းသည် မိခိုင်ရောက်လာပြီးနောက်စကားသံများ ပျောက် အစားနှင့်အသောက်၌သာ အားလုံးသည်အားပြုလျက် ရှိကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက် ပြီးစီးသွားကြပေပြီ။

"မိခိုင် သိပ်ပင်ပန်းနေတယ် အစ်ကို ... မိခိုင်အခန်းကို ပြန်ပါရစေတော့နော်၊ မိခိုင်အိပ်ချင်ပြီမို့ပါ"

ကျွန်တော်က မတားပေ။ ခေါင်းညိတ်ပြသည်။ မိခိုင်သည် ညင်သာစွာပင် ထွက်ခွာသွားတော့သည်။ မိခိုင် ပြန်သွားပြီးနောက် မင်ရှေးမနှောင်းမှာပင် ဦးမင်းဒင်တို့စုံတွဲလည်း နှုတ်ဆက်ထွက်ခွာသွားကြသည်။

ဒေါ်ရည်မွန်သည် ဆက်လက်၍စကားလက်ဆုံကျချင်သေးပုံရသည်။ သို့သော် ထမင်းဝိုင်းကျသင့်ငွေကို ကျွန်တော်တို့ သုံးဦးအတွက် ကျွန်တော်ကထုတ်ပေးပြီးနောက် နေရာမှထကာ ဒေါ်ရည်မွန်နှင့် ကိုသူရအား နှုတ်ဆက်လိုက်သည်။

"ညစာကျွေးတဲ့အတွက် ကျေးဇူးတင်တယ် ကိုယ့်မောင် ... အဲဒီထက်ပိုပြီး ကျေနပ်မိတာက ကိုယ့်မောင်ဟာ မမမွန် နှစ်သက်တဲ့စာရေးဆရာတစ်ယောက်ဖြစ်ပြီး အဲဒီစာရေးဆရာကိုယ်တိုင်က မမမွန်တို့ ညစာ ဒကာခံတဲ့အတွက်ပဲ၊ တကယ်တော့ မမမွန်ဟာ စာရေးဆရာဇော်မြင့်ဝင်းရဲ့ ပရိသတ်တစ်ဦးပါပဲကွဲ့"

"ကျွန်တော့်ကို နှစ်သက်အားပေးတဲ့ မမမွန်ကို ကျွန်တော်ကလဲ ကျေးဇူးတင်ပါတယ် မမမွန်"

ဒေါ်ရည်မွန်က ကျေနပ်စွာပြုံးပြီး ကျွန်တော့်အား မော့်ကြည့်၏။

"တကယ်တော့ ဒီလောက်သာယာတဲ့ ကင်းတားလိုနေရာမှာ အိပ်ရာထဲဝင်ပြီး အချိန်ဖြုန်းပစ်ရဖို့ နှမြောစရာကြီးဘဲ ကိုယ့်မောင် တောင်ကုန်းမြင့်နဲ့တောင်တန်းပေါ်မှာ ဖြာကျနေတဲ့ လ,ရောင်ရယ်၊ ကင်းတားဆည်ကြီးက လ,ကို အရောင်ပြန်ဟပ်နေတဲ့ရေစီးရေယာဉ်တွေရယ်ကို ကြည့်ပြီး စကားလက်ဆုံကျဖို့ ကောင်းသေးတာဘဲ ကိုယ့်မောင်"

"နောက်နေ့မှပေါ့ မမမွန်၊ နက်ဖြန်ဆိုရင် လ,ဟာ ဒီထက်ပိုပြီး သာလာရဦးမှာပါ၊ ပြီးတော့ တောင်ကုန်းမြင့်ရယ်၊တောင်တန်းရယ်နဲ့ ကင်းတားရေယာဉ်ဟာလဲ နက်ဖြန်တစ်နေ့စောင့်ရရုံနဲ့တော့ ပြောင်းလဲသွားစရာတွေ မရှိပါဘူး၊ ကျွန်တော် ခရီးပန်းလာလို့ပါ မမမွန်"

ဒေါ်ရည်မွန်က 'တားမရလဲ သွားပေတော့' ဆိုသည့် သဘောပေါက်နိုင်သည့်အမူအရာမျိုးဖြင့် သူမ၏ဝန်းဝိုင်းသော ပခုံးကို တွန့်ပြလိုက်လေတော့သည်။

ကျွန်တော်သည် ဗိုလ်တဲအောက်ရှိ မန်းရိပ်ငြိမ်ပိစိအိမ်ကလေးမှ ဖဲကျဉ်လာခဲ့သည်။ ပထမဦးစွာ ကျွန်တော်၏မော်တော်ကားရှိရာသို့ လျှောက်လာခဲ့သည်။ မော်တော်ကား၏ ပြတင်းပေါက်များကိုပိတ်၍ သော့ခတ်ထားလိုက်သည်။ ထို့နောက် အိပ်ရာဝင်လိုသေးသည်နှင့် လ,ရောင်အောက်တွင် ခပ်ဖွေးဖွေးလေး ပေါ်လွင်နေသည့် မြေလမ်းကလေးအတိုင်း ဆက်၍လျှောက်လာခဲ့သည်။

တိမ်သလ္လာကို လှုရှိင်း၏မှိုင်းတိုက်မှုကြောင့် လ,အလင်းရောင်ဝါမှာ ထိန်ထိန်သာကြီးတော့ မဟုတ်ပေ။ သို့တိုင် ဝိုး



www.burmeseclassic.com

www.burmeseclassic.com



တဝါးထက်တော့ သာလွန်ပေသည်။ အရောရောသည် ပီပြင်သလိုလို မပီပြင်သလိုလို ရှိနေသည်။

လေသွေးပုံမှာ ညှင်းညှံ့၏။ လေညှင်းတွင် အအေးဓာတ်များလေသောကြောင့် ကျွန်တော်သည် ချမ်းစိမ့်စိမ့် ဖြစ်လာမိသည်။ စီးကရက်တစ်လိပ်ကို ရှူဖွာကာ တစ်ဝက်လောက်နှင့်ပင် လွှင့်ပစ်လိုက်ပြီး ကျွန်တော်၏အခန်းရှိရာသို့ ပြန်လည်ချဉ်းကပ်လာမိသည်။

မိခိုင်၏အခန်းမှာ မီးလင်းလျက်ရှိသည်ကို အဝေးမှပင် တွေ့ရသည်။ မိခိုင်၏အခန်းပြတင်းမှ မီးအလင်းရောင်ကို လှမ်းကြည့်မိရာမှ ပြတင်းအောက်မြေပေါ်တွင် ရပ်လျက်သားရှိနေသော သဏ္ဌာန်တစ်ခုကို ကျွန်တော်တွေ့ရသဖြင့် ကျွန်တော်ရင်ခုန်သွားမိတော့သည်။

လူတစ်ယောက်၏ သဏ္ဌာန်ပင်ဖြစ်ပါ၏။ ထိုလူသည် ငြိမ်သက်စွာရပ်နေပေသည်။ တံစက်မြိတ်ရိပ်တွင် ခိုနေသောကြောင့် ထိုလူအားသဲကွဲစွာ ကျွန်တော်မမြင်စွမ်းနိုင်ပေ။ ကျွန်တော်သည် သတိထားကာ ထိုနေရာသို့ တိုးကပ်လာခဲ့သည်။

ယင်းအချိန်မှာပင် ခွေးတစ်ကောင်၏ ထိုး၍ဟောင်လိုက်သောအသံ ထွက်ပေါ်လာသည်။ ခွေးသည်ထိုလူကို ဟောင်ခြင်းပေလား၊ ကျွန်တော့်အား ဟောင်ခြင်းပေလားတော့ ကျွန်တော် မဝေခွဲတတ်၊ မည်သို့ဆိုစေ ခွေးဟောင်သံကြောင့် မိခိုင်၏ ပြတင်းပေါက်သို့သာ အာရုံပြုနေသော ထိုလူသည် ပတ်ဝန်းကျင်ကို ပြန်လည်သတိရလာပုံရသည်။ ကျွန်တော့်ကိုလည်း တွေ့သွားဟန်



တူ၏။

ထိုလူသည် လှစ်ခနဲနေရာရွှေ့ကာ ထွက်ခွာသွားတော့သည်။ အဆောက်အဦ၏ အရိပ်ကိုခိုကာ တောတန်းကလေးဆီသို့ ဝင်သွားခြင်းဖြစ်ပေသည်။ ကျွန်တော်သည် ထိုလူ ပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်နေမိသည်။ ဤနယ်မြေသည် ကျွန်တော့်အတွက် စိမ်းလွန်းနေသောကြောင့် ကျွန်တော်အတင့်မရဲဝံ့ပါချေ။ ထို့ပြင် ထိုလူသည် ဆည်မြောင်းဌာနမှ အစောင့်ဒရဝမ်အမှုထမ်းတစ်ဦး ဖြစ်ချင်ဖြစ်နိုင်သည်။

သို့မဟုတ်ပါလျှင်လည်း ...

မိခိုင်ကြောက်လန့်နေလေသည့် မိခိုင်နောက်မှ ကပ်လျှက်သားပါလာသော အန္တရာယ်တစ်ကောင် ဖြစ်ကောင်းဖြစ်ပေသည်။

ကျွန်တော်သည် ကျွန်တော်၏အခန်းတံခါးကို ဖွင့်ကာဝင်လာခဲ့သည်။ အခန်းထဲရောက်သည်ဆိုလျှင် စောစောက လူအကြောင်းမေ့သွားကာ ညဝတ်အင်္ကျီကိုလဲလှယ်ပြီး စီးကရက်တစ်လိပ် မီးညှိလျက် အိပ်ရာပေါ်သို့ ခြေဆန့်လက်ဆန့် ပစ်လှဲလိုက်တော့သည်။ စီးကရက်ကို မေးဖွာရင်းမှပင် ဇနီးချောသဇင်ကို သွားသတိရမိတော့သည်။ သဇင်တစ်ယောက်ကတော့ ကျွန်တော့်အား သတိမှ ရပါလေစ။ တစ်ခါတစ်ရံတော့လည်း ရုပ်ရှင်မင်းသမီးတစ်ယောက်၏ လင်ယောက်ျားဘဝကို ကျွန်တော်ငြီးငွေ့မိသည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

အခန်းထဲရှိ ပို၍လင်းသော မီးလုံးကို ကျွန်တော်ဖွင့်လိုက်၏။

မိနိုင်သည် အခန်းလည်တွင်ရှိသော ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ပေါင်ကိုပေါင်ချင်းချိတ်တင်လိုက်ပြန်၏။ မိနိုင်သည် ဒေါ်ရည်မွန်နှင့် ကိုသူရပြောသလို အရောရာတွင်လှပသော အမျိုးသမီးငယ်တစ်ဦးဖြစ်လေသည်မှာ ကျွန်တော်၏မျက်ဝန်းထင်ထင်ပင် ဖြစ်ပါလေ၏။ မိန်းမတို့၌ဂုဏ်ယူဝင့်ကြွားနိုင်စေသော အလှအပအားလုံးသည် မိနိုင်တွင် သူ့နေရာနှင့်သူ အချိုးကျ တည်ရှိနေကြပေသည်။

"မိနိုင်ကိုလဲ စီးကရက်တစ်လိပ်လောက် တိုက်ပါလား အစ်ကို"

ကျွန်တော်က စီးကရက်ဘူးနှင့်မီးခြစ်ကို ပေးလိုက်သည်။ မိနိုင်က တစ်လိပ်ကို မီးညှိရှူဖွာလိုက်၏။



"အစ်ကိုတို့ ... ရုပ်ရှင်တွေထဲမှာ မိန်းကလေးတွေက ယောကျ်ားတွေကို ဒီလိုဘဲ ဆက်ဆံပုံတွေ ပြခဲ့တယ်မဟုတ်လား အစ်ကို"

"အဲဒါက ... ရုပ်ရှင်ပဲ မိနိုင်"

"အော် ... အော် ... အဲဒါက ရုပ်ရှင်မို့တဲ့လား"

မိနိုင်သည် နဂိုကုလားထိုင်တွင် ဖြည်းလေးစွာ ပြန်၍ထိုင်ချလိုက်သည်။ တစ်မုဟုတ်ချင်းလည်း မျက်နှာကလေးမှာ ညှိုးငယ်သွားရှာတော့သည်။ ကျွန်တော်က မိနိုင်ဆီသို့ တိုးကပ်သွားပြန်သည်။ မိနိုင်၏ လုံးကျစ်သော လက်မောင်းနှစ်လုံးကို ဆုပ်ကိုင်လိုက်သည်။

"အစ်ကိုယ်ကို အမှန်အတိုင်း ဖွင့်ပြောပါလား မိနိုင်"

"အမှန်အတိုင်း ... ဘာကိုအမှန်အတိုင်း မိနိုင်က ပြောပြရမှာလဲ အစ်ကို၊ အစ်ကိုပြောတာ မိနိုင်နားမလည်လိုက်ဘူး"

"မကြောင်စမ်းပါနဲ့ မိနိုင်၊ မိနိုင်ဟာ အမဲလိုက်တန်းကစားနေတယ် မှတ်လား၊ ဒါပေမဲ့ အဲဒီအမဲလိုက်ပွဲမှာ မိနိုင်က သားကောင်ဖြစ်နေတယ်၊မိနိုင်နောက်က မုဆိုးလိုက်လာမှန်း မိနိုင်သိနေတယ်၊ ပြီးတော့ ကြောက်နေတယ်"

မိနိုင်သည် နေရာမှ ဖတ်ခနဲရပ်လိုက်ပြန်သည်။ စီးကရက်ကိုလည်း နင်းချေပစ်လိုက်၏။

"အို ... မိနိုင် သားကောင်လဲမဟုတ်ဘူး၊ဘာမုဆိုးမှလည်း မိနိုင် မသိဘူး"

"အဲဒါ အမှန်ဘဲဆိုရင် ... မိနိုင်အခန်းကို မိနိုင်ပြန်တော့လေ၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... သွားပေတော့"

မိခိုင်လည်း ပြန်ထိုင်လိုက်ပြန်သည်။

ဟင့်အင်း ... မသွားချင်ဘူး အစ်ကို"

ကျွန်တော်က ညင်သာစွာ မိခိုင်အား ဖျောင်းဖျရ တော့သည်။

"အစ်ကိုပြောတာ သေချာနားထောင်စမ်း မိခိုင် ... အစ်ကို ဟာ လူဆိုးလူညစ်တစ်ယောက်မဟုတ်ဘူးဆိုတာ မိခိုင် သိ လောက်ရောပေါ့ ... မိခိုင်မှာ အကူအညီတစ်ခုခုလိုအပ်နေ ပါတယ်ဆိုရင် မိခိုင်ရဲ့ လှပတဲ့ ခန္ဓာကိုယ်ပဲဖြစ်ဖြစ်၊ မိခိုင်ရဲ့ မွှန်မြတ်တဲ့ အချစ်ကိုပဲဖြစ်ဖြစ် ပေးပြီးမှ အကူအညီတောင်းခံ ဖို့ မလိုပါဘူး မိခိုင်၊ အစ်ကိုက မိခိုင်ကို ကူညီပါ့မယ်၊ ဘယ် လိုတန်ရာတန်ကြေး အခကြေး မယူဘဲနဲ့ မိခိုင်ကို ကူညီ မှာပါ"

"အဲဒီလိုပြောတာနဲ့ အစ်ကိုယ်ကို ယုံရရောတဲ့လား"

"ယုံသင့်တဲ့စကားကို အစ်ကိုပြောနေတာဘဲ မိခိုင်"

မိခိုင်က ရယ်လိုက်၏။

"အစ်ကိုဟာ မိခိုင်ကို တစ်လမ်းလုံး ကလေးတစ်ယောက် လိုဆက်ဆံလာတယ်၊ ဒါပေမဲ့ အစ်ကိုသိဖို့က မိခိုင်ဟာ မနေ့ ကမှ ဖွားတဲ့ မွေးကင်းစမဟုတ်ဘူးအစ်ကို"

"ထားပါတော့ မိခိုင်၊ အစ်ကိုဟာလဲ မိခိုင်ဖြားယောင်းတိုင်း ရမယ့်ငတုံးကြီးမဟုတ်ဘူး မိခိုင်၊ ပထမဆုံး မိခိုင်ဟာ အစ် ကို့ကားကို မရမကစီးလာတယ်၊ အကြောင်းပြချက်က လေ့



လာရေးကားဟာ မိခိုင် စာရင်းပေးထားရက်နဲ့ မေ့ထားခဲ့ လို့ပါတဲ့ ... မန်းရိုပ်ငြိမ်ဟိုတယ်မှာ အစ်ကိုတည်းနေတာ ကြာပြီ၊ အဲဒီက အမှုထမ်းတွေဟာ အင်မတန်စေ့စပ်တယ်၊ သေချာတယ်၊ မိခိုင်ကိုစာရင်းပေးထားရက်နဲ့ မေ့ထားတယ် ဆိုတာ မဟုတ်မှန်းအစ်ကို နားလည်ခဲ့တယ်၊ တကယ်တော့ မိခိုင်ကိုယ်တိုင်က လေ့လာရေးကားနဲ့ မလိုက်ချင်လို့ တမင် ချန်နေပြီး အစ်ကို့ကားနဲ့ လိုက်လာတာပဲ မဟုတ်လား"

ထိုစကားကို မိခိုင်က ဝန်ခံလေသည်။

"ဟုတ်ပါတယ် အစ်ကို၊ အများစုနဲ့သွားရတာက စိတ်ညစ် စရာကြီးမို့ အစ်ကို့ကားနဲ့ လိုက်လာတာပါ"

"အစ်ကိုဆက်ပြောပါဦးမယ် မိခိုင်၊ အစ်ကို့ကားနဲ့ မိခိုင်လိုက် လာပြန်တော့လဲ မိခိုင်ဟာနောက်မလုံဘူး၊ နောက်ပြန်တ ကြည့်ကြည့်နဲ့ တစ်ခုခုကိုကြောက်နေတယ်၊ နောက်ဆုံးပု လိပ်မှာ နောက်ကလိုက်လာတဲ့ ဒေါ်ရည်မွန်ကိုတောင် မိခိုင် လန့်ပြီး ဆိုင်ထဲဝင် ရှောင်ကုတ်နေခဲ့တယ် မဟုတ်လား၊ ဒေါ်ရည်မွန်ကို တမင်ရှောင်ထွက်ပြီး ပုန်းနေတာမဟုတ် လား"

"ကြံကြံဖန်ဖန် အစ်ကိုရာ၊ မိခိုင်ဘီလပ်ရေသောက်ချင်လို့"

"နို့ ... သောက်ကော သောက်ခဲ့လို့လား ... ငွေတစ်ကျပ် သာ စားပွဲပေါ်တင်ထားခဲ့တယ်၊ ဖောက်ထားတဲ့ပုလင်းထဲ က ဘီလပ်ရေကို မိခိုင်တစက်တောင် မသောက်ခဲ့ဘူး"

"အဲဒါက အစ်ကိုလောတာနဲ့ မေ့သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ မိနိုင်ရာ တစ်ယောက်ယောက်ကို မိနိုင် ကြောက်လန့်နေတာ သေချာပါတယ်၊ အဲဒီလူဟာ ဘယ်သူလဲ မိနိုင်"

မိနိုင် ခေါင်းခါပြပြန်လေသည်။

"မိနိုင် ဘယ်သူ့ကိုမှ ကြောက်မနေပါဘူး အစ်ကို"

ကျွန်တော်သည် စိတ်မရှည်တော့ဘဲ ကိုယ့်လက်ဝါးနှစ်ဖက်ဖြင့် ကိုယ့်ပေါင်ကိုသာ ဖျန်းခနဲပုတ်လိုက်ရင်း မိနိုင်အားစိုက်ကြည့်နေမိတော့သည်။

"ဒီမှာ မိနိုင် ... ခုနလေးတင်က အစ်ကိုဘာတွေ့တယ် မှတ်လဲ၊ မိနိုင်အခန်းရဲ့ ပြတင်းပေါက်နားမှာ လူကပ်နေတာ တွေ့ရတယ်၊ လူကပ်မှန်းလဲ မိနိုင်သိတယ်၊ ဒါကြောင့်မိနိုင် ပိုကြောက်နေတယ် မဟုတ်လား မိနိုင်"

မိနိုင်သည် စိတ်မရှည်နိုင်တော့သလို ခြေကလေးနှစ်ဖက်ကို ဆောင့်လိုက်ပေ၏။

"မိနိုင်ထပ်တလဲလဲ ပြောနေသားဘဲ အစ်ကို၊ မိနိုင် ဘယ်သူ့ကိုမှ ကြောက်မနေပါဘူးလို့ ... အစ်ကိုက စာရေးဆရာပီပီ အတွေးခေါင်တယ်၊ သဲဖိုစွန့်စားခန်း ဝတ္ထုတစ်ပုဒ်ဖြစ်အောင် ဖန်တီးနေတာလား အစ်ကို"

"ကောင်းပါပြီ မိနိုင် အစ်ကိုက ဝတ္ထုတစ်ပုဒ် ဖန်တီးနေတယ်ထင်ရင်လဲ မိနိုင်ရဲ့အခန်းကို မိနိုင်ပြန်ပေတော့"

မိနိုင်သည် ကျွန်တော့်အား အတင်းလက်ဆွဲထားရှာပေတော့သည်။ ထိုနောက် ခေါင်းမာလှသော ကျွန်တော်အား



အလျှော့ပေးလိုက်ရသလို သက်ပြင်းကလေး မှုတ်ထုတ်လိုက်ရင်း...

"မိနိုင်ကို အခန်းတစ်ခန်းထဲမှာ တစ်ယောက်တည်းတော့ ပစ်မထားပါနဲ့ အစ်ကို၊ မိနိုင် အမှန်ပြောပါ့မယ်"

"ဒါဖြင့်ပြော ... "

ဒါဖြင့်ပြောဆိုသည့်တိုင် မိနိုင်သည် ဖြူးခနဲအသံထွက်မလာသေးပေ၊ မျက်လုံးအစုံကို ကလယ်ကလယ် လုပ်နေပေသေးသည်။ လှိုးလွှဲ၍ ရနိုင်လောက်လျှင် ဘာသာရပ်ကို လှီးလွှဲပစ်ချင်ပုံရ၏။ ကျွန်တော်ကလည်း မိနိုင်ကို စူးစူးစိုက်စိုက်သာ ကြည့်နေမိသည်။ ဘာသာရပ်ပြောင်းလဲမှုကို လက်မခံကြောင်း ကျွန်တော့်မျက်လုံးများက ပြသလျှက်ရှိနေလိမ့်မည်ထင်ပါသည်။

"ဟုတ်တယ် အစ်ကို ... မိနိုင်ကြောက်နေတာ အမှန်ပါ"

"ဘာကိုကြောက်တာလဲ ... ဘယ်သူ့ကိုကြောက်တာလဲ"

"အဲဒါကျတော့ အတိအကျမဟုတ်ပြန်တော့ဘူး အစ်ကို၊ မိနိုင် ဘာကိုနဲ့ ဘယ်သူ့ကို ကြောက်နေပါတယ်လို့ မပြောတတ်ဘူး၊ ကြောက်တာတစ်ခုပဲ မိနိုင်သိတယ်၊ ဒီနေရာနဲ့ ဒီပတ်ဝန်းကျင်ကို အစ်ကိုပဲ သတိထားကြည့်စမ်းပါ အစ်ကို၊ မိနိုင်အနေနဲ့ တစ်ခါမှ မရောက်ဘူးအောင် စိမ်းလှတဲ့ နေရာမဟုတ်လား၊ ခေါင်လဲခေါင်တယ်၊ တောလဲကောင်းတယ်၊ ကင်းတားဆည်ကရေစီးသံကြီးကလဲ တဝေါဝေါနဲ့ ဒီကြားထဲမှာ ညငှက်တွေရဲ့ ခွေးအူသံရော၊ ဒီအသံတွေနဲ့ ဒီဝေးသီခေါင်တဲ့နေရာမှာ မိနိုင်တစ်ယောက်တည်း အခန်းတစ်ခုထဲမှာ အိပ်ရမှာကြောက်တယ်ဆိုတာတွေပဲ အဲဒါတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေတင်လား … ဒီထက်ပိုတဲ့ အကြောင်းကကော"

"ယုံပါ အစ်ကို … မိနိုင်မှာ ဒီထက်ပိုတဲ့ အကြောင်းမရှိတော့ပါဘူး"

ကျွန်တော် မယုံပါလေ၊ သို့သော် … ထို့ထက်ပို၍ မိနိုင်အား စိတ်ဆင်းရဲသွားစေအောင် မေးမြန်းစုံစမ်းလိုစိတ်လည်း မရှိတော့ပေ။ ကျွန်တော်ကဇွတ်တိုး၍ စစ်ဆေးမေးမြန်းသည်နှင့် အမျှ မိနိုင်အတွက် စိတ်ဆင်းရဲစရာနှင့် အဖြေခက်စရာတွေသာ ကြုံတွေ့နေရှာမည်ဟု ကျွန်တော်ထင်ပါသည်။ သို့သော် မိနိုင်၏ အပြုအမူများသည် ထင်ရှားလှပါသည်။ မိနိုင်သည် နယ်မြေစိမ်းသော သဘာဝ၏ ခြောက်လှန့်မှုကို ကြောက်လေသောကြောင့် မဟုတ်ဘဲ တစ်စုံတစ်ယောက်ကို ကြောက်လန့်နေလေသောကြောင့် သူမ၏ အခန်းထဲဝယ် တစ်ဦးတည်းမနေရဲခြင်းပင် ဖြစ်ပေမည်။ ဤတစ်စုံတစ်ယောက်သည် မည်သူဖြစ်ကြောင်းနှင့် မည်သည့် အကြောင်းကြောင့်ကြောက်လန့်ရသည်ကိုမူ ဘယ်လိုပင်မေးမေး၊ မိနိုင်က ဖော်ပြမည်မဟုတ်ပဲ တောင်တောင်အီအီသာ စကားလမ်း လွှဲလေမည် ဖြစ်ပါသည်။ မိနိုင်၏ စကားအရ မိနိုင်သည်သူမ၏ သမိုင်းသုတေသီ ဖခင်ဖြစ်သူနှင့် ဤကင်းတားထက်ဓက ခေါင်လေသော တောတောင်အနှံ့သို့ ရောက်ခဲ့ဘူးသူမို့ ဤကင်းတား၏ သဘာဝခြောက်လှန့်မှုသည် မိနိုင်အတွက်ကြောက်စရာ တစ်ခုမဟုတ်နိုင်စကောင်းတော့ပါပေ။

⌘



## အခန်း (၇)

"ဟေး … အစ်ကို ထကော့လေ"

မိနိုင်နှိုးသံကို ကျွန်တော်၏နားဝယ် ကြားပါ၏။ သို့သော် မျက်လုံးမဖွင့်ဖြစ်သေး။

"ဟေး … အစ်ကို အပါးပါး အိပ်ပုပ်ကြီးလိုက်တာ၊ ကာလနဂါးရဲ့ ယောက်ဖ တော်တယ်ထင်ပါရဲ့"

ကျွန်တော်က မိနိုင် ညည်းညူပုံကို ပြုံးမိပြီး မျက်လုံးဖွင့်ရတော့သည်။ မိနိုင်သည် ကရစ်လိုင်းကြီး ပန်းရောင်လက်စက အင်္ကျီဝတ်ထားပြီး ပန်းနုသွေးပွင့်ရိုက် တက်ထရွှန်လုံချည်နှင့် ဖြစ်ပေသည်။ မျက်နှာတွင်လည်း အချယ်အသများ ပြည့်စုံလျှက်ရှိပေပြီ။ ဘယ်သောအခါကြည့်ကြည့် မိနိုင်သည် လှလွန်း၏။ ပလွန်း၏။ သူမ၏လက်ထဲဝယ် လက်ပွေ့အိတ်အနီကြီးကို ပိုက်ထား၏။

"ထ,တော့လေအစ်ကို ကင်းတားဆည်တစ်ပိုက် လျှောက်ကြည့်မယ်ဆို၊ သူများတွေတောင် သွားကုန်ကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိပ်ရာမှ ထ,ရတော့သည်။ ဟုတ်
လည်းဟုတ်ပေ၏။ မိုးစင်စင်လင်းလျှက်ရှိပေပြီ။ ရေချိုးခန်းသို့ဝင်
ကာ ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲရတော့သည်။ အပေါ်မှ
ကုတ်အင်္ကျီတစ်ထည် ထပ်ဝတ်လိုက်သည်။

"ကဲ ... သွားစို့ မိနိုင်"

"အို ... ကော်ဖီမသောက်တော့ဘူးလား အစ်ကို"

"မိနိုင်ကော"

"မိနိုင် ကောဖီမကြိုက် လက်ဖက်ရည်မကြိုက်လေ"

"ဒါဖြင့် အပြန်မှ မန်းရိပ်ငြိမ်မှာ ဝင်သောက်မယ်၊ သွားကြ
နေပူနေရင် လှေလှော်လို့ မကောင်းဘူး ကဲ ... လာ"

ကျွန်တော်တို့နှစ်ဦးသည် အခန်းတံခါးများပိတ်
ထွက်လာခဲ့ကြသည်။ မြောင်းဘောင်အတိုင်း လျှောက်လာကြ၏
မြောင်းဘောင်၏ ဆင်ခြေလျှောတစ်လျှောက်မှာ အင်တေများဖြင့်
ရံထားသည်။ မတ်မတ်စောက်စောက်ရှိလှပြီး ပန်းလောင်၏ ရေ
အလျင်များသည် အရှိန်အဟုန်ဖြင့် စီးဆင်းလျှက် ရှိနေသည်
တောင်ကျရေများသောကြောင့် ရေတံခါးကိုဖွင့်ကာ ဤဆည်
မြောင်း၊ (ကူမဲမြောင်းဟုလည်း ခေါ်ကြသည်)နှင့် မြစ်သားမြောင်း
(တေးမိုင်းနားမြောင်းဟု ခေါ်ကြသည်)သို့ ရေများ အတော်အတန်
လွှတ်ပေးနေရ၏။ ရေတံခါးအား ထိန်းပေးသော သံဘောင်သံတန်း
တို့သည် ထိုးထိုးထောင်ထောင်ဖြင့် ခန့်ညားစွာ ရပ်တည်လျှက်
ကြသည်။

ကျွန်တော်နှင့်မိနိုင်သည် ဆည်တံခါးကြီးများကို ဖ



တံဒီဘက် ဖြတ်သန်းကြည့်ရှုကာ ဆည်တံခါး၏ဟိုဘက်သို့ ဆက်
ကဲ့ပြီး လျှောက်သွားကြသည်။ ဗိုလ်တဲကြီးပေါ်မှ လှေလှော်ရေး
အဖွဲ့ဝင်များကို လမ်းတွင် တစ်ဦးတလေမျှမတွေ့ရပေ။ မည်သည့်
နေရာများသို့ သွားရောက်လှေလှော်နေကြသည် မသိ။ ဒါမှမဟုတ်
ဗိုလ်တဲ လှေလှော်ရေးအဖွဲ့သည် မထွက်ကြသေးလည်း ဖြစ်ချင်ဖြစ်
သည်။

"တရုတ်လာသည်၊ ရိုင်ရိုင်လောရိုင်ရိုင်
မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လောဖြိုင်ဖြိုင်။
လင်ပြင်ပြည့်မျှ ငှက်လင်းတ ... တဲ့ အစ်ကို၊ အဲဒါ မိနိုင်ငယ်
ငယ်က သင်ဖူးတယ်၊ အဲဒါ ကျောက်ဆည်ရာဇဝင်နဲ့ ဘယ်လို
ပတ်သက်သလဲ"

မိနိုင်သည် ငယ်ငယ်က သူကြားဖူးခဲ့ဟန်တူသော
ဗျာတစ်ပုဒ်ကို ရွတ်ထုတ်ခါ ဆည်မြောင်းရေများကို ကြည့်ရင်းမေး
းပါလေတော့သည်။

"ခုနက မိနိုင်ဆိုတာ ရေးကဗျာကာချင်းပဲ မိနိုင်၊ ပုဂံခေတ်
သီဟသူရဲ့ ဒုတိယသားတော် ပင်းယမင်း ငါးစီးရှင်ကျော်
စွာ ရေးခဲ့တာဘဲ"

"အဲဒီ ကဗျာကာချင်းရဲ့ အဓိပ္ပာယ်ကကော အစ်ကို"

"ရှေးပုဂံခေတ်က တရုပ်တာ့တာတွေနဲ့ မြန်မာတို့ စစ်ဖြစ်
တဲ့အခင်းကို တစိတ်တဒေသ ဖော်ပြစပ်ဆိုထားတာပဲ မိနိုင်
ပုဂံခေတ် ကောင်းစားတုန်းက ရှမ်းပြည်နယ်က ရှမ်းတွေ
ဟာ ကျောက်ဆည်နယ်ထဲမှာလည်း ဝင်ပြီးနေထိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျောက်ဆည်ရဲ့ ခရိုင်စဝ်ဟာ ရှမ်းပြည်နယ်စပ်တချို
နဲ့ ဆက်နေတာကိုး၊ နရသီဟပတေ့ တရုတ်ပြေးမင်းလက်
ထက်မှာ ဒီကျောက်ဆည်နယ်ထဲမှာ ရှမ်းညီနောင် သုံးဦးကို
မြို့စားများအဖြစ် ခန့်ထားတော်မူခဲ့တယ်၊ ဩော် ... မိခိုင်
တစ်ခုနားလည်ထားဖို့ လိုတယ်နော်၊ အခု အစ်ကိုတို့ ပြေ
လာနေတဲ့ ကင်းတားဆည်ဟာ ကျောက်ဆည်မြို့ထဲမှာ မပါ
ဝင်ဘူး၊ မြစ်သားမြို့နယ်ထဲမှာသာ ပါဝင်တာ၊ ဒါပေမဲ့ မြစ်
သားမြို့နယ်ကျတော့ ကျောက်ဆည်ခရိုင်ထဲမှာ ပါတယ်"
"ဟွန်း အစ်ကိုပြောတာက ရှုပ်လိုက်တာ၊ ဟောဒီ ကင်း
တားဆည်ဟာ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ထဲက
ဆည်တစ်ခုလို့ ဆိုချင်တာ မဟုတ်လား"
"ဟုတ်တယ် မိခိုင်၊ ဒါပေမဲ့ မိခိုင် ခုနရွတ်တဲ့ ကဗျာကာချင်း
ဖြစ်လာတာက ကျောက်ဆည်မြို့နယ်ထဲက အခြေတည်
တာမို့ ဒီကင်းတားနဲ့ မရောသွားရအောင် တင်ကြိုပြော
တာ"
"ဟုတ်ပါပြီ ... ဆက်ပြောပါ၊ တကတည်း မိခိုင်ကိုများဆို
အစ်ကိုက ကလေးထင်နေတယ်၊ ဒီလောက်တော့ မိခိုင်
သဘောပေါက်တတ်ပါတယ် အစ်ကိုရာ"

ကျွန်တော်က ဆက်၍ပြောပြသည်။

"အဲ ... နရသီဟပတေ့ တရုတ်ပြေးမင်းဟာ ရှမ်းညီနောင်
သုံးဦးကို မြို့စားအဖြစ် ခန့်တယ်လို့ အစ်ကို ပြောခဲ့ပြီးပြီနော်
"အင်းပါလို့ဆို"



"အသခ်ယာကို မကွေရာမြို့စား၊ ရာဇသင်္ကြန်ကို မြင်းစိုင်းမြို့
စား၊ သီဟသူကို ပင်လယ်မြို့စားဆိုပြီး ခန့်ထားတယ် ...
အဲဒီအချိန်မှာ တရုတ်တာတာတို့က ပုဂံပြည်ကို ကျူးကျော်
ထိပါးပြီး အလုံးအရင်းနဲ့ဝင်တိုက်တယ် မိခိုင် ... နရသီဟပ
တေ့မင်း ထွက်ပြေးရပြီး ပုဂံဟာ တရုတ်သြဇာခံ ဖြစ်လာရ
တယ် ... အဲဒီအချိန်မှာ ပုဂံပြည်ပျက်လို့ ကျောက်ဆည်ဘက်
ကို ထွက်ပြေးလာတဲ့ ဗမာတွေ၊ ကျောက်ဆည်နယ်ခံ ဗမာ
တွေနဲ့ ရှမ်းညီနောင်သုံးဦးတို့ဟာ စုစည်းပြီး တရုတ်ကျွန်
မခံဘူး ... ခံတိုက်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ခံတိုက်ကြတယ်
အင်အား ကိုးသိန်းရှိတဲ့ တရုတ်တပ်ကြီးက မြင်းစိုင်းမြို့ကို
ဝိုင်းထားပြီး တိုက်ကြသတဲ့မိခိုင် အဲဒီမှာ တရုတ်တွေအကျ
အဆုံးသိပ်များပြီး အလောင်းချင်းထပ်သွားသတဲ့ အဲဒီစစ်
မြေပြင်မှာ တရုတ်အလောင်းတွေကို လာစားတဲ့ငှင်းတတွေ
ဟာ ပြည့်နှက်နေတာဘဲဆိုပြီး ကဗျာကာချင်းနဲ့ မှတ်တမ်း
တင်ထားတာပဲ မိခိုင်"
"အော် ... အော် ... ဒါကြောင့် လင်းပြင်ပြည့်မျှ၊ ငှက်ငှင်းတ
လို့ ဆိုတာကိုး အဲဒီမှာ တရုတ်တွေ ရှုံးသွားရောလား"
"ရှုံးသွားတယ်လို့တော့ မဆိုနိုင်ဘူး မိခိုင် ... ဒါပေမဲ့ တရုတ်
တွေ လက်လျှော့သွားရတယ်လို့တော့ ဆိုနိုင်မယ် ...
သူ့ကျွန်မခံလိုဘဲ ရှမ်းနဲ့ဗမာပူးပေါင်းပြီး တရုတ်တွေကို အနိုင်
မခံ အရှုံးမပေး ခံချတဲ့ စိတ်ဓာတ်ဟာ အဓိကပဲပေါ့
တကယ်တော့ အင်အားချင်းက မမျှတာဘဲ တရုတ်တပ်က

www.burmeseclassic.com

www.burmeseclassic.com



အင်အားသိပ်ကြီးတယ် ... ဒီကပြန်ချရတာက ရှမ်းဗမာပ
ပေါင်းမှုရယ် ... သူ့ကျွန်မခံဆိုတဲ့စိတ်ဓာတ်ရယ်ဘဲရှိတယ်
အင်အားမှာတရုတ်လောက်မရှိဘူး ... အဲဒီမှာတင် လွယ
လွယ်နဲ့တိုက်လို့ မရမှန်း တရုတ်တွေနားလည်သွားတယ်
ပြီးတော့ အဲဒီအချိန်မှာ ကျောက်ဆည်နယ်ဟာ ရေကြီးလာ
တယ်၊ ထုံးစံအတိုင်း ရေကြီးလာတယ်ဆိုရင် ရောဂါဘယ
ထူပြောလာတာပေ့ါ မိနိုင် အများဆုံးဖျားနာသေကြရတာ
က မြို့ကိုဝိုင်းထားတဲ့ တရုတ်တွေပဲပေ့ါ၊ အဲဒီအချက်ကြောင့်
လဲ တရုတ်တပ်ကြီးဟာ စိတ်ဓာတ်ကျလာရတယ်၊ အဲဒါကိ
အခွင့်ကောင်းယူပြီး၊ သီဟသူကတရုတ်နဲ့မြန်မာစစ်ပြေငြိမ်း
ရေးကိုကြိုးပမ်းတယ်၊ ပြေလည်မှု ရပြီး တရုတ်တွေ ပြ
သွားကြတာဘဲ မိနိုင်"

ကျွန်တော်တို့သည် တောင်မြင့်ကြီးပေါ်မှ လျှော
လာရင်း ဗိုလ်တဲနှင့် အတော်အတန်ဝေးသောနေရာသို့ ရောက်လ
ခဲ့ကြသည်။ တောထူသောနေရာဖြစ်၍ ပတ်ဝန်းကျင်ရှုနေရောင်ပ
ကောင်းစွာမကျရောက်ပေ။

"သာယာလိုက်တာ အစ်ကိုရာ ... ဓိနော်"

"တချို့မြင်ကွင်းတွေဟာ ဓာတ်ပုံရိုက်ယူထားဖို့ကောင်
တယ်"

"အယ် ... ဟုတ်ပါရဲ့ ... မိနိုင်မှာ ကင်မရာပါတယ် အစ်
အခန်းထဲမှာ မေ့ကျန်ခဲ့တယ် ... ဖေဖေဟာ ဒီကင်းတာ
ဘက်ကို မရောက်သေးဘူး ဖေဖေ့အတွက် အသုံးတဲ့လို



ပြား မိနိုင်မှတ်တမ်းဓာတ်ပုံ ရိုက်ယူသွားချင်တယ် အစ်ကို"

"အဲဒီတော့"

"အဲဒီတော့ ကျေးဇူးပြုပြီး မိနိုင်အခန်းထဲက ကင်မရာကို
သွားယူပေးပါလားဟင်"

ကျွန်တော်ခေါင်းကုတ်လိုက်မိသည်။ ဤပတ်ဝန်း
ကျင်နှင့် မြင်ကွင်းတို့သည် ဓာတ်ပုံရိုက်ယူချင်စရာကောင်းသည်မှာ
မှန်ပင်ဖြစ်ကြောင်း ကျွန်တော်ဝန်ခံပါသည်။ သို့သော် အခန်းသို့
ပြန်ရန်မှာ အတန်ပင် ဝေးခဲ့ပြီမို့ ကျွန်တော်ဆုတ်ဆိုင်းခေါင်းကုတ်
ခြင်း ဖြစ်ပေသည်။

"လုပ်ပါအစ်ကိုရာ ... မိနိုင်ကိုကူညီပါ ... အစ်ကိုတို့
ယောက်ျားခြေနဲ့ဆိုရင် အခန်းကို အသွားအပြန်အလွန်ဆုံး
ဆယ်မိနစ်ပေ့ါ ... အစ်ကိုသွားနေတုန်း မိနိုင်ရိုက်ကွင်းတွေ
ရှာထားချင်လို့ပါ အစ်ကို"

"မိနိုင်အခန်းက သော့ခတ်ထားတယ် မဟုတ်လား"

မိနိုင်က သူမ၏လက်ပွေ့အိတ်အနီကြီးကိုဖွင့်လိုက်
သည်။ သူမ၏လက်ပွေ့အိတ်ထဲဝယ် ဝတ္ထုစာအုပ်တစ်အုပ်ထည့်
ထားသောကြောင့် ကျပ်ကျပ်သပ်သပ်ဖြစ်နေလေသည်။

"ဟောဒီဝတ္ထုကို အားရင်ဖတ်ဖို့ဆိုပြီး မိနိုင် လက်ပွေ့အိတ်
ထဲထည့်ထားတာ၊ အိတ်လေးတာသာ အဖတ်တင်တယ်၊
ဖတ်လဲမဖတ်ဖြစ်ပါဘူး အစ်ကို၊ အဲဒီစာအုပ်ပါ အစ်ကိုပြန်ယူ
သွားပေးစမ်းပါ၊ မိနိုင်အခန်းထဲမှာဘဲ ထားခဲ့ပေ့ါ အစ်ကို"

ကျွန်တော်က ဝတ္ထုစာအုပ်ကိုယူပြီး ကုတ်အကျႋ

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲသို့ ထည့်ထားလိုက်သည်။ အင်္ဂလိပ် (Novel) ဝတ္ထုစာအုပ်
တစ်အုပ်ဟုလောက်သာ ကျွန်တော်အမှတ်ထားမိသည်။ သေသေ
ချာချာပင် မကြည့်မိလိုက်ပေ။

"ရော့ ... ဒီမှာ မိနိုင်အခန်းသော့ အစ်ကို"

သော့ကို ကျွန်တော်ယူလိုက်ပြန်သည်။

"သိပ်မကြာပါနဲ့အစ်ကို ... မိနိုင် ဒီနားတစ်ဝိုက်ကဘဲ စောင့်
မှာပါ"

ကျွန်တော်က ခေါင်းညိတ်ပြပြီး နောက်ကြောင်းကို
ခတ်သုတ်သုတ်ပြန်လာခဲ့သည်။ လမ်းတဝက်လောက်တွင် ဤကိစ္စ
တားဆည်နှင့် ဗိုလ်တဲအဆောက်အဦများကို တာဝန်ယူအုပ်ချုပ်
သော ဆည်ဗိုလ် (မြို့နယ်ဆည်မြောင်း အင်ဂျင်နီယာ)နှင့် မျက်နှာ
ချင်းဆိုင်တွေ့ရလေသည်။ သူသည် သဘောကောင်းပုံရပြီး ဖော်ရွေ
သူတစ်ဦးဖြစ်ပေ၏။ သူ၏အမည်မှာ ဦးမြမင်းဟူ၍ ကျွန်တော်သိ
ထားရသည်။

"ဘယ်လိုလဲ ... ပြန်တော့မလို့လား"

"အခန်းကို ခဏပြန်မလို့ပါ ဦးမြမင်း ... ကင်မရာပြန်ယူ
လို့ပါ"

"ဒါဖြင့် ဓာတ်ပုံရိုက်ယူချင်ရလောက်အောင် စိတ်ဝင်စား
ရာတွေတွေ့နေပြီထင်တယ် "

ဦးမြမင်းက ရယ်မော၍ ပြောဆိုနေစဉ်မှာပင် ကျွန်
တော်လာခဲ့သော လမ်းအဝေးဆီမှ အမျိုးသမီး တစ်ဦး၏ 'အား'
ခနဲ အထိတ်တလန့်အော်သံကို ကျွန်တော်ကြားလိုက်ရတော့သည်။



ကျွန်တော်ကဲ့သို့ပင် ဦးမြမင်းလည်း ကြားပုံရသည်။ ကျွန်တော်၏
စိတ်ကိုယ်လုံးမှာ တောင့်တင်းသွားမိသည်။ အော်သံသည် မိနိုင်
ကျန်ရစ်ခဲ့သော အရပ်မှ ဖြစ်နေသောကြောင့်ပင်တည်း။ ကျွန်တော်
နောက်ပြန်လှည့်ကြည့်ရင်း နှုတ်မှလည်း အလိုလိုပြောမိလျှက်သား
ဖြစ်သွားတော့၏။

"မိနိုင်တစ်ယောက်တည်း ကျန်ခဲ့တယ် ဦးမြမင်း၊ တစ်ခုခု
ဖြစ်ပြီထင်ပါရဲ့ဗျာ"

ဟု ပြောပြောဆိုဆို မိနိုင်ကျန်ခဲ့သည့်နေရာသို့ ကျွန်
တော်ကစုန်စိုင်း၍ပြေးသွားမိသည်။ ကျွန်တော်၏နောက်မှ ဆည်
ဗိုလ်ဦးမြမင်းလည်း ပြေးလိုက်လာဟန် တူပေသည်။

အဝေးမှပင် မိနိုင်၏အဖြစ်ကို ကျွန်တော်လှမ်းတွေ့

မိနိုင်သည် မြောင်းဘောင်ထိပ် မတ်စောက်သို့ အင်္ဂ
... အချောကိုင် ဆည်ကမ်းပါးမှ အောက်ဆီသို့ ဒလိမ့်ခေါက်ကွေး
... သွားလျှက်ရှိနေရှာပေသည်။ ထိုနောက် ရေထဲသို့ ဘွမ်းခနဲကျ
... ၏ ပြေးနစ်မြုပ်လျှက်ရှိတော့သည်။

ကမ်းပါးထိပ် ဆည်ဘောင်နေရာသို့ ကျွန်တော်
ရောက်လာသည်။ ကမ်းခြေရေစပ်တွင် မှောက်လျှက်သားနစ်မြုပ်
... သော မိနိုင်ကို ကျွန်တော်လှမ်းတွေ့ရ၏။

"မိနိုင် ... မိနိုင်"

သွေးရူးသွေးတန်း ကျွန်တော်အော်ဟစ်၍ မိနိုင်ကို
... နေမိသည်။ ခက်နေသည်က ထိုနေရာတွင် လှေကားထစ်များ

www.burmeseclassic.com

www.burmeseclassic.com



မရှိပေ။ ကမ်းပါးမှ အင်္ဂတေချော ကိုင်ထားပြီး အမတ်အစောက်ဖြ
နေသည်။

"မိခိုင်"

ထပ်မံ၍ ခေါ်ရင်း ကျွန်တော်သည် အင်္ဂတေ ကမ်
ပါးချောမှပင် ဆင်းရန်ပြင်လိုက်သည်။ ကျွန်တော်ယင်းသို့ မဆင်
သင့်ကြောင်းမတွေးမိ။ လက်တွေ့၌မူ ရေစပ်တွင် မှောက်လျှ
သား လဲကျနစ်မြုတ်နေသည့် မိခိုင်အားကယ်တင်လိုစိတ် ပြင်းထ
က် ရှိနေမိသည်။

ကျွန်တော်၏လက်မောင်းကို ဆည်ဗိုလ် ဦးမြမင်းက
ဆွဲထားလိုက်သည်။ ဦးမြမင်း၏ဆုပ်ကိုင်မှုသည် အင်အားအပြည့်
ရှိပေသည်။

"ခင်ဗျားပါ ဒုက္ခဖြစ်သွားမှာပေါ့၊ ဒီနေရာမှာ ဆင်းလို့ဘယ
ရမလဲ၊ ခြေကုတ်မရအောင်ချောတယ်၊ ပြီးတော့ မတ်မ
စောက်စောက်ကြီး၊ ဘယ်လိုလူမှ မဆင်းနိုင်ဘူး"

"ဒါပေမဲ့ ဟိုမှာ မိခိုင်ရေနစ်နေပြီ မဟုတ်လား ဦးမြမင်း"

"မှန်တယ်လေ ... ဒါပေမဲ့ ခင်ဗျားကော ကျုပ်ကော အ
လောလောဆယ် ဘာလုပ်နိုင်တာမှတ်လို့၊ ကျုပ်ဆ
အကြောင်း ကျုပ်သိပါတယ်"

ယင်းအခိုက်မှာပင် အဝေးမှ ဆည်အလုပ်သမားတ
ယောက်ကို ဦးမြမင်းက ကုန်း၍အော်ခေါ်လိုက်သည်။ ကြိုးတ
ချောင်း အလျင်အမြန်ယူပြီး လာခဲ့ရန်ပင် ဖြစ်တော့၏။

ကျွန်တော့်မှာ မချင့်မရဲ ဖြစ်နေရသည်။ မိခိုင်



မ်းကြည့်သောအခါ မိခိုင်သည် ကျသွားစဉ်ကအတိုင်း နေရာမ
က်တွေ့နေရသည်။ မိခိုင်ကျသွားသည့် အချိန်မှ ယခုအချိန်ထိ
လှုပ်အရှားမရှိရှာပေ။ ဘုရား ... ဘုရား ... မိခိုင် တစ်ယောက်
များသေသွားပြီလား။

ဦးမြမင်း၏အလုပ်သမားသည် ကြိုးတစ်ခွေနှင့်
ောက်လာလေသည်။ သစ်ပင်ကြီးတစ်ပင်တွင် ကြိုးတစ်စကို ပတ်
ည်လိုက်သည်။ ထို့နောက် တောင်ဆင်းသကဲ့သို့ အင်္ဂတေကမ်းပါး
ခြေကန်ကာ ကြိုးစကိုအားပြုရင်း ကျည်လည်စွာ မိခိုင်ရှိရာသို့
လုပ်သမားသည် ဆင်းသွားပေတော့သည်။

ကျွန်တော်၏ ဦးနှောက်တွင်းဝယ် အတွေးများ
ည် ပလုံစီလာလေတော့သည်။ စောစောကမူ မိခိုင်တစ်ယောက်
စ်အောက်တွင် ထိုးကျသွားသည်ကိုတွေ့ရပြီး ကျွန်တော့်တွင်
ရှုးသွေးတန်းဖြစ်သွားဟန်ရှိသော်လည်း ယခုမူကျွန်တော့်တွင်
ကြောင်းအကျိုးကို စဉ်းစားဆင်ခြင်နိုင်စ ပြုလာသည်။

မိခိုင်ကျသွားစဉ် မိခိုင်၏လက်ထဲ၌ ကိုင်ထားလေ
လက်ပွေ့အိတ်အနီကြီးသည် မိခိုင်နှင့် တစ်ပါတည်း ကျသွား
ည်ကို မတွေ့ခဲ့ရပေ။ ဦးမြမင်းနှင့် အလုပ်သမားအောက်သို့ဆင်း
ကြိုးစားအားထုတ်နေစဉ်မှာပင် ကျွန်တော်သည် အနီးပတ်ဝန်း
ဘဝိုက်၌ မိခိုင်၏ လက်ပွေ့အိတ်အနီကြီးကို လိုက်လံရှာဖွေ
သည်။

သို့သော် မတွေ့ပေ။ မိခိုင်၏လက်ပွေ့အိတ်အနီ
ည် စုတ်စမြုတ်စ ပျောက်ဆုံးလျှက်ရှိပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏နောက်နားမှ ခြေသံကြားသဖြင့် ကျွ
တော်လှည့်ကြည့်လိုက်၏။ ကိုသူရကိုတွေ့ရလေသည်။ ကိုသူရ
အမူအရာသည် ပြုံးတူးပြတဲဖြစ်နေသည်ဟု ကျွန်တော်ထင်မိသည်

"ဘာဖြစ်ကြတာလဲ ကိုဇော်မြင့်ဝင်း ... ကျွန်တော်လည်
လျှောက်ပြီး လေ့လာနေရင်း အော်သံကြားလို့ ဒီဘက်
ထွက်လာတာ"

"လိမ့်ကျတယ်လေ ... မိနိုင်ဆည်မြောင်းထဲ ဒလိမ့်ခေါက်
ကွေး လိမ့်ကျသွားတယ် ... ကျွန်တော်က သူဓာတ်ပုံ ရိုက်
ချင်လှချည်ရဲ့ဆိုတာနဲ့ ကင်မရာပြန်ယူနေရတုံးမှာပေါ့"

"လိမ့်ကျတယ် ဟုတ်လား ... ကျွတ် ... ကျွတ်"

ဟု ကိုသူရက တအံ့တဩ စုတ်သတ်လိုက်ရင်း ဆည်
ဗိုလ် ဦးမြမင်းနှင့်ဆည်အလုပ်သမားတို့ ဗျာများနေသည့်ကြား
ဝင်ရောက်သွားသည်။

ကျွန်တော်ကမူ သွေးအေးအေးနှင့်သာ ကိုသူရ
အကဲခတ်ကြည့်နေမိ၏။ ကျွန်တော်သဘောပေါက်လေသည်မှ
ကလေးငယ်တစ်ဦးလို သနားစရာကောင်းလေသော မိနိုင်သည်
မည်သို့မျှအသက်မရှင်နိုင်တော့ကြောင်း နားလည်လိုက်မိသော
ကြောင့်ပင် ဖြစ်၏။ ရိုးရိုးသားသားလိမ့်ကျလေသည်ဘဲ ထား
ဦးခေါင်းနှင့် အင်္ဂတေများရိုက်ပုတ်မိသောဒဏ်ကြောင့်၎င်း၊ ရေ
တွင်မှောက်လျက်သား မျက်နှာတစ်ခုလုံး ဥမြှုကြာအောင် နှစ်မြ
နေခဲ့ခြင်းကြောင့်၎င်း၊ မိနိုင်၏အသက်ရှင်ရေးမှာ မျှော်လင့်ချက်နည်
လွန်းလှပေသည်။



ကိုသူရသည် ကျွန်တော့်ထံသို့ ပြန်လျှောက်လာပြန်
သည်။

"အသက်မရှိရှာတော့ဘူး၊ ကိုဇော်မြင့်ဝင်းခိုက်မိတာကြောင့်
ရော ... ရေနစ်တာရော ဖြစ်မှာပေါ့"

"အဲဒီလိုဘဲ ထင်ရတာဘဲ ကိုသူရ"

ကိုသူရသည် ကျွန်တော့်အား ဓာတ်ခနဲမော့်ကြည့်
သည်။ ကျွန်တော်ကလည်း ကိုသူရ၏မျက်နှာကို စူးစူးစိုက်စိုက်ပင်
ကြည့်နေမိသည်။ ကိုသူရ၏ မျက်နှာထဲမှအဖြေတစ်ခုခုများ ရလိမ့်
မလားဟု ကျွန်တော်က စူးစမ်းရှာဖွေကြည့်မိခြင်းဖြစ်သည်။
လုံးအားခြင်းပြိုင်ရာတွင် ကိုသူရသည် အလျှင်ဦးစွာ လွှဲဖယ်
းသူပင် ဖြစ်ပါတော့၏။

"ကိုဇော်မြင့်ဝင်းဟာ တော်တော်သွေးအေးတာဘဲ မိနိုင်
အဖြစ်ကိုကြည့်ပြီး ကျူပ်တောင်ရင်တထိတ်ထိတ်ခုန်နေမိ
တယ်၊ တကယ်တော့ မိနိုင်ဟာ ကိုဇော်မြင့်ဝင်းရဲ့ မိတ်
ဆွေမလေး တစ်ယောက်ဘဲ မဟုတ်လားဗျာ"

"သိပ်မှန်တာပေါ့ ကိုသူရ ... မိနိုင်ဟာ ကျွန်တော်ရဲ့ မိတ်
ဆွေလေးတစ်ယောက်ပါပဲ၊ ဒါပေမဲ့ လမ်းပေါ်မှာ အမှတ်
မထင်တွေ့ကြရပြီး သူ့အကြောင်းကိုယ်မသိ၊ ကိုယ့်
အကြောင်းသူမသိတဲ့ မိတ်ဆွေမျိုးပေါ့ဗျာ၊ အဲ ... တကယ်
လို့ မိနိုင်မှာ ရန်သူတစ်ဦးတလေများရှိခဲ့ရင် အဲဒီရန်သူက
မိနိုင်အကြောင်းကို ကျွန်တော့်ထက်တောင် ပိုသိနေမှာပါ"

"ဗျာ ကိုဇော်မြင့်ဝင်း ဘာကိုဆိုလိုမှန်း ကျူပ်နားမလည်ပ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျုပ်ဆိုလိုတာက ကိုယ့်မိတ်ဆွေတစ်ယောက်လုံး အ
လိုဖြိုးခနဲ့ မတော်တဆသေဆုံးသွားရက်နဲ့ အထိတ်တလ
မဖြစ်ပဲ သွေးအေးနိုင်တဲ့ ကိုဇော်မြင့်ဝင်းရဲ့သတ္တိကို ချီးကျ
နေတာပါ"

ကျွန်တော်သည် ပခုံးကို တွန့်ပြလိုက်မိသည်
အထိတ်တလန့်ဖြစ်လို့ကော မိခိုင်ပြန်ရှင်လာတော့မလားဟူသေ
အဓိပ္ပာယ်မျိုးဆောင်လိမ့်မည် ထင်ပါသည်။ ယင်းအခိုက်မှာပင် ဧ
လာရေးသမားတွေ ဝိုင်းအုံလာကြပေတော့သည်။ မကြာသေးမီ
မှ မန္တလေးတွင် မင်္ဂလာဆောင်ခဲ့ပါသည်ဆိုသော သက်ကြီးသ
သားဦးမင်းဒင်ကိုလည်း ကျွန်တော်တွေ့ရသည်။ သူ၏သတို့သ
မကေသီကိုမူ ကျွန်တော်မတွေ့ရပေ။

စီခနဲဆိုလျှင် ပါဝင်လာပြီး လျှာချောင်လေ့ရှိသေ
အပျိုဟိုင်းကြီးဒေါ်ရည်မွန်၏ အသံသည် အနားတဝိုင်တွင် အပျံ့လ
ဆုံးဖြစ်နေသည်။ ဒေါ်ရည်မွန်၏ စုတ်သတ်သံသည် အိမ်မြှောက်စ
ထိုးသံထက်ပင် ပိုမိုကျယ်လောင်နေပေ၏။ မိခိုင်အားအသနားဆ
ဖြစ်နေသူမှာလည်း ဒေါ်ရည်မွန်ပင်တည်း။

ဆည်မိုလ်ဦးမြမင်းသည် လေ့လာရေး လူတွေဝိုင်း
ကာ ပွဲကြည့်သလိုကြည့်ပြီး စီစီညံညံ ဖြစ်လာသည်ကို စိတ်ပျက်လ
ပုံရပေသည်။ သူ၏မိခိုင်အား ဆယ်တင်ရေး လုပ်ငန်း၌လည
အနှောင့်အယှက် ဖြစ်နေပုံရ၏။

"ကဲ ... ဟောဒီအမျိုးသမီးကို ဆယ်တင်ဖို့ကိစ္စဟာ ဒီအတို
ဆွဲတင်လို့ မဖြစ်နိုင်ပါဘူး၊ လှေကားထစ်ရှိရာ ကမ်းပါးအ



ရေထဲက သယ်ယူသွားရမှာပါ လေ့လာရေး ပုဂ္ဂိုလ်အားလုံး
ဟာ ကိုယ့်နေရာကိုယ်ပြန်ကြရင် ကျွန်တော့်ကိုကူညီရာ
ရောက်မှာပါ၊ ဒီကိစ္စဟာလူသေမှုဖြစ်နေတာမို့ ရဲတပ်ဖွဲ့နဲ့
ပတ်သက်ရပါဦးမှာပါ ကဲ ... ကျေးဇူးပြုပြီး ပြန်ကြပါတော့
ဗျာ"

ဆည်မိုလ် ဦးမြမင်းစကားကြောင့် လေ့လာရေး
ပုဂ္ဂိုလ်များ ပြန်သွားကြသည်။ ကျွန်တော်ကမူနေရာတွင်ပင် ရပ်နေ
သေးသည်။ ကိုသူရလည်း ကျွန်တော်၏ဘေး၌ပင် ရပ်နေဖေသး၏။

"မိခိုင်ဟာ ကျွန်တော့်မိတ်ဆွေပါဦးမြမင်း၊ ဒီတော့ ကျွန်
တော့်မှာ တာဝန်ရှိသင့်သလောက် ရှိနေမှာပါ"

"အဲဒီကိစ္စကို ရဲတပ်ဖွဲ့နဲ့ ရှင်းပါဗျာ ... အခုတော့ ပြန်သာ
သွားပါ ရဲတပ်ဖွဲ့ရောက်လာတဲ့အထိ ကျွန်တော်ဟာ အစိုး
ရအရာထမ်းတစ်ဦးအနေနဲ့ ဆောင်ရွက်သင့်တာ မှန်သမျှ
ဆောင်ရွက်ထားပါမယ်"

ကိုသူရသည် ကျွန်တော်၏လက်မောင်းတစ်ဘက်
ကို ဆုပ်ကိုင်လိုက်လေသည်။

"ဟုတ်တယ် ကိုဇော်မြင့်ဝင်း ... ကျုပ်တို့ပြန်သင့်ပြီ"

ကျွန်တော်သည် ထပ်မံ စောဒကမတက်တော့ပဲ၊
ကျွန်တော်၏ အခန်းဆီသို့ ပြန်လာခဲ့ပေတော့သည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ကျွန်တော်သည် နံနက်ကတည်းက ကော်ဖီတစ် ခွက် မုန့်တစ်ချပ်ပင် မစားရသေး၊ သို့သော် ကျွန်တော့်တွင် စာ သောက်လိုစိတ် လုံးဝရှိမနေပေ။ ကျွန်တော်၏နားထဲဝယ် မကြာ မတင် ကလေးကပင် မိနိုင်တစ်ယောက်ကလေးလို ရွတ်ပြသွား သော ကဗျာကာချင်းသံကို ကြားယောင်နေမိသည်။

“တရုတ်လာသည် ... ရှိင်ရှိင်လော ရှိင်ရှိင်”

“မြားမိုးရွာသည် ... ဖြိုင်ဖြိုင်လော ဖြိုင်ဖြိုင်”

“လင် ပြင်ပြည့်မျ ... ငှက်တလင်းတ”

မှန်ပေ၏။ သတ္တဝါတစ်ခု ပျက်စီးခြင်းသို့ ရောက်ပြီ ဆိုလျှင် အခြားသက်ရှိသတ္တဝါတစ်ဦးဦးက ပျက်စီးသူကို ဝါးမျိုတတ် ကြသည်။ ယုတ်စွအဆုံးမြေဆီမြေနှစ်ကပင် ပျက်စီးသောသတ္တဝါ ၏ အသွေးအသားကို စုတ်ယူဝါးမျိုပစ်လေသည်။



ဤကဗျာကာချင်းကို မိနိုင်သည် စိတ်လိုလက်ရ ရွတ်ပြသွားသည်။ ဤကဗျာကာချင်းသည် မိနိုင်၏ ရှေ့ပြေးနိမိတ် မကောင်းဆိုးဝါးတစ်ခုဟု ကျွန်တော်မှတ်ယူရတော့မည်။

ကျွန်တော်၏ အခန်းတံခါးကိုဖွင့်ကာ ကျွန်တော် ဝင်လာခဲ့သည်။ ကျွန်တော်၏ အသွေးအသားနှင့် အကြောဆိုင်တို့ သည် လေးလံလွန်းနေ၏။ မိနိုင်အတွက် ကျွန်တော်၏အသည်းနှလုံး သည် နာကျင်နေရသည်။

ကျွန်တော် စီးကရက်သောက်ချင်လာလေသည်။

ကုတ်အကျီအိတ်ထဲသို့ လက်နှိုက် ကြည့်လိုက်မိ သည်။

တွေ့ရပြန်ပြီ။ မိနိုင်မသေဆုံးမီကလေးက ပေးခဲ့ သော အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်သည် ကျွန်တော်၏ကုတ်အကျီ အိတ်ထဲ၌ ရောက်နေပေ၏။ ဆွဲထုတ်ကာယူကြည့်လိုက်မိသည်။

အင်္ဂလိပ်စာရေးဆရာ Patrick Qyentin ရေးသား သော Ran to death ဆိုသည့် စာအုပ်ပင် ဖြစ်တော့သည်။

ဤစာအုပ်မျက်နှာဖုံးရောင်သည် စိမ်းညိုရောင်ဖြင့် တောက်ပလျှက်ရှိသည်။ ရုပ်ပုံမှာအမျိုးသားက ခြောက်လုံးပြူးတစ် လက်ဖြင့်သူ၏လက်ဝဲဘက်ဆီသို့ ထိုးချိန်ထားလျှက် ရှိ၏။ အမျိုး သား၏ နောက်တွင်ထိတ်လန့်စွာဖြင့် အမျိုးသားအားတွယ်ကပ် ထားလေသော အမျိုးသမီးတစ်ဦး ရှိနေပေသည်။ အမျိုးသမီးသည် ပန်းနုရောင် ဂါဝန် ဝတ်ထားသည်။

နံနက်ခင်းကလည်း မိနိုင်သည် ပန်းနုသွေးအင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



ဝန်းနုရွေး ထမီတို့ကိုပင် ဝတ်ဆင်ထား၏။ မိခိုင်၏အလောင်းဝယ် ထိုပန်းနုရောင်အဝတ်အစားတို့ဖြင့် ဖုံးလွှမ်းလျက် ရှိနေပေပြီ။

စာအုပ်၏အမည်ကို မြန်မာလိုပြန်ရပါလျှင် 'သေခြင်းမှတ်တိုင်သို့ အပြန်အလွှား'ဟူပါက ဆီလျော်မည်ထင်ပါသည်။

မိခိုင်သည် လက်ပွေ့အိတ်နီထဲဝယ် သေခြင်းမှတ်တိုင်သို့ အပြေးအလွှား ဆိုသည့် စာအုပ်ကိုထည့်ကာ သူမကိုယ်တိုင် သေခြင်းမှတ်တိုင်သို့ အရောက်သွားခဲ့လေပြီကော။ ဇမ္ဗူဒိပ်တွင် နိမိတ်ထွန်းသည်ဆိုသည်က မှန်ကောင်းမှန်ရာပင်။ စာအုပ်မျက်နှာဖုံးထဲက အမျိုးသမီးသည် အထိတ်တလန့် ဖြစ်လွန်းနေသည်။ သူမ၏ အားကိုးရာအမျိုးသားက သူမ၏ရှေ့တွင် မားမားရပ်ခါ ရန်သူကို သေနတ်တစ်လက်ဖြင့် ရင်ဆိုင်ပေးရှာနေသည်။

မိခိုင်သည်လည်း အထိတ်တလန့်ဖြင့် အဖော်ကောင်းတဦးကို ရှာဖွေခဲ့ရှာသည်။ မိခိုင်၏အဖော်သည် ကျွန်တော်ပင်ဖြစ်လေသည်။ သို့သော် မိခိုင်အတွက် ကျွန်တော်အဖော်ကောင်းတစ်ဦးဖြစ်ခဲ့ဟန်မရှိ။ မိခိုင်၏အသက်ဘေးကို ကျွန်တော်သည်ကာကွယ်ပေးနိုင်စွမ်းမရှိ။ ရုပ်ပုံထဲမှ အမျိုးသမီး၏အဖော်သည် သူ့ရဲကောင်းတစ်ဦး၏အသွင်ကို ဆောင်နိုင်သော်လည်း မိခိုင်၏ ကျွန်တော်သည် တာဝန်မကျေခဲ့လေသော လူညံ့တစ်ဦးသာပေတည်း။

စိတ်ပျက်စွာပင် စားပွဲပေါ်သို့ အင်္ဂလိပ်စာအုပ်ကို ပစ်ချလိုက်မိသည်။ တကယ်မှာမူ မိခိုင်သည် လျှို့ဝှက်လွန်းခဲ့သည်။ ကျွန်တော့်အား ယုံယုံကြည်ကြည်နှင့် သူမ၏နောက်ပါးမှ အန္တရာယ်ကို ဖွင့်ပြောပြခဲ့လျှင် ကျွန်တော်သည်မိခိုင်အတွက် သူ့ရဲကောင်း



တစ်ဦးဖြစ်ချင်ဖြစ်လာနိုင်သေးသည်။

ကျွန်တော်၏ အတွေးသံသရာသည် ချာချာလည်မြန်သည်။

စောစောက ကျွန်တော့်အား ကင်မရာပြန် ပြန်ယူနိုင်းလေသော မိခိုင်၏အမူအရာများကို ကျွန်တော်သံသယဖြစ်ရပြန်သည်။ မိခိုင်သည် ကင်မရာကို အမှန်တကယ် လိုလားသောကြောင့် ပြန်ယူခိုင်းခြင်းပေလော။ သို့တည်းမဟုတ် ထိုနေရာသည် လူပြတ်၍ ကျောင်ကျသောကြောင့် တစ်စုံတစ်ဦးနှင့် နှစ်ဦးချင်းတွေ့ဆုံလို၍ ကျွန်တော့်အား ဥပါယ်တမည်နှင့် ပ,ထုတ်လိုက်ခြင်းပေလော။ ယင်းသို့ ပ,ထုတ်ခြင်းသာဆိုပါက ယခုကင်းတားသို့ရောက်နေလေသည့် ပုဂ္ဂိုလ်တစ်ဦးဦးပါလေမည်သာ။ ထိုသူသည် မိခိုင်ထိတ်လန့်ကြောက်ရွံ့လေရသော ပုဂ္ဂိုလ်ပေလား။

"ဒေါက် ... ဒေါက် ... ဒေါက်"

ကျွန်တော်၏ အခန်းတံခါးကို တစ်စုံတစ်ဦးက ခေါက်လေသောအသံထွက်ပေါ်လာလေသည်။ ကျွန်တော်သည် နေရာမှ ထကာ အခန်းတံခါးကိုဖွင့်ပေးလိုက်၏။

ဒေါ်ရည်မွန်ပင်တည်း။

ဒေါ်ရည်မွန်၏ လက်ထဲဝယ် လင်ပန်းတစ်ခုပါလာလေသည်။ ကော်ဖီကရားနှင့် စားဖွယ်သောက်ဖွယ်များပင် ဖြစ်ပါ၏။

"ကဲ ... ကိုယ့်မောင် ... ဘယ်လို သက်ရှိသတ္တဝါပဲ ဖြစ်ဖြစ် အစားအစာကို မှီဝဲမှ အသက်ရှင်နိုင်တယ်ကွဲ့ ... ဒါကြောင့် ကိုယ့်မောင်ဖို့ မမမွန်ယူလာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ မမမွန်"

ကော်ဖီကရားယူလာသည့်အတွက် ဒေါ်ရည်မွန်အား ကျွန်တော်တကယ်ပင် ကျေးဇူးတင်မိသည်။ ဒေါ်ရည်မွန်သည် ကော်ဖီလင်ပန်းကို စားပွဲခုံချကာ ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်သည်။

"တကယ်တော့ ကိုယ့်မောင်ဟာ ... မိမိနိုင်ကို ခင်တွယ်နေမိတယ် မဟုတ်လား ကိုယ့်မောင်"

"မိနိုင်ဟာ ခင်တွယ်ချင်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲ မမမွန်"

"ဒါပေမဲ့ ကိုယ့်မောင်ဟာ မိနိုင်ကို အမှတ်မထင်တွေ့မိကြတာ မဟုတ်လား ... သူ့အကြောင်းကိုလည်း ကိုယ့်မောင်ဘာမှ ဂဃနဏ မသိဘူး မဟုတ်လား"

"အဲဒါ အမှန်ပါပဲ"

ကျွန်တော်သည် ကော်ဖီကရားမှငှဲ့ကာ ကော်ဖီပန်းကန်ကိုယူ၍ တစ်ငုံ ငုံမိသည်။ ကော်ဖီမှာ ခါးလေစွ။

"ဖြေပါ့မယ် ကိုယ့်မောင် ... လူဆိုတာ သေမျိုးပဲ မဟုတ်လား၊ သေသူအတွက်ကျန်ခဲ့သူဟာ ဆွေးကြစမြဲပေါ့ ... ဒါပေမဲ့ အဆွေးကို မရှည်ကြာပဲ တိုနိုင်သမျှတိုအောင် ဖြေနိုင်တဲ့လူဟာ လောကကိုတနည်းအားဖြင့် အောင်နိုင်တဲ့သဘောပဲကွဲ့ ... ဘာလို့လဲဆိုတော့ သေသူဟာပြန်ရှင်လာနိုင်ရိုး ထုံးစံက ရှိမှမနေတာပဲကိုး"

"ကျွန်တော် သဘောပေါက်ပါတယ် မမမွန်"



"အေး ... ကောင်းတယ်၊ စာရေးဆရာဆိုတာ သူများကိုတောင် တရားချ လမ်းပြတတ်သူတွေပဲ မဟုတ်လား ကဲ ကိုယ့်မောင် ကော်ဖီယူဦးမလား ... မမမွန်သွားမယ် လိုချင်ရင်တစ်ယောက်ယောက်ကို ပို့ခိုင်းပေးလိုက်မလို့"

ကျွန်တော်က ခေါင်းခါပြလိုက်သည်။ ယခုကော်ဖီသည်ပင် ကျွန်တော်၏လျှာဝယ် ခါးဘိခြင်း။

ဒေါ်ရည်မွန် နေရာမှ ထလိုက်သည်။ စားပွဲပေါ်မှ မိနိုင်က ကျွန်တော့်အားပေးထားသော စာအုပ်ဆီသို့ ဒေါ်ရည်မွန်မျက်လုံးရောက်သွားပါလေ၏။ စာအုပ်ကို ဒေါ်ရည်မွန်ကောက်ကိုင်သော မျက်နှာဖုံးကို ကြည့်လိုက်ပေသည်။

"ဒီစာရေးဆရာကို မမမွန်ဖတ်ဖူးတယ် ကိုယ့်မောင် ... ဒီစာအုပ်ကော ဘယ်နှယ့်နေလဲ ... ကောင်းရဲ့လား"

"မပြောတတ်ဘူး မမမွန် ... အဲဒါ မိနိုင်ရဲ့စာအုပ်ပါ"

"ကိုယ့်မောင် ဖတ်မလို့လား"

"ဖတ်ချင်စိတ်မရှိလှပါဘူး မမမွန်"

"ဒါဖြင့် မမမွန် ခဏငှားကွယ် ... မမမွန်က စာမဖတ်ပဲ အိပ်မရတတ်ဘူး ပြီးရင် ပြန်ပေးမယ်ပေါ့"

"ယူသွားပေါ့ မမမွန်"

ဒေါ်ရည်မွန်သည် စာအုပ်ကို ဂျိုင်းကြားသို့ ညှပ်လိုက်ပေသည်။ ထိုနောက် ကျွန်တော့်အား ကြင်နာသော အကြည့်ဖြင့် ကြည့်လိုက်ပြန်တော့သည်။

"တကယ်တော့ ကိုယ့်မောင်ဟာ သဘောကောင်းတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါပဲနော် ... မမမွန် ကိုယ့်မောင်ကို သဘောကျမိတယ် ... ဒါကြောင့်လဲ ကိုယ့်မောင် စိတ်ညစ်နေတာ မျိုးမကြည့်ရက်ဘူး ပျော်ပျော်နေလိုက်ပါ ကိုယ့်မောင်"

ကျွန်တော်က ပြုံးလိုက်မိသည်။ လောလောဆယ် အခိုက်အတန့်တွင် မိနိုင်အတွက် ကျွန်တော်စိတ်မကောင်းမိသည်မှာ အမှန်ဖြစ်သော်လည်း သွေးမတော်၊ သားမတော် ဘာမှမတော်သော မိနိုင်အားမကြာမီ မေ့သွားနိုင်မည်ဟု ကျွန်တော့်ဘာသာ ယုံကြည်မိသည်။

"ဒါထက် မိမိနိုင်ရဲ့ ဆွေမျိုးတွေ ဘာတွေကိုကော ကိုယ့်မောင်သိသလား ... မမမွန်ဆိုလိုတာက အကြောင်းကြားသင့်တဲ့ လူဆီ အကြောင်းကြားနိုင်အောင်ပါ"

ကျွန်တော်က ခေါင်းခါပြရပြန်ပါသည်။

"အေးပေါ့လေ ... ကျုန်တဲ့အပိုင်းတွေကို ရဲတပ်ဖွဲ့က ဆက်ပြီး ဆောင်ရွက်ရတော့မှာပေါ့ ... ဒီသူငယ်မဟာ ဘယ်သူ့သမီးလဲ၊ ဘယ်မှာနေလဲ၊ စသည်ဖြင့်တွေပေါ့လေ"

သူမဘာသာ ညည်းညူသလိုပြောရင်း ဒေါ်ရည်မွန်သည် စာအုပ်ဂျိုင်းညှပ်ကာ ကျွန်တော့်အခန်းမှ ထွက်ခွာသွားလေတော့သည်။

ခါးသော်လည်း ကော်ဖီတစ်ခွက်ကိုမူ ကျွန်တော် ကုန်အောင်သောက်လိုက်သည်။ စောစောက မသောက်ဖြစ်သေးသော စီးကရက်သည် ကော်ဖီသောက်ပြီးသောအခါ၌ ခါးတွင်းတောင်းလာပြန်သည်။ ဒုတိယအကြိမ် စီးကရက်ဘူးကို ကုတ်အင်္ကျီ



[illegible]တ်ထဲသို့ နှိုက်ခါ ရှာကြည့်မိပြန်သည်။

ဒုတိယအကြိမ် တွေ့ရပြန်လေပြီ။

မိနိုင်၏အခန်းသော့ကို ကုတ်အင်္ကျီအိတ်ထဲ၌ စမ်းမိ[illegible]ပြန်သည်။ ကင်မရာအယ့်ခိုင်းစဉ်အခါက ကျွန်တော့်အား မိနိုင်ပေး[illegible]ားသော သော့ချောင်းပေတည်း။

သော့ချောင်းကိုတွေ့ရသောအခါ၌ မိနိုင်၏အခန်းသို့ [illegible]န်တော်ဝင်ရောက်ကြည့်ရှုလိုစိတ်ပေါက်လာသည်။ ကျွန်တော် [illegible] စတွေ့သည်မှအပ ဆုံးသွားသည်အထိ အမူအရာများ ထူးခြား[illegible]သော မိနိုင်၏ အခန်းထဲဝယ် ထူးခြားသော ပစ္စည်းတစ်ခုခုကို [illegible]ွေ့ရလိမ့်မည်ဟု ကျွန်တော်မျှော်လင့်မိသည်။

ကျွန်တော်သည် အပြင်သို့ထွက်လာကာ ဗိုလ်တဲ [illegible]းဆီသို့ လှမ်းကြည့်လိုက်သည်။ မည်သူတစ်ဦးတလေကမျှ [illegible]န်တော်ရှိရာအဆောက်အဦဆီသို့ အာရုံမထားမှန်းသေချာလျှ [illegible] မိနိုင်အခန်းသော့ကိုဖွင့်ကာ အထဲသို့ ဝင်ရောက်ကြည့်ရှုတော့[illegible]ည်။

လေမှန်တိုင်းတစ်ခုသည် မိနိုင်၏အခန်းအား ဝင်[illegible]ာက်တိုက်ခိုက်သွားလေသလား အောက်မေ့ရ၏။ ပစ္စည်းအား[illegible]သည် ဖရိုဖရဲနိုင်လှသည်။ မနေ့ညက ဝတ်ခဲ့သော ညဝတ်အင်္ကျီ[illegible]သည် ကုလားထိုင်ပေါ်၌ အလွှားလိုက်ရှိနေသည်။ သေတ္တာထဲ[illegible]ဝတ်အစားတို့သည် ခုတင်ထက်ဝယ် ပလူပျံနေသည်။ သူမ၏ [illegible]ပြင် ကိရိယာတန်ဆာပလာတို့မှာ ဟိုတစ်ခုဒီတစ်ခု ရှိနေ၏။ [illegible]င်မရာသည်လည်း ကြမ်းပေါ်၌ ပိုးလိုးပက်လက်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အခန်းအနံ့နှင့် ပစ္စည်းအနံ့ကိုကြည့် မိသည်။ ထိုပစ္စည်းများထဲ၌ ထူးထူးခြားခြား ဖြစ်နေသော ပစ္စည်း တစ်ခုတလေမျှ မတွေ့ရပေ။ ထူးခြားချက်တစ်ခုမှာ ဤအခန်းထဲ သို့ တစ်စုံတစ်ဦးသည် ကျွန်တော့်ထက် စောစီးစွာ ဝင်ရောက်မွှေ နှောက်ခဲ့ခြင်းမှာ သေချာသော အချက်ပင် ဖြစ်ပါလေတော့သည်။

အခြေအနေမပျက် နဂိုအတိုင်းပင်ထားခဲ့ကာ ကျွန် တော်သည် မိခိုင်အခန်းတံခါးကို ပြန်ပိတ်ပြီး ကျွန်တော့်အခန်းသို့ ပြန်လာခဲ့သည်။

ကျွန်တော့်စိတ်ဝယ် မိခိုင်နှင့်ပတ်သက်ပြီး မတင်မ ကျတွေ ဖြစ်ရသည်။ သံသယတွေ ဖြစ်ရသည်။ ပထမသံသယဖြစ်မိ သူမှာ ဒေါ်ရည်မွန်ကိုဖြစ်သည်။ သို့သော် ယခုအချိန်ဝယ် ဒေါ်ရည် မွန်အား ကျွန်တော် သံသယ မဖြစ်ပြန်တော့ ...

ယခု ကျွန်တော်သံသယဖြစ်နေသူမှာ 'ကိုသူရ' ပင် ဖြစ်ပါလေ၏။ ကိုသူရ၏ အပြောအဆို အစူးအစမ်းနှင့် အမူအရာ တို့သည် ကျွန်တော့်အမြင်ဝယ် တမူထူးနေသည်ဟု ထင်မိပါတော့ သည်။

⌘



## အခန်း (၉)

သွေးရိုးသားရိုးဖြင့် မတော်တဆပင်ဖြစ်သည်ဆိုစေ ဦးတော့၊ အထိအခိုက်ရရှိပြီး သေဆုံးလာပါလျှင် အရေးပိုင်သူမှာ ရဲတပ်ဖွဲ့ပင် ဖြစ်ပေတော့သည်။

မိခိုင်သေဆုံးရသောနေ့၏ ညနေဘက်မှာပင် မြစ် သားမှရဲတပ်ဖွဲ့တို့ ရောက်ရှိလာကြသည်။

အစစ်အဆေးအမေးအမြန်းတို့ကို သက်ဆိုင်သူအား သုံး ပြောကြရသည်။ အများဆုံးအစစ်အဆေးခံရသူမှာ ကျွန်တော် ပင်ဖြစ်လေသည်။ ကျွန်တော်က မနက်လေးမှ မိခိုင်လိုက်လာပုံမှစ၍ သိမ့်ကျသေဆုံးသည်အထိ ကျွန်တော်ဖြေဆိုပေသည်။

သို့သော် ...

မိခိုင်တစ်ယောက် အထိတ်တလန့်ဖြစ်ခဲ့ရပုံနှင့်ညနေ က မိခိုင်အခန်းကိုလူကပ်ပုံတို့ကိုမူ ကျွန်တော်သည် အမှုအခွန့်ရှည် ညည်စိုး၍ ဖော်ထုတ်မပြောပေ။ ထို့နောက် မိခိုင် ကင်မရာယူခိုင်း

www.burmeseclassic.com

www.burmeseclassic.com



စဥ်က ကျွန်တော့်ကို ပေးအပ်ခဲ့သည့် အခန်းသော့ကို ရဲတပ်ဖွဲ့လက်သို့ အပ်လိုက်ပေသည်။

မိနိုင်၏အလောင်းကို မြစ်သားဆေးရုံမှ သူနာပြုကားဖြင့် သယ်သွားသည်ကို ဝမ်းနည်းစွာ ကျွန်တော်မြင်တွေ့ရပါလေ၏။

နောက်တစ်နေ့နံနက်ဝယ် အားလုံးသောလေ့လာရေး အဖွဲ့တို့သည် ပြန်ကြရန် ပြင်ဆင်လေတော့သည်။ ကျွန်တော်လည်း ကျွန်တော်၏ပစ္စည်းမှန်သမျှကို သိမ်းရ၏။

ခေါင်းအုံးအောက်တွင် ထိုးထားခဲ့သော မိနိုင်၏ (Sunburn Cream) ဘူးကလေးကိုလည်း ကျွန်တော် သိမ်းယူလာခဲ့သည်။

ကျွန်တော်၏ ပါးဖားဒင်းလက်ဆွဲအိတ်ကို ကားပေါ်သို့ပစ်တင်လိုက်စဥ်မှာပင် ဒေါ်ရည်မွန်နှင့်ကိုသူရတို့သည် ကျွန်တော့်ဆီသို့ ရောက်လာကြသည်။ ကိုသူရလက်ထဲဝယ် ကျွန်တော်၏ လက်ဆွဲအိတ်မှင့် ဆင်တူသောလက်အိတ်တစ်အိတ်ကို ဆွဲကိုင်လျက်ရှိသည် ဒေါ်ရည်မွန်လက်မှ အိတ်ကမူလေယာဥ်အိတ်ဖြစ်ပေ၏။

"မမွန်တို့ ကိုယ့်မောင်ကို အပူကပ်မလို့ကွဲ့"

"ဘာများပါလိမ့် မမွန်"

"မမွန်လာတုန်းက အငှားဂျစ်ကားကို ခုနစ်ဆယ့်ငါးကျပ်နဲ့ပေးငှားလာခဲ့တယ် ... အခု အပြန်ကျတော့ ကိုယ့်မောင်ကားနဲ့ လိုက်ချင်လို့ပါ"

"ရပါတယ် မမွန် ... ကျွန်တော့်ကားမှာ ကျွန်တော်တစ်



ယောက်တည်းပဲဟာ"

ကိုသူရကလည်း ပြောလာပြန်သည်။

"ကျုပ်လည်း လေ့လာရေးကားနဲ့ လူပြွတ်သိပ်နေလို့ ကိုဖော်မြင့်ဝင်းကို အပူကပ်မယ်ဆိုပြီး ဒေါ်ရည်မွန်နဲ့တိုင်ပင်လာခဲ့တာပဲဗျို့"

"အား ... ရပါတယ်ကိုသူရ လမ်းမှာ စကားပြောဖော်တောင် ရသေးတာပေါ့ဗျာ ... ပြီးတော့ ဟိုစကားပုံရှိတယ် မဟုတ်လား၊ သုံးယောက်ပေါင်းရင် လောင်းကျော်သတဲ့လေ"

သူတို့က ရယ်ရယ်မောမောနှင့်ပင် သူတို့၏ လက်ဆွဲများကို ပစ်တင်ကာ ကျွန်တော်၏ကားပေါ်သို့ တက်လာကြရှေ့ခန်းတွင်ကိုသူရက ကျွန်တော်နှင့်အတူထိုင်ပြီးနောက်အပျိုဟိုင်းကြီး ဒေါ်ရည်မွန်က ထိုင်ပေသည်။

ကျွန်တော်သည် မိနိုင်၏နားစက်ခေါင်းကျရာ ကင်းမြေမှ မန္တလေးဘက်သို့ မော်တော်ကားကို ဦးတည်ကာ စက်ပါတော့သည်။

ဒ္ဒ

www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း [ ၂ ]

www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးဝယ်"

## အခန်း (၁၀)

"ဟောတော့ ... တိုက်မိမယ်ကိုယ့်မောင် ... တိုက်မိမယ်"

ဒေါ်ရည်မွန်၏ အာမေဋိတ်သံအဆုံးတွင် ကျွန်တော်သည်မော်တော်ကားအား ဘရိတ်နင်းပြီး ရပ်ပြီးသားဖြစ်နေပါတော့သည်။

ကျွန်တော်၏မော်တော်ကားထိပ်ဝယ် ဆင်မည်းကြီးတစ်ကောင်သည် မားမားကြီးရပ်လျှက် ရှိပေသည်။ အစွယ်မှအမြီး တိုင်အောင်အချိုးကျလှပလေသော ဆင်ကြီးတစ်ကောင်ဖြစ်ပါ၏။ ဆင်ကြီး၏နောက်ဝယ်လူရွယ်ဆယ့်လေးငါးယောက်ခန့်ရှိပေသည်။ သူတို့၏လက်ထဲတွင် အိုးစည်ဗုံမောင်းနှင့် ဝါးလက်ခုတ်များရှိကြသည်။

"သူတို့သည် "မလေးလက်ခတ်သံ" သီချင်းကိုတီးမှုတ်နေရာ ဆိုင်းချက်နှင့်အညီ ဆင်ကြီးသည်ကြွကြွရွရွက



လျှက်ရှိပေသည်။ ဆင်ကြီးသည်နားရွက်ဖားကြီး နှစ်ဘက်နှင့် ဦးခေါင်းကိုရမ်းကာခါကာ ဘယ်ညာယိမ်းနွဲ့ပြီးလည်း က,သည်။ ရှေ့တိုးနောက်ဆုတ်နှင့် ခြေအကြွ မြေအချတို့တွင်လည်း ဆိုင်းချက်နှင့်အညီ က,ပြသည်။

"ဟယ် ... တကယ်လှလိုက်တာ ကိုယ့်မောင်ရယ်၊ အမှတ်တမဲ့တော့ မမမွန်က တကဲ့ဆင်ကြီးတောင် အောက်မေ့လို့လန့်သွားတာ ... ဆင်ရုပ်ချိုးထားသွာ တကယ်အချိုးကျတယ်ကွဲ့နော်"

"အံမယ် ... ဆင်ကြီးနာမည်က 'မုန်တိုင်း' ဆိုပါလား ... ပေးထားတဲ့နာမည်နဲ့ ကပာန်ကကြိုး အကြမ်းအရမ်းကတော့ လိုက်ဖက်မှပေ့ဗျာ"

ဟု ကိုသူရကလည်း ဝင်၍ထောပနာ ပြုသေးသည်။

မှန်ပါ၏။ ဆင်ရုပ်ချိုးရာတွင် မြန်မာတစ်ပြည်လုံး၌ကျော်ကြားသူကျော်ကြားသားကို မည်သူတစ်ဦးကမျှ မှီအံ့မဆင်မိပေ။ ဆင်၏ဦးခေါင်းသည် အသက်ဝင်လှုပ်ရှားစေရမည်။ ဆင်၏ကိုယ်ခန္ဓာသည် ဦးခေါင်းကြီးမားသည့်နှင့် လိုက်ဖက်သော အရွယ်အစားရှိရမည်။ မည်မျှကြီးသောဆင်ဖြစ်စေကာမူ ရှေ့တွင် လူတစ်ယောက် နောက်တွင်လူတစ်ယောက်ဝင်၍ လူနှစ်ယောက် က,ခြင်းဖြင့် ထိုဆင်ကြီးကိုယ်တိုင် က,နေသလားအောက်မေ့ရမည်။ အထဲတွင် ဝင်ရောက် က,ပြနေသော လူနှစ်ဦးကို ပရိသတ်က မြင်ဆို၍မျှမမြင်ရပေ။ သူတို့သည် ဝါးနှင့်ချိုးထားသောဆင်၏ ဝမ်းခေါင်းထဲ၌ ပျောက်ကွယ်နေကြသည်။ ရှေ့လူ၏ ခြေနှစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ဆေးမည်း (သို့မဟုတ် အဖြူ) ဆိုးထားသော မာလကျင်ဝိ
တဲတွင် (ရှမ်းဘောင်းဘီ ဝတ်ထားသကဲ့သို့) ဝင်ရောက်ခါ ဆင်
၏ရှေ့ခြေနှစ်ချောင်း ဖြစ်နေသည်။ နောက်လူမှာလည်း ယင်းသ
အတိုင်းပင် ဆင်ကြီး၏နောက်ခြေနှစ်ချောင်း ဖြစ်နေရ၏။ ဆင်
ဦးခေါင်းမှာ အပေါက်စွပ် အရှင်ဖြစ်သည်။ နားသည့်အခါတွင် ဆင်
ဦးခေါင်းကို ခန္ဓာကိုယ်မှ ခွဲ၍ ချွတ်ထားနိုင်သည်။ ဦးခေါင်းအရှင်
သောကြောင့်လည်း ဆိုင်းချက်နှင့်အညီ ဘယ်ညာသို့ ဦးခေါင်းယ
နွဲ့နိုင်သည်။ နားရွက်ဖားကြီးနှစ်ဖက် ဗတ်လတ်ဗတ်လတ်နှင့် မြ
သူတွင် တကယ့်ဆင်ကြီးပမာ အသဲယား ရင်ဖိုစေနိုင်သည်။ ဆင်
ခေါင်းထဲ၌ ဝင်ရသောလူနှစ်ဦး အကကောင်းလျှင် ကောင်း
လောက် ဆင်၏လှုပ်ရှားမှု (အက)သည်အသက်ဝင်သည်။ ကြည့်
ကောင်းတတ်သည်။

အဲ ... အထဲ၌ဝင်၍ ကရသော ပုဂ္ဂိုလ်နှစ်ဦးများ
ယေဘုယျအားဖြင့် အသောက်သမားများဖြစ်ကြသည်။ မသော
၍လည်းမဖြစ် မြို့ပတ်လည် လိုက်လံ ကပြလေသောကြောင့် ၎
ဆင်ဝမ်းခေါင်းထဲ၌ မွန်းအိုက်၍၎င်း၊ အလွန်ပင်ပန်းသော အလု
ဖြစ်သည်။ ထို့ပြင် အထဲက လူနှစ်ယောက် ရေချိန်ကိုက်လေ ဆ
ကြီးအက, ကြမ်းလေမို့လည်း ရေချိန်ကိုက်လေ ကြည့်ကောင်းလေ
ဖြစ်နေတတ်သည်။ သို့သော် သူတို့အချင်းချင်း တစ်ဦးကိုတစ်
ပြန်ထိန်းပေးတတ်ကြသည့် အကျင့်ကလေးရှိ၍ ပိုးစိုးပက်စက် သ
မဖြစ်တတ်ပေ။ ဒါပေမဲ့ ဆင်ပွဲနေ့ (သီတင်းကျွတ်လပြည့်မတိုင်
တစ်ရက် အဖိတ်နေ့)မျိုးတွင် မြို့ပေါ်ရှိ အရက်မှန်သမျှသည် ကု



တတ်သည်။ သို့မဟုတ် အချိန်ကန့်သတ်၍ ရောင်းချပေးရတတ်
သည်။

"ကိုယ့်မောင် ... မမမွန် အောက်ဆင်းချင်တယ်"

ဒေါ်ရည်မွန်သည် ဆင်ကြီး၏တယိမ်းနွဲ့နွဲ့ ကနေ
ဘတည်းကပင် ကင်မရာတပြင်ပြင် ဖြစ်နေရှာသည်။ ကျွန်တော်၏
ဘားက ရကိုဒါတံခါးနှစ်ပေါက်မို့ နောက်လူဆင်းလိုလျှင် ရှေ့ကလူရှင်
အနည်းငယ် ခေါက်ပေးရသည်။ သို့မှသာ နောက်လူဆင်းနိုင်ပေ
သည်။

"လာ ... လာ ကျွန်တော့်ဘက်ကဆင်း ဒေါ်ရည်မွန်"

ကိုသူရကပင် တံခါးဖွင့်ကာ အောက်ဆင်းပေးလိုက်
သည်။ ကိုသူရထိုင်သည့်ဘက်မှ ဒေါ်ရည်မွန်ဆင်းကာ တဖြတ်ဖြတ်
နှင့် ဆင်ကြီးကို ၎င်း၊ ဆင်အဖွဲ့ကို၎င်း ဓာတ်ပုံရိုက်ယူပါတော့သည်။
အမျိုးသမီးတစ်ဦး ဓာတ်ပုံရိုက်ယူနေသည်မို့ ဆင်အဖွဲ့သည်ပို၍ တီး
သည်။ ဆင်ကြီးသည် ပို၍ က,သည်။ ပြီးလျှင် ဒေါ်ရည်မွန်ထံသို့
ဆင်အဖွဲ့မှတစ်ဦးသည် ငွေဖလားကြီးနှင့် တဖျမ်းဖျမ်း အကြွေများ
ကို ခေါက်ပြလိုက်သည်။

ဒေါ်ရည်မွန်သည် သူမလက်ပွေ့အိတ်ကိုဖွင့်ကာ တ
ဆယ်တန်တစ်ရွက် ထည့်လိုက်သည်ကို ကျွန်တော်တွေ့ရသော
ကြောင့် ပြုံးရသေးသည်။

ငွေတစ်ဆယ်ကြီးများတောင် အလှူခံ၍ ရသွား
သော ဆင်အဖွဲ့ထဲမှ တစ်ယောက်သည် မျက်နှာပီတိအပြည့်ဖြင့်
လမ်းလယ်၌ ပိတ်ရပ်ခါ မြူးချင်တိုင်း မြူးနေသည့်ဆင်ကြီး၏နှာ

www.burmeseclassic.com

www.burmeseclassic.com



မောင်းကို ဆွဲပြီး မော်တော်ကားသွားနိုင်ရန် လမ်းဖယ်ပေးလို
သည်။

ဒေါ်ရည်မွန် ပြန်ရောက်လာမှ ကျွန်တော်ကားစ
နိုးပြီး ထွက်လာခဲ့ရသည်။ တောင်မှမြောက်သို့ ကျောက်ဆည်အ
ပေါက်တောဂိတ်တွင် ပထမဆုံးတွေ့ရသော ဆင်ပေတည်း။

"မမွန် ဘယ်လောက်အလှူငွေ ထည့်လိုက်သလဲ"

"တစ်ဆယ်တဲ့ပါ ကိုယ့်မောင်"

"ဒါဖြင့် နောက်ထပ် ဆယ်တန်လေးငါးရွက်လောက် အသ
ထုတ်ထားပေးပါဦး မမွန်"

"ဟဲ့ ... ကွယ် ... ဘာပြုလို့လဲ"

"ရှေ့မှာ အဲဒီလို လမ်းပိတ်အလှူခံမယ့် ဆင်လေးငါးကော
ထက်မနည်း တွေ့ရဦးမှာမို့ပါ"

"ဆင်တွေက ပေါလှချည့်လား ကိုယ့်မောင်"

"သီတင်းကျွတ်တော့မယ်လေ မမွန်၊ သီတင်းမကျွတ်
ကတည်းက ကျောက်ဆည်မှာ အခုလိုဆင်ပွဲ အစပျိုးတ
တာပဲ"

ကျွန်တော်၏ စကားမဆုံးမီပင် နောက်ထပ်ဆ
တစ်ကောင် တွေ့ရပြန်သည်။ ကံဦးရပ်တံတားဦးကားဂိတ်တွင် ဖြ
၏။ သို့သော် ထိုဆင်တွင် ဦးခေါင်းပြုတ်နေသည်။ ဆင်အဖွဲ့သ
လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စားသောက်နေကြ
ထို့ကြောင့် ခရီးသွားကားများ လမ်းပိတ်အလှူခံခြင်းမှ သက်
သွားရသည်။



ပြည်လုံးနိုင်ရပ်ကွက်၌ နောက်ထပ် ဆင်တစ်ကောင်
ကျောက်ဆည်အထွက် ကြက်မင်းတွန်ဂိတ်တွင် နောက်ထပ်ဆင်
တစ်ကောင် တွေ့ရပြန်သည်။ ထုံးစံအတိုင်းလမ်းပိတ်၍ က,ပြကြ
သည်။

ဒေါ်ရည်မွန် ငွေနှစ်ဆယ် ကျွတ်သွား၏။ ခါတိုင်း
င် ဆင်း၍ မရိုက်ရှာတော့ပေ။

ကျောက်ဆည် လွန်လေသောအခါ ဆင်များတစ်
ကောင်တစ်မြီးမှ မရှိတော့ပေ။ ကျွန်တော်သည် ကားကို လီဗာတင်
၍ ဖိမောင်းလာခဲ့သည်။

"ပြောပြဦးကိုယ့်မောင် ... ကိုယ့်မောင်က စာရေးဆရာဆို
တော့ အလေ့အလာများတယ် မဟုတ်လား"

"ဘာကိုလဲ မမွန်"

"ခုနက ဆင်ကြီးတွေအကြောင်းပေါ့ကွယ်၊ မြန်မာတပြည်လုံး
မှာ ဒီကျောက်ဆည်တစ်မြို့ထဲ ထူးထူးခြားခြားဖြစ်နေတဲ့
ဆင်ပွဲအကြောင်းကိုပေါ့ ကိုယ့်မောင်"

ကျွန်တော့်မှာ တွေတွေဝေဝေ ဖြစ်သွားရသည်။

အကယ်၍ဒေါ်ရည်မွန်၏ ယခုမေးလိုက်သော မေး
သည်ဒေါ်ရည်မွန် မဟုတ်ပဲ မိခိုင်သာဆိုပါက ကျွန်တော်သည်
ခွန်းမည်မျှရှင်လေမည်နည်း။ မိခိုင်အား ကျွန်တော်သည်လယ်
ကိုးခရိုင် ကျောက်ဆည်နယ်အကြောင်းပြောပြမည်ဟု ကတိ
ခဲ့ဖူးသည်။ သူ့ခမြာကိုးခရိုင်ကျောက်ဆည်နယ်အကြောင်းကို
င်ထောင်မသွားရရှာပေ။ ယခုလို ဆင်ရုပ်ကြီးတွေ အလှအပ

www.burmeseclassic.com

www.burmeseclassic.com



က၊ပြသည်ကို မိနိုင်တစ်ယောက်မြင်ရလေလျှင် ကျွန်တော့်အ
ကလေးသူငယ်တစ်ဦးကို မေးမြန်းပြန်လေမည်မှာမလွဲ။ ကျွန်ေ
တို့ ကင်းတားသွားစဉ်က ကျောက်ဆည်ကိုအဖြတ်တွင် ဆည်း
ဖြစ်နေသည်။ ဆင်ကြီးများနားနေချိန်မို့ တစ်ကောင်တစ
မတွေ့လိုက်ရ။ ယခုမူ နေ့ပိုင်းမို့ ဆင်ကြီးများကိုတွေ့ရသ
ဒေါ်ရည်မွန်က တအံ့တသြရာဇဝင်ကြောင်း ပြောခိုင်းနေပြန်သ
စိတ်မပါစေကာမူ ကျွန်တော်သိသမျှ ပြောပြရန် တာဝန်ရှိ
ဒေါ်ရည်မွန်သည် လေ့လာရေးဝါသနာကြီးသူ အပျိုဟိုင်း
မဟုတ်ပါလား။

ကျွန်တော်သည် ကားကိုအရှိန်လျှော့ကာ ရပ်
သည်။

"ကဲ ... ဟောဟိုနောက်က ကျွန်တော်လက်ညှိုးထိုး
တောင်ကို ပြန်ကြည့် မမမွန်"

"အေး ... တွေ့တယ် ကိုယ့်မောင် ဟိုတောင်ထိပ်မှ
စေတီတစ်ဆူနဲ့ အောက်နားကျကျမှာ စေတီဖွေးဖွေးတ
တွေ့တယ်"

"အဲဒီစေတီဖွေးဖွေးဟာလည်း 'ဆင်ခံတောင်စေတီ' ပ
တယ် မမမွန်"

ကိုသူရလည်း ကျွန်တော်ညွှန်ပြရာသို့ လိုက်
ရှုပေသည်။ သူတို့နှစ်ဦးလုံးသည် ကျွန်တော်၏ စကားကို
စားပုံလည်း ရပေ၏။

"အနော်ရထာမင်းဟာ ကျောက်ဆည်နယ်အတွင်းမှ



မြောင်းတွေဖောက်တယ်၊ အောင်လည်းအောင်မြင်တယ်၊ အဲဒီမှာတင် စွယ်တော်ပွားကို ဌာပနာပြီး ကျောက်ဆည်မှာ စေတီတစ်ဆူတည်ဖို့ ရည်သန်လာခဲ့တယ်၊ စေတီတည်ဖို့နေရာ ရွေးချယ်ပုံက သူရဲ့ဆင်မယာဉ်သာကို အမိဋ္ဌာန်နဲ့လွှတ်လိုက်တယ်၊ ဆင်မယာဉ်သာဟာ အခုကျွန်တော်ပြောတဲ့ စေတီဖွေးဖွေး ကျောက်ဆည်အရှေ့ဘက် ရွှေသာလျောင်းတောင်နားက 'ဆင်ခံတောင်' ပေါ်မှာဝပ်သတဲ့၊ ဒါကြောင့် အဲဒီမှာ 'ဆင်ခံတောင်စေတီ'ဆိုပြီး တည်ထားတယ်၊ အဲဒီဖွေးဖွေးစေတီဟာ ဆင်ခံတောင်စေတီပဲပေါ့ မမမွန် ..."

"နို့ ... ဟို ... တောင်ထိပ်ကရွှေစေတီကကော ကိုယ့်မောင်"

"မူရင်းကတော့ အသောကမင်းကြီး တည်ထားခဲ့တဲ့စေတီပဲ မမမွန်၊ ဒါပေမဲ့ အနော်ရထာဟာ ဆင်ခံတောင်စေတီနဲ့ တဆက်တည်း အသောကမင်းရဲ့ စေတီကိုငုံပြီး ဉာဏ်တော်ဆယ်တောင်မြင့်တဲ့ အဲဒီ 'ရွှေသာလျောင်း'စေတီကိုပဲ တည်လိုက်တယ် အဲဒီလို 'ဆင်ခံတောင်စေတီသစ်'ကို တည်ရင်း အသောကရဲ့ ရွှေသာလျောင်းစေတီကို ဉာဏ်တော်မြှင့်ပြီး ပူပြင်ရင်းနဲ့ အနော်ရထာဟာ တောင်ခြေမှာ သုံးဦးသုံးမိုး ယာယီနန်းစံသတဲ့"

"တကယ်တော့ ကိုဇော်မြင့်ဝင်းဟာ သိပ်ဗဟုသုတကြွယ်တဲ့လူပဲဗျနော် ... စာရေးဆရာဆိုတာ အဲဒီလိုလေ့လာလို့ စာရေးဆရာဖြစ်တာပဲ ထင်ပါရဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုသူရ၏ ချီးမွမ်းချက်ကို ကျွန်တော်သည် ပြုံး၍ အသိအမှတ်ပြုလိုက်မိပါသည်။

"ကျွန်တော့်ကိုချီးကျူးတဲ့အတွက် ကိုသူရကို ကျွန်တော် ကျေးဇူးတင်ပါတယ် ကိုသူရ ... လေ့လာရှာမှီးတာရယ် ... ရှာမှီးတွေ့ရှိသမျှကို စကားလုံးနဲ့တင်ပြတာရယ်ဟာ ကျွန် တော့် အသက်မွေးဝမ်းကျောင်းလည်း ဖြစ်နေပေသကိုးဗျ"

"နားလည်တယ်ကိုယ့်မောင် ... မမမွန် နားလည်ပါတယ်၊ အဲဒီဟာတွေနဲ့ စောစောက ဆင်ရုပ်ကြီးတွေ ပတ်သက်လာ တာကို ဆက်ပြောပြပါဦးလား ကိုယ့်မောင်"

ကျွန်တော်က စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာ ပြီးမှ ဆက်၍ ကျွန်တော်သိသမျှကို ပြောပြရလေတော့သည်။

"အနော်ရထာဆိုတာက ဘုန်းနှ လက်ရုံးပြည့်စုံတဲ့ မင်းတစ်ပါး ပါပဲ မမမွန်၊ တခေတ်မှာတစ်ယောက်ထွန်းကားရတဲ့ ဘုရင် မျိုးပဲ အနော်ရထာရဲ့ ဘုန်းဆိုတာက အကြံအစည်ပဲပေါ့၊ အနော်ရထာရဲ့လက်ရုံးဆိုတာက အကြံအစည်အတိုင်း လက်တွေ့အကောင်အထည်ဖော်မှုလို့ ကျွန်တော်ယူဆ တယ်၊ ကျောက်ဆည်နယ်တဝိုက်မှာ စိုက်ပျိုးနိုင်ဖို့ အနော် ရထာဟာ ဆည်တွေဖောက်ဖို့အကြံပြုတယ်၊ အကြံပြုတဲ့ အတိုင်းလဲ အောင်မြင်အောင် ဖောက်လုပ်နိုင်တယ်၊ ဒါကြောင့် ဆည်ရေသောက်ပြီး သီးနှံတွေကို အခါမလပ် သီး ထပ်သီးညှပ်တွေ စိုက်ပျိုးနိုင်စွမ်း ရှိလာတဲ့ ပြည်သူဟာ အနော်ရထာကို ပစ်ကြည်ညိုလာတာ ဓမ္မတာဘဲ"



"ဟုတ်ပါတယ် ကိုယ့်မောင် ... စောစောက ဆင်ရုပ်ကြီး တွေအကြောင်းကို ပြောပြစမ်းပါဦး"

"စေတီတော်တွေတည်ရင်းနဲ့ အနော်ရထာက မိန့်မြွက်သတဲ့ မမမွန် ... ငါတူးဖော်သည့် မြောင်းရေသောက်သူတို့သည် ငါကည်သောဘုရားကို ဆင်ဖြူ–ဆင်နီဖြင့် လှူကြရမည်လို့ မိန့်မှတ်တော်မူသတဲ့ ... အဲဒီ အနော်ရထာမင်းကြီး၏ မိန့် မြွက်ချက်အရ သီးတင်းကျွတ်လပြည့်မတိုင်မီ အဖိတ်နေ့ ရက်မှာ ဆည်ရေသောက်ရွာတွေက ဆင်လှူပွဲ ပွဲတော်ကျင်း ပရာက ခုနမမမွန် တကောင်တဆယ်လှူခဲ့တဲ့ ဆင်လှူပွဲ ဖြစ်လာရတာဘဲ မမမွန်"

"ဩော် ... ဩော် ... ဒါကြောင့် ကျောက်ဆည် ဆင်ပွဲဆိုတာ ဖြစ်လာရတာကိုး အင်း ... ကိုယ့်မောင်ရှင်းပြမှ သဘော ပေါက်ရတာဘဲ ကုန်ပလေ့စေ ... ဆင်သုံးကောင်ကို ငွေ သုံးဆယ် မမမွန်ရတဲ့ ဗဟုသုတက သုံးဆယ် မကပါဘူးကွယ် နို့ ... အဲဒီဆင်ရုပ်တွေကို အားလုံးပဲ ဘုရားလှူကြတာပဲ လား ကိုယ့်မောင် ဘုရားရင်ပြင်တော်မှာ ဘယ်ဆန့်ပါ့မလဲ ဆင်တစ်ကောင်ဆို မနဲမနော်ကြီးနေတဲ့ ဥစ္စာ"

"ရှေးခေတ် မြန်မာဘုရင်လက်ထက်တုန်းကတော့ ဘုရားမှာ ဆင်လှူပြီး တောင်ပေါ်ကနေ ဆင်ရုပ်ကြီးတွေကို ပစ်ချ လေ့ရှိတယ်လို့ဆိုတယ် မမမွန် ... ဒါပေမဲ့ အခုခေတ်မှာ တော့ ဒီလိုမဟုတ်ပါဘူး၊ သီတင်းကျွတ် လပြည့်ရဲ့ အဖိတ် နေ့ ဆင်လှူပွဲမရောက်ခင် တစ်လကျော်လောက်ကတည်း

www.burmeseclassic.com

www.burmeseclassic.com



က ဆင်ရုပ်တွေချိုး၊အလှူခံထွက်ကြနဲ့ ဆင်လှူပွဲရက်လဲ
ပြီးရော၊ ဆင်ကြီးတွေလည်း ပျက်စီးကြရော ဖြစ်တယ်လေ
ကြားဘူးတာပဲ မမမွန် ... ဒါမမဟုတ်လည်း ကျေးလက်
တောရွာတွေကို ဆင်လှူပွဲပြီးတဲ့နေ့မှာပဲ ပြန်ရောင်းပစ်တဲ့
သူက ရောင်းကြသတဲ့"

ကျွန်တော်၏ စီးကရက်တစ်လိပ်ကုန်ဆုံးသွားနိုင်
မှာပင် ကျောက်ဆည်ဆင်လှူပွဲကိစ္စကို ကျွန်တော်လေ့လာထား
သမျှ ဒေါ်ရည်မွန်နှင့် ကိုသူရအား ရှင်းပြပြီးခဲ့လေပြီ။

ကျွန်တော်တို့အားလုံး နေရာပြန်ယူကြကာမန္တလေး
ဘက်သို့ ဆက်လက်မောင်းလာခဲ့ကြပြန်သည်။ စဉ့်ကိုင်ကို ဖြတ်
သည်။

ပုလိပ်ကိုဖြတ်ခဲ့သည်။ မြစ်ငယ်ကိုဖြတ်ခဲ့သည်။ ကျွန်
တော်တို့သုံးဦးသည် ကိုယ့်အတွေးနှင့်ကိုယ် စကားတစ်လုံးမျှ မ
မိကြပေ။ ကျောက်ဆည်မှ ထွက်လာခဲ့ပြီး တစ်နာရီမပြည့်မီ
မန္တလေးရှိ မန်းရိပ်ငြိမ်ဟိုတယ်ရှေ့သို့ ကျွန်တော်၏ကား ဆိုက်
မိလေသည်။

"ကျုပ်တော့ ဟိုတယ်မှာ မတည်းတော့ဘူးဗျာ ကင်း
က ဒီအထိမော်တော်ကားစီးခွင့်ပေးတဲ့ ကိုဇော်မြင့်ဝင်း
ကျေးဇူးတင်ပါတယ်"

ပြောပြောဆိုဆို ကိုသူရသည် သူ၏လက်ဆွဲအိတ်
လှမ်းယူရင်း ကားပေါ်မှ ဆင်းလိုက်ပေသည်။ ကိုသူရတော်
ဝေးဝေးရောက်လေမှ သူဆွဲယူသွားသော လက်ဆွဲအိတ်ကို မသ



လေသောကြောင့် ကားပေါ်တွင် ကျန်ရစ်ခဲ့သည့် လက်ဆွဲအိတ်ကို
ကျွန်တော် ဖစ်ဖွင့်ကြည့်လိုက်၏။ အထဲတွင် ကျွန်တော်ပိုင် ပစ္စည်း
မဟုတ်သော အဝတ်အစားတို့ကို တွေ့ရလေတော့သည်။ ကိုသူရ
၏ လက်ဆွဲအိတ်နှင့် ကျွန်တော်၏လက်ဆွဲအိတ်မှာ အဆင်တူ၊
အရွယ်တူဖြစ်နေသောကြောင့် အမှတ်တမဲ့ မှားနိုင်လောက်ပေ
သည်။

"ဗျို့ ကိုသူရ ... ကိုသူရ"

ကျွန်တော်လှမ်းအော်၏။ ကျွန်တော်၏အသံသည်
ကိုသူရကြားနိုင်လောက်ပါလျက် လှည့်မကြည့်ပေ။ ကိုသူရသည်
မြင်းလှည်းတစ်စီးပေါ်သို့တက်ရန် ပြင်ဆင်လျက်ရှိနေပေသည်။

"ဘာဖြစ်လို့လဲ ... ကိုယ့်မောင်"

ဒေါ်ရည်မွန်ကို ကျွန်တော်သည် ဘာမှမပြောပဲ ကား
ပေါ်မှ လက်ဆွဲအိတ်ကိုဆွဲယူကာ ကိုသူရထံသို့ ကမန်းကတန်း
ကျွန်တော်ပြေးလိုက်သွားရတော့သည်။ ကျွန်တော်၏ အလျင်အမြန်
အသွက်အလက်ကြောင့် မြင်းလှည်းမထွက်မီ ကျွန်တော် ကိုသူရ
အနီးသို့ ရောက်သွားပါလေသည်။

"ဟေး ... ကိုသူရ ... ခင်ဗျားယူသွားတာ ကျွန်တော့်အိတ်
ဗျ"

ကိုသူရက ပြုံးလိုက်ပြီး မထိတထိ ကျွန်တော့်အား
ပြန်မေးလိုက်ပြန်သည်။

"ဘာအထောက်အထားနဲ့ ပြောမလဲကိုဇော်မြင့်ဝင်း၊ ကျုပ်
ယူလာတာဟာ ကျုပ်အိတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လက်ထဲမှအိတ်ကို ဇစ်များဖြဲခနဲ ဆွဲ ဖွင့်ပြလိုက်သည်။ အထဲတွင် ဗရန်းသုံးကားထိုးသိပ်ထည့်ထားသော ကိုသူရ၏ အင်္ကျီ၊ ဘောင်းဘီအဝတ်ဟောင်းများ ပေါ်လာတော့၏။

"ကျွန်တော့်မှာ ဒီလောက်ညစ်ပတ်စုတ်ပွဲတဲ့ အဝတ်အစား တွေ ရှိမနေတတ်တာဟာ အထောက်အထားဘဲ ကိုသူရ ကဲ ... ရော့ ခင်ဗျားအိတ် ခင်ဗျားယူ"

သူ့ထံသို့ သူ့အိတ်ကို ပစ်ပေါက်ပေးလိုက်ပြီးနောက် သူ့လက်ထဲရှိ ကျွန်တော်၏အိတ်ကို ဇတ်ခနဲဆွဲယူလိုက်ပါတော့ သည်။ ယင်းသည့်အခါကျပြန်တော့လည်း ကိုသူရသည် ကျွန်တော် ၏အပြုအမူကို စိတ်မဆိုးပဲ အသာတကြည့်လွှတ်ပေးကာ ပြုံးပြလိုက် ပြန်သေးသည်။

"အေးဗျာ ... မှားတဲ့အခါလည်း မှားပေမပေါ့ ... အိတ်ချင်း ကလည်း ဆင်တူ့သွေးတူ ဖြစ်နေသကိုး ကိုဇော်မြင့်ဝင်းရဲ့ ကဲ ကျုပ်သွားနိုင်ပါပြီနော်"

ကျွန်တော်က ကိုသူရကို စိုက်ကြည့်နေမိသည်။ ဘာ မျှပြန်မပြောပေ။ ထိုစဉ်မှာပင် ကိုသူရ၏မြင်းလှည်းသည်မောင်း ထွက်သွားလေတော့သည်။ ကျွန်တော်မော်တော်ကားဆီသို့ ပြန် ရောက်လာသောအခါတွင် ဒေါ်ရည်မွန်သည်ကားထဲ၌ ရှိမနေတော့ ပေ။ မန်းရိပ်ငြိမ်ရှိ သူမ၏တည်းခိုခန်းဆီသို့ ထွက်သွားလေပြီ ထင် ပါသည်။

ကျွန်တော်၏ လက်ဆွဲအိတ်ကိုဆွဲကာ မန်းရိပ်ငြိမ် ထဲသို့ ကျွန်တော်ဝင်လာခဲ့သည်။ ကျွန်တော့်အားဟိုတယ်စာရေး



ပြုံး၍ စကားပြောလိုက်၏။ ဟိုတယ်စာရေး၏စကားသည် ကျွန်တော့်အတွက် ပဟေဠိ ဖြစ်ရပြန်ပေသည်။

"ဆရာ့မိတ်ဆွေကို ... ဆရာကင်းတားမှာ တွေ့မှာပေါ့နော်"

"ဗျာ ... ကျွန်တော့် မိတ်ဆွေ ဟုတ်လား ... ဘယ်က ကျွန်တော့် မိတ်ဆွေလဲ"

"ဦးသူရဆိုတဲ့ လူပေါ့ဆရာ ... ဆရာနဲ့ဟိုကောင်မလေး ကင်းတားသွားဖို့ ဆရာတို့ကားထွက်ခါစမှာပဲ ကျွန်တော့် ကိုလာမေးတယ် ... ဆရာဟာ သူ့မိတ်ဆွေပါတဲ့ ... အခု သူတို့ ဘယ်သွားကြတာလဲတဲ့"

"အဲဒီတော့"

"အဲဒီတော့ ... ဆရာဟာ ကိုဇော်မြင့်ဝင်းဖြစ်ပြီး ကင်းတား သွားမလို့လို့ ကျွန်တော်ပြောပြတယ် ... ဒါဖြင့်ဆရာနဲ့တွေ့ ရအောင် သူလဲ ကင်းတားသွားချင်တယ်တဲ့ ... ဒါနဲ့လေ့လာ ရေးကားနဲ့ ကျွန်တော်သူ့ကို ထည့်ပေးလိုက်ရတယ်၊ ဒါကြောင့် ဆရာ့မိတ်ဆွေကို ကင်းတားမှာ ဆရာနဲ့တွေ့ တယ် မဟုတ်လားလို့ ကျွန်တော်မေးတာပါ"

ကျွန်တော်က အလေးအနက်ပင် ခေါင်းညိတ်ပြ လိုက်မိပါသည်။

"အင်း ... တွေ့ပါတယ် ... ကိုသူရကို ကျွန်တော် ကင်းတား မှာတွေ့ခဲ့ပါတယ်"

ဟိုတယ်စာရေးထံမှ ကျွန်တော်၏အခန်းသော့ကို ယူလိုက်ပြီးမှ တစ်စုံတစ်ရာကို ကျွန်တော်သတိရလာပေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်ငှားထားသော စကိုဒါကားကို ဟိုတယ်အော
ထပ် လမ်းပေါ်တွင် ဤအတိုင်းမထားသင့်ကြောင်းကိုပင် ဖြစ်
မန္တလေးတွင် ကားပစ္စည်းဖြုတ်ခိုးမှုနှင့် ကားတစ်စင်းလုံးကိုပင်
တည်တည်မောင်းကာ ခိုးမှုတွေက မကြာခဏဖြစ်တတ်လွ
သည်။ မော်တော်ကားကို ငှားလိုက်သောပိုင်ရှင်မိတ်ဆွေထံ
အပ်ပြီးမှ ကျွန်တော်၏အခန်း၌ ကျွန်တော်နားနေသင့်သည်။

"ရှေ့ဗျာ ... အခန်းသော့ပြန်ယူထားပါဦး ကျွန်တော်သွ
စရာရှိနေသေးလို့"

ကျွန်တော်သည် လက်ဆွဲအိတ်ကိုပြန်ဆွဲကာ စ
ဒါကားလေးဆီသို့ ပြန်လာခဲ့ပြီး စိန်ပန်းရပ်ထဲမှ သဇင်၏ ရပ်ရှင်မိ
ဆွေကားပိုင်ရှင် ဦးကျော်စိုးအိမ်သို့ ပြန်မောင်းလာခဲ့တော့၏။

"ဟော ... အတော်ပဲ ကိုဇော်မြင့်ဝင်း ... စောစောက
သဇင်ဆီက ဖုန်းလာတယ်ဗျို့"

ဦးကျော်စိုးက အားပါးတရ ကျွန်တော့်အား ဆီး
ရင်း စကားဆိုပေသည်။ ဦးကျော်စိုးသည် ဖော်ရွေ၍သဘောကော
သော လူပျိုကြီးတစ်ဦးဟု သဇင်ကပြောထားသဖြင့် ကျွန်တော်
ထားရသည်။

"သဇင်က ဘာတဲ့လဲ ဦးကျော်စိုး"

"ဩော် ... လင်တော်မောင်ကိုဇော်မြင့်ဝင်းကို သတိရ
ပါသတဲ့ဗျာ ... မန်းရိပ်ငြိမ်ကို လှမ်းဆက်တာမရလို့ ကျ
တော့်ဆီဆက်ရတာတဲ့ ... ကိုဇော်မြင့်ဝင်းလာရင် ပြော
ပါတဲ့ ... နောက်ဆယ်ရက်လောက်ကြာရင် ... သဇင်



ရိုက်ကွက်တွေ ပြီးပြီတဲ့ ... အဲဒါကိုဇော်မြင့်ဝင်းထပ်ပြီး ခြေ
ရှည်နေရင် ရန်ကုန်မှာမဆုံမိကြမှာ စိုးလို့တဲ့"

ကျွန်တော်၏ ရင်ဝယ်ကျေနပ်မိသည်။ သဇင်သည်
မည်ကြီးရုပ်ရှင်မင်းသမီး ဖြစ်နေသည့်တိုင်အောင် လင်အပေါ်
ွယ်တာတတ်လွန်းသည်။ ရှင်းရှင်းဆိုရမူ ကျွန်တော်က သူမအား
ားကားပစ်ပယ်သွားမည်ကိုပင် စိုးရွံ့နေရှာသူကလေး ဖြစ်သည်။
င်ယောကျ်ားအပေါ်တွင် တွယ်တာရမှန်းသိပြီး မာန်မာနမရှိလေ
သာ သဇင်ပါပေ။

"ကဲ ... ဇနီးချောရဲ့ အမှာစကားတွေကြောင့် ပီတိဖြစ်
မနေနဲ့ဦး ကိုဇော်မြင့်ဝင်း ... ကျွန်တော့်မှာ ဆက်ပြော
စရာတွေ ရှိသေးတယ်ဗျ"

ဦးကျော်စိုးက တဟဲဟဲရယ်ရင်း ကျွန်တော့်အား
ဆက်ပြောပြန်ပေသည်။

"ကျွန်တော်လည်း ကိုဇော်မြင့်ဝင်းကိုစောင့်နေတာ ကား
လာရင် ကျွန်တော်ပါရှမ်းပြည်နယ်တက်ရဦးမယ် ... အခု
သဇင်ရိုက်နေတဲ့ကား ဒါရိုက်တာက ကျွန်တော့်ကို အမြန်
လိုက်လာဖို့ လှမ်းမှာနေတယ်"

"ကျွန်တော် ဘာကူညီပေးရမလဲ ဦးကျော်စိုး"

"မလိုပါဘူးဗျာ၊ တစ်ဆက်တည်း သဇင်က ကျွန်တော့်ကို
ပြောခဲ့တာရှိနေသေးလို့ပါ တကယ်လို့ ကိုဇော်မြင့်ဝင်းဟာ
မန်းရိပ်ငြိမ်မှာ လူရှုပ်လို့စာရေးမရဘူးဆိုရင် ဦးကျော်စိုးအိမ်
ကို ကိုဇော်မြင့်ဝင်းကို အပ်ခဲ့ပါလို့ သဇင်ကဆက်မှာတယ်

www.burmeseclassic.com

www.burmeseclassic.com



ဗျ။ သူ့ကိုဇော်ဟာ မျက်စိရှုပ်နားရှုပ်တဲ့နေရာမျိုးမှာ စာ
လို့ရလေ့ မရှိပါဘူးတဲ့ အဲဒါကို ကိုဇော်မြင့်ဝင်းတစ်ယော
ထဲ လွတ်လွတ်လပ်လပ်နေချင်တယ်၊နားချင်တယ်၊ရေး
တယ်ဆိုရင် ... ရော့ အိမ်တံခါးသော့ပို့ တစ်ချောင်းယူထာ
"နေပါစေဦးကျော်စိုး ... ကျွန်တော်ဖြစ်ပါတယ်"
"နေပါစေလုပ်မနေနဲ့ သော့ပိုတော့ယူထားဗျာ လာနေ
မှနေပေါ့ ... ကျွန်တော်က ဒီလိုသော့မပေးခဲ့ရင် ဟို
သဇင်က ကျွန်တော့်ကို ဟောက်လိမ့်မယ်ဗျာ မလုပ်နဲ့
ဒီ ခေတ်ထဲမှာ ကျုပ်တို့ရုပ်ရှင်လုပ်သားတွေဟာ နာမည်
မင်းသမီးကို အမေရင်းထက်တောင် ကြောက်ရသေးတ

မငြင်းသာသည့်ပြင် မလိုလဲလိုလဲသဘောဖြင့်
ဦးကျော်စိုးထံမှ သော့ပိုတစ်ချောင်း ကျွန်တော်ယူထားလိုက်ရ
သည်။

ထိုနေ့နံနက်စာကို ဦးကျော်စိုးကပင် ကျွန်တေ
အားထွန်းလှဟိုတယ်၌ ဒကာခံပြီး မန်းရိုပ်ငြိမ်အရောက် သူ
စကိုဒါကားကလေးနှင့် လိုက်လံပို့ပေးလိုက်သေးသည်။ မင်းသ
၏ လင်သည် မျက်နှာကြီးလေစွ။

မန်းရိပ်ငြိမ်ဟိုတယ်စာရေးထံမှ ကျွန်တော်၏ အခ
သော့ကို တောင်းယူကာ ကျွန်တော်၏အခန်းရှိရာ အပေါ်ထပ်
ကျွန်တော်တက်ရောက်လာခဲ့သည်။ အခန်းတံခါးသော့ကို ဖွင့်
ဝင်ရောက်လိုက်မိသည်ဆိုလျှင်ပင် ကျွန်တော်၏အခန်းဝယ် ဗ
ကျဲနေသည်ကို တွေ့မြင်လိုက်ရတော့သည်။ မွေ့ရာ၊ ခေါင်းအုံး၊ဗီရို



စားပွဲအံဆွဲများသည် အားလုံးပင် အနေအထားပျက်လျက်
ရှိနေသည်။

တစ်စုံတစ်ယောက်သည် ကျွန်တော်၏ မွေ့ယာ
အောက်သို့ လှန်လှောသွားခဲ့သည်။ ခေါင်းအုံးအောက်သို့ ရှာဖွေ
ကြည့်ခဲ့သည်။ ဗီရိုနှင့် စားပွဲအံဆွဲများကိုဖွင့်ကာ ဒလစပ်မွှေနှောက်
သွားခဲ့သည်။

မည်သူတစ်ဦးတစ်ယောက်သည် ကျွန်တော့်ထံမှ
မည်သည့်ပစ္စည်းကို လိုလေသောကြောင့် ကျွန်တော်မရှိခိုက် ကျွန်
တော်၏ အခန်းကို မွှေနှောက်ခဲ့ပေသနည်း။

ကျွန်တော်သည် ခုတင်ပေါ်သို့ လက်ဆွဲအိတ်ကို
ပစ်တင်ကာ ကျွန်တော်၏ မည်သည့်ပစ္စည်းများ ပျောက်ဆုံးလေသ
နည်းကို စစ်ကြောမိသည်။ ကျွန်တော်ပိုင်ပစ္စည်းအနေဖြင့် အပ်တစ်
ချောင်းပင် ပျောက်ဆုံးသည်ကို မတွေ့ရပေ၊ ကျွန်တော်၏အခန်း
တွင် အဝတ်အစားမှစ၍ အဖိုးတန်ပစ္စည်းအချို့ ရှိနေခဲ့ပေသည်။
ထိုအဖိုးတန်ပစ္စည်းများသည် ဖရိုဖရဲ ဖြစ်သည်မှအပ ပျောက်ဆုံး
လေခြင်း မရှိပေ။

အံ့ဩစရာပင် ကောင်းသေးတော့။

အဖိုးတန်ပစ္စည်း တစ်ခုတလေမျှ မပျောက်ပေမယ့်
တစ်စုံတစ်ယောက်သည် ကျွန်တော့်အခန်းအား ဝင်မွှေလေသည်မှာ
အထင်အရှား၊ ထိုသူသည်ဘာကိုလို၍ မွှေခဲ့ခြင်းပေနည်း။

ပထမတော့ ကျွန်တော်အပြင်ကိုထွက်စဉ် သော့
အပ်ထားခဲ့ရသော ဟိုတယ်စာရေးအား မေးမြန်းရန် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးရမိသည်။ သို့တစေ မေးတာသာအဖတ်တင်ပြီး လူသိသည်မှ လွဲ၍ အဖြေမှန် ပေါ်လာလိမ့်မည်မဟုတ်မှန်း ကျွန်တော်ရိပ်မိကာ ထိုအကြံကို လက်လျှော့လိုက်မိသည်။

ကျွန်တော့်တွင် အရှုပ်အရှင်းဆိုသည်မှာ မရှိခဲ့၊ ကျွန်တော်၏ ကိုယ်ပိုင်ပစ္စည်းမှန်သရွေ့ကို တစ်စုံတစ်ယောက်သည် အဖိုးတန်သည်ဖြစ်စေ၊ အဖိုးမတန်သည်ဖြစ်စေ စိတ်ဝင်စားဟန်မတူ၊ ထို့ကြောင့်သာလျှင် ဖွချင်တိုင်းဖွပြီး ဤအတိုင်းထားခဲ့ခြင်းဖြစ်ဟန်တူသည်။

ယင်းသို့ဆိုပါလျှင် ... တစ်စုံတစ်ယောက်သည် မည်သည့်ပစ္စည်းကို စိတ်ဝင်စားပြီး လာရောက်မွှေနှောက်လာပေသနည်း။

ကင်းတား၌ မိနိုင်သေဆုံးသွားစဉ်က မိနိုင်ကိုင်လေသောလက်ပွေ့အိတ်အနီသည် ပျောက်ဆုံးခဲ့ပေသည်၊ တဆက်တည်းမှာပင် ကင်းတား၌ မိနိုင်၏အခန်းသည် တစ်စုံတစ်ဦး၏ အမွှေအနှောက်အရှာအဖွေကို ခံခဲ့ရလေမှန်း ကျွန်တော်၏ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ရသည်။

ယခုမူ မိနိုင်နှင့်ဆက်သွယ်ခဲ့လေသော ကျွန်တော်၏ အခန်းသို့ တစ်စုံတစ်ဦးသည် ဆက်လက်မွှေနှောက်ပြန်လေပြီကော၊ တစ်စုံတစ်ဦးသည် မိနိုင်နှင့်ကျွန်တော်ရင်းနှီးခင်မင်ခဲ့သည်ကို အကြောင်းပြုကာ မိနိုင်ထံ၌ အလိုရှိနေလေသည့် ပစ္စည်းတစ်ခုကို မိနိုင်သေဆုံးပြီးလေသည့်နောက်၌ ကျွန်တော်၏ထံမှ ရလိုရငြားလာရောက်ရှာဖွေနေဟန် တူသည်။



ထိုတစ်စုံတစ်ဦးသည် ကျွန်တော့်အား အထင်မှား...လေပြီ။ တကယ်တန်းမူ မိနိုင်သည် ကျွန်တော့်အား ဘာကိုမျှမ...ခဲ့၊ ပေးခဲ့ဖို့ နေနေသာသာ သူမတွင် ကျရောက်နေသော အခက်...ခဲနှင့်အန္တရာယ်ကိုပင် ဖွင့်ဟ,မတိုင်ပင်ခဲ့၊ မိနိုင်၏လျှို့ဝှက်ချက်က...ပ်သေသွားလေသည်အထိ စဉ်းစားရလေတော့မည်။

ရှေးမဆွက ကိုသူရအား ကျွန်တော်သည် တကြိမ်...ခါမျှ မြင်ဖူး၊ တွေ့ဖူး၊ သိဖူး၊ ကျွမ်းဖူးခြင်း မရှိပါပဲလျက် သူသည် ...းရိပ်ငြိမ်ဟိုတယ်စာရေးထံတွင် ကျွန်တော်နှင့်သူသည် မိတ်...အရင်းအချာဟု ဆိုခဲ့သည်။ ဤစကားကိုဆိုခြင်းမှာ မိနိုင်သည် ...န်တော်၏ကားနှင့်အတူ စီးနင်းလိုက်ပါလာသောကြောင့် မိနိုင်...းတိုက်ရိုက်စုံစမ်းခြင်းမပြုပဲ ကျွန်တော့်ကို အကြောင်းပြုခြင်း...ပေမည်။

ထို့ပြင် မိနိုင်တစ်ယောက် မြစ်ကြီးနားမှ မီးရထား... လိုက်ပါလာခဲ့ပြီး ရန်ကုန်သို့ လေယာဉ်ဖြင့် ပြန်တော့မည်ဖြစ်...ကြောင်းကို ကိုသူရသိနေလေသည်။ မိနိုင်၏လှုပ်ရှားမှုကိုသူသည်...က်ယောင်ခံခဲ့လေသည်သာ ဖြစ်ရမည်။

မိနိုင်တစ်ယောက်လိမ့်ကျသေဆုံးစဉ်ကလည်း ထို...ရာသို့ ပထမဦးစွာ ရောက်ရှိလာလေသူမှာ ကိုသူရပင်ဖြစ်သည်...င်၏ထိတ်လန့်တကြား အော်ဟစ်သံကြားရသောကြောင့် သူ...ည် ကင်းတားတဝိုက် လေ့လာရင်းမှ ပြေးလာခဲ့ပါသည်ဟု ဆိုခဲ့...ည်။ သူ၏စကားသည် ယုံကြည်နိုင်လောက်စရာပေလား။

မန်းရိပ်ငြိမ်ဟိုတယ်သို့ ရောက်ကြပြီး လူချင်း

www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲကြစဉ်က ကိုသူရသည် ကျွန်တော်၏လက်ဆွဲအိတ်ကို အမှ
တမဲ့ လွဲမှားသယောင်ဆွဲယူသွားခဲ့သည်။ ကျွန်တော်၏လက်
အိတ်ထဲတွင် မိခိုင်၏ ပစ္စည်းတစ်ခုခုရှိလေသည်ဟု ယုံကြည်သေ
ကြောင့် ယင်းသို့ဆွဲယူသွားခြင်း ဖြစ်ကောင်းစရာရှိသည်။

ကျွန်တော်သည်ခုတင်ပေါ်မှ ဂါဗာဒင်းလက်
အိတ်ကို လှမ်းယူလိုက်သည်။ ဇစ်ကိုဖွင့်ကာ ကိုသူရလိုချင်လှသေ
မိခိုင်၏ပစ္စည်းတစ်ခုခု ရှိလိုရှိငြား ရှာဖွေကြည့်မိသည်။ ကျွန်တေ
၏ လက်ဆွဲအိတ်ထဲတွင် မိခိုင်၏ပစ္စည်းဆို၍ Sunburn Cream ဘူး
ဘူးသာတွေ့မိသည်။

Sunburn Cream ဘူး၏အဖုံးကို ကျွန်တော်လှမ်း
ကြည့်လိုက်မိသည်။ ဘာမှထူးထူးခြားခြားမတွေ့။ အထဲတွင် Crea
များသာတွေ့ရသည်။ ထို Cream များသည် ဘူး၏ထိပ်ဝမှ အထ
စပါလုံးတစ်ထောင်ခန့် လျော့နည်းစွာ ရှိနေသည်။ ဘူးကိုလက်
အိတ်ထဲသို့ ကျွန်တော်ပြန်ပစ်ထည့်လိုက်သည်။

အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ကျွန်တော်နှိုက်
လိုက်စဉ် စောစောက ဦးကျော်စိုးပေးသွားခဲ့သည့် စိန်ပန်းရပ်မှ
ကျော်စိုးအိမ်၏ သော့ချောင်းကိုစမ်းမိသည်။ ဦးကျော်စိုး၏ အ
သည်ခိုင်ခန့်လှပသော တစ်ထပ်တိုက်ကလေး ဖြစ်သည်။ ဝင်း
ခြံနှင့် နေချင့်စဖွယ်ရှိ၏။ စိတ်လွတ်ကိုယ်လွတ် ကျွန်တော်တ
တည်း နေနိုင်ပေသည်။ ယခုလောက်ရှိမှ ဦးကျော်စိုးသည် ရှမ်းပြ
နယ်သို့သူ၏ စကိုဒါကားကလေးနှင့် ထွက်သွားလောက်ပေပြီ

မန်းရိပ်ငြိမ်ဟိုတယ်၏ ကျွန်တော်နေသော အခ



သည် ကျွန်တော့်အတွက် မလုံခြုံလေတော့ပြီ။ ဟိုတယ် တည်းခိုခန်း
ဖြစ်၍လည်း သော့တူသည် ရှားပါးစရာမရှိ။ ထို့ပြင်မည်သူ ဝင်ဝင်၊
ညှိသူထွက်ထွက် ဟန့်တားနိုင်ဖို့လည်း အခွင့်အရေးမရှိ ကျွန်တော်
ဆုံးဖြတ်လိုက်သည်။ စိန်ပန်းရပ်ထဲရှိ ဦးကျော်စိုး၏ နေအိမ်တွင်
ကျွန်တော်သွားရောက်နေထိုင်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ဦးကျော်စိုး၏ စိန်ပန်းရိပ်နေအိမ်သည်၊ ကျွန်တော့် အတွက် အစစအဆင်ပြေသည်၊ သန့်ရှင်းသည်၊ လွတ်လပ်သည်၊ ရေ ခဲသေတ္တာ၊တယ်လီဖုန်း စသည်တို့ရှိသည်။ ချက်ပြုတ်စားတတ်သည် ဆိုပါလျှင်လည်း လျှပ်စစ်မီးဖိုနှင့် ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်၊ ငပိ ခြောက်မှအစ ဆနွင်းမှုန့်ထိ ရှိသည်။

သို့သော် ကျွန်တော် ထမင်းဟင်းမချက်တတ်ပါ။ ချက်တတ်သည်ဆိုဦးတော့ ဤမျှကရိကထများသော အလုပ်မျိုးကို ကျွန်တော်မလုပ်လိုပါ။

ကျွန်တော်သည် မန်းရိပ်ငြိမ်ရှိ ဒေါ်ရည်မွန်ထံ ဖုန်း ဆက်ပေသည်။ ဤအမျိုးသမီးကြီးကိုတော့ ကျွန်တော်ခင်မင်မိ သည်။ ကျွန်တော်၏ ယခုနေသော စိန်ပန်းရိပ်အိမ်လိပ်စာကို ဒေါ် ရည်မွန်အား အကြောင်းကြားထားလိုက်ပါသည်။ ပြီးလျှင် အိမ်တံ ခါးသော့ခတ်၍ နံနက်စာ စားသောက်ရန် အပြင်သို့ ထွက်လာခဲ့



တော့သည်။

အပြင်ရောက်သည်ဆိုလျှင်ပင် 'ထိုသူငယ်' ကို ကျွန် တော် သတိထားမိလေတော့သည်။

'ထိုသူငယ်' သည် ကျွန်တော်၏ ခြံဝန်းအပြင်ဘက် သမ်းဘေးတွင် မြင့်မားစွာပေါက်နေသော သရက်ပင်ကြီး၏ ပင်စည် ကိုမှီကာ ကျွန်တော်ရှိရာအိမ်ဘက်သို့ မျက်တောင်မခတ်ကြည့်နေ သည့်။ စီးကရက်တစ်လိပ်ခဲကာ သတင်းစာကို ဂျိုင်းတွင် ညှပ် ထားသည်။ အသက်မှာ အစိတ်ခန့်ရှိပြီး နုနုနယ်နယ် သေးသေးသွယ် သွယ်လေး ဖြစ်သည်။ ဘောင်းဘီရှည် ကျပ်ကျပ်ရပ်ရပ် ဝတ်ထား သည် ဂျာကင်ဖားဖားကြီး၏ အိတ်တစ်ဘက်မှာ ဖောင်းနေလေ၏။ ထိုဖောင်းနေသော အိတ်ထဲသို့ ထိုသူငယ်၏ လက်တစ်ဖက်က နှိုက် ထားသည်။ ဦးထုပ်တစ်လုံးလည်း ဆောင်းထားသည်။

ကျွန်တော်ထွက်လာသည်ကို မြင်လျှင် ထိုသူငယ် သည် သရက်ပင်ကြီး၏ ပင်စည်နောက်သို့ သူ၏ကိုယ်ကိုကွယ် လိုက် သည်။ လူမြင်မခံဝန့်လေသော အသွင်ပင်ဖြစ်၏။ ထိုသူငယ်သည် ဤလမ်းထဲတွင် တစ်စုံတစ်ယောက်ကို စောင့်နေဟန်တူသည်။ သူ တို့အရွယ်သည် သမီးရည်းစားအချိန်းအချက်များတတ်လေသော အရွယ်မို့ သူ၏အဆက်မလေးတစ်ဦးတလေကို စောင့်စားနေသည် ထင်ပါ၏ဟုသာ ကျွန်တော်မှတ်ချက်ချမိသည်။

ကျွန်တော်ဆက်လျှောက်လာခဲ့သည်။ အမှတ်(၇) ကားမှတ်တိုင်ဆီသို့ ဖြစ်၏။ ကားမှတ်တိုင်တွင် ကျွန်တော်ကဲ့သို့ အမှတ်(၇)ကားကိုစောင့်နေသည့် ခရီးသည် တော်တော်များများကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ဘတ်(စ်)ကားတစ်စီး ရောက်လာပါမည့် အကြောင်
ကို ကမ္ဘာဦးလူများနေနှင့်လကို မျှော်သလိုမျှော်ကြရသည်။ ဘောင်
ဘီအိတ်နှစ်ဘက် နှိုက်ရင်း ကျွန်တော်လည်း ကားမျှော်မိသည်။ ဘ
ရယ်မဟုတ် ... ကားစောင့်ရင်းခရီးသည်အုပ်စုထဲသို့ ကျွန်တော်
မျက်စိရောက်သွားမိသည်။

'ထိုသူငယ်' ကို တွေ့ရပြန်လေပြီကော။

ထိုသူငယ်သည် ကျွန်တော့်ကိုသာ စိုက်ကြည့်
သည်။ ကျွန်တော်၏အကြည့်နှင့်ဆုံသောအခါ သူကမျက်နှာလွှဲ
သည်။ ထိုသူငယ်၏အမူအရာမှာ ထူးခြားနေ၏။ ထိုသူငယ်၏မျက်
နှာကိုလည်း ကျွန်တော်မြင်ဖူးသလိုထင်မိသည်။ ဤနှာတံနှင့် ဤ
မျက်နှာမျိုးကို ကျွန်တော်သည် မည်သည့်နေရာဒေသတွင် တွေ့
သိရှိခဲ့ဖူးပါလိမ့်၊ အမှတ်မရ၊ တိတိပပစဉ်းစား၍မရ။

ယင်းအခိုက်မှာပင် ဘတ်(စ်)ကားလာသည်။ ကျွ
တော်လည်း ဘတ်(စ်)ကားဖြင့် ဈေးချိုအထိ လိုက်လာခဲ့သည်
ဘတ်(စ်)ကားပေါ်မှ အဆင်းတွင် ကျွန်တော်သည် နောက်သို့လှည့်
ကြည့်မိသည်။

ဂျာကင်အိတ်ဖောင်းကို လက်တစ်ဘက်နှိုက်ထား
သော 'ထိုသူငယ်' သည် ကျွန်တော်၏နောက်မှ မလှမ်းမကမ်းတွင်
ပါလာပြန်လေ၏။

ကျွန်တော် ထိုသူငယ်ကို မနှစ်သက်တော့ပေ၊ သူ
သည် ကျွန်တော့်အား နောက်ယောင်ခံ လိုက်လေသည်မှာ သေချာ
ပါလေ၏။ ကျွန်တော့်တွင် တစ်စုံတစ်ဦးက နောက်ယောင်ခံလိုက်



လောက်သော အကြောင်းချင်းရာ ဘာမျှမရှိ။ အကယ်၍တစ်စုံ
ဦးသည် ကျွန်တော့်အား မျက်ခြေပြတ် မခံလိုက်နေပြီဆိုပါက
င်းကိစ္စသည် မိခိုင်ပေးခဲ့သော အမွေသာလျှင်ဖြစ်ပေမည်။ မန်း
ငြိမ်ဟိုတယ်မှ ကျွန်တော်မပြောင်းမီကလေးကလည်း ကျွန်
တ်၏ အခန်းကို အမွေမနောက်ခံရသည်။ ယခုတစ်ခါ ကျွန်တော်
နောက်သို့ လူငယ်က နောက်ယောင်ခံလိုက်လာပြန်သည်။ ဤ
တ်ချက်အားလုံးသည် ကိုသူရ၏လက်ချက်ပေလား၊ ကိုသူရ၏
အစဉ်တွေ ပေလား။

ကျွန်တော်သည် အမှတ်(၄)ဘတ်(စ်)စကားမှတ်
ဆီသို့ ရည်ရွယ်ချက်ကင်းမဲ့စွာ လျှောက်လာခဲ့သည်။ ထိုစဉ်မှာ
...

ပွန်ခနဲပွန်းသံနှင့်အတူ ကျွဲခနဲ ဘရိတ်နင်းကာ
တော်၏ ဘေးသို့ညိမ့်ခနဲ ဆလွန်းကားတစ်စီး ဆိုက်လာပါလေ
ဆလွန်းကားမှာ ကြက်သွေးရောင်မာဇဒါဖင်မလီယာ ကားပု
သစ်ကလေးဖြစ်ပေ၏။ ကားအတွင်းမောင်းသူ နေရာမှန် ပြ
င်းမှ ချောသော,လှသော အမျိုးသမီးတစ်ဦး၏ ဦးခေါင်းသည်
ပြူလာသည်။ ကျွန်တော့်အား နှစ်လိုဖွယ်ရာ ပြုံးပြသည်။

"သွားမှာဖြင့်လည်း တက်လေ ..."

"ဗျာ ... ကျွန်တော်က ဘယ်ကိုသွားမှာမို့ ဘယ်အပေါ်
တက်ရမှာလဲ"

အမျိုးသမီးက ရယ်လိုက်သည်။ ပုလဲသွယ်တန်း၏
င့်တစ်စွန်းဝယ်သွားတက်ကလေးပေါ်လာသည်။ ထိုသွားတက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးဘက်မှ ပါးမို့မို့တွင် ပါးချိုင့်ကလေးခွက်သွားလေသည်။ ရလှျင် သိပ်ချောလေသော အမျိုးသမီးဟု ကျွန်တော် မှတ် ပြုမိသည်။

"ဟောဒီအမှတ်(၄)ကားဟာ နန်းရှေ့ကိုသွားမယ့်ကား တိုင်မှာ ရှင်လာရပ်နေတာ နန်းရှေ့ကို ဘတ်(စ်)က လိုက်မလို့ မဟုတ်လား ... ဘတ်(စ်)ကားစီးရတာ လောက်စိတ်ညစ်ဖို့ကောင်းလဲ ... ဒါကြောင့် 'လေး ကခေါ်တာ နန်းရှေ့သွားမှာဆိုရင် လေးလေးရဲ့ကား တက်လေလို့ ... ကဲ ... ရှင်းပလား"

ကားကပုသည်မို့ ကျွန်တော်ငုံ့ကြည့်သည်။ က ဝယ်အမျိုးသမီးတစ်ဦးသာ ရှိ၏။ သူမဘာသာ မောင်းလာခြင်း ပေသည်။

"ကဲ ... တက်မှာဖြင့်တက်လေ ... မှတ်တိုင်မှာ ဒီလိုအ ကြီး ပိတ်ရပ်ထားလို့မရဘူး၊ တော်ကြာ ကွိခနဲ ယာဉ် ရဲလာဖမ်းလို့ ဟုတ်ပေ့ ဖြစ်သွားမယ်"

ကျွန်တော်သည် ကားရှေ့တံခါးဖွင့်ကာ သူမ၏ သို့ထိုင်ချလိုက်လေသည်။ အမှန်မှာ နန်းရှေ့သို့ ကျွန်တော်သွား ဟု စိတ်ကူးမရှိခဲ့ပေ။ သို့သော် နောက်မှ 'ထိုသူငယ်' မျက်ခြေ စေရန်နှင့် အမျိုးသမီးကလည်း ဆွဲဆောင်မှုရှိလေသော တက်ထိုင်လိုက်ခြင်းမျှသာတည်း။ အမျိုးသမီးက နံပါတ်တစ် ဂီ ဖြင့် စ,ထွက်လိုက်၏။ နောက်မှန်ပေါက်မှ ကျွန်တော်သမင် ပြန်လှမ်းကြည့်လိုက်သည်။ ထိုသူငယ်သည် ကျွန်တော်တို့၏



ခေါက်မြီးကိုတွေတွေဝေဝေကြည့်ရင်း မတ်တပ်ရပ်ကျန်ခဲ့သော ကြောင့် ကျွန်တော် ပြုံးရသေးသည်။

"ကဲ ... အမိက"

"လေးလေးနာမည် 'အမိ' မဟုတ်ဘူး ... လေးလေးမြင့်တဲ့၊ ဒါပေမဲ့ လေးလေးက ဘယ်သူ့ကိုမဆို 'လေးလေး'လို့ ပြော ဖို့ နှုတ်ကျိုးနေတယ်၊အဲ ယောကျ်ားတွေက အမျိုးသမီးတစ် ယောက်ကို အမိတို့၊ သူငယ်မတို့၊ မဟာဂုဏ်ရှိတို့ဆိုပြီး အထက် စီးနဲ့ပြောတာလေးလေးသိပ်မုန်းတယ်ရှင့် နာမည်သိပြီဆို ရင် နာမည်နဲ့ စကားပြောပေါ့"

"အော် ... အော် ... ကောင်းပါပြီတဲ့ဗျာ ... နို့ ... မလေး လေးမြင့်က ကျွန်တော့်ကိုသိနေလို့ ကားပေါ်တင်ခေါ်လာ တာလားလို့ မေးချင်လို့ပါ"

တဟင်းဟင်းနှင့် လေးလေးမြင့်က ရယ်သွမ်းသွေး လေ၏။ ရယ်လေမှ ပို၍လှသူမို့ အရယ်သန်ချင်လေသလား မပြော တတ်။

"သိပ်သိတာပေါ့ နိုင်ငံကျော် စာရေးဆရာ၊ဇာတ်ညွှန်းရေး ဆရာကြီး၊နိုင်ငံကျော် ရုပ်ရှင်မင်းသမီး မသဇင်ရဲ့ ခင်ပွန်း ကြီး ကိုဇော်မြင့်ဝင်းဆိုတဲ့လူကို လေးလေးက သိထားပါ သတဲ့ရှင် ... ကဲ ... ရှင်းပလား"

ကျွန်တော်က ပခုံးသာ တွန့်ပြလိုက်မိသည်။ ဤ မျိုးသမီးသည် မိနစ်ပိုင်းအတွင်းမှာ ကဲ ... ရှင်းပလားဟူသည့် စကားကို နှစ်ကြိမ် သုံးခဲ့သည်။ ကျောင်းဆရာမ တစ်ယောက်ပေ

www.burmeseclassic.com

www.burmeseclassic.com



လားဟု ကျွန်တော်က တွေးယူကြည့်မိသည်။

"ကိုဇော်မြင့်ဝင်းကတော့ လေးလေးကို မသိဘူးမဟုတ်
လား"

"အဲဒီအတွက် ကျွန်တော်အားနာမိပါတယ် မလေးလေးမြင့်"

"အံမယ်လေးရှင်ရယ်၊ မလေးလေးမြင့်ဆိုပြီး အရှည်ကြီးခေါ်
ရတာ လျှာမညောင်းဘူးလား လေးလေးပြောသလို လေး
လေးကိုလေးလေးလို့ နှစ်လုံးထဲ ခေါ်လိုက်ရင် ပြီးတာ
စကားဆိုတာ ပြောသူနဲ့နားထောင်သူ နှစ်ဦးနှစ်ဘက်နား
လည်ဖို့သာ အဓိကပါ၊ လေးလေးပြောတာ သဘောပေါက်
ရဲ့ မဟုတ်လား"

ကျွန်တော်က ပခုံးကိုသာ ထပ်တွန့်ပြလိုက်ရပြ
သည်။

"ဒါဖြင့် ကျွန်တော့်နာမည် ကိုဇော်မြင့်ဝင်းဆိုတဲ့ အရှည်ကြီး
ကျတော့ကောဗျာ ..."

"လွယ်ပါတယ် ... ကျေနပ်ရင် ... ကိုဇော်လို့ခေါ်ယုံပေါ့"

ကျွန်တော်က ဘာမှ ပြန်မပြောဘဲ ရှေ့ကိုသာ စိုက်
ကြည့်နေမိရာမှ လေးလေးမြင့်ဘက်သို့ လှည့်ကြည့်မိသည်။ ကား
ကူရှင်မှုတဆင့် လီဗာနှင့်ကလပ်(ရှ်)ကို မှေးထားသော သူမ၏ပေါင်
တန်သည် ခြေသလုံးတိုင်အောင် သွယ်လျှလျှဆင်းသွားပေသည်
ခြေဖမိုးကလေးများသည် ဖြူဝင်းပြီး မို့မို့လေးဖြစ်၏။ သဲကြိုးနီရဲ
ညှပ် ဖိနပ်ကလေးကိုစီးထားသည်။ လေးလေးမြင့်သည် မျက်နှာ
လေး ဝင်းပပမို့ ခြေဖဝါးတိုင်အောင် လှပပြေပြစ်လွန်းပေ၏။



လေးလေးမြင့်နှင့် ကျွန်တော်၏ကြားတွင် ပန်း
တောင်းကလေး တစ်တောင်းရှိနေမှန်း ယခုမှ ကျွန်တော်သတိပြု
မိသည်။ ပန်းတောင်းကလေးထဲဝယ် လတ်ဆတ်မွှေးကြိုင်ပြီး ဖွင့်
ပွင့်လှ စပယ်ပန်းများကို ကျွန်တော်တွေ့ရ၏။

"ဘာလဲ ... ကိုဇော်က ပန်းကြိုက်သလား"

"ပန်းကို မကြိုက်ပါဘူး လေးလေး ... ဒါပေမဲ့ ပန်းကိုချစ်
တယ်၊ ပန်းကလေးတိုင်းဟာ အပြစ်ကင်းပြီး လူသားကို
ပသာဒ ဖြစ်တတ်တယ်မို့လား"

"အလယ်လယ် စာရေးဆရာကြီးက ကဗျာဆန်လိုက်တာ
ဒါပေမဲ့ ဟောဒီပန်းတောင်းထဲက စပယ်ပန်းတွေကိုတော့
မချစ်လေနဲ့"

"ဘာပြုလို့"

"အော် ... သူတို့က သင်းချိုင်းအုတ်ဂူပေါ်မှာ လွမ်းသူ့ပန်း
ခွေချဖို့ မို့ပါ"

"လေးလေးက ဘယ်သူ့အတွက် လွမ်းသူ့ပန်းခွေ ချရမှာမို့
လဲ"

"ယောက်ျားရယ်ပေါ့ ... မကြာသေးခင်ကမှ ဆုံးသွားတဲ့
လေးလေးခင်ပွန်းရဲ့ အုတ်ဂူမှာသွားပြီး ပန်းခွေချပေးရမှာ
မို့ပေါ့"

အံ့အားသင့်ရသူမှာ ကျွန်တော်ပင်ဖြစ်တော့သည်။
အမျိုးသမီးတော်တော်ပင် လှပေသည်။ မိခိုင်ထက်ပို၍လှ၏။
ကြည့်လိုက်ကတော့မှ အစိတ်ခန့်ရှိလောက်ပေပြီ။ သို့တစေ သူမ၏

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အချိုးအဆက်သည် ပြည့်ရွှန်းသည်။ တင်းမို့သည်၊ အ
ထောင်ရှင်တစ်ဦး ဖြစ်ခဲ့ပါသည်ဆိုခြင်းကို ကျမ်းကျိန်ပြောသင့်သည်
ထို့ထက်တမူကား လင်သေမုဆိုးမတစ်ယောက်၏ အမူအရာ
'လေးလေး' တွင် ရှိမနေခြင်းပေတည်း။ လေးလေးသည် မျက်
ချိုသည်။ အပြောသွက်သည်။ လေးလေးတွင် သောကဗျာပါဒသ
နှမ်းတလုံးသံတစ်မှုန်စာမျှ ရှိဟန်လည်း မတူခဲ့၊ ဒါကိုပင် ကျွန်တေ
အံ့သြရတော့သည်။

"အော် ... လေးလေးက မုဆိုးမလေးပေကိုး ... ဒါပေ
"ဒါပေမဲ့ ... လေးလေးမှာ အပူသည်ရုပ် မရှိဘူးလို့ ကိုဇေ
ပြောမှာပဲ မဟုတ်လား"

ကျွန်တော်က ဘာမျှမပြော၊ ဆိတ်ဆိတ်နေခြ
သည် ဝန်ခံသည်ဟု လေးလေး ယူဆသွားသည်ထင်ပါသည်။ သ
ပြင်းတစ်လုံးကိုချကာ လေးလေးမြင့်က ဆက်၍ သူမဘာသာည
တွားသလို ပြောရှာသည်။

"လေးလေးခင်ပွန်းက အသက်ငါးဆယ်ကျော်သူကြွယ်တ
ဦးပဲပေါ့ ကိုဇော် ... လေးလေးက အလယ်တန်းပြဆရာ
သူကလေးလေးကို ချစ်တယ်၊မြတ်နိုးတယ်၊ပြီးတော့ သူ
က ငွေတွေ ကျိကျိတက်ချမ်းသာတယ် ... မေတ္တာစကာ
ပြောကြစတမ်းဆိုရင်တော့ လေးလေးသူ့ကိုလက်ထပ်
နေ့ကစပြီး သေဆုံးသွားတဲ့နေ့ထိ ဦးလေးတစ်ယောက်
ဖအေတစ်ယောက်လိုတော့ ချစ်ပါတယ်၊ ဒါပေမဲ့ လင်တ
ယောက်လိုတော့ ချစ်မရခဲ့တာ အမှန်ပါ။ အဲဒါဟာ ‌ေ



လေးမှာ အပြစ်ရှိပြီး အပြစ်ဒဏ်အတွက် ထိုက်သင့်သလို
ခံရမယ်လို့ ပညတ်ချက်တစ်ခုခုများ ရှိနေတယ်ဆိုရင်တော့
အဝီစိငရဲမှာ ဂျိုးကုပ်အောင် ခံရပါစေ ... လေးလေး ခံ
လိုက်မယ် ကိုဇော်"

ကျွန်တော် မဝေဖန်လိုပေ။ ငွေကြေးအကြွယ်အဝ
ိုးဖိုတစ်ခုလပ် သက်ကြီးရွယ်အို အမျိုးသားပုဂ္ဂိုလ်များကလည်း
းလေးမြင့်လို အနုအပျိုအလှအပကို မြတ်နိုးတတ်ကြသည်မှာ
က်တွေ့၊အနုအပျို အလှအပကလည်း ငွေရှင်ကြေးရှင်ကြီးများ၏
င်းသို့အသိမ်းအပိုက်ကို လိုလိုလားလား လက်ခံတတ်ကြသည်
ျက်မြင်ဒိဋ္ဌ၊ ထမီစုတ်နှင့်တိုင်ခွေးသည် မိတ်ဘက်ဟူ၍သာ
ျွန်တော်သဘောထားရလေတော့မည်။

"ငြိမ်လှပါလား ... ကိုဇော်"

"စဉ်းစားနေလို့ပါ"

"မစဉ်းစားနဲ့ ကိုဇော် ... လေးလေးဟာလင်သေသွားပြီး
ချမ်းသာတဲ့ မုဆိုးမလေးတစ်ယောက်အဖြစ်ကျန်ပေမယ့်
လင်ရဲ့ကျေးဇူးကို မမေ့ခဲ့ပါဘူး၊ တစ်လတစ်ကြိမ် သူရဲ့အုတ်
ဂူမှာတော့ လေးလေးလွမ်းသူပန်းခွေချဖို့ သတိရပါသေး
တယ် ... ဒီနေ့ဟာ ဆဋ္ဌမအကြိမ်မြောက် လွမ်းသူ့ပန်းခွေ
ချရမဲ့နေ့ပါပဲ ကိုဇော်"

ရှေ့တွင် နန်းရှေ့အုတ်ဖိုကို ကျွန်တော် လှမ်းတွေ့
ည်။ တကယ်အမှန်မှာမူ မန္တလေးမြို့အဝင် ဆင်ဖြူကန်သချိုင်း၌
ုတ်အနှံများရှိကြသည်။ သို့တစေ ဆင်ဖြူကန်သချိုင်းသည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မချရ လိုအပ်ပါက သချိုင်းမြေသည် ဖျက်သိမ်းခြင်းရှိ
ရာသည်။ ထို့ကြောင့် ငွေရှင်ကြေးရှင်များတို့သည် နန်းရှေ့အု
တွင် မြေဝယ်ကြသည်။ ထိုမှာပင် အလောင်းကိုမြေမြှုပ်သ
ကြသည်။ နန်းရှေ့ အုတ်ဖို၏ ဟိုမှာဘက်တစ်ခေါ်တပြလောက်
ကုသိုလ်တော်ဘုရားကို ကျွန်တော် လှမ်း၍ ဖူးမြော်ရသည်။

"ကျွန်တော့်ကို ... ကုသိုလ်တော်ဘုရားမှာ ချခဲ့ပါ
လေး"

ကျွန်တော်၏ တောင်းဆိုချက်အတိုင်းပင်
လေးမြင့်သည် ကုသိုလ်တော်ဘုရားတွင် ကျွန်တော့်အား ချ
ပေးခဲ့သည်။ ထို့နောက် နန်းရှေ့အုတ်ဖိုဆီဟု လေးလေးမြင့်က
၍မောင်းသွားသည်။

ကျွန်တော်သည် ကုသိုလ်တော်ဘုရားအား လှ
လည်ဖူးမြှော်လေပါတော့သည်။ ဤဘုရားသည် မျက်နှာ
သော ဘုရားတစ်ဆူဟု ကျွန်တော်မှတ်ယူမိသည်။ ဘုရားဖူး
အလွန်နည်းပါလေသော ဘုရားဖြစ်သောကြောင့် ဖြစ်ပေသည်။
ပြတ်လွန်းသော တစ်နေရာတွင် ဘွားခနဲ 'ထိုသူငယ်' ကို ကျွန်
တွေ့လိုက်ရပြန်တော့သည်။

'ထိုသူငယ်' သည် အမျိုးသမီးတစ်ဦးမျှ ကန့်က
ရှိသည်မှာ မှန်ပါ၏။ သို့စေ၍ ... ကျွန်တော့်အတွက် အရှောင်အ
အတိုက်အခိုက်တို့သည် လွန်စွာပင် နောက်ကျရတော့သည်။
သည် ကျွန်တော်၏နောက်မှ ဝံပုလွေတစ်ကောင်အလား လိုက်
ချောင်းမြောင်းသည်။ ပတ်ဝန်းကျင်အားလုံးစိတ်ချရသည်နှင့် တ



်အလစ်တွင် ကျွန်တော့်အား ခုန်အုပ်လေတော့သည်။

ကျွန်တော့်က မသက်ာ၍ လှည့်အကြည့်တွင် 'ထို
ူငယ်' ၏သေနတ်ဒင်သည် ကျွန်တော်၏ ဦးခေါင်းတည့်တည့်မတ်
်ကျရောက်လာတော့သည်။ ကျွန်တော့်ဦးခေါင်းဝယ် မဟာ
သဝိမြေသည် ချာချာလည်ပါ၏။ တစ်လောကလုံး၏ အမှောင်
ည် ကျွန်တော့်တွင် ပကတိ လကွယ်ညဖြစ်ရသည်။ ကျွန်တော်
မျက်လုံးများ၌ မှောင်အတိသာ ဖုံးလွှမ်းသွားတော့သည်။

ကျွန်တော်ဘာမှသတိမရတော့ ... ကျွန်တော်သည်
ခိုက်အတန့် ကမ္ဘာကြီးတစ်ခုလုံးကို မျက်ကွယ်ပြုလိုက်ရတော့
ည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ကျွန်တော်၏ ဦးခေါင်းသည်ကိုက်ခဲလွန်းလှ၏
ကျွန်တော်၏ မျက်ခွံများသည် ဖွင့်နိုင်ရန်အတွက်လေးလံလွန်းလှ
သည်။ သို့သော် ကျွန်တော်သတိရပါလေပြီ။ ကျွန်တော်သည် ကြ
စားကာနေရာမှထလိုက်သည်။ မျက်လုံးဖွင့်ကာ ကျွန်တော်၏ကိုယ်
ကို ငုံ့ကြည့်လိုက်မိသည်။ အံ့သြဖွယ်ကောင်းပေစွ။

ကျွန်တော်ဝတ်ဆင်လာသော ရှပ်အင်္ကျီသည် ၎င်း
ကုတ်အင်္ကျီသည် ၎င်း၊ကျွန်တော်၏ကိုယ်တွင် ရှိမနေတော့ပေ၊ ဖ
စွပ်ကျယ်လက်ပြတ်သာလျှင် ကျွန်တော်ဝတ်ဆင်လျက် ကျန်
တော့သည်။ အလားတူပင် ကျွန်တော်၏ တက်ထရက်(စ်)ဘောင်း
ဘီရှည်သည်လည်း ကျွန်တော်၏ခါးပေါ်၌ ရှိမနေတော့ အောက်ခံ
ဘောင်းဘီလေးမျှသာ ကျွန်တော်၌ကျန်ခဲ့သည်။ ရှူးဖိနပ်နှင့်ခြေ
အိတ်မှာ ဘုရားထဲဝင်ခဲ့စဉ်ကချွတ်၍ ကျွန်တော်ကိုင်ထားခဲ့သည်။



၎င်းခြေအိတ်နှင့်ရှူးဖိနပ်သည်လည်း ရှိမနေတော့ပေ။

'ထိုသူငယ်' သည် ကျွန်တော့်တစ်ကိုယ်လုံးအား
အရှက်လုံရုံမျှထားခဲ့ကာ ကျွန်တော်၏ပစ္စည်းအားလုံးကို ယူသွား
ခဲ့လေသည်။

ကျွန်တော်ပတ်ဝန်းကျင်သို့ မျက်စိကစားလိုက်မိ
သည်။

ကျွန်တော်နှင့်မလှမ်းမကမ်းတွင် ကျွန်တော်၏ပိုက်
ဆံအိတ်ကို တွေ့ရသည်။ သွားရောက်ကောက်ယူကာ အထဲသို့
ကြည့်လိုက်မိသည်။ ငွေရှစ်ရာပါသော ပိုက်ဆံအိတ်ထဲဝယ် အကြွေ
တစ်စေ့ပင် မပျောက်မရှဘဲ ဒီအတိုင်းငွေရှစ်ရာကျော် ရှိနေပါလေ
၏။ ယာဉ်မောင်းလိုင်စင်ကို၎င်း၊အမျိုးသားမှတ်ပုံတင်သည် ၎င်း၊
အားလုံးသည်ပိုက်ဆံအိတ်ထဲ၌ အစုံအစေ့ရှိနေကြသည်။ ပိုက်ဆံ
အိတ်ကိုပစ်ချထားခဲ့ရာနေရာတွင် ကျွန်တော်၏စီးကရက်ဘူး၊ မီးခြစ်
နှင့်သော့တွဲကိုလည်း ပြန်လည်ရှာဖွေတွေ့ရှိရသည်။

ကျွန်တော် စဉ်းစားမိလေပြီ။

ကိုသူရသည် မိခိုင်ထံမှ အလိုရှိသော ပစ္စည်းတစ်ခု
အတွက် ပထမဦးစွာ မိခိုင်အား ကင်းတား၌ လက်ပွေ့အိတ်အနီ
ကိုလုကာ ဆည်ကမ်းဘားထိပ်မှ တွန်းချခဲ့ခြင်းဖြစ်ရမည်။ သို့သော်
သူလိုချင်သော ပစ္စည်းသည် မိခိုင်၏လက်ပွေ့အိတ်အနီထဲတွင်
ရှာဖွေတွေ့ရှိဟန်မတူပေ။

ထို့ကြောင့် ကျွန်တော်နှင့်ကင်းတားဆည်ထိပ်တွင်
မိခိုင်အကြောင်းပြောနေစဉ် သူ၏လူယုံတော်တစ်ဦးဦးအား မိခိုင်

www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့သွားရောက်ရှာဖွေစေခဲ့ပေသည်။ သို့သော် သူလိုသော ပစ္စည်းသည် မိခိုင်အခန်း၌လည်း ရှာဖွေတွေ့ရှိဟန် မတူပြန်ပေ။

ဆက်လက်ပြီး ကျွန်တော်မရှိခိုက် ကျွန်တော်၏ မ ရိပ်ငြိမ်ဟိုတယ်မှ အခန်းကိုရှာဖွေခဲ့ခြင်း ဖြစ်ပေမည်။ သို့သော် လည်း သူကအလိုရှိသော ပစ္စည်း ရှာမတွေ့သေးပေ။

ထိုသူငယ်အား ကိုသူရဆက်ပက်တာဝန်ပေးပုံ သည်။ ထိုသူငယ်သည် နောက်ဆုံးတွင် ကျွန်တော့်အား အပိုင်ဖ သိပ်ခါ ကျွန်တော်၏အဝတ်အစားများကိုသာလျှင် ရွေး၍ချုတ်ယ သွားသည်။

သူတို့အလိုရှိသော ပစ္စည်းသည် ကြီးကြီးမားမာ ပစ္စည်းမဖြစ်တန်ရာ။ အင်္ကျီအိတ်, ဘောင်းဘီအိတ်များထဲ၌ ထည် နိုင်သော ပစ္စည်းမျိုးဖြစ်မည်။ ကျွန်တော်သည် မိခိုင်ထံမှရသော ပစ္စည်းတစ်ခုခုကို ကိုယ်နှင့်မကွာ ထားရှိသည်ဟု ကိုသူရသည် ယူ ဆပုံရလေသည်။ သို့မို့ကြောင့် အင်္ကျီနှင့်ဘောင်းဘီတို့၏ ချုပ်ရိ ခေါက်လက်နား,ခြေနားများတွင် စိတ်တိုင်းကျ ရှာယူရန် အဝတ် အစားများကို ချွတ်ယူသွားခြင်း ဖြစ်တန်ရာသည်။

ပိုက်ဆံအိတ်နှင့်တခြားပစ္စည်းများကိုမူ မယူစေ ထိုသူငယ်အား ကိုသူရက ကျပ်တီးစွာ တားမြစ်ထားပုံ ရလေသည် ပိုက်ဆံအိတ်စီးကရက်ဘူးတို့ထဲ၌ သူတို့လိုချင်သော ပစ္စည်းမတွေ့ သောကြောင့် အကြွေတစ်စေ့, စီးကရက်တစ်လိပ် မပျောက်ဆုံးစေ ပဲ ဤအတိုင်းထားခဲ့ခြင်းသာလျှင် ဖြစ်ပါလေမည်။

"ဘုရားရေ ... ကိုဇော်တစ်ယောက် ဘယ်လိုဖြစ်နေတာလ



နေရာရှားလွန်းလို့ ကုသိုလ်တော် ဘုရားထဲမှာ လာပြီးကာ ယဗလလေ့ကျင့်တာတဲ့လား"

စွပ်ကျယ်လက်ပြတ်နှင့် ဘောင်းဘီတိုနှင့် ကျွန် တော့်အား လေးလေးမြင့် ပါးစပ်အဟောင်းသား ကြည့်ကာရေရွတ် သိုက်ပေတော့သည်။

လေးလေး ဒီဘုရားထဲဝင်လာတော့လူတစ်ယောက် တွေ့လိုက်ဘူးလား လေးလေး ဂျာကင်အင်္ကျီပွနဲ့,ဘောင်းဘီနဲ့ ဦးထုပ်ဆောင်းထားတယ်၊ လူငယ်တစ်ယောက်တည်းပဲ ရှိသေး တယ်။ ခပ်သွယ်သွယ်,ခပ်ချောချော"

"ခပ်သွယ်သွယ်လဲ မတွေ့ဘူး၊ ခပ်ချောချောလဲ မ တွေ့ဘူး ခပ်တောင့်တောင့်နဲ့ ခပ်ခန့်ခန့်ပုဂ္ဂိုလ်ကြီးပဲ လေးလေး တွေ့တယ်၊ အဲဒီပုဂ္ဂိုလ်ကြီးက ဟောဒီကိုဇော်ပဲပေါ့"

"နောက်မနေနဲ့ လေးလေး ... အဲဒီချာတိတ်က ကျွန်တော့်နဖူးကို သေနတ်ဒင်နဲ့ ရိုက်ပြီး အဝတ်အစားတွေလုသွား တယ်"

လေးလေးမြင့်သည် ကျွန်တော်၏အနီးသို့ တိုးလာ ၏။ သူမ၏ ကွေးညွတ်နူးညံ့သော လက်ချောင်းကလေးများဖြင့် ကျွန်တော်၏ နဖူးကိုကိုင်ကြည့်ပေသည်။ စိုးရိမ်ပူပန်သော ရုပ်သွင် သို့ပြောင်းသွား၏။

"ဟုတ်ပါရဲ့ ကိုဇော် ... ညိုမဲနေတာပဲ၊ ဆေးတစ်ခုခုလိမ်း ရင်ကောင်းမယ်၊ ပြန်ကြစို့ ... မြန်မြန်ဆေးလိမ်းကြရ အောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအောက်ခံဘောင်းဘီတိုလေးနဲ့ ပြန်ရမယ်ဟုတ်လား"

"ဘာပြုလဲ ကိုဇော်က ကြွက်သားကြီးတွေ၊ မာဆယ်ကြီးတွေနဲ့ အဝတ်အစားဝတ်ထားတာထက်တောင် ပိုကြည့်ကောင်းသေးတာ၊ ပြီးတော့ ကားထဲမှာ ထိုင်လိုက်လာတာပဲ ဘယ်သူမြင်တာ မှတ်လို့ ကိုဇော့်အိမ်အထိ လေးလေးက လိုက်ပို့ပေးမယ် ဆေးလိမ်းပေးမယ်၊ ကဲ ... လာ သွားစို့"

ဤနည်းမှလွဲ၍ အခြားလုပ်နိုင်စရာလည်း မရှိသောကြောင့် ဖိနပ်မပါ ဘောင်းဘီတိုနှင့်ပင် လေးလေးမြင့်၏ ကားထဲသို့ ကျွန်တော်ဝင်၍ထိုင်လိုက်ရတော့သည် ကျွန်တော်ကလမ်းညွှန်ပေးပြီး လေးလေးမြင့်က မောင်းနှင်ကာ စိန်ပန်းရပ်ထဲသို့ ကျွန်တော်၏ ယာယီအိမ်သို့ ရောက်ရှိလာကြသည်။

ကျွန်တော်၏တကယ့်ဆန္ဒမှာမူ လေးလေးမြင့်အား ဤမှဖြင့် ပြန်စေလိုပေပြီ။ အိမ်တွင်းသို့ မဖိတ်ခေါ်လိုပေ။ တိတ်ဆိတ်လုံခြုံသော အိမ်ကြီးတစ်လုံးထဲဝယ် သွေးသားမစပ်ဘဲ အရွယ်ရောက်ပြီး ဖိုနှင့်မသည် အတူရှိမနေအပ်ပေ။ ထို့ထက်မှာမူ ကျွန်တော်သည် မိနိုင်မွေးခဲ့သော မီးပုံတွင်း၌ ကျွန်တော်ပါဝင်ကပြနေရသော ဇာတ်လမ်းကို အခြေအမြစ်မှစပြီး တစ်ယောက်တည်း စဉ်းစားလိုသည် သို့သော် လေးလေးမြင့်သည် ကျွန်တော့်အား တောက်တဲ့ကပ်ကပ်နေသည်။ ယင်းသို့ဆိုပြန်တော့လည်း ကျွန်တော်သည် ရက်ရက်စက်စက် နှင်မပစ်ရက်။ နှင်ပစ်ရလောက်အောင် လေးလေးမြင့်သည် အပေါစားအမျိုးသမီးတစ်ဦးမဟုတ်မှန်းကလည်း သိသာလှသည်။ ကျွန်တော်ကိုယ်တိုင်ကကို မပြတ်သားသူဟု ဆိုချင်လည်း



ဆိုပါတော့။

ကျွန်တော်က တံခါးသော့ဖွင့်ယုံ ရှိသေးသည်။ လေးလေးမြင့်က ကျွန်တော်၏အရင် အိမ်ထဲသို့ ရှေ့မှဝင်ရောက် လိုက်လေ၏။

"အာယိုယို ... မြူနီစပါယ် အမှိုက်ပုံကျနေတာပဲလား ... ကိုဇော်မှာ အိမ်ထောင်ထိန်းသိမ်းပေးဖို့ နောက်ထပ် အမျိုးသမီးတစ်ဦးတလေ လိုနေတာ အမှန်ပဲ"

မှန်ပေ၏။ ဧည့်ခန်းတွင်း၌ရှိသော ဦးကျော်စိုး၏ အားပွဲကုလားထိုင်တို့သည် ကျွန်တော်အပြင်ထွက်သွားစဉ်က သူ့နေရာနှင့်သူ သေသေသပ်သပ် စနစ်တကျရှိခဲ့သော်လည်း ယခုမူ ဘားဖွမ်းကစားလျှက် ရှိကြသည်။ မှောက်သူမှောက်၊ လှန်သူလှန်၊ လဲသူလဲနှင့် အားလုံးသည် ဖယိုဖရဲနိုင်လှသည်ကို တွေ့ရပြန်တော့သည်။

အိပ်ခန်းတွင်းသို့ ကျွန်တော်ပြေးဝင်သွားမိသည်။ ကျွန်တော်၏ အဝတ်အစားနှင့် သေတ္တာသာမက ဦးကျော်စိုး၏ အဝတ်အစားဗီရိုတွေပါ ပွလယောင်းကျဲနေတော့သည်။

ကိုသူရသည် ကုသိုလ်တော်ဘုရားအတွင်း၌ သူ၏ 'ထိုသူငယ်'အား ကျွန်တော့်ကိုခေတ္တလှဲသိပ်ပေးစေသောအချိန်တွင် ဤအိမ်သို့ လာရောက်မွှေပြန်လေပြီကော ...

မည်သို့သော ပစ္စည်းကို လိုလေသော်ကြောင့် ဤမျှအသဲအမဲကြီးစွာ ကိုသူရသည် ကျွန်တော်၏ထံ၌ ရှာဖွေနေပါသနည်း

လေးလေးမြင့်သည် ကျွန်တော်ရှိရာ အိမ်ခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာလေတော့သည်။ သူမကိုယ်တိုင်လည်း မုန်တိုင်းငယ်တစ်ခု ဝင်ရောက်တိုက်ခိုက်လိုက်သလို ဖွာလန်ကျဲသွားသည့်ပစ္စည်းများအား အံ့သြစွာ လိုက်ကြည့်နေရှာသည်။

ရိုးရိုးတော့မဟုတ်ဘူး ကိုဇော် ... ကုသိုလ်တော်ဘုရားထဲမှာ ကိုဇော့်ကိုရိုက်ပြီး အဖိုးတန်ပိုက်ဆံအိတ်တော့ မယူဘဲ အဝတ်အစားတွေ ချွတ်ယူသွားတယ် ... ပြီးတော့ ကိုဇော်နေတဲ့အိမ်ကို သော့တုနဲ့ဖွင့်ပြီး ဝင်မွှေသွားတယ် ... လေးလေးကို မှန်မှန်ပြောစမ်း ကိုဇော်"

ကျွန်တော်သည် လေးလေးမြင့်ကို ကြည့်နေမိသည်။

"ဘာကို မှန်မှန်ပြောရမှာလဲ လေးလေး"

"ကိုဇော့်မှာ ဘာတွေများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေလဲ ... သူတို့က ကိုဇော်နောက်ကို ဘာလို့နောက်ယောင်ခံ လိုက်တာလဲ ပြီးတော့ ကိုဇော့်ကို ဘာလို့ရိုက်ပြီး အဝတ်အစားတွေ ချွတ်ယူသွားတာလဲ ကိုဇော်ဟာ အဖွဲ့အစည်းတစ်ခုရဲ့ တလျှို့တလန်လား ... ဒါမှမဟုတ် ကိုဇော်ရဲ့နောက်မှာ မကောင်းတဲ့ အဖွဲ့အစည်းတစ်ခုခုလိုဟာမျိုး ရှိနေသလား ကိုဇော်"

လေးလေးမြင့်သည် ကျွန်တော်၏ ပခုံးနှစ်ဖက်ဆီသို့ သူမ၏လက်ကလေးများဖြင့် ဆုပ်ကိုင်လိုက်သည်။ ကျွန်တော်၏ အနေနှင့် မိခိုင်မှုစပြီး ပတ်သက်လာသောကိစ္စကို ယခုမှ သိကျွမ်းလေရသည့် လေးလေးမြင့်အား ဖွင့်မပြောလိုပေ။

"ထင်ချင်သလိုထင်တော့ လေးလေး ... ဘာပဲပြောပြော ကိုဇော်ဟာ စာရေးဆရာမို့ ရေးကွင်းရေးကွက်ရှာရင်း မန္တလေးရောက်နေတာလောက်ပဲ ကိုဇော့်ဟာ ကိုဇော်သိတယ်"



"ဒါဖြင့် ကိုဇော့် ကိုရိုက်ပြီး အဝတ်အစားလုယူတာရယ် အခု အိမ်ထဲဝင်ပြီး အမွှေခံရတဲ့အကြောင်း ကိုဇော် လုံးဝမသိဘူးပေါ့"

"မသိတာမှ ... ဘာကိုမှမသိတာ"

လေးလေးမြင့်က အခန်းဒေါင့်ရှိ တယ်လီဖုန်းသို့ ညွှန်ပြလိုက်သည်။

"ဒီလိုဆို ဘာလို့ငုံ့ခံရမှာလဲ ... လေးလေး ရဲတပ်ဖွဲ့ကို ခေါ်လိုက်မယ်လေ"

"အို ... မခေါ်ပါနဲ့"

"ဘာပြုလို့ မခေါ်ရမှာလဲ ကိုဇော်"

ကျွန်တော်က ဘာမျှပြန်မပြောပေ။

"သိပ်ဟုတ်နေပြီပေါ့ ကိုဇော် ... ကိုဇော့်မှာ အထူးလျှို့ဝှက်ချက်တစ်ခုရှိနေပါတယ် ... ရဲတပ်ဖွဲ့က မသိစေချင်တဲ့ လျှို့ဝှက်ချက်မျိုး မဟုတ်လား"

လေးလေးမြင့်သည် အတွေးအခေါ်ကောင်းသော အမျိုးသမီးတစ်ဦးဟု စိတ်ထဲမှ ချီးမွမ်းရင်းကပင် ... သူများကိစ္စကို ...ဘော်တော်စပ်စုချင်ပေသည့် အမျိုးသမီးတစ်ယောက် ဟုလည်း ...ကျွန်တော် မှတ်ချက် ပြုလိုက်မိသည်။ လေးလေးမြင့်၏ လုံးကျစ် ...ဖျော့သော လက်မောင်းနှစ်ဖက်အား ကျွန်တော်က ပြန်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်မိသည်။

"ဟုတ်တယ်လေးလေး ... ကိုဇော်မှာ လျှို့ဝှက်ချက်တစ်
ရှိနေတယ် ... အဲဒါဟာ ကိုဇော်ရဲ့ ကိုယ်ရေးကိုယ်တာ
ကဲ ... လေးလေးကူညီသပဆိုရင် ... ဒီအိမ်ကိုပြန်ရှင်းကြ
လား ... လေးလေး"

လေးလေးမြင့်က ညှော်ခန်းတွင်တာဝန်ယူ၍ ရှင်
လင်းသည်။ ကျွန်တော်က အိပ်ခန်း၌ရှင်းရသည်။ ရှင်းလင်းနေ
ကျွန်တော်၏ ကုသိုလ်အကျိုးပေးကို ကျွန်တော်ပြန်တွေးမိသည်
မိခိုင်သည် ကျွန်တော့်အား အလိုအလျောက်လာရောက်ဆက်သွ
ခဲ့သည်။ ရိုးရိုးဆက်သွယ်ရုံမက သူမအပေါ်သို့ ညွှတ်နူးစေရန်အ
ဆွဲဆောင်သေးသည်။ သို့သော် မိခိုင်သည် ကျွန်တော့်အား သူမ
လုံခြုံရေးအတွက် အဖော်ကောင်းတစ်ဦးအနား၌ ရပ်ပေးစေလိုသေ
သဘောဖြင့် ဆွဲဆောင်ခြင်းဖြစ်သည်။ မည်သို့ဆိုစေ မိခိုင်သည်နု
လှပသော မိန်းမချောကလေးပေတည်း။ ကျွန်တော်သည် မိမိကို
ကို အလွန် ထိန်းသိမ်းသည့် ကြားမှပင် မိခိုင်၏အတွေ့၌ သာယ
မိသည်။ ရှိန်းဖြိန်းမိသည်။ လေးလေးမြင့်သည် ငယ်မူငယ်သွေးဖြ
ဆွဲဆောင်မှုရှိလေသည်။

ယခုလေးလေးမြင့်သည် သူမဘာသာပင် ကျွ
တော့်အားဆက်သွယ်လာလေပြန်ပြီ။ သူမ၏အကြောင်းပြချက်
မှု ကျွန်တော်တို့ ဇနီးမောင်နှံသည် အနုပညာသည်များဖြစ်သေ
ကြောင့် ထုံးစံအတိုင်း ကိုယ့်ပရိသတ်တစ်ဦးအနေနှင့် ဆက်ဆံလာ
ရပါသည်ဟု ဆိုငြား၏။ သူမသည် ငွေကြေးချမ်းသာသော မုဆိုး



တစ်ဦးဟုလည်း ဖွင့်ပြောသည်။ မုဆိုးမသာပြောသည်၊ လေးလေး
ခိုင်၏ အမို့အမြင့် အတင်းအရင်းနှင့်အဟိုက်များသည် အချိုးကျလွန်း
သွေ။ အတွေ့အကြုံတစ်ခါဖူးမျှ မရှိသေးလေသော ဆယ်ကျော်
သက်ရွယ် လုံမပျိုတစ်ဦးလိုပင် တင်းတင်းရင်းရင်း ရှိလှသည်။ လေး
လေးမြင့်သည် မိခိုင်ထက်ပို၍ အသက်ကြီးလေသည်မို့ သူမ၏
ပြောအဆိုအမူအရာများသည် မိခိုင်လိုမကလေး၊ တည်တည်
ငြိမ်ရှိတတ်သည်။ မည်သို့ဆိုစေ ဤနှယ် ဤအဆင့်အတန်းမှ
မျိုးသမီးတစ်ဦးသည် အကြောင်းခြင်းရာ တစ်ခုခုမခိုင်မာလေဘဲ
ကျွန်တော့်အား ဘာလာချိုလာရောက်ဆက်သွယ်သည်မှာ စဉ်းစား
စရာပင်။

ကျွန်တော်၏ အိပ်ခန်းရှင်းလင်းပြီး၍ ညှော်ခန်းသို့
ကျွန်တော်ကူးလာခဲ့သည်။ လေးလေးမြင့်သည် နှစ်ယောက်ထိုင်
ဆိုဖာထိုင်၌ထိုင်ကာ စီးကရက်တစ်လိပ်ကို ဖွာရှိုက်နေပေသည်။
ညှော်ခန်းသည်လည်း ရှင်းလင်းပြီး ဖြစ်တော့၏။ ကျွန်တော်ထွက်
လာသည်ဆိုလျှင် လေးလေးမြင့်ကပင် ဆီးကြိုပြုံးရယ်ပြလေသည်။

"လာ ... ကိုဇော်၊ ထိုင်ကြဦးစို့"

ဟု သူမ၏ဘေးတွင် ပုတ်ပြရင်း ဖိတ်ခေါ်သည်။
ကျွန်တော်က သူမ၏ဖိတ်ခေါ်ချက်အတိုင်း သူမ၏ဘေးတွင် ဝင်၍
ထိုင်လိုက်လေသည်။

"ကိုဇော့်ကို လေးလေးမေးချင်တာတွေ အများကြီးပဲ
ဒါပေမဲ့ ကိုဇော် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ လေး
လေး မမေးတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင် လေးလေးကို လိမ္မာတယ်လို့ ချီးမွမ်းရ
ပေါ့"

"ဟုတ်တယ်နော် ... လေးလေးဟာ လိမ္မာပါတယ်၊ ဆို
ပါစို့၊ လေးရလေးရဲ့ခင်ပွန်းကို သူမသေခင် လေးလေး က
တစ်လုံးပေးထားတယ်၊ သူသေသွားရင် သေပြီးတဲ့နော
ခြောက်လအထိ လေးလေးဟာ ဘယ်အမျိုးသားကိုမှ မိ
ဆွေမလုပ်ပါဘူးလို့လေ၊ အဲဒါဟာ လေးလေးလိမ္မာတာ
မဟုတ်လား ကိုဇော်"

"ဒါပေမဲ့ ကိုဇော် ... စောစောက သူ့သချိုင်း အုတ်ဂူ
စပယ်ပန်းခွေချရင်း လေးလေးသူ့ကို ပြောခဲ့တယ်၊ ကဲ
ဆရာကြီး ဒီနေ့ ဒီပန်းခွေချတဲ့နေ့က ခြောက်လတိတိ
ပြီလို့"

⌘



## အခန်း (၁၃)

လေးလေးမြင့် ဝင့်ကြွားသွားသလို အချယ်အသဖြင့် အိပ်ခန်းထဲမှ ပြန်မထွက်လာမီပင် ကျွန်တော်၏အိမ်တံခါးမှ လူခေါ်ခေါင်းလောင်းသံသည် ထွက်ပေါ်လာပေတော့သည်။

ကျွန်တော်သည် တံခါးကို ဖွင့်ပေးလိုက်သည်။

"အမယ်လေး ကိုယ့်မောင်ရယ် ... ကိုယ့်မောင် ဖမ်းမိဖို့က လေကိုဖမ်းရသလိုပါပဲလား၊ မနက်က တယ်လီဖုန်းနှစ်ခါ ဆက်တယ်၊ ပြန်မထူးဘူး၊မမမွန်ကိုယ်တိုင် တစ်ခေါက်လာသေးတယ်၊အိမ်ကြီး သော့ခတ်လို့"

"ဆောရီးပဲ မမမွန်၊ ကျွန်တော်အပြင်ထွက်နေလို့ပါ"

ဒေါ်ရည်မွန်သည် ကျွန်တော်၏နဖူးဆီသို့ လှမ်းကြည့်သည်။

"ဟဲ့ ... ကိုယ့်မောင် နဖူးမှာညိုလို့ မဲလို့ပါလား၊ တစ်ယောက်ယောက်နဲ့ ကိုယ့်မောင် ရန်ဖြစ်လာပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"တံခါးနဲ့ ဆောင့်မိတာပေါ့ မမမွန်"

"ကွယ် ... ကိုယ့်မောင်က မကြီးမငယ်နဲ့ တံခါးခိုစီးလား မသိတာ"

ဟု ရယ်မောပြောဆိုရင်း ညှော်ခန်းကုလားထိုင် တ ခုဒွ ဝင်၍ထိုင်လိုက်သည်။ ဤမှာတင် ကျွန်တော့်ဂျောက်ကျပါတော့ သည်။ ညှော်ခန်းထဲရှိ စားပွဲပေါ်တွင် လေးလေးမြင့်၏ လက်ပွေ့အိတ် နှင့် ခေါင်းစီးစကပ်(ဖ်)သည် အခန့်သား ဒေါ်ရည်မွန်၏မြင်ကွင်း အောက်သို့ ရောက်သွားပါလေတော့သည်။

"ဟောတော့ ... ကိုယ့်မောင်မှာ ဧည့်သည်ရှိနေတာကို မမမွန် အနှောင့်အယှက်ပေးသလို ဖြစ်ကုန်ပြီ ထင်ပါရဲ့ ကိုယ့်မောင်"

"ထိုင်စမ်းပါ မမမွန်၊ ဘယ်လိုမှ အနှောင့်အယှက် မဖြစ်ပါ ဘူး။ မမမွန်လာလည်တာကို ကျွန်တော်က ဝမ်းသာနေ တာပါ၊ အနည်းဆုံးကော်ဖီတစ်ခွက်လောက်ဖြစ်ဖြစ် ကျွ တော်တိုက်ပါရစေ"

ပြောလို့သာပြောရသည်။ ဒေါ်ရည်မွန်အား ကော် တိုက်နိုင်ရန် ကျွန်တော်ကရေနွေးကြိုရဦးမည်။ ကျွန်တော် ရေနွေး ကြိုနေစဉ် ဧည့်ခန်းထဲဝယ် ဒေါ်ရည်မွန်အား တစ်ယောက်တည်း ငုတ်တုတ်ထားခဲ့လေရမလား၊ အမှန်မှာ ကျွန်တော်သည် အရှက်ပြေ ပြောနေခြင်းမျှသာ ဖြစ်ပါ၏။ ဒေါ်ရည်မွန်အား ကျွန်တော်မျက်နှာ ပူမိသည်။ ကင်းတားသွားစဉ်က မိခိုင်နှင့်ကျွန်တော်က တွဲခဲ့ပြီး ယ မန္တလေးတွင် အခြားအမျိုးသမီးတစ်ဦးက 'ကျွန်တော်၏ အိမ်သို့



ရောက်နေပြန်သည်။ ကျွန်တော်၏အဖြစ်သည် ကျွန်တော့်ဘာသာ သိပ်ပြာသနဲ့သော်လည်း ဒေါ်ရည်မွန်က မည်သို့ ကျွန်တော့်အား ကောက်ချက်ချလေမည်နည်း။

"နေပလေ့စေ ကိုယ့်မောင်၊ ကိုယ့်မောင်ကလောကွတ်လုပ် ချင်ပေမယ့် မမမွန်က အငှားကားနဲ့လာတာမို့ ရေနွေးဆူ တဲ့အထိ စောင့်နိုင်မှာ မဟုတ်ဘူး"

"နို့ ... ဒါဖြင့်လဲ ဘာလို့လာသေးသလဲ မမမွန်ရယ်"

"အဲ ... ကြည့် ... မမမွန် ဘေးပန်းပြီး လျှာချောင်နေတာနဲ့ လိုရင်းကိုတောင် မရောက်တော့ဘူး၊ ဒီလိုပါ ကိုယ့်မောင် ရဲ့ ကနေ့ည(၈)နာရီမှာ မမမွန်က ဒင်နာပါတီ ပေးမလို့ မန်းရိပ်ငြိမ်ဟိုတယ်မှာပဲပေါ့ကွယ်၊ ကိုယ်နဲ့ရင်းနှီးခင်မင်တဲ့ မိတ်ဆွေလောက်သာ ဖိတ်တာပါ၊ အဲဒါ ကိုယ့်မောင်ကို လာဖိတ်တာ၊ ဆက်ဆက်ကြီးကိုလာရမှာနော်၊ ဘယ်လို အရေးကြီးတဲ့ ကိစ္စရှိနေလို့ မလာဖြစ်သွားတာပါဆိုတဲ့ ဆင် ခြေမျိုး မပေးစတမ်း ကိုယ့်မောင်"

"စိတ်ချ မမမွန်၊ မမမွန်ရဲ့ ပါတီပွဲကို ပထမဆုံးရောက်တဲ့လူ ဟာ ကျွန်တော်ဖြစ်ရပါစေ့မယ်"

"အဲ ... အဲ ... သိပ်အစောကြီးတော့လဲ မလာနဲ့ ကိုယ့်မောင် မမမွန်က ဧည့်ခံရမယ့်လူဆိုတော့ နှုတ်ခမ်းနီ၊ ပါးနီ၊ လက် သည်းနီနဲ့ မျက်ခုံးမွေးဆွဲ၊ မိတ်ကပ်ချယ်တဲ့ အလုပ်တွေ အစောကြီးကတည်းက အချိန်ယူ လုပ်ရဦးမယ်"

ဟု ပျက်ချော်ချော်ပြောကာ ရယ်မောရင်း နေရာ

www.burmeseclassic.com

www.burmeseclassic.com



ထလိုက်ပေတော့သည်။ မမမွန်၏ အပြောမှာ သူရောက်ရှိနေသော
အရွယ်နှင့် ပြောပုံ အမူအရာက ဟာသမြောက်သည်မို့ ကျွန်တော်
လည်း တဟဲဟဲရယ်မိရပြန်သည်။ မမမွန်နှင့် ဆုံမိလေတိုင်း ကျွန်
တော်၏ စိတ်များသည် ကြည်နူးရပါလေ၏။

ယင်းအခိုက်မှာပင် ...

လေးလေးမြင့်သည် အိပ်ခန်းထဲမှ အပြင်သို့ထွက်
လာတော့သည်။ လေးလေးမြင့်သည် ပြောသည့်အတိုင်းသန့်
လာသည်။ ချယ်သလာသည်။ ချောမောလှပသည်မှာလည်း အ
အပကို အားကျတတ်လေ့ရှိသော ဒေါ်ရည်မွန်က ငေးကြည့်ရပါလေ
၏။ သို့သော် လေးလေးမြင့်ကို ကျွန်တော်စိတ်တိုမိသည်။ တကယ်
ဆိုလျှင် ဒေါ်ရည်မွန်ပြန်သွားလေမှ အပြင်သို့ထွက်လာပါလျှင် ကျွ
တော့်အတွက် အမြင်မဟုတ်ဘဲ အထင်ခံသာ ဖြစ်ရသည်မို့ အနည်
ငယ်တော်ပေလိမ့်မည်။ ယခုမူ ဒေါ်ရည်မွန်အား ကျွန်တော်မျက်
နှာပူရတော့သည်။ စာရေးဆရာ ဇော်မြင့်ဝင်း ဆိုသည်မှာ အမျိုး
မိးချောကလေးများကို ဟောတစ်ယောက်,ဟောတစ်ယောက်
နေသူပါလားဟု အထင်သေးစရာပင်။

သို့သော် ကျွန်တော်သည် တာဝန်တစ်ရပ် အနေနှ
ဒေါ်ရည်မွန်နှင့် လေးလေးမြင့်အား မလွှဲမရှောင်သာ မိတ်ဆက်ပေ
ရတော့သည်။

"သူက လေးလေးမြင့်ပါပဲ မမမွန်"

ယင်းသည့်တိုင် ကျွန်တော်၏ မိတ်ဆက်မှုသည်
အရာမရောက်တော့ပေ။ ဒေါ်ရည်မွန်သည် လေးလေးမြင့်အား



ကျွန်တော့်ထက် ဦးစွာသိကျွမ်းထားလေသောကြောင့် ဖြစ်ပါသည်။

ဒေါ်ရည်မွန်ကို တွေ့သည်ဆိုလျှင်ပင် လေးလေး
မြင့်သည် ကွက်ခနဲ မျက်နှာပျက်သွားသည်ကိုလည်း ကျွန်တော်
သတိပြုမိသည်။

"ဟော ... အန်တီနဲ့လေးလေးတို့ ဆုံမိကြပြန်ပြီကောနော်"

"အေးကွဲ့ ... တူမရဲ့ ဆုံမိကြပြန်ပြီဘဲ"

ကျွန်တော်က ကြားဖြတ်မေးရတော့သည်။

"အော် ... မမမွန်တို့က တစ်ယောက်ကို တစ်ယောက်သိ
နေကြပေသကိုး"

"ဟုတ်တယ် ကိုဇော်၊ လေးလေးတို့သိနေကြသားပဲ"

"ဟုတ်တယ် ကိုယ့်မောင်၊ ရှင်မြူးစရာကောင်းတဲ့ တိုက်ဆိုင်
မှုကလေး တစ်ခုလို့ ပြောရင်တောင် ရတယ်ကွဲ့၊ ဘာလို့လဲ
ဆိုတော့ ... လေးလေးကို 'ကိုသူရ'နဲ့ အတူတူ ဒီနေ့မနက်
ပိုင်းကမှ မမမွန်သိခဲ့ရတာကိုး ... အခုတစ်ခါ ကိုယ့်မောင်
နဲ့လေးလေးကို အတူထပ်တွေ့ရပြန်ရော ... ကိုသူရရော
ကိုယ့်မောင်ဟာ မမမွန်ရဲ့ မိတ်ဆွေတွေ တိုက်တိုက်ဆိုင်
ဆိုင် လာဖြစ်နေတယ်လေ"

လေးလေးမြင့်သည် စိတ်ပျက်လက်ပျက်ဧည့်ခန်းကု
လားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်သည်။ စီးကရက်တစ်လိပ်
ကိုလည်း မီးညှိရှူဖွာနေပေသည်။ ကျွန်တော့် အဖို့ကား လေးလေး
မြင့်ကို အပြုံးသားအပြုံးသား ကြည့်မိသည်။ လေးလေးမြင့်သည်
'ကိုသူရ'၏ မိတ်ဆွေတစ်ဦးသာ ဖြစ်ရိုးမှန်ပါက ကျွန်တော်အား

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်လာရောက်ပူးပေါင်းခြင်းသည် အဓိပ္ပာယ် အပြည့်အဝ ရှိနေသည်။

"အန်တီပြောတာ ... ဘယ်သူ ကိုသူရတဲ့ ဟုတ်လား၊ အဲ ကိုသူရဆိုတဲ့လူကို လေးလေး မသိပါလား အန်တီ"

"အယ် ... မနက်က မန်းရိပ်ငြိမ်မှာ တူမနဲ့အတူတူတစား ပွဲတည်း မနက်စာ,စားတဲ့လူပေါ့ တူမရဲ့၊ အဲဒီလူဟာ ကိုသူ ပဲ၊ တူမရဲ့ မိတ်ဆွေပဲ မဟုတ်လား"

လေးလေးမြင့်က အံ့ဩသလို မျက်ခုံးနှစ်ဖက်ပင့် တင်လိုက်ပြီးကာမှ ...

"ဩော် ... အဲဒီလူကိုပြောတာလား၊ သူ့နာမည် ကိုသူရတဲ့ လား၊ အဲဒီလူဟာ ကိုသူရဖြစ်တယ်ဆိုရင်တော့ ကိုသူရဟာ လေးလေးကို မိတ်ဆွေဖွဲ့ဖို့ လာကြိုးစားတာ အမှန်ပဲ အန် တီ"

စကားပြောရာမှ လေးလေးမြင့်သည် ကျွန်တော့် အားတစ်ချက်ဝင့်ကြည့်လိုက်သေးသည်။ ပြီးမှဆက်ပြောပါလေ၏။

"လေးလေးမနက်တိုင်း မန်းရိပ်ငြိမ်မှာ မနက်စာ,စားလေ့ ရှိတယ်၊ ဒီဟိုတယ်က အစားအသောက်ကောင်းတော့ လူကျပ်တတ်တယ်မဟုတ်လား အန်တီ၊ အဲဒီ အန်တီပြော တဲ့ ကိုသူရဆိုတဲ့ လူကြီးက လူကျပ်တာကို ရမယ်ရှာပြီး လေးလေးစားပွဲမှာ လာထိုင်တာပါ၊ ပြီးတော့ လေးလေး ကို မိတ်ဆွေဖွဲ့ဖို့ ကြိုးစားရင်း စကားတွေ ဖောင်ဖောင်ကြဲ သွားတာပဲ အန်တီ၊ လေးလေးတော့ သူဟာဘယ်သူမှန်း



တောင် မသိလိုက်ဘူး၊ လူကြီးက ဘုန်းကြီးလူထွက်လိုလို၊ ဘာလိုလိုနဲ့၊ ဟွန်း ... မုန်းစရာကြီး"

"အော် ... အော်၊ ကိုသူရကြီးက ဒီလိုပဲ ... အမျိုးသမီးငယ် လှလှတွေကို မိတ်ဖွဲ့ဖို့ကြိုးစားတတ်သလား ဟင်း ... အန်တီ တော့ ကိုသူရကြီးကို တွေ့မှ စ,ရဦးမယ်"

ဒေါ်ရည်မွန်သည် စကားပြောရာမှ တစ်စုံတစ်ခုကို တိရလိုက်သည့်အလား ... မျက်နှာကြီး ပြုံးသွားကာဆက်၍ သူမ အစီအစဉ်ကို ရွတ်ဆိုပြန်လေတော့သည်။ ကျွန်တော့်ဘက်သို့ ည့်၍ဖြစ်သည်။

"မမမွန် စိတ်ကူးတာမျိုး ရတယ် ကိုယ့်မောင် ... လေးလေး ဟာ ကိုယ့်မောင်ရဲ့မိတ်ဆွေ ... အဲ ... ဆိုပါတော့ မမမွန်ရဲ့ မိတ်ဆွေတူမလေးပဲဖြစ်တယ်လို့ ... ကနေ့ည ပါတီပွဲမှာ လေးလေးကိုလဲ မမမွန်ဖိတ်ပါတယ် ... ခေါ်ဖြစ်အောင်ခေါ် ခဲ့ပါ ကိုယ့်မောင် ပါတီပွဲမှာ ကိုယ့်မောင်နဲ့လေးလေးတွဲနေ တာကို မြင်ရတဲ့အခါ ကိုသူရကြီးရဲ့မျက်နှာ ဘယ်လိုဖြစ်သွား တယ်ဆိုတာ ကြည့်ပြီးအန်တီပျော်စမ်းပါရစေ"

ကျွန်တော်က ဘာဖြေရမှန်းမသိပါလေ ... အမှန်မှာ းလေးမြင့်ကို ကျွန်တော်သည် ရင်းရင်းနှီးနှီးကြီး သိကျွမ်းသေး ည်လည်း မဟုတ်ပေ။ ကျွန်တော်က ခေါ်ခဲ့ပါမည်ဟုဖြေပြီးကာမှ းလေးမြင့်က မလိုက်လိုပါဟုဆိုလာလျှင် ကျွန်တော်ဘာတတ် လေမည်နည်း။ သို့ဖြင့်ကျွန်တော် အိုးတိုးအတ ဖြစ်နေစဉ်မှာပင် းလေးမြင့်ကဝင်၍ အဖြေပေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်လာမယ်ဆိုရင် လေးလေးလဲ လိုက်ခဲ့ပါ့မယ် အန်
အဲဒီလိုလာခဲ့ဖို့လဲ လေးလေးသိပ်စိတ်ဝင်စားပါတယ်"

လေးလေးမြင့်၏အဖြေမှာ ပြဿနာနှစ်ခုအား
လည်သွားစေသည်ဟု ကျွန်တော်မှတ်ယူလိုက်မိသည်။

ပထမပြဿနာသည် ဒေါ်ရည်မွန်၏ ပါတီပွဲဖိတ်
ချက်ကို လေးလေးမြင့်ကလိုက်မည်။ မလိုက်မည်ဟူသော ကိစ္စ
သွားခြင်းဖြစ်ပေသည်။

ဒုတိယပြဿနာသည် အကယ်၍ ကိုသူရနှင့် လေ
လေးမြင့်သည် တကြိတ်တည်းတညာဏ်တည်းသာဆိုလျှင်ကျွန်တေ
ဆီသို့ လာရောက်ပူးပေါင်းသော လေးလေးမြင့်သည် များစွာ သက
မကင်းဖွယ် ကောင်းနေလေတော့ပြီ။ ယခုမူ ယင်းသို့ မဟုတ
ကြောင်း လေးလေးမြင့်၏စကားများက ဖော်ပြလျှက်ရှိကြသည
ကိုသူရသည် လှပသော အမျိုးသမီးကလေး တစ်ဦး၏စားပွဲ
ယောကျ်ားပွေတစ်ဦးတို့၏ ထုံးစံအတိုင်း ဝင်ရောက်ချဉ်းက
သည့်သဘောသည် ပေါ်လွင်လျှက်ရှိသည်။

အကယ်၍လေးလေးမြင့်သာလျှင် ကိုသူရန
တနည်းတစ်ဖုံရှေးမဆွက ဆက်ဆံခဲ့ဖူးလေသည်ဆိုပါက ယနေ့
ဒေါ်ရည်မွန်၏ ပါတီသို့ ကျွန်တော်နှင့်လက်တွဲကာ လေးလေး
လိုက်ရဲစရာ မရှိပေ။ အဘယ်ကြောင့်ဟူမူ … ယနေ့ညပါတီ
'ကိုသူရ'ကလည်း လာရောက်လိမ့်မည် ဖြစ်သောကြောင့်ပေတည်

⌘



## အခန်း (၁၄)

BURMESE CLASSIC .com

မန်းရိပ်ငြိမ်ဟိုတယ်ရှိ ဒေါ်ရည်မွန်၏ ပါတီပွဲသို့
ည(၈)နာရီတိတိတွင် ကျွန်တော်ရောက်ရှိလာခဲ့သည်။ ကျွန်တော်
ဝင်လျှင် ဤပါတီပွဲသို့ ပထမဦးစွာ ရောက်ရှိလာသူပေတည်း။

"ဟော … ကိုယ့်မောင် တကယ်ပဲ ကိုယ့်မောင်ဟာ မမမွန်ရဲ့
ပါတီပွဲကို ပထမဆုံးရောက်လာတဲ့ လူပါပဲကွဲ့၊ ကျေးဇူးတင်
ပါတယ်ကိုယ့်မောင်ရို့ … ကိုယ့်မောင်ရဲ့မိတ်ဆွေ လေးလေး
မြင့် ကောကွဲ့"

"သူလာပါလိမ့်မယ် မမမွန် မနက်ကမမမွန်နဲ့ တွေ့ပြီးတဲ့
နောက် သူလဲပြန်သွားတာပဲ၊ သူ့အိမ်ကမန်းရိပ်ငြိမ်နဲ့ သိပ်
မဝေးဘူးတဲ့ သူ့ဘာသာလာခဲ့ပါ့မယ်လို့ ပြောသွားတာပဲ"

ပြောဆိုနေစဉ်မှာပင် ဒုတိယရောက်လာသူမှ လေး
လေးမြင့် ဖြစ်ပါလေတော့၏။ လေးလေးမြင့်သည် မန်းရိပ်ငြိမ်နှင့်
နီးကပ်စွာနေလာသည်မို့ ထင်ပါသည်။ သူမ၏မော်တော်ကား‌ယူ

www.burmeseclassic.com

www.burmeseclassic.com



မလာခဲ့ပေ။ ပါတီပွဲသို့ လမ်းလျှောက်လာပုံရသည်။ အဝေးမှလှ... မြင်ရစေကာမူ လေးလေးမြင့်၏အလှပ်အရှား၊ အလှမ်းအကြွန်... အချယ်အသတို့သည် တကယ်ပင် လှပချောမွေ့တော့သည်။

"သိပ်လှတဲ့မိန်းကလေးပဲ ကိုယ့်မောင် ကိုယ့်မောင်မှာ ဒီလ... လှတဲ့ မိန်းကလေးမိတ်ဆွေတွေ ဒါဇင်ပေါင်း ဘယ်လောက်... ရှိနေလဲလို့ မမမွန်မေးချင်လာပြီ"

"အထင်မကြီးပါနဲ့ မမမွန် လေးလေးမြင့်ကို ကနေ့မနက်မှ... မှ ကျွန်တော်သိကျွမ်းရတာပါ။ သချိုင်းကိုသွားရင်း လမ်း... ကြုံမိတ်ဆွေ ဖြစ်သွားတာဆိုပါတော့ ..."

"ဘာကွဲ့ သချိုင်းသွားရင်း ဟုတ်လား"

ကျွန်တော်က မနက်ကအဖြစ်ကို ရှင်းပြရသည်။ ... သော် ကုသိုလ်တော် ဘုရားအတွင်း၌ အဖြစ်အပျက်ကိုမူ ချန်လှ... ထားခဲ့ပါသည်။ လေးလေးမြင့် ကျွန်တော့်မိတ်ဆွေဖြစ်ရသည့် အပိုင်း... မျှလောက်သာ ကွက်၍ပြောပြလိုက်သည်။

လေးလေးမြင့်သည် ကျွန်တော်ရှိရာသို့လျှောက်လာ... ကာ ကျွန်တော်နှင့်အတူတွဲ၍ ထိုင်ပေသည်။ မကြာမီပင် ပါတီ... သည် လူစုံလာတော့သည်။ မစားကြသေးမီ အသောက်ဝိုင်းသည်... ပျိုးလျက် ရှိပေပြီ။

ကိုသူရသည်လည်း ထုံးစံအတိုင်း ဖိုးယိုးဖားယားဖြ... ရောက်လာသည်။ ဒေါ်ရှည်မွန်သည် တမင်တကာပင် ကိုသူရအား... ကျွန်တော်နှင့်လေးလေးမြင့်ရှိရာ စားပွဲသို့ ခေါ်ဆောင်လာသည်... ကိုသူရသည် လေးလေးမြင့်ကို တွေ့သည်နှင့် ခြေလှမ်းများတန့်ခ...



...သွားသည်ကို ကျွန်တော်သတိပြုမိသည်။ လေးလေးမြင့်ကမူ ...သည်တည်ခန့်ခန့်ပင် ကိုသူရအား ကြည့်နေပေ၏။

"ဒီမှာလေ ကိုသူရရဲ့၊ ကိုဇော်မြင့်ဝင်းရဲ့ မိတ်ဆွေ မလေးလေးမြင့်တဲ့ ... ကိုသူရ သူ့ကိုသိသလားဟင်"

"ဗျာ မြင်ဖူးသလိုလိုပဲ ဒေါ်ရှည်မွန် ဒါပေမဲ့ အခုဒေါ်ရှည်မွန်က မိတ်ဆက်ပေးပြီမို့ ကျွန်တော်တို့ သိသွားကြပြီပေါ့ဗျာ"

ဟု ဆိုရင်း ကိုသူရက ရယ်မောပစ်လိုက်ပေသည်။

ကိုသူရသည် လတ်တလော ပြဿနာကို ယထာဘူ...ကျွှာ ထိန်းသိမ်းနိုင်လေသောကြောင့် ကျွန်တော်တို့ မျှော်လင့်...းသလောက် ကြောင်တက်တက် ဖြစ်မသွားသည်ကိုလည်း ကျွန်...တော်သတိပြုမိပြန်သည်။

လေးလေးမြင့်ကမူ အကြောင်းအအန်းမရှိ ပကတိ...ည်ငြိမ်စွာ ကိုသူရကိုဆက်ဆံနိုင်ပေသည်။ ထို့ကြောင့် နံနက်က...လေးလေးမြင့်အား ကိုသူရက ဇွတ်အဓမ္မမိတ်ဆွေဖွဲ့ဖို့ ကျိုးစားခဲ့...သည်ဆိုသည့် စကားကို ယခုလက်တွေ့အခြေအနေအရ ကျွန်တော့်...ယုံကြည်မိတော့သည်။

စားပွဲတိုင်းရှိ အသောက်ဝိုင်းမှာ အရှိန်မြင့်မားလာ...ပြီ။ မန်းရိပ်ငြိမ်၏ သီးသန့်ခန်းကျယ်ထဲဝယ် သီးခြားစီစဉ်ပေး...ကြောင့် ဟိုတယ်နှင့်မရောစပ်ပဲ သီးသန့်ရှိနေသည်မှာ မှန်ပါ၏။ ...သော် မန်းရိပ်ငြိမ်၏အပြင်ဘက်အရက်ရောင်းကောင်တာဆီသို့...း သီးသန့်ခန်းထဲမှ လှမ်း၍ကြည့်လျှင် မြင်တွေ့နိုင်ပေသည်။

ထိုစဉ်မှာပင် ဒေါ်ရှည်မွန်သည် အပြင်ဘက်အရက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာခန်းဆီသို့ ဖြတ်ခုနဲထွက်သွားပေသည်။ ဒေါ်ရည်မွန် သည် ကောင်တာတွင်ထိုင်၍ အရက်သောက်နေသော ပုဂ္ဂိုလ်ကြီး တစ်ဦးအား အတင်းလက်မောင်းမှဆွဲကာ သီးသန့်ခန်းထဲသို့ ခေါ် လာပေသည်။ ကျွန်တော် လေးလေးမြင့်နှင့်ကိုသူရရှိရာ စားပွဲ သို့ပင် ဖြစ်တော့သည်။

"ကိုယ့်မောင် မှတ်မိရဲ့လား၊ ကင်းတားတုံးက ကိုမင်းဒင် ကြီးလေ၊ သတို့သားကြီးပေါ့၊ မန္တလေးမှာလက်ထပ်ပြီး ကင် တားလိုက်လာတာ၊ သူ့ဇနီးက မကေသီလေကွယ်"

"နို ... မကေသီကော ဦးမင်းဒင်"

ကိုသူရကပင် ဝင်ရောက်မေးမြန်းလိုက်ခြင်း ဖြစ် သည်။ ကိုသူရ၏အမေးကြောင့် ဦးမင်းဒင်မှာ စိတ်ပျက် ကျွန်တော့်ကို ဝိုင်းတွင် ဝင်ထိုင်ရင်းပြောကြားရှာပေသည်။

"ကေသီ ဆေးရုံတက်နေတယ်လေဗျာ ... အပင်ဒီဆိုက် (စ်)၊ (အူအတက်ပေါက်ရောဂါ) တဲ့ဗျာ၊ ဒါကြော ကျွန်တော်က ဆေးရုံမှာ နေ့ရောညရော စောင့်နေရတယ်"

"အခုကော ဘယ်နှယ့်နေသေးလဲ ကိုမင်းဒင်"

ဟုဒေါ်ရည်မွန်က ဖြည့်စွက်မေးမြန်းပြန်လေ၏။

"သက်သာသွားပြီဆိုပါတော့ ... ဒါပေမဲ့ ကေသီက သ သောကြောင်တယ် ဒေါ်ရည်မွန်၊ ပြီးတော့ ဒီရောဂါမျိုး အင်မတန်နာနာကျင်ကျင်ဖြစ်တတ်တယ် မဟုတ်လာ ကေသီက ပျော့တော့ ကျွန်တော်က သူ့အနားမှာမပြတ် လပ် အားပေးနေရတယ်၊ ဒါကြောင့် ဒေါ်ရည်မွန်ရဲ့ ပါတ်



ရှိမှန်းတောင် ကျွန်တော်မသိတာပေါ့"

"အင်းပေါ့လေ ... ရောဂါတစ်ခုဖြစ်လာတယ်ဆိုရင်တော့ အနည်းအပါး အနာအကျင်တော့ ရှိမှာပေါ့၊ စိတ်မပျက်ပါနဲ့၊ ကေသီဟာ မကြာခင်နေကောင်းသွားမှာပါ၊ အဲ ... အသည်း နာဖို့ကောင်းတာမျိုးက မိမိခိုင်တို့အဖြစ်မျိုး၊ မဟုတ်လား ကိုယ့်မောင်၊ အကောင်းပကတိကနေပြီး လိမ့်ကျသေဆုံးရ တာမျိုးငလေ"

ဒေါ်ရည်မွန်သည် ထုံးစံအတိုင်း စကားစတစ်ခု လာလျှင် အဆက်အစပ်ရှာကာ အာချောင်တတ်ပေသည်။ ဒေါ်ရည်မွန်၏ စကားကို ကျွန်တော်ကိုကင်းတားရောက် ပရိသတ် အားလုံးက နားလည်သော်လည်း လေးလေးမြင့်က နားမလည် သည်မို့ မျက်လုံးဝိုင်းရှာတော့သည်။

"မိမိခိုင်ဆိုတာက ဘယ်သူလဲ အန်တီ၊ သူကအကောင်းပ ကတိကနေပြီး ဘယ်မှာဘယ်လို လိမ့်ကျသေဆုံးသွားတာ လဲ"

"အယ် ... ဒီအကြောင်းကို ကိုယ့်မောင်က လေးလေးကို ပြောမပြဘူးလား၊ မိခိုင်ဟာ ကိုယ့်မောင်ရဲ့မိတ်ဆွေမလေး တစ်ယောက်ပဲဟာ"

ဟု အစချီကာ ဒေါ်ရည်မွန်သည် စကားပြောချင်လှ တစ်ယောက်ပီပီ မိခိုင်၏အကြောင်းကို သူသိသမျှ စီကာပတ် ပြောပြပါလေတော့သည်။

"သနားစရာကောင်းတဲ့ ကလေးမပါပဲကွယ် ... လှလဲလှရှာ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မိခိုင် မသေခင်က အင်္ဂလိပ် စုံထောက်စာအုပ် တ
အုပ် ကိုယ့်မောင်ကိုပေးထားခဲ့တယ်၊ အန်တီတောင် အ
စာအုပ်ကို ကိုယ့်မောင်ဆီက ငှားဖတ်နေတာ၊ ဒီစာအုပ်ဖ
တိုင်း မိမိခိုင်ကို သွားသွားပြီး သတိရနေမိတယ်ကွယ်"

"ကဲ ... ဒေါ်ရည်မွန်ရာ စိတ်မကောင်းစရာ ပြောနေမ
အစား ကျွန်တော်တို့ကို ညစာကျွေးပါတော့လားဗျာ၊ တေ
ကြာအမှူးလွန်ပြီး ညစာမစားနိုင်ဘဲ ဖြစ်ကုန်လိမ့်မယ်"

ကိုသူရကိုပင် ကျွန်တော် ကျေးဇူးတင်မိသေးသည်
ကိုသူရကသာ ဖြတ်၍မပြောလျှင် ဒေါ်ရည်မွန်သည် မည်မျှ
ချောင်နေလေဦးမည်မသိ။ ယခုမူ ဒေါ်ရည်မွန်သည် ကိုသူရ၏ သ
ပေးချက်ဖြင့် ညစာစားရန် သွားရောက်စီစဉ်ပေတော့သည်။

ဒေါ်ရည်မွန်၏ ညစာစားပွဲသည် စည်လည်း စ
ကားပေ၏။ စား၍ သောက်၍လည်း ကောင်းလှပေသည်။ အလျ
သင့်ရာ မိတ်ဆွေစု စားပွဲဝိုင်းဖြင့် စကားလက်ဆုံ ကျလေသည်မ
သန်းကောင်ကျော်မှပင် ပွဲသိမ်းစပြုနိုင်ပေသည်။

ပထမဆုံးပါတီပွဲမှ ပြန်သွားသူသည် ဦးမင်းဒင်ပ
ဖြစ်လေသည်။ ဆေးရုံ၌ တင်ထားသော ဇနီးကောသို့ထံသို့ပြန်
အရေးကြီးပါသည်ဆိုသော ခွင့်တောင်းခံချက်ဖြင့် ပထမဆုံးပြန်သွ
သည်။ ဒုတိယလူမှာ ကိုသူရပင်ဖြစ်၏။ ကိုသူရသည် တော်တေ
များများသောက်မိသောကြောင့် ရေချိန်လွန်ကာ ယခုအချိန်ဆိုလျှ
အိပ်ရာဝင်သင့်ကြောင်းဖြင့် ဆင်ခြေပေး ထွက်ခွာသွားပြန်သည
ထိုနောက်မှာတော့ တစ်ယောက်ပြီး တစ်ယောက်တတွဲပြီး တ



ပြန်ကြသည်။

"ကဲ ... မမွန်၊ ကျွန်တော်လဲ ပြန်တော့မယ်"

"ဟုတ်တယ် အန်တီမွန်၊ လေးလေးလဲ ပြန်တော့မယ်"

"ပြန်တာတော့ ဟုတ်ပါပြီ ကိုယ့်မောင်၊ စိန်ပန်းရပ်ထိ ကိုယ့်မောင်ကဘာနဲ့ပြန်မှာလဲ ... လေးလေးတော့ အနီးလေးမို့ ကိစ္စမရှိဘူးထားပါတော့"

"ဖြစ်သလိုပေါ့ မမွန်ရာ ... ဆိုက်ကားတွေ ဘာတွေရှိနေ လိမ့်မယ်ပေါ့"

ကျွန်တော်နှင့်လေးလေးမြင့်သည် မန်းရိပ်ငြိမ်မှာ
လမ်းလျှောက် ထွက်လာခဲ့ကြသည်။ တပြင်လောက်အကွာသို့
ကသောအခါ လေးလေးမြင့်သည် ခြံကြီးဝန်းကျယ်နှင့်တိုက်ခံ
ကြီးတစ်လုံးကို လက်ညှိုးညွှန်ပြသည်။

"အဲဒါ ... လေးလေးမြင့်ရဲ့ အိမ်ပဲ ကိုဇော် ... လိုက်ခဲ့ပါဦး လား၊ ကော်ဖီလေးဘာလေးသောက်ကြရအောင်ပေါ့"

"နေပါစေလေးလေး ... ကိုဇော် မဝင်တော့ပါဘူး"

ကျွန်တော်၏ အဖြေစကားအဆုံးတွင် လေးလေး
သည် ကျွန်တော်၏လက်မောင်းကို ဖတ်ခနဲဆွဲကိုင်လိုက်ပေ
သည်။

"ဘာလဲကိုဇော် ... ကိုဇော်ကလေးလေး လိုက်လျှောမှန်း သိလို့ ဈေးကိုင်နေတာလား၊ လေးလေးတော့ ကိုယ့်ဟာ ကိုယ်တောင် ရှက်လာပြီ၊ လေးလေးက အနူးအညွတ်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမဟုတ်ပါဘူး လေးလေး၊ ကိုဇော်တို့မှာ အမှ
နိုင်သမျှနဲ့အောင် ထိန်းသိမ်းကြရမဲ့ လူ့သိက္ခာတစ်ရပ်က
နေသေးတာပဲ မဟုတ်လား၊ ဖြစ်ပြီးကာမှ နောင်တရ
မယ့်အစား မဖြစ်ခင်ကရှောင်တာဟာ အားလုံးအတွ
အကျိုးပေါ့ လေးလေး"

ကျွန်တော်၏စကားအဆုံးတွင် လေးလေးမြင့်သ
ချာခနဲ လှည့်ကာ သူမ၏အိမ်ကြီးဆီသို့ စွတ်ပြေးသွားလေ
သည်။ လေးလေးမြင့်ဘက်က ကြည့်လျှင်မူ ကျွန်တော့်အား
လေးမြင့် စိတ်ဆိုးထိုက်ပေသည်။ မြင်းကလှုပ်ပေးပါလျှက် နံ
လှုပ်လာသည်မှာ မည်မျှခံပြင်းစရာ ကောင်းလေသည်လဲ။

သို့သော်မတတ်နိုင် ခုရှုပ်မှ နောင်ရှင်းဆိုသည
ကျွန်တော်၏အတွက် မဟုတ်စကောင်းပေ။ အခုကတည်းက ရှ
လေမှ နောင်ရှုပ်မလာစေခြင်းသာလျှင် ကျွန်တော့်အတွက် ဖြ
ရပါမည်။ မိခိုင်နှင့်ကျွန်တော်၏အဖြစ်ကိုပင် ကြည့်ပါလေဦး။ ကျ
တော်က မရှုပ်ပွေသည်မှာ မှန်သည့်တိုင်အောင် ယခုမိခိုင်၏အ
သည် ကျွန်တော့်အတွက် ပဟေဠိတွေ အမျိုးမျိုးဖြေရန် ကြိုးစာ
ရသည်။ အကွေ့အကောက် ဝက်ဘာဝယ် ကျွန်တော်သည် တေ
မသိမြောက်မသိလျှောက်နေရပေသည်။

ကျွန်တော်ဆက်လျှောက်လာခဲ့သည်။ ဆိုက်က
ဆိုသည်မှာ တစ်စီးတလေမျှ မတွေ့ရ။ ရှေ့ပြတွင် မော်တော်က
တစ်စီးရပ်ထားသည်ကို ကျွန်တော်တွေ့ရသည်။ လမ်းမီးရောင်
ထိုကား၏ နံပါတ်ပြားကို ကျွန်တော်သေချာကြည့်သည်။ အနီရေ



ပါတ်ပြားဖြစ်သောကြောင့် အငှားကားမှန်းသိကာ တအားတက်
သွားမိသည်။ ကျွန်တော်ပြန်ရမည့် စိန်ပန်းရပ်သည် အတန်ငယ်လှမ်း
သေး၏။ ထိုအငှားကားကလိုက်ပို့လေလျှင် ငွေကြေးပေးရသည်က
အရေးမကြီး။ ကျွန်တော့်အတွက် အိမ်အပြန်အဆင်ပြေစေမည်ဖြစ်
ပါသည်။ ကားမှာ အပြာရောင် ဆီဒင်ကားမျိုးဖြစ်သည်။ အငှား
ကားထဲတွင် လူတစ်ယောက်သည် စတီရာရင်ဘီးနောက်တွင်
ထိုင်ရှိနေသည်။

"မောင်ရင့်ကား အားတယ်ဆိုရင် ကိုယ့်ကိုစိန်ပန်းရပ်ထဲ
လိုက်ပို့ပါလား၊ မောင်ရင်လိုချင်တဲ့အခကြေးငွေအတိုင်းပေါ့"

ကျွန်တော်က ပြောပြောဆိုဆို ဒရိုင်ဘာနေရာတွင်
ထိုင်နေသော ထိုသူအား ကားပြတင်းမှငုံ့ကြည့်ကာ ပြောလိုက်ခြင်း
ဖြစ်ပေသည်။ ကားထဲမှ ဒရိုင်ဘာသည် ကျွန်တော့်အားမော့ကြည့်
လိုက်သည်ဆိုလျှင်ပင် ကျွန်တော့်မှာ အထိတ်တလန့်ဖြစ်ရပါလေ
တော့သည်။

ကားထဲဝယ် 'ထိုသူငယ်'သည် ကျွန်တော့်အား သေ
နတ်တလက်ဖြင့်အသင့်ချိန်ထားပြီးသား ဖြစ်နေလေတော့၏။ တစ်
ချက်လုံး ကျွန်တော်၏နောက်သို့ နောက်ယောင်ခံလေသော 'ထိုသူ
ငယ်' ကသိုလ်တော်ဘုရားထဲတွင် ကျွန်တော်၏အဝတ်အစားများ
ကိုရိုက်ပြီး ယူသွားသော 'ထိုသူငယ်' ဤနှယ်,ထိုနှယ်, 'ထိုသူငယ်'
ပြည်ယခုလည်း ကျွန်တော်လာလမ်းမှပိတ်၍ အငှားကားတစ်စီး
ဖြင့် ထောင်ချောက်ဆင်ကာ ကျွန်တော့်အား အမိဖမ်းလေပြန်ပြီ
တကား။ 'ထိုသူငယ်' က မလောက်လေးမလောက်စားမို့ မကြောက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လေဘူးပဲထား။ သူ၏လက်ထဲမှ သေနတ်ကမူ ကျွန်တော့်အတွ
လေးစားထိုက်နေသည်မှာ အမှန်ပင် မဟုတ်ပါလော။

"ကားထဲကိုဝင်ပါ"

"ဘာလဲကွ ... မင်းက ငါ့ဆီက အဝတ်အစားတွေထပ်
လိုချင်ပြန်လို့လား"

"စကားမရှည်ပါနဲ့၊ ကားထဲကိုသာဝင်ပါ၊ ကျုပ်အဟုတ်
ထည့်လိုက်မှာနော်"

ကျွန်တော့်တွင် အခြေအနေသည် ငြင်းပယ်နိုင်ရ
မရှိအောင် ဖြစ်နေရတော့သည်။ ဤလမ်း၊ ဤနေရာသည် လူပြ
လွန်းလှသည်။ အချိန်မှာလည်း သန်းကောင်ကျော်ပြီမို့ ယာ
အသွားအလာမရှိ။ 'ထိုသူငယ်'က မိုက်ရူးရဲ ပစ်ထည့်လိုက်လျှ
ကျွန်တော်အခြောက်တိုက်ခံရတော့မည်။ လူကိုမကြောက်ပါဘူး
သည့်တိုင် သူ၏သေနတ်ကိုမူ ကျွန်တော်ကြောက်မိကြောင်း
သားစွာ ဝန်ခံရပေမည်။

ကျွန်တော့်တွင် ရွေးစရာအခြားမရှိ။ 'ထိုသူငယ်'
ခိုင်းစေချက်အတိုင်း ဆီဒင်းကား၏တံခါးကို ဖွင့်ရန် လက်ရွယ်လို
ရတော့သည်။

BURMESE CLASSIC .com

ယင်းအခိုက်မှာပင် ...

ပလက်ဖောင်းပေါ်မှ လူတစ်ယောက်၏အသံ
ကျွန်တော်ကြားလိုက်ရသည်။ မှတ်မှတ်ရရဆိုပါလျှင် ထိုလူ၏အ
သည် ကိုသူရ၏အသံပင် ဖြစ်ပါတော့၏။

"ဟေး ... ကိုဇော်မြင့်ဝင်း၊ ဒီလောက်လမ်းလျှောက်ကော



တဲ့ညမျိုးမှာ ခင်ဗျားက အငှားကားစီးပြီး ပြန်ဦးမလို့လား
ဗျာ၊ လာပါ ... လမ်းလျှောက်ပြီ အညောင်းပြေလောက်မှ
ရတဲ့ဆိုက်ကားစီးပြန်ပေါ့ဗျာ"

အသံသြသြကြီးနှင့်အတူ ကိုသူရသည် ကျွန်တော်၏
ခုံးကိုလာ၍ ဖတ်လိုက်ပေသည်။ ကျွန်တော့်အတွက် ယခုအခြေ
နေတွင် ကိုသူရသည် ဘိုးဘိုးအောင်ပင် ဖြစ်တော့သည်။ ကျွန်
တော်သည် ကိုသူရနှင့်အတူ တစ်ဦးပခုံးကိုတစ်ဦးဖက်ခါ ပလက်
ဖောင်း အတိုင်း လျှောက်လာခဲ့တော့သည်။

လျှောက်နေရင်းမှပင် 'ထိုသူငယ်' သည်နောက်မှ
၍ များသေနတ်နှင့်ပစ်လိုက်လေမလားဟု နောက်မလှည့်ဘဲ စိုးရိမ်
သေးသည်။ သို့သော် ကျွန်တော်စိုးရိမ်သကဲ့သို့ ဖြစ်မလာပါပေ။
ထိုသူငယ်' သည် သူ၏ဆီဒင်ကားကို လမ်းကျယ်ကြီးတွင် ဂငယ်
ကွေ့ကွေ့ကာ နောက်ကြောင်းသို့ပြန်မောင်းသွားသံကြားရလေ၏။

ကိုသူရသည် တော်တော်လည်း မူးနေပုံရသည်။ သူ
ယောက်တည်းနှင့်ပင် ပလက်ဖောင်းတစ်ခုလုံးပြည့်အောင် မြွေ
မြွေတွန့်လျှောက်နေသည်။ ကိုသူရကိုကြည့်ရင်း ကျွန်တော်၏
နောက်ထဲဝယ် မေးခွန်းများ တသီတတန်းမေးနေမိသည်။

ကိုသူရသည် 'ထိုသူငယ်'နှင့် ကျွန်တော်၏အဖြစ်ကို
ပ်မိသိရှိသောကြောင့် တမင်တကာပင် ကျွန်တော့်အား
ထိုသူငယ်'၏သေနတ်ပြောင်းဝမှ ဆွဲထုတ်လာခဲ့ခြင်းပေလား။ သို့
မဟုတ် သွေးရိုးသားရိုးပင် အငှားကားဖြင့် သွားရန်မလိုအပ်ပဲလမ်း
လျှောက်သင့်သည် ထင်မှတ်ပြီး ဆွဲခေါ်လာခြင်းပေလား။

www.burmeseclassic.com

'ထိုသူငယ်' သည်ကိုသူရက ကျွန်တော့်အား ဆွဲ
သွားသောအခါ အဘယ်ကြောင့် လက်လျှော့ပြီး ပြန်ကွေ့သွားခဲ့
သနည်း။ သူ့တွင် လူတွေကို နိုင်စေသော လက်နက်ရှိပါလျှ
အဘယ်ကြောင့် အလွယ်တကူ လက်လျှော့လေပေသနည်း။ 'ထို
ငယ်' အား အမိန့်ပေးစေခိုင်းသူက အခြားသူတစ်ဦးက ဝင်ရော
အနှောင့်အယှက်ပေးလာလျှင် လက်လျှော့ပြီး ပြန်ခဲ့ရမည်ဟူ၍
'ထိုသူငယ်' ကိုအမိန့်ပေးထားလေသလား။ ယင်းသို့မဟုတ်မူ 'ကို
ရ' ကိုယ်တိုင်ပင် 'ထိုသူငယ်' ၏ ဆရာဖြစ်ခါ အမှတ်မထင်အစီအ
၌ မပါဘဲ သူ့ဆရာ 'ကိုသူရ' ဖြုန်းခနဲ ဝင်လာခြင်းကြောင့် ထိုသူ
က ပါးနပ်စွာ ရှောင်ခွာထွက်သွားလေသလား။

လေးလေးမြင့်ကိုလည်း ကျွန်တော်က စဉ်းစား
သည်။ တကယ်ဆိုလျှင် လေးလေးမြင့်သည် ကျွန်တော့်အား အ
ဆိုလိုက်လျှာမည်ဆိုသည့် အမူအရာပြသထားခဲ့သည်။ သို့စဉ်လ
ဒေါ်ရည်မွန်၏ယနေ့ညပါတီပွဲသို့ တက်ရောက်မှုတွင် သူ
မော်တော်ကားဖြင့် ကျွန်တော့်အား လာခေါ်လိုက်ပို့လုပ်
စကားပင်မဟာပေ။ လမ်းပေါ်တွင် 'ထိုသူငယ်' ကဤသို့စောင့်
သေနတ်ဖြင့် ကျွန်တော့်အား ခြိမ်းခြောက်ခေါ်ယူမည်ကို တစ်
သိနေခြင်းကြောင့်ယင်းအဖြစ်ကိုလိုလားကာတမင်တကာကျွန်
အား လွှတ်ပေးခြင်းပေလား။

ကိုသူရနှင့် လေးလေးမြင့်သည် မနက်ကမန်းရုံ
ဟိုတယ်တွင် အတူတကွရှိနေကြသည်ကို ဒေါ်ရည်မွန်ဖွင့်ပြော
လေးလေးမြင့်မှာ မျက်နှာပျက်သွားသေးသည်။ ကိုသူရနှင့်



းမြင့်သည် တစ်ကျိတ်တည်း တစ်ကြံတည်းပေလား၊ သို့မဟုတ်
သူရက သတ်သတ်၊ လေးလေးမြင့်က သတ်သတ်ပေလား၊ ထိုသူ
သည် လေးလေးမြင့်၏ လက်ပါးစေတစ်ဦးပေပဲလား။

"လား" ပေါင်းများစွာနှင့် မေးခွန်းသာလျှင် ထွက်
ပြီး အဖြေကတော့မူ သုညသာလျှင် ဖြစ်နေရပေသည်။

ပါတီတွင် သတို့သားကြီး ဦးမင်းဒင်ကိုကြည့်ရသည်
လည်း တမျိုးကြီးဟု ကျွန်တော်ထင်မိပြန်သည်။ သူ၏ပူပူနွေး
း ဇနီးသည် မကြေသီဆေးရုံတက်နေရသောကြောင့် မျက်စိမျက်
ကျက်ဖြစ်နေရသည်ဟုတော့ ထင်စရာ ရှိပေသည်။ သို့သော် ဤ
ကြီးမှာလည်း တမျိုးကြီးဖြစ်၏။

ဒေါ်ရည်မွန်ကိုပါ ကျွန်တော်သည် ထည့်တွက်ကြည့်
နဲ့သည်။ သဘာဝအားဖြင့် ဒေါ်ရည်မွန်သည် ဖော်ရွေသည်၊ စိတ်
ကောင်းရှိပုံရသည်၊ လျှာချောင်သည်၊ နှုတ်ရှင်သည်၊ သို့သော်မိနိုင်
သတ်သက်ပြီး ကျွန်တော်၏စိတ်ဝယ် မသင်္ကာလေသော ပုဂ္ဂိုလ်
အားလုံးနှင့်ဒေါ်ရည်မွန်က သိကျွမ်းလျက်ရှိနေသည်။ စောစောက
ခင်အကြောင်းကို ဒေါ်ရည်မွန်သည် စိတ်ပါလက်ပါပြောခဲ့ယုံမက
ခင်က ကျွန်တော့်အား ပေးထားခဲ့ပါသည်ဆိုသော အင်္ဂလိပ်စုံ
ထောက် ဝတ္ထုစာအုပ်ပင်လျှင် သူမ၏လက်၌ ရှိနေကြောင်း ကြေ
ညာသလိုဖွင့်ပြောခဲ့သည်။ လျှာချောင်လိုက်ခြင်းပေလား၊ တမင်
တကာ ရည်ရွယ်ချက်တစ်ခုခုနှင့် ပြောလိုက်ခြင်းပေလား။

"ဟောဒီ လမ်းချိုးကိုချိုးပြီးရင် ကျုပ်အိမ်ပဲ ကျုပ်ဆီမှာ
အိုး(လ်)ဘာရန်ဒီ လက်ကျန်ရှိသေးတယ် ကိုဇော်မြင့်ဝင်း ဝင်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မော့လိုက်ပါဦးလား ... ”

သာမန်အားဖြင့်မူ ကျွန်တော်သည် အရက်ကို မင်မင်နှစ်သက်လှသူမဟုတ်ပေ။ ကျွန်တော့်အား ကိုသူရဖိတ် ခြင်းသည် အရက်တိုက်လိုခြင်းထက် ထောင်ချောက်တစ်ခုဆင် ဖြစ်နိုင်သည်။ ကိုသူရပင်ဖြစ်စေ၊ အခြားမည်သူပင်ဖြစ်စေ၊ မိနိုင် ဆုံးပြီးနောက် ကျွန်တော်၏နောက်သို့ သဲသဲမဲမဲသာ လိုက်လ ရှိသည်။ ကျွန်တော့်အဖို့ အတိအလင်းရင်ဆိုင်သင့်ပြီဟုလည်း က တော်မှတ်ယူမိသည်။ နောက်မှ တိတ်တခိုး အလိုက်ခံရခြင်းသ စိတ်မောလွန်းရသည်။ ထို့ပြင်ကိုသူရသည် ‘ထိုသူငယ်’လို ကြေး တစ်ယောက်မဟုတ်၊ အဆင့်အတန်းရှိသူ တစ်ဦးဖြစ်သည်။ နော လိုက်လူမိုက်ကြေးစားနှင့် ဆက်ဆံရခြင်းထက် အဆင့်မြင့်သေ ကိုသူရလိုလူနှင့် ထိပ်တိုက်တွေ့ဆုံရခြင်းက ပိုမိုသင့်တော်မည် ကျွန်တော်ဆုံးဖြတ်လိုက်သည်။

“ကောင်းသာပဲ ကိုသူရ တစ်ခွက်တစ်ဖလား ဝင်ချလို သေးတာပေါ့ဗျာ”

လမ်းကိုချိုးကွေ့ပြီးနောက် သံဆူးကြိုးကာထ သော် ဝင်းခြံတစ်ခုထဲသို့ ကျွန်တော်တို့ ဝင်လာခဲ့ကြသည်။ တ တိုက်ပုလေး၏ ဝင်းပေါက်တံခါးသော့ကို ကိုသူရကဖွင့်လိုက် လမ်းလျှောက်လာစဉ်က ကိုသူရသည် လမ်းလုံးပြည့်အရက်မူး လျှောက်လာသော်လည်း အိမ်တံခါးသော့ကိုမှောင်ထဲ၌ စမ်းဖွင့် တွင် အလွဲလွဲအချော်ချော်မဖြစ် တစ်ချက်တည်းနှင့် တန်းဖွင့်ပါ ၏။



ကိုသူရသည် မူးချင်ဟန်ဆောင်ခြင်းသာ။

“လာဗျို့ ... ထိုင် ဒါကျုပ်အိမ်ပဲ ကိုဇော်မြင့်ဝင်း ... ”

ကိုသူရ၏အိမ်သည်မညံ့ပေ။ ဧည့်ခန်းတွင်အဖြူရောင် သော ချိတ်ဆေးသုတ် ဧည့်ခံကုလားထိုင်တစ်စုံရှိသည်။ ပြတင်း ပေါက်တိုင်းတွင် မြင်းကျားလို အနက်နှင့်အဖြူကြား ခန်းဆီးများကို တတ်ထားသည်။ လှပသော ဧည့်ခန်းရှိသည့် အိမ်တစ်ဆောင်ပါပေ။ သူ့ပိုတစ်ယောက်မှ ရှိပုံမရ။

“နေဦးဗျ ကျုပ်မီးဖိုထဲမှာ ပုလင်း သွားယူလိုက်ဦးမယ်”

ကိုသူရသည် မီးဖိုထဲဝင်သွားသည်။ ကိုသူရ ဝင်သွား သလမှ ကျွန်တော်သည် ကိုသူရ၏အိမ်တွင် ဘာများမသင်္ကာစရာရှိ သမည်လဲဟု ဝေ့ဝဲကြည့်ရှုမိသည်။ ဘာမျှထူးထူးခြားခြားမတွေ့ရ သေး။ မကြာမီပင် ကိုသူရမီးဖိုထဲမှ ပြန်ထွက်လာသောခြေသံကို ကြား ရသောကြောင့် ဣန္ဒြေမပျက် ကျွန်တော်ပြန်ထိုင်နေလိုက်သည်။

မည်သို့ဆိုစေ ဤအိမ်ထဲဝယ် ကိုသူရတစ်ဦးတည်း ရှိမှန်းကသေချာပေပြီ။ ကျွန်တော့်အနေနှင့် ကိုသူရအား ရဲရဲတင်း တင်းနှင့်ပွင့်ပွင့်လင်းလင်း ရင်ဆိုင်သင့်ပြီဟုလည်း မှတ်ချက်ပြုထား လိုက်သည်။ ကိုသူရကအိုး(လ်)ဘရန်ဒီပုလင်းထဲမှ အရက်ကိုငှဲ့ကာ တစ်ခွက်တစ်ခွက် ကျွန်တော့်ဆီလှမ်းပေးသည်။ သူလည်းတစ်ခွက် ကိုင်ပြီးထား၏။

“ရော့ ... ကိုဇော်မြင့်ဝင်း ကျုပ်အိမ်ကို နိုင်ငံကျော်စာရေး ဆရာကြီး လာရောက်လည်ပတ်လို့ ဝမ်းသာတဲ့အထိမ်း အမှတ်နဲ့ မော့ကြစို့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ အဲဒီအထိမ်းအမှတ်ကို သဘောမကျလှပါဘူး ကိုသူရ"

ကိုသူရက အားလေးကြီးနှင့် ဟဲလိုက်သည်။

"နို့ … ကိုဇော်မြင့်ဝင်းက ဘယ်လိုအထိမ်းအမှတ်မျိုးထားပြီးမှ မော့ချင်တာလဲဗျာ"

"ကျွန်တော့်ရဲ့အသက်ကို ကိုသူရက လက်မတင်လေးကယ်ခဲ့လို့ လွတ်မြောက်လာရတဲ့အတွက် ဝမ်းသာတဲ့အထိမ်းအမှတ်မျိုး ဖြစ်စေချင်လို့ပါ"

"ဗျာ"

ဟူသော အာမေဋိတ်သံသည် ကိုသူရထံမှပေါ်ထွက်လာလေတော့သည်။ ပြီးမှ …

"အဲဒီအထိမ်းအမှတ်ကို ကျုပ်သဘောမပေါက်မိပါလား ကိုဇော်မြင့်ဝင်း"

"စောစောက လမ်းပေါ်မှာတွေ့ခဲ့ကြတဲ့ အငှားကားဟာ တကယ်တော့ အငှားကားမဟုတ်ပါလား ကိုသူရ အဲဒီထဲက ဒရိုင်ဘာဟာ ကျွန်တော့်ကို သေနတ်တစ်လက်နဲ့ ချိန်ထားတာ တကယ့်ပဲ ကိုသူရက မသိလိုက်ဘူးလား မမြင်လိုက်ဘူးလားဗျာ"

"ဟာ … ရှုပ်တဲ့လူပဲ သေဘက်ခါနီး နောက်မနေစမ်းပါနဲ့ ကိုဇော်မြင့်ဝင်းရာ အထိတ်တလန့်နဲ့ မူးတာလေးတောင် ဘယ်ပျောက်ကုန်ပလဲ မသိဘူး"

"ကျွန်တော် အတည်ပြောနေတာပါ ကိုသူရ"



ကိုသူရသည် ဖန်ခွက်နှင့်ပုလင်းကို စားပွဲပေါ်သို့ ချလိုက်ရင်း သူကိုယ်တိုင်မှာလည်း ကုလားထိုင်တစ်လုံး၌ ထိုင်ချလိုက်သည်။

"ဒရိုင်ဘာက ခင်ဗျားကို သေနတ်နဲ့ချိန်ထားတယ် ဟုတ်လား … သူကဘာပြုလို့များ ကိုဇော်မြင့်ဝင်းကို သေနတ်နဲ့ချိန်ရတာလဲ"

"သူလား … သူက မနက်က ကုသိုလ်တော်ဘုရားထဲမှာ ကျွန်တော့်ကို ရိုက်သွားရတဲ့အကြောင်းကိစ္စမျိုးနဲ့ ထပ်တူထပ်မျှကြောင့်ပေါ့ဗျာ … ကျုပ်အိမ်ကိုဝင်မွှေသွားပြီးတဲ့အကြောင်းအရာက မပြေလည်သေးလို့ပေါ့ဗျာ"

"ခင်ဗျားကိုရိုက်တယ် … ခင်ဗျားအိမ်ကို ဝင်မွှေတယ် … အဲဒါတွေဟာ ဘာတွေလဲ ကိုဇော်မြင့်ဝင်း … ဘယ်သူက ဘာကြောင့်များ ခင်ဗျားကိုရိုက်ခဲ့ရမှာလဲ ခင်ဗျားအိမ်ကို ဝင်မွှေခဲ့ရမှာလဲ"

"အဲဒါကို ကျွန်တော်မပြောတတ်ဘူး ကိုသူရ၊ အဲဒါကိုပြောနိုင်တဲ့လူဟာ ကိုသူရသာဖြစ်ရမှာပါ"

"ကျုပ်ကပြောနိုင်တဲ့လူဖြစ်ရမယ်၊ ဇေား … ခင်ဗျား ပဟေဠိက တရုတ်စာနဲ့ရေးထားတဲ့ ပဟေဠိလိုပါပဲလား၊ ဘာမှကို ကျုပ်နားမလည်အောင်ပဲ ကိုဇော်မြင့်ဝင်း"

ကျွန်တော်က ကိုသူရ၏အမူအရာကိုသာ မျက်ခြေမပြတ်အကဲခတ်ရတော့သည်။ ကိုသူရ၏အမူအရာမှာ ဤမျှ မူးပြနေခကာမှ ဟုတ်သည်ဟုလည်း စွပ်စွဲရန်ခက်လှသည်။ မဟုတ်ဟု

www.burmeseclassic.com

www.burmeseclassic.com



လည်း ဆုံးဖြတ်ရန် ခက်လှသည်။ ကိုသူရသည် မှင်မောင်းသေဓေ
ဗွ။

"ဒါဖြင့် ... ကိုသူရအနေနဲ့ ချာတိတ်တစ်ယောက်ကိုတေ
သိမှာပေါ့ဗျာ၊ လူကလူချောလေးဗျ ... အသက်ကလဲ ရှိ
ပါမှ နှစ်ဆယ်အစိတ်ပေါ့။ မျက်လုံးပြူး နှာတံပေါ်လေး
ဘောင်းဘီကျပ်ကျပ်နဲ့ ဂျာကင်ဖားဖားကြီးဝတ်တတ်တယ်
အဲဒီ ဂျာကင်အိတ်ထဲမှာ သေနတ်တစ်လက် အမြဲပါတတ်
တယ် ဦးထုပ်ကိုလဲ မချွတ်တန်းဆောင်းတတ်တယ်"

"သူ့နာမည်ကိုလဲ ပြောပြဦးမှပေါ့ ကိုဇော်မြင့်ဝင်းရာ"

"သူ့နာမည်ကို ကိုသူရပဲပြောမှ ကျွန်တော်သိရမှာပါ ... 
ဟာ ကိုသူရရဲ့ အငှားကြေးစားတစ်ယောက်ပဲ မဟုတ်လား
ကိုသူရ"

ကိုသူရက ပန်းကိုတွန့်ပြလိုက်သည်။

"တကယ့်ကို တရုတ်ပဟေဠိပဲ ကိုဇော်မြင့်ဝင်း"

"ပြီးတော့ ကိုသူရဟာ ကင်းတားက အပြန်မှာ ကျွန်တော်
ရဲ့လက်ဆွဲအိတ်ကို မှားဟန်ဆောင်ပြီး ယူသွားခဲ့တာက
ကောဗျာ"

"အား ... တကယ်မှားသွားတာဗျ၊ အိတ်ချင်းကလဲဆင်တ
နေသကိုး ကိုဇော်မြင့်ဝင်းရ"

ကျွန်တော်သည် ကိုသူရအား ဘယ်လိုမှ အကဲခတ်
မရအောင်ဖြစ်ရသည်။ ကိုသူရအပေါ်တွင် မသင်္ကာစရာတွေရှိသ
ကျွန်တော်က ဖော်ပြနေသည်။ သို့သော် ဘသားချော၏ မှင်မောင်



ာ ကောင်းလှ၏။ ဖြေပုံမှာ ကျွန်တော့်အား တွေဝေသွားစေ၏။
ို့တိုင် ကျွန်တော်မလျှော့။ ဆက်၍မေးသည်။

"ကျွန်တော်တို့ ကင်းတားသွားတဲ့နေ့ကပေါ့ ကိုသူရ မန်း
ရိပ်ငြိမ်ဟိုတယ်စာရေးဆီမှာ ကိုသူရဟာ ကျွန်တော့်ရဲ့
မိတ်ဆွေတစ်ယောက်ပါဆိုပြီး ကျွန်တော့်အကြောင်းကို စုံ
စမ်းခဲ့တာကကောဗျာ"

"ကျုပ်က စုံစမ်းတယ် ဟုတ်လား၊ နေဦးဗျ ... ကျုပ်စဉ်းစား
ကြည့်ဦးမယ်၊ ခင်ဗျားမေးတာက ပုလိပ်စစ်တာကျနေတာ
ပဲဗျာ"

ဟု ညည်းညည်းညူညူ ကိုသူရပြောရှာပေသည်။
ခက်ခွက်ကိုလည်း ကောက်၍မော့လိုက်ပေ၏။

"အား ... သတိရပြီ ... အဲဒီနေ့က ခင်ဗျားစီးသွားတာက
စကိုဒါကားကို ကိုဇော်မြင့်ဝင်း၊ အဲဒီကားပိုင်ရှင်ဦးကျော်စိုး
ဆိုတာက ကျုပ်နဲ့ တကယ့်လူရင်းမိတ်ဆွေလေ၊ ဦးကျော်
စိုးလို့ထင်ပြီး ကျွန်တော်က ဟိုတယ်စာရေးဆီ စုံစမ်းတာ
အဲဒါ ဘယ်လိုများ ကျုပ်မှာ အပြစ်ရှိရမှာလဲဗျာ"

"မဟုတ်ဘူး ... မဟုတ်နိုင်ဘူး ကိုသူရ၊ တကယ်တန်း ကို
သူရစုံစမ်းတာက ဦးကျော်စိုးကိုမဟုတ်ဘူး၊ ကျွန်တော့်ကို
လဲ မဟုတ်ဘူး၊ ကိုသူရစုံစမ်းချင်တာက စကိုဒါကားနဲ့ လိုက်
သွားတဲ့ မိမိခိုင်ကို စုံစမ်းချင်တာပဲ မဟုတ်လား"

"မိမိခိုင် ... ဟုတ်လား"

ဟု ကိုသူရသည် တန်ပြန်ရေရွတ်ရင်းနေရာမှ ဇတ်

www.burmeseclassic.com

www.burmeseclassic.com



ခနဲထလိုက်ပေသည်။

"ကိုဇော်မြင့်ဝင်း စကားတွေက ကျုပ်အဖို့ အူအသည် တုန်စရာ ဖြစ်လာပါပြီလားဗျာ၊ မိမိနိုင်ဟာ သေရှာပြီပဲ ... သေသွားတဲ့အမျိုးသမီးတစ်ယောက်ရဲ့နောက်ကို မသေခင် က စုံစမ်းပြီးလိုက်တယ်လို့ စွပ်စွဲချက်ကြီးဟာ ကြောက်စရ ပါလား ကိုဇော်မြင့်ဝင်း ... ဘာဖြစ်လို့ ကျုပ်က မိမိနိုင် နောက်လိုက်ရမှာတဲ့လဲဗျာ"

"မိမိနိုင်ဆီမှာ ရှိနေတဲ့ပစ္စည်းတစ်ခုခုကို လိုချင်လို့ပေါ့။ ဒါ မဟုတ် မိမိနိုင်ကို အသေသတ် အပျောက်ရှင်းဖို့ အတွက် ပေါ့ မိနိုင်ဟာ လူသတ်သမား လက်ချက်နဲ့တော့ သေရှ ပါတယ်၊ ဒါပေမဲ့ လူသတ်သမားဟာ မိနိုင်ဆီက သူလိုချ တဲ့ ပစ္စည်းတော့ ရသွားပုံမပေါ်ပါဘူး"

"အားပါးပါး ... ကိုဇော်မြင့်ဝင်းဟာ မိမိနိုင်သေရတာ အတိအလင်း အသတ်ခံရတာပါလို့ ပြောနေတာပဲကိုး၊အဲ လိုဆိုရင် ကိုဇော်မြင့်ဝင်းအနေနဲ့ ရဲတပ်ဖွဲ့ကို ဖွင့်ပြော ကောင်းတယ်"

"ဘာအထောက်အထားမှ မရှိလို့ ကျွန်တော်ပါးစပ်ပိတ်နေ တာပဲ ကိုသူရ"

"အခုကော အထောက်အထားရလာလို့ အတိအလင်း မိ နိုင် အသတ်ခံရတာပါလို့ ထုတ်ဖော်နေတာလား"

"သေနတ်သမားတစ်ယောက်က ကျွန်တော့် နောက်ကို လိုက်နေတာဟာလဲ အထောက်အထားပေါ့ ကိုသူရ၊ မိမိနိုင်



ဟာ ကျွန်တော်နဲ့နောက်ဆုံးတွေ့ခဲ့တယ်၊ မိမိနိုင်ရဲ့ပစ္စည်း ဟာ ကျွန်တော့်ဆီမှာ ရှိတယ်လို့ သူတို့ကယူဆတယ်၊ ဒါပေ မဲ့ ရယ်စရာပဲ ကိုသူရ၊ ကျွန်တော့်ဆီမှာ မိနိုင်ဆီက ဘာပစ္စည်းမှ ရှိမနေခဲ့ဘူး ... အဲဒါအမှန်ပဲ"

ကိုသူရသည် ဘာမျှ ပြန်မပြောတော့ပေ။ ဒုတိယ မြောက်အရက်ခွက်ကိုမော့ပြီး ကုလားထိုင်တွင်မှေးကာ ငြိမ်နေလေ သည်။ ကိုသူရ၏ဝမ်းထဲတွင် သူ့ဟာသူ သိနေသော ထိုလူနှင့်အသိ တစ်ခုခုရှိကောင်းရှိပေမည်။ သို့သော် ထိုအသိသည် နှုတ်ဖြင့်မဆို ...ားဘိ အမူအရာအားဖြင့်ပင် ပေါ်ထွက်မလာပေ။

မည်သို့ဆိုစေ ကျွန်တော်၏ရင်တွင်း အလုံးအခဲ မျို ...ပ်ထားရသည့်အကြောင်းများကို ဖွင့်ချလိုက်ရသောကြောင့် ပေါ့ ...သွားသည်မှာ အမှန်ပင်။ ကျွန်တော်၏ အရက်ခွက်ကို ကျွန်တော် ... အဆုံးသတ်မော့ချလိုက်သည်။

"ကဲ ... အရက်တိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုသူ ရ၊ ကျွန်တော်သွားမယ်"

မှေးထားသော ကိုသူရ၏မျက်လုံးများပွင့်လာသည်။ ...ာမှထကာ ပြတင်းပေါက်ရှိ မြင်းကျားခန်းဆီးများကို ဆွဲဖယ် ...လိုက်သည်။

"အား ... တစ်အိမ်လုံးဂူထဲမှာ နေရတာကျနေတာပဲ လှောင်ပိတ်နေတာကိုး၊ နေပါဦး ... ဒီအချိန်ကျမှ ကိုဇော် မြင့်ဝင်း မပြန်သင့်ဘူးဗျ၊ ကျုပ်ဆီမှာ အိပ်ရာအပိုတွေရှိ ပါတယ်၊ ဒီမှာပဲ အိပ်ပေါ့ဗျ၊ တော်တော်ကြာ ... "

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းတစ်ပေါက်၏ ခန်းဆီးစကို ဖယ်ရှားလိုက် ရင်း ကိုသူရ၏ စကားသံသည် ရပ်သွားသည်။ ထို့ကြောင့်ကိုသူ ကြည့်ရာ အပြင်ဘက်သို့ ကျွန်တော်လှမ်းကြည့်မိသည်။ လမ်းထိ ဝယ် အပြာရောင် ဆီဒင်အငှားကားတစ်စီးသည် ရပ်လျှက်သား ရှိ နေပါလေ၏။

ထိုသူငယ်သည် ကိုသူရအိမ်မှ ကျွန်တော်ပြန်ထွက် အလာကို စောင့်စားနေပြန်တော့သည်။ ထိုညအဖို့ ကိုသူရအိမ်တွင် ကျွန်တော်အိပ်စက်ခြင်းသည် ကျွန်တော်၏အသက်ရှည်စေရန်ပင် ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်မိသည်။ ထို့ကြောင့်ပင် ကိုသူရ၏ ဖိတ်ခေါ်ချက်ကို ဒုတိယအကြိမ် ကျေးဇူးတင်စွာဖြင့် ကျွန်တော်လက်ခံလိုက်ပါတော့သည်။

ကိုသူရသည် ကျွန်တော့်ထက်စော၍ အိပ်မော သွားပါလေတော့သည်။ သူ့အဖို့ ယနေ့ည သောက်လေသော အရက် သည် ရေချိန်ကျော်သွားသည်ထင်ပါ၏။ ကျွန်တော်လည်း ပင်ပန် လှပြီဖြစ်သည့်ပြင် အိပ်ချိန်သည် အတော်အတန် နှောင်းလေပြီ ဘာမျှမစဉ်းစားတော့ပဲ အိပ်ပစ်လိုက်ပေတော့သည်။

ကျွန်တော် အိပ်ရာမှနိုးလာသောအခါ မှန်ပြတင်း နေရောင်များပင် အခန်းထဲသို့ဝင်နေလေပြီ။ လက်တွင်ပတ်ထား သော ကျွန်တော်၏နာရီကိုကြည့်လိုက်၏။ နံနက်ရှစ်နာရီခွဲလေပြီ

ကိုသူရ၏အိပ်ရာသို့ လှမ်းကြည့်လိုက်သည်။ ကို ရသည် နှစ်နှစ်ခြိုက်ခြိုက်ကြီးပင် အိပ်ပျော်လျှက်ရှိပေသေးသည် အိပ်ရာမှ ကျွန်တော်ထလာကာ ပြတင်းပေါက်မှ အပြင်လမ်းထိ



လှမ်းကြည့်လိုက်သည်။

အပြာရောင်ဆီဒင်အငှားကားသည် ရှိမနေတော့

မျက်နှာသစ်ရန် ရေချိုးခန်းထဲသို့ ကျွန်တော်ဝင်လာ သည်။ ရေချိုးခန်းထဲတွင် မုတ်ဆိတ်ရိတ် ကိရိယာတန်ဆာပလာ ကျွန်တော်တွေ့ရသည်။ တစ်ပေပတ်လည်ခန့် မှန်တစ်ချပ်လည်း တွင် ဆွဲချိတ်ထားသည်။ ကျွန်တော်၏ မုတ်ဆိတ်ကျင်စွယ်များ ည် အကြည့်ရဆိုးအောင် ထိုးထိုးထောင်ထောင် ဖြစ်နေကြသည် ကိုကြည့်ကာ ကျွန်တော် မုတ်ဆိတ်ရိတ်ပါတော့သည်။

“အား ... ”

မုတ်ဆိတ်ရိတ်ကရိယာထဲရှိ ဒါးမှာ တုံးဟန်တူသည်။ တော်၏ ဖိရိတ်အားကြောင့် ကျွန်တော်၏ မေးစေ့တွင် ဓါးထိ တော့သည်။ သွေးများစို့ထွက်လာတော့၏။ သွေးများကိုသုတ်ရန် တော်သည် တစ်ခုခုကို ရှာမိသည်။ နံရံကပ် သေတ္တာတစ်လုံးကို ရသည်။ သေတ္တာဖုံးကို ဖွင့်လိုက်သည်ဆိုလျှင်ပင် ကျွန်တော် မျက်လုံးအစုံမှာ ပြူးကျယ်သွားရသည်။

လက်ပွေ့အိတ်အနီတစ်လုံးသည် ကိုသူရ၏ရေချိုး နံရံကပ်သေတ္တာထဲဝယ် ထိုးထိုးကြိတ်ကြိတ်နှင့် ထည့်ထား ည်ကို တွေ့ရသောကြောင့်ပင်တည်း။

ဤလက်ပွေ့အိတ်အနီကို ကျွန်တော်ကောင်းစွာ မိသည်။ မိမိခိုင်မသေခင်က ကိုင်တွယ်သွားလေသော လက် အိတ်အနီပင် ဖြစ်တော့သည်။ လက်ပွေ့အိတ်ကိုယူကာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်ဖွင့်ကြည့်လိုက်၏။

နှုတ်ခမ်းဆိုးဆေး၊ မိတ်ကပ်ဘူးနှင့် ငွေကြေးအနည်း
ငယ်ပါရှိသည်။ အထဲ၌တွေ့ရသော လက်ကိုင်ပဝါကိုယူ၍ ကျ
တော်ကြည့်ပြန်သည်။ လက်ကိုင်ပဝါထောင့်စွန်းတွင် ပိုးချည်မြင် အ
ရောင်ဖြင့် (အမ်(မ်)ကေ)ဟု ထိုးထားသည်။ အမ်(မ်)ကေသ
မိနိုင်၏အမည်အတိုကောက်စလုံးမှလွဲ၍ အခြားဘာများဖြစ်နိုင်
ဦးမည်နည်း။

⌘



အခန်း (၁၅)

ကျွန်တော်၏မှတ်ဉာဏ်အရ မိနိုင်၏လက်ပွေ့အိတ်
ထဲတွင် ပျောက်ဆုံးနေလေသော ပစ္စည်းတစ်ခုသည် လေယာဉ်
က်မှတ်ပင် ဖြစ်တော့သည်။ မိနိုင်သည် မြစ်ကြီးနားမှ မန္တလေး
ရောက်တွင် ရန်ကုန်သို့ ဆက်လက်ခရီးထွက်လိုခဲ့သည်။ မီးရထား
များ ရှေကြီးပြီး ရက်အကန့်အသတ်မရှိ ပိတ်ထားလေသော
ကြောင့် ရသည့်နေ့စွဲဖြင့်ပင် မန္တလေးမှ ရန်ကုန်သို့လေယာဉ်လက်
ဝယ်ခဲ့ရပါသည်ဟု ကျွန်တော့်အားပြောခဲ့ဖူးသည်။ ယခုမူ လေ
ဉ်လက်မှတ်သည် သူမ၏လက်ပွေ့အိတ်အတွင်းမှ ပျောက်ဆုံး
ဘဲရှိပေပြီ။

ပထမတော့ မိနိုင်၏ လက်ပွေ့အိတ်အနီကိုပြသကာ
ရအား ကျွန်တော်က မေးခွန်းများမေးမည်ဟု စိတ်ကူးရမိသေး
သို့သော် ထိုစိတ်ကူးကို ကျွန်တော်လက်လျှော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိခိုင်၏လက်ပွေ့အိတ်ကို နံရံကပ်သေတ္တာထဲ၌
နေသားတကျ ပြန်ထည့်ထားလိုက်သည်။ မျက်နှာသစ်ပြီးနော
ကျွန်တော် ပြန်လာခဲ့သည်။ ကိုသူရသည် အိပ်မောကျဆဲပင်။
မောကျချင်ဟန်ဆောင်နေသည်လည်း ဖြစ်ချင်ဖြစ်ပေမည်။

မိခိုင်နောက်ဆုံးကိုင်ခဲ့သော လက်ပွေ့အိတ်ကို
သူရလက်ထဲ၌ ယခုကျွန်တော်တွေ့ရသည်။ ကင်းတားကမ်းပါး
တွင် မိခိုင် လိမ့်ကျသွားပြီးနောက် ကျွန်တော်နှင့် ဆည်မိုလ်
ပြး ပထမဦးစွာရောက်ရှိလာသူမှာ ကိုသူရဖြစ်ကြောင်း ကျွန်
ပြန်လည်မှတ်မိသည်။ မိခိုင်သေဆုံးမှုတွင် ကိုသူရသည် အလွှ
သက်ာမကင်းဖြစ်ဖွယ်ကောင်းနေသည်။

မိခိုင်ထံမှ လက်ပွေ့အိတ်အနီကို ရယူပြီးနောက်
ချင်သော ပစ္စည်းသည် လက်ပွေ့အိတ်ထဲ၌မတွေ့ရသောကြ
ဤအတိုင်းပင် ကိုသူရက ထိုးကြိတ်ထားသည်ဟု ယူဆရမည်

ထိုသို့ဆိုပြန်လျှင်လည်း ကိုသူရသည် ကင်း
တောထဲ၌ပင် လက်ပွေ့အိတ်ကို လွှင့်ပစ်အစဖျောက်ထားခဲ့သ
လျှက် ယခုကဲ့သို့ မန္တလေး သူ့အိမ်ရေချိုးခန်းထဲ ဖွက်ထားသည်
စဉ်းစားစရာ ဖြစ်လာပြန်သည်။

အဖြစ်သနစ်များသည် တွေးလေရှုပ်လေဖြင့်
ကွယ်သန်းကောင်ဝက်ဘာပေတည်။ ကိုသူရအား ဆက်လက်
မြန်းပါကလည်း ဇဝေလည်လည်သာဖြေလိမ့်မည်။ ကျွန်တော်
မှန်တင်ခုံထက်ဝယ် စာတစ်စောင်ရေးထားကာ အိမ်ပြင်သို့
လာသည်။



*ကိုသူရ*

*ညကို ဒီလောက်မူးပြီး မပေါက်သဖြင့် ကျွန်တော်ကောင်းကောင်းအိပ်ရပါသည်။ မပေါက်တတ်သော ကိုသူရအား ကျေးဇူးတင်ပါသည်။*

*ဇော်မြင့်ဝင်း*

အဝတ်အစားလဲလိုသေး၍ စိန်ပန်းရပ်အိမ်သို့ပင်
ကျွန်တော်တန်းတန်းမတ်မတ် ပြန်လာခဲ့သည်။ အိမ်မှာပင် ရေနွေး
ကြီကာ အသင့်ရှိသော နို့ဆီ,သကြား,ကော်ဖီမှုန့်များဖြင့် ကော်ဖီ
ဖျော်ကာ ကျွန်တော်ထိုင်သောက်နေမိသည်။

ကော်ဖီသောက်ရင်းပင် မိခိုင်၏အကြောင်းသည်
ကျွန်တော်၏ ဦးနှောက်တွင်း နေရာယူလာပြန်သည်။ အကယ်၍
ကိုသူရသည် မိခိုင်အားလုပ်ကြံသတ်ဖြတ်သည် ဆိုပါစို့ ... အဘယ်
ကြောင့် သတ်လေသနည်း။ ယခုကိုသူရလက်ဝယ် မိခိုင်၏လက်ပွေ့
အိတ်အနီကိုတွေ့ရခြင်းဖြင့် ကိုသူရသည် လက်ပွေ့အိတ်ကို မိခိုင်ထံ
အလွယ်တကူမရသည့်ပြင် ကိုသူရအား မိခိုင်က မှတ်မိသွားပြီဖြစ်
သည့်အတွက် လက်ပွေ့အိတ်ကိုလည်းအရယူရင်း မိခိုင်အားလည်း
နှုတ်ပိတ်ရင်း သတ်ပစ်လိုက်သည်ဟု ယူဆနိုင်ပေသည်။

ကောင်းပြီ။ မိခိုင်အားလည်း နှုတ်ပိတ်ပြီးလေပြီ။
မိခိုင်၏လက်ပွေ့အိတ်လည်းရပေပြီ။ သို့တိုင်အောင် ကျွန်တော်၏
နောက်သို့ 'ထိုသူငယ်' သဲကြီးမဲကြီးလိုက်နေသည်မှာ လက်ပွေ့အိတ်
ထဲတွင် သူတို့လိုသောပစ္စည်း မရှိလေသောကြောင့်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဆိုပါလျှင် လက်ပွေ့အိတ်ထဲမှ သူတို့လိုချ
သော ပစ္စည်းသည် မည်သို့သော ပစ္စည်းဖြစ်နိုင်ပေသနည်း။

"ဖျောက်"ခနဲ ကျွန်တော်လက်ဖျောက်တီးလိုက
သည်။ ကျွန်တော် သတိရပေပြီ။ မိခိုင်သည် အသက်မသေမီ လ
မတင်ကလေးလောက်က ကျွန်တော့်အား သူမ၏အခန်းသို့ က
မရာအယူလွှတ်စဉ်က ပစ္စည်းတစ်ခုပေးခဲ့သည်။ ထိုပစ္စည်းကား
အင်္ဂလိပ်စာရေးဆရာ Patric Quentin ရေးသားသော Run to dea
ဆိုသည့် စုံထောက်လုံးချင်းစာအုပ်ဖြစ်ပေသည်။ ထိုစာအုပ်ထဲတွ
မိခိုင်၏ လျှို့ဝှက်ချက်တစ်ခုခုပါရှိရလေမည်။ ထိုစာအုပ်ထဲမှ လျှ
ဝှက်ချက်ကို သူတို့အလိုရှိသောကြောင့်သာ မိခိုင်က ကျွန်တေ
အား ပေးခဲ့မှန်းသိပြီး ကျွန်တော်နောက်သို့ လိုက်ကြခြင်းဖြစ်သည်

သို့သော် ထိုစာအုပ်သည် မိခိုင်သေဆုံးသည့်နေ
ပင် ကင်းတားရှိ ကျွန်တော်တည်းခိုနေသော အခန်းထဲသို့ ဒေါ်ရ
မွန်ကော်ဖီလာပို့ရင်း ဖတ်ချင်လုပါသည်ဆိုကာ ကျွန်တော့်ထံမှ ဒေ
ရည်မွန်က ငှားသွားခဲ့သည်ကို မည်သူမျှ သိဟန်မတူပေ။ ထို့ကြော
လည်း ကျွန်တော့်အား မဲနေခြင်းသာဖြစ်မည်။

ညက ကိုသူရ၏ လုပ်ကွက်ကိုပင် ကြည့်လေဦး။

ပထမတော့ ပါတီပွဲမှအပြန် 'ထိုသူငယ်'က ကျွ
တော့်အား ဖမ်းဆီးစေပြီး စာအုပ်ကိုအနိုင်ကျင့်တောင်းခံရန် ရ
ရွယ်ကာ လမ်းမှစောင့်ဖမ်းသည့် အကြံမျိုးကြံထားပုံပင်။ သို့သေ
ပါတီပွဲတွင် ဒေါ်ရည်မွန်က လျှာချောင်ကာ မိခိုင်က ကျွန်တေ
အားပေးထားသည့်စာအုပ်သည် သူမ၏လက်ထဲ၌ ရှိနေကြောင်း ဖွ



ပြောခဲ့လေသည်။

ယင်းကြောင့်ပင် 'ထိုသူငယ်'၏ သေနတ်ပြောင်း
ဝအက်မှ အချိန်မီ ကိုသူရက ကျွန်တော့်အားလှည့်ထုတ်ပေးလိုက်
ခြင်း ဖြစ်နိုင်ပေသည်။

ဤအတိုင်းသာမှန်လျှင် ...

ကျွန်တော်သည် နေရာမှထိတ်လန့်တကြား မတ်
တတ်ရပ်လိုက်မိသည်။ ဤအတိုင်းသာမှန်လျှင် 'ထိုသူငယ်'၏သေ
နတ်ပြောင်းသည် ကျွန်တော်၏ထံမှလွှဲဖယ်ကာ ဒေါ်ရည်မွန်ထံသို့
ပြောင်းသွားတော့မည်။ ဒေါ်ရည်မွန်သည် ကြောက်လန့်ဖွယ်
သော အခြေအနေတွင် ရောက်ရှိနေလောက်ပေပြီ။ ဒေါ်ရည်မွန်၏
အာဝယ် ကျွန်တော့်ထံမှတဆင့် ယူသွားလေသော မိခိုင်၏စာ
အုပ်သည် ရနေဆဲမဟုတ်ပါလား။

ကျွန်တော်သည် တယ်လီဖုန်းဆီသို့ ပြေးသွားမိ
သည်။ ဒေါ်ရည်မွန်ရှိရာ မန်းရိပ်ငြိမ်သို့ ဆက်လိုက်သည်။

မန်းရိပ်ငြိမ်ဟိုတယ်စာရေးထံမှ ပြန်ထူးသံကြားရ

"ဒေါ်ရည်မွန်ရဲ့အခန်းကို မြန်မြန်လေးပေးစမ်းပါဗျာ"

"ဒေါ်ရည်မွန် အပြင်ထွက်သွားပါတယ်ခင်ဗျာ ... ကိစ္စရှိရင်
ကျွန်တော့်ကိုမှာထားနိုင်ပါတယ် ... ဒေါ်ရည်မွန် ပြန်ရောက်
ရင် သတင်းပို့ပေးပါ့မယ်"

ဒေါ်ရည်မွန် ပြန်ရောက်ရင်ဟု ဟိုတယ်စာရေးက
တာဝန်အတိုင်း ပြောကြားပေသည်။ ဒေါ်ရည်မွန်သည် မန်းရိပ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သို့ ပြန်လည်ရောက်ရှိပါလေဦးမည်လား။

"ဒေါ်ရည်မွန် ဘယ်သွားမယ်လို့ ပြောသွားသလဲဗျာ"

"မရေမရာပါပဲခင်ဗျာ ... မုံရွာ သံဗုဒ္ဓေကို ဖူးမယ်လဲပြေ
တယ် ... ပြီးတော့ ရွှေဘိုကိုသွားပြီး အောင်မြေနန်းမယ်
လဲ ပြောပါတယ် ခင်ဗျ"

"ထွက်သွားတာ ကြာပြီလား"

"အဲ ... တစ်နာရီလောက်တော့ ရှိတတ်ပြီခင်ဗျ"

"ဒေါ်ရည်မွန် ဘာနဲ့သွားသလဲဗျ ... အရေးကြီးလို့ ဒီလို
တာကိုလဲ ခွင့်လွှတ်ပါ"

"အငှားကားနဲ့ပါခင်ဗျ ... အပြာရောင် ဆီဒင်ဆလွန်းကား
သွားတာ ကျွန်တော်တွေ့ရပါတယ်ခင်ဗျ ... နောက်
ဘာများသိလိုပါသေးသလဲ ခင်ဗျာ"

"အပြာရောင် ဆီဒင်ဆလွန်းကားနဲ့"

ဟု ကျွန်တော်က တန်ပြန်ရေရွတ်လိုက်မိသည်
သွားလေပြီ၊ 'ထိုသူငယ်' သည် ကျွန်တော့်ထက် တစ်ကွက်ဦး
ဒေါ်ရည်မွန်အား မ,ထုတ်သွားနိုင်ခဲ့လေပြီ။ နောက်ထပ်ဘာမှမ
ချင်တော့သဖြင့် တယ်လီဖုန်းကို ဒေါက်ခနဲ ပြန်ချထားလိုက်မိသည်

ဒေါ်ရည်မွန်အတွက် ကျွန်တော်ဘာလုပ်ရမည်နည်း
ဤအမျိုးသမီးကြီးသည် နှစ်လိုဖွယ်ကောင်း၍ ကျွန်တော့်အ
'ကိုယ့်မောင်' 'ကိုယ့်မောင်' နှင့် ခင်မင်သူဖြစ်ပေသည်။ အကယ်
ဒေါ်ရည်မွန်သာ ပိုးစိုးပက်စက်ဖြစ်သွားပါက ကျွန်တော့်၌လည်း
တာဝန်ရှိသည်ဟု ယူဆမိသည်။ ကျွန်တော့်ထံမှ ငှားရမ်းသွား



သော စာအုပ်ကြောင့် ဒေါ်ရည်မွန်သည် 'ထိုသူငယ်' ၏လက်ဝယ် ကျဆင်းရသည်မဟုတ်ပါလား။ ဒေါ်ရည်မွန်၏နောက်သို့ လိုက်နိုင်သရွေ့ လိုက်သင့်သည်။ ကျွန်တော်၏ကြိုးစားမှုကြားမှ ဒေါ်ရည်မွန် တစ်ခုခုဖြစ်သွားပါက ငုတ်တုတ်ကြီးထိုင်နေပြီး တစ်ခုခုဖြစ်သွားရသည်ထက် ကျွန်တော့်မှာ ဖြေသာလေဦးမည်။ ကျွန်တော်သည် ဒေါ်ရည်မွန်အား ခြေရာခံလိုက်ရန် ဆုံးဖြတ်လိုက်သည်။ သို့တိုင် ကျွန်တော်ဘာနှင့်လိုက်ရမည်နည်း၊ အငှားကားဖြင့် လိုက်မည်လား။ အငှားကားဆိုသည်မှာ အနေးအမြန်ကို ကိုယ်လိုသလိုမောင်းပေးသည်လည်းမဟုတ်၊ ကျွန်တော့်တွင် အချိန်နာရီသည် စကားပြောချက်ရှိနေသည်။

ဟော လေးလေးမြင့်၌ ကားရှိပေသားပဲ၊ သူမ၏အိမ်လိပ်စာအရ ကျွန်တော်သည် တယ်လီဖုန်းလမ်းညွှန်စာအုပ်မှ လေးလေးမြင့်၏နံပါတ်ကို ရှာဖွေသည် ... အလွယ်တကူ တွေ့ပါ၏ ... ကျွန်တော် လေးလေးမြင့်နံပါတ်အား တောင်းခံလိုက်သည်။

"ကိုဇော်ပါ လေးလေး"

"အဲ ကိုဇော်က လေးလေးဆီကို ဖုန်းဆက်တယ် ... ဝမ်းသာလိုက်တာ ကိုဇော်ရယ် ကိုဇော် လေးလေးကိုစိတ်မဆိုးဘူးပေါ့"

"ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

"ဟင်း ဟင်း ... ညကလေးလေး စိတ်ရှုးပေါက်ပြီး ရိုင်းရိုင်းစိုင်းစိုင်း ကိုဇော့်ကို ထားခဲ့မိလို့ပါ"

"နောက်တစ်ခါ စိတ်ရှူးမပေါက်နဲ့ပေါ့လေးလေး၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်က အမိုက်အမဲလေးတွေကို ဖွေမယူတတ်ပါဘူး"

"ကြည့် လူကြီးကဘယ်တော့မဆို အထက်စီးနဲ့ ပြောချင်တယ် ကဲ ... အခုဖုန်းဆက်တဲ့အကြောင်းကကော ကိုဇော်"

"လေးလေးဆီက အကူအညီလိုချင်လို့ပါ လေးလေးရဲ့ကားနဲ့ ကိုဇော့်ဆီ အမြန်လာခဲ့ပါလား လေးလေး၊ စိန်ပန်းရပ်ကအိမ်ကိုပါ"

"ဟာ ... အမြန်လာလို့တော့ မရဘူးကိုဇော်"

"ဘာပြုလို့"

"ဟင်း ... ဟင်း ... လေးလေး ရေချိုးမလို့ ကိုယ်တုံးလုံးကြီးဖြစ်နေတယ် ဒီအတိုင်းလာရင် လမ်းမှာခွေးတစီစီဖြစ်သွားမှာပေါ့"

ဒေါ်ရည်မွန်အတွက် စိတ်ပူနေသည့်ကြားမှပင် လေးလေးမြင့်၏စကားကို ကျွန်တော်ရယ်မိသည်။

"ခွေးတစီစီတော့ ဖြစ်မှာ မဟုတ်ဘူး လေးလေးက မော်တော်ကားနဲ့လာမှာကိုး ဒါပေမဲ့ လက်ပြရဲသားကြီး လက်မပြတတ်ဘဲ ယာဉ်တိုက်မှုတွေ ဖြစ်ကုန်မှာသာ စိုးရတာပါ ကဲ ... နောက်မနေနဲ့ လေးလေးရာ အကျီမြန်မြန်ဝတ် မြန်မြန်လာစမ်းပါ"

"ထမီလဲ ဝတ်ရဦးမှာ"

"ကဲပါ ဝတ်ချင်တာတွေအားလုံးဝတ်ပြီး မြန်မြန်သာလာခဲ့ပါ ဒီကျမှ အကျိုးအကြောင်းပြောပြမယ်"

ကျွန်တော်သည် နာရီတကြည့်ကြည့်ဖြင့်လေးလေး



...င့်ကို မျှော်တော့သည်။ စိတ်ကစောသောအခါ နာရီလက်တံ...ည်သည် တီကောင်လောက်မှ မမြန်ပါလားဟု အောက်မေ့ရ၏

ကျွန်တော်ကသာ ကြာသည်ထင်သည်။ လေးလေး...င့်သည် ဆယ်မိနစ်တိတိ၌ သူ၏ဖယ်မလီယာကားလေးနှင့်...ောက်လာပေ၏။ ကျွန်တော်အပေါက်ဝသို့ အပြေးသွားကာ ကြို...သည်။

အမှန်ပင် လေးလေးမြင့်သည် မှုန့်နှံ့သာကိုမျှ ချယ်သ...ာန်မရှိပေ၊ နဂိုဖြူဝင်းသော မျက်နှာအတိုင်းပင်ဖြစ်နေသည်။ ရေ...ပြီး အဝတ်လဲကာ ချက်ချင်းထွက်လာပုံရ၏။

သို့တိုင်လေးလေးမြင့်သည် ကပိုကရိုနှင့်ပင် လှသူ...ပေတော့သည်၊ လေးလေးမြင့်ကားပေါ်မှ မဆင်းမီ အိမ်တံခါး...သော့ပိတ်ခါ လေးလေးမြင့်၏ဘေး၌ ကျွန်တော်ဝင်၍ထိုင်လိုက်...ည်။ ကျွန်တော်၏အမောတကော ပျားယီးပျာယာအမူအရာကို ...ားလေးမြင့်ကကြည့်ကာ နှုတ်ခမ်းထူအမ်းအမ်းလေး ဝ,လုံးလို...းအောင်အံ့အားသင့်နေရှာသည်။

"ကဲ ... ကိုသူရအိမ်ဘက်ကိုမောင်းပါ လေးလေး"

"သူ့အိမ်ကို ... လေးလေးမှမသိတာ"

"ကိုဇော်ပြောတဲ့အတိုင်း မောင်းပေါ့လေးလေး"

ကျွန်တော်ကရှေ့တည့်တည်၊ ဘယ်ချိုး၊ ညာကွေ့...ည်ဖြင့် လမ်းညွှန်ရင်းဖြင့်ပင် ကိုသူရ၏တထပ်တိုက်ကလေးဆီ...ိ ရောက်လာသည်။ တထပ်တိုက်ကလေး၏ သံဆူးကြိုးခြံဝန်းတံ...ားသည် ပိတ်လျက်သားရှိရုံမက တိုက်ပေါက်ဝတံခါးမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



သော့ ကလောက် ခတ်လျှက်သားရှိနေပါ၏။

တိုသူငယ်နှင့်ကိုသူရသည် တစ်ဖွဲ့သားတည်းသာ
ပါက ကိုသူရလည်း ယခုလောက်အချိန်တွင် အလုပ်များလျှက် ရှိ
လေမည်မှာ မလွဲပေ။

"ကဲ ... လေးလေးဘယ်ကို မောင်းရဦးမှာလဲ ကိုဇော်"

"ကားထဲမှာ ဓာတ်ဆီများရဲ့လား လေးလေး"

"အပြည့် ... တိုင်ကီအပြည့်ပဲရှင့် နန်းမြို့ရိုးကို အပတ်
ထောင်လောက်ပတ်နိုင်တယ်"

လေးလေးကမူ အကျိုးအကြောင်းဘာမျှမသိသေ
၍ စကားပြောလေတိုင်း ဟာသနှောနေရှာပေသည်။

"ဒါဖြင့် မုံရွာကိုမောင်းပါ သံဗုဒ္ဓေဆီကိုပေါ့"

လေးလေး၏နှုတ်ခမ်းသည် ဝလုံးလို ဝိုင်းသွားပြ
သည်။

"ဒီလောက် ကတိုက်ကရိုက် ဘုရားဖူးထွက်ရအောင် နှ
ဖြန် အဝီစိကျတော့မှာ ကျနေတာပဲ ကိုဇော်"

"ကိုဇော်ပြောသလိုသာမောင်းပါ မောင်းရင်းကိုဇော် ရှ
ပြပါ့မယ်"

လေးလေးမြင့်သည် စောဒကမတက်ဘဲ မောင်း
ပေသည်၊ ကျွန်တော်က ညကပါတီပွဲပြီး၍အပြန်မှ ယခုနံနက်အချိ
ထိ လေးလေးမြင့် သဘောပေါက်လောက်ရုံမျှသာ အဖြစ်အပျ
တချို့တစ်ဝက်ကိုပြောပြလိုက်ပေသည်၊ ဒေါ်ရည်မွန်အတွက် စိတ်
ရကြောင်းနှင့် ယနေ့မနက် ဒေါ်ရည်မွန်သည် ဆီဒင်ကားအပြာနှ



ရွာ၊ ရွှေဘိုသို့ သွားကြောင်းကိုပြောရင်း နိဂုံးချုပ်လိုက်သည်။ လေး
လေးမြင့်က ပါးစပ်ကလေးဟ၊ မျက်လုံးကလေးပြူးကာ ကျွန်တော်
စကားများကို နားထောင်ပြီး ပခုံးကလေးတွန့်ပြလိုက်သည်။

"ဒါဖြင့် လေးလေးအကြံတစ်ခုပေးမယ် ဆရာလုပ်တယ်
ထင်ချင်လဲထင်ပေါ့"

"ပြောပါ"

"အခုဒေါ်ရည်မွန်ဟာ မုံရွာသံဗုဒ္ဓေကိုသွားတယ်လို့ ကိုဇော်
အတတ်သိလို့လား"

"ဒီလိုတော့ မဟုတ်ဘူး ကိုဇော့် စိတ်အထင်နဲ့ ပြောတာ"

"တော်ကြာ ယုန်တောင်ပြေး ဆရာလေး မြောက်ကိုလိုက်
ဖြစ်နေပါ့မယ်"

"ခွေးမြောက်လိုက်ပါ"

"အိုး ... လေးလေးတို့က ခွေးမဟုတ်ဘူး ... ဒါကြောင့်
ဆရာလေးလို့ ပြောတာပေါ့"

ကျွန်တော့်မှာ ပြုံးရပြန်သည်။ လေးလေးကဆက်၍
"အုန်းတောအထိ လေးလေးတို့သွားမယ် အုန်းတောမှာက
မုံရွာနဲ့ ရွှေဘိုလမ်းခွဲတယ် မဟုတ်လား ... အဲဒီနားကဆိုင်
တွေမှာ စုံစမ်းမယ် ... အပြာရောင်ဆီဒင်ဆလွန်းကား ဘယ်
ဘက်ကိုမောင်းသွားသလဲလို့ ... အဲဒီသတင်းအရ ရွှေဘို
ဘက်ဖြစ်ဖြစ်၊မုံရွာဘက်ဖြစ်ဖြစ်လိုက်ကြစို့ ကိုဇော်"

အလွန်မှန်ကန်သင့်မြတ်သော အကြံအစည်တစ်ရပ်
ဖြစ်သောကြောင့် ကျွန်တော်က လေးလေးမြင့်အား ဆရာတင်ရ

www.burmeseclassic.com

www.burmeseclassic.com



ပေတော့သည်။ ထိုအကြံကို လက်ခံရလေတော့သည်။

လေးလေးမြင့်၏ မာဇဒါဖင်မလီယာကားကလေ သည် အမြန်နှုန်းကို လိုသလိုတိုးမြှင့်နိုင်အောင် သစ်လွင်ကောင်းမွ ပေသည်။ ကျွန်တော်တို့သည် အမရပူရနှင့်စစ်ကိုင်းကို အချိန်အနည် ငယ်အတွင်းမှာပင် ဖြတ်ကျော်လာခဲ့သည်။

ထိုနောက်ရွှေဘိုနှင့် မုံရွာလမ်းဆုံ အုန်းတော ရောက်ရှိလာတော့သည်။ လိုင်းပြေးကားများ ရပ်နားရာနေရာဖြ သောကြောင့် ဆိုင်များဖြင့် စည်ကားပေသည်။

ကျွန်တော်နှင့်လေးလေးမြင့်သည် တစ်ဆိုင်ဝင်တ ဆိုင်ထွက် စုံစမ်းကြည့်ကြသည်။ အပြာရောင်ဆီဒင်ဆလွန်းကား အသက်ငယ်ငယ် ရုပ်ချောချောကောင်ကလေး မောင်းသည်။ ဖြ ဖြူခန့်ခန့် အမျိုးသမီးကြီးက စီးနင်းလိုက်ပါလေသည်။ ၎င်းကားနှ ၎င်းလူပုဂ္ဂိုလ်ကို တွေ့မိပါသလား။ မုံရွာဘက်သို့သွားပါသလား ရွှေဘိုဘက်သို့သွားပါသလား။

အားလုံးသောဆိုင်များ၏ အဖြေမှာ ထပ်တူထပ်မျ ဖြစ်ကြပါ၏။

"အမှတ်တမဲ့ သတိမထားမိလိုက်ပါဘူးရှင်"

"ဟာ ... ကားမျိုးစုံသွားနေတဲ့လမ်းပဲ၊ ဘယ်မှာသတိထား မိပါ့မလဲဗျာ"

လေးလေးမြင့်က ကျွန်တော်၏ ပခုံးကို ပုတ်လိုက် သည်။

"ကဲ ... ကိုဇော်၊ ဘာဆက်လုပ်ချင်လဲ"



"ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူးလေးလေး"

လေးလေးမြင့်က သူမ၏မေးစေ့ကလေးကို လက် ...းကလေးထောက်ခါ စဉ်းစားလိုက်သည်။ ပြီးမှ ...

"လေးလေးအထင်တော့ သူတို့ဟာ ရွှေဘို့၊မုံရွာဘက်ကိုလာ ချင်မှလဲ လာကြမှာကိုဇော် ... ရွှေဘို့၊မုံရွာသွားမလို့ဆိုတာ ဒေါ်ရည်မွန်ကိုယ်တိုင်က ကိုဇော့်ကို တိုက်ရိုက်ပြောတာလဲ မဟုတ်ဘူး ဟိုတယ်စာရေးကတဆင့် ပြောတာ၊ အငှား ကားနဲ့ချာတိတ်ဟာ ဒေါ်ရည်မွန်ကို ရွှေဘို့၊မုံရွာလိုက်ပို့ပါ့ မယ်ဆိုပြီးမှ မန္တလေးတစ်နေရာရာမှာ ခိုနေရင်လဲရတာပဲ၊ အဓိက,ကဒေါ်ရည်မွန်ဟာ သူ့ရဲ့ကားပေါ်ရောက်ဖို့သာ အဓိ ကမဟုတ်လား"

လေးလေးမြင့်၏စကားသည် စဉ်းစားစရာပင် ဖြစ် ...လေသည်။ စိတ်ထင်ဖြင့် မုံရွာကိုဖြစ်စေ,ရွှေဘိုကိုဖြစ်စေ စွတ် ...တ်ပါက လေးလေးမြင့်ပြောသလို ယုန်တောင်ပြေး၊ ဆရာလေး ...ာက်လိုက်ဖြစ်ချင်ဖြစ်နေလေတော့မည်။

မတတ်နိုင်တော့ပြီ။ မန္တလေးသို့ပြန်ကာ ဟိုကျမှ ...စ်မျိုးတစ်ဖုံထပ်မံ စဉ်းစားရချေတော့မည်။

ကျွန်တော်နှင့်လေးလေးနှင့်အုန်းတောမှပင်မန္တလေး ...သို့ လှည့်ပြန်လာခဲ့သည်။ မန္တလေးအရောက်တွင် မန်းရိပ် ...ဟိုတယ်သို့ဝင်၍ စုံစမ်းပြန်သည်။ ဒေါ်ရည်မွန်သည် ဟိုတယ်ခန်း ...ပြန်မရောက်သေးပါ ဟူသောအဖြေကိုသာရတော့၏။

ကိုသူရအိမ်ဘက်ဆီသို့ လှည့်လာခဲ့ပြန်သည်။ ဝင်း...

www.burmeseclassic.com

www.burmeseclassic.com



တံခါးပိတ်ထားဆဲ အိမ်တံခါးသော့ခတ်ထားဆဲဖြစ်သည်။

စိန်ပန်းရပ် ကျွန်တော်၏အိမ်ဆီသို့ ပြန်လာခဲ့ သည်။ နေမင်း၏အရောင်သည် အတန်ငယ်မှိန်းလွဲနေပြီဖြစ်ကြော ကို ဖော်ပြလျှက်ရှိသည်။ အိမ်ထဲတွင် ထိုင်မိကြသောအခါ ...

"လေးလေး ထမင်းဆာရောပေါ့"

"ကိုဇော် ကော"

ကျွန်တော်က ကျွန်တော်၏ဗိုက်ကို ပုတ်ပြရင်း ...

"ကိုဇော် ဗိုက်ပြည့်နေတယ် လေးလေး၊ ဒါပေမဲ့ လေးလေ တစ်ခုခုသွားစားဖို့ ကိုဇော်အဖော်လိုက်ပေးပါ့မယ်"

လေးလေးမြင့်သည် သူမ၏သေးကျဉ်သော အောက်ရှိ ဝမ်းဗိုက်သားရှပ်ရှပ်ဟိုက်ဟိုက်ကလေးကို သူမ၏လ ဝါးလေးနှင့် ကျွန်တော်စောစောက ပုတ်သလို ပုတ်ပြရင်း ...

"လေးလေးလည်း ဗိုက်ပြည့်နေတယ် ကိုဇော်"

ကျွန်တော်မှာ လေးလေးမြင့်၏ အပြုအမူအတွ ရယ်မိရပြန်သည်။ လေးလေးမြင့်ကလည်း ပါးချိုင့်ကလေး ခွက် သွားတက်ကလေးပေါ်အောင် ရယ်ရှာပေသည်။

ထိုစဉ်မှာပင် ကျွန်တော်နှင့် လေးလေးမြင့် ရယ်သံသာကိုလွှမ်းမိုးသွားလေသည့် အသံတစ်ခုပေါ်ထွက်လ တော့သည်။ အခန်းထောင့်မှ တယ်လီဖုန်းသံပင်ဖြစ်တော့သည်

ကျွန်တော်သည် အပြေးအလွှားတယ်လီဖုန်း ကောက်ယူနားထောင်လိုက်သည်။

"ကျွန်တော် ဇော်မြင့်ဝင်းပါ၊ အမိန့်ရှိပါ"



တဘက်မှပြောလိုက်သော အသံသည် ကျွန်တော် းထဲသို့ဝင်လာသည်ဆိုလျှင်ပင် ကျွန်တော်၏ကိုယ်မှာ တောင့် သွားတော့၏။ ဒေါ်ရည်မွန်သည် ကျွန်တော့်ထံသို့ ဖုန်းဆက် ပြီကော။

"အဲ ... အဆင်သင့်လိုက်လေ ကိုယ့်မောင်ရယ်၊ အခု မမမွန် ပြောနေတာပါ၊ ကိုယ့်မောင်အိမ်မှာမရှိဘဲ အလည်များလွန် နေပလားလို့ မမမွန်ပူရသေးတယ်"

"အခု မမမွန် ဘယ်ကပြောနေတာလဲဟင်"

ကျွန်တော်က မမမွန်ဟုပြောသံကြားလေသော လေးမြင့်သည် မျက်လုံးကလေးအဝိုင်းသားနှင့် ကျွန်တော်၏ သို့ တိုးကပ်လာလေတော့သည်။ ကျွန်တော်က လေးလေးကို ကာခေါင်းညိတ်ပြလိုက်မိသည်။ ထိုနောက် ဖုန်း၏ပြောခွက် သက်ဝါးဖြင့်အုပ်ခါ လေးလေးမြင့်ကို ကျွန်တော်ရှင်းပြလိုက် ။

"အဝေးလိုင်းကပြောနေတာပဲထင်တယ် လေးလေး၊ အသံ ကသဲ့သဲ့ပဲကြားရတယ်"

လေးလေးမြင့်ကလဲ သဘောပေါက်သလို ခေါင်း ပြ၏။ မန္တလေးမှ မန္တလေးသို့ မြို့တွင်းဆက်ကြလျှင် အသံသည် သင်ကာ ပီသသဲကွဲ၏။ အဝေးမှဆိုလျှင် မသဲမကွဲတတ်ပေ။ သာ ကြားရတတ်ကြောင်း လေးလေးမြင့် သဘောပေါက်ပုံရ သည်။

"အခက်အခဲပါပဲ ကိုယ့်မောင်ရယ်၊ မမမွန်လေ စိတ်ရှုပ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကနေ့မနက် မုံရွာက သံဗုဒ္ဓေဘုရားကိုယ်တော်မြတ်
လာဖူးတာကွဲ၊ မမမွန်ငှားလာတဲ့ အငှားကားဒရိုင်ဘာ
တကယ့်ဂွိုဟ်ကောင်ပဲကွာ”

“ဘယ်လိုဖြစ်လို့လဲ မမမွန်”

“မမမွန်ဘုရားဖူးတာ ကြာတယ်ဆိုပြီး မမမွန်ကိုထား
ပြီး ထွက်သွားတယ်လေ … အဲဒါ မမမွန် မန္တလေးပြန်
ဖို့ ကိုယ့်မောင်က မမမွန်ကိုလာခေါ်ပါဦးလို့ အကူအ
တောင်းချင်လို့ပါ”

ဒေါ်ရှည်မွန်၏စကားကို မယုံပေ။ သို့သော် ကျ
တော်ဆက်၍ အစ်အောက်လိုက်တော့သည်။

“နို့ အခုမမမွန်က ဘယ်က ဆက်နေတာလဲ သံဗုဒ္ဓေဘု
ကျောင်းဝင်းထဲမှာတော့ တယ်လီဖုန်းမရှိနိုင်ပါဘူး မမ

တစ်ဘက်မှ တစ်အောင့်တိတ်ဆိတ်သွားသည်။

“အဲဒါကိုကြည့်ပေါ့ကိုယ့်မောင်၊ မမမွန်လေ … သံဗုဒ္ဓေဘု
ကနေပြီး မြင်းလှည်းနဲ့ မုံရွာကိုပြန်လိုက်ရတယ်၊ မုံရွာ
တယ်လီဖုန်းရှိတဲ့ ဓာတ်ပုံဆိုင်တစ်ခုကနေပြီး ခွင့်တော
ပြီး ကိုယ့်မောင်ဆီကို ဆက်နေရတာကွဲ့”

“ဒါဖြင့် အဲဒီဓာတ်ပုံဆိုင်လိပ်စာပေးပေါ့၊ ကျွန်တော့်က
လာခေါ်မယ် မမမွန်”

တစ်ဘက်မှ တိတ်ဆိတ်သွားပြန်သည်။

“အဲဒီဆိုင်ကို အားနာစရာဖြစ်နေမှာပေါ့ ကိုယ့်မောင်
မန္တလေးနဲ့မုံရွာဆိုတာက အချိန်အတော်ကြာအောင် မော



နေရသေးတာပဲ၊ မမမွန်လဲ သံဗုဒ္ဓေဘုရားကိုယ်တော်မြတ်ကို ဖူးလို့မဝသေးပါဘူး ကိုယ့်မောင်ရာ … အဲဒီတော့ အခု မြင်းလှည်းနဲ့ပြန်ပြီး သံဗုဒ္ဓေဘုရားကြီးက မမမွန် ကိုယ့်မောင်ကို စောင့်မယ်၊ ဘုရားဖူးလို့ ဝ,တဲ့အချိန်နဲ့ ကိုယ့်မောင်ရောက်တဲ့အချိန် အတော်ပဲ ဖြစ်လောက်တာပေါ့ကွယ်”

“ကောင်းပြီ မမမွန်၊ အဲဒီသံဗုဒ္ဓေကသာ မမမွန်စောင့်နေပါ၊ ကျွန်တော်လာခဲ့ပါ့မယ်”

ဤမျှဖြင့်ပင် တယ်လီဖုန်းကို ကျွန်တော်ချလိုက်ပေသည်။ ပြီးလျှင် အကျိုးအကြောင်းအားလုံးကို လေးလေးမြင့်အား ပြောပြလိုက်တော့သည်။ ကျွန်တော်၏စကားအဆုံး၌ …

“သိပ်ကိုနေသချာတဲ့ ထောင်ချောက်တစ်ခုပဲ ကိုဇော်”

“အဲဒါကို ကိုဇော်သိသားပဲလေးလေး၊ သူတို့ဟာ ဒေါ်ရှည်မွန် တစ်ယောက်တည်းနဲ့ မလုံလောက်သေးတာမို့ ကိုဇော်ကို ထောင်ချောက်ထပ်ဆင်ပြီး ခေါ်ယူနေမှာပေါ့”

“ဒါဖြင့် ကိုဇော် ဘယ်လိုစိတ်ကူးမလဲ”

“လိုက်သွားရုံပေါ့၊ မုံရွာသံဗုဒ္ဓေဘုရားကို ကိုဇော်လိုက်သွားရုံပေါ့ လေးလေး”

လေးလေးမြင့်သည် ခေါင်းခါပြသည်။ ပြီးလျှင် မဲ့ပြသည်။

“ထောင်ချောက်မှန်းသိရက်သားနဲ့ သွားချင်တယ်ဆိုတော့ ကိုဇော်ဟာ ရူးနေလို့ပဲ”

“ရူးတယ်လို့ပြောချင်ပြောတော့လေးလေး၊ အခွင့်အရေးက

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ် ... ငါးဆယ်ရာခိုင်နှုန်းဆီပဲ၊ ဒေါ်ရှည်မွန်ကို သူ
က မိထားကြပြီ မဟုတ်လား၊ ဒီလောက် သနား
ကောင်းတဲ့ မမွန်လို အမျိုးသမီးကြီးကို ကိုဇော်မျက်နှာ
ခဲပစ်မလုပ်နိုင်ဘူး လေးလေး"

"ဒါပေမဲ့ ကိုဇော် ... "

"ဒါပေမဲ့ မကိုဇော်ပါနဲ့ လေးလေး၊ ဘာဖြစ်တဲ့သဘော
လဲ ဆက်မပြောပါနဲ့ လေးလေးဘာသာ အိမ်ပြန်ပါ၊ ကို
ကိုမော်တော်ကား ပေးလိုက်ပါ"

လေးလေးမြင့်သည် သူမ၏မျက်နှာပေါ်သို့ ခ
လာသော ဆံပင်များကို လက်ဖဝါးဖြင့် ပင့်တင်သိမ်းသပ်
သည်။

"ကဲ ... ကိုဇော့်သဘောပဲ ... ၊ ဒါပေမဲ့ ကိုဇော်သွား
လေးလေးလဲ လိုက်မှာပဲ"

"မဖြစ်နိုင်တာပဲ လေးလေး"

"လျှာမရှည်နဲ့ကိုဇော်၊ လေးလေးပါလိုက်မယ် ဒါပဲ"

ဟု ပြောရင်း ဒေါမာန်ပါစွာ လေးလေးမြင့်က
ဆောင့်ပြောဆိုလိုက်လေတော့သည်။

"ဘာလဲ ... လေးလေးက လေးလေးရဲ့ကားကို ကိုဇော်
လိုက်ရမှာ စိတ်မချလို့လား"

လေးလေးမြင့်က ရယ်လိုက်သေးသည်။

"အဲဒီကားကို ကိုဇော်အခုပဲ ဓာတ်ဆီလောင်း မီးရှို့ပစ်
ပါလား ကိုဇော်၊ နောက်ထပ်ဒီကားမျိုး ဆယ်စီးလော



လေးလေးဝယ်ပြလိုက်မယ်သိလား၊ စကားမရှည်နဲ့ ကိုဇော်
လေးလေးပါလိုက်မှာပဲ"

"အန္တရာယ်များပါတယ် လေးလေးရယ်"

ကျွန်တော်က လေချိုသွေးကာ ဖျောင်းဖျရပြန်
သည်။ သို့သော် လေးလေးမြင့်သည် စိတ်ဓာတ်မာပေသည်။
လျှော့မပေးပေ။

"တစ်ယောက်တည်းသွားရင် သေလူတဲ့၊ နှစ်ယောက်သွား
ရင် ရှင်လူတဲ့ ... ကိုဇော်၊ ဘာပဲဖြစ်ဖြစ် ကိုဇော့်မှာ အဖော်လို
တာအမှန်ပဲ၊ လေးလေးဟာ အသုံးတဲ့မှာပါ ကိုဇော်၊ ဘာလို့
လဲဆိုတော့ လေးလေးက မော်တော်ကားတစ်စီးကို ကျင်
ကျင်လည်လည်မောင်းတတ်တယ် မဟုတ်လား"

ကျွန်တော်သည် လေးလေးမြင့်၏ ကျွန်တော့်
ပေါ်၌ ထားရှိသောစေတနာနှင့်မေတ္တာကို လေးစားမိရပြန်တော့
သည်။ ထို့ကြောင့်ပင် တိုးတိုးကလေး ညည်းညူလိုက်မိသည်။

"အို ... လေးလေးရယ် အချစ်ရယ်"

"ဘာ ဘာ ... ခုန ကိုဇော် တိုးတိုးလေးညည်းညူလိုက်တဲ့
နောက်ဆုံးအပုဒ်ဟာ ဘာတဲ့လဲ ကိုဇော် ... "

ကျွန်တော်၏နောက်ဆုံးအပုဒ်သည် 'အချစ်ရယ်'ပင်
သည်။ သို့သော် ထိုအပုဒ်ကို ထပ်မံ၍အကျယ်မချဲ့လိုတော့ပေ။
ကျွန်တော်သည် မြန်မာလူမျိုးအစစ်ဖြစ်သည်။ တစ်လင်တစ်မယား
ကို ကျွန်တော်တွယ်တာရမည်။ ကျွန်တော်သည် အများတကာ
သင်ခန်းစာပေးရသော စာရေးဆရာဖြစ်သည်။ ကျွန်တော်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်က ကိုယ့်ကျင့်တရားကို ထိန်းသိမ်းပြရမည်။ ရင်ဟက်တက်… ၍ အသည်းမွမွကြေအောင် လေးလေးမြင့်အား ကျွန်တော်ချစ်… တော့ ကျွန်တော့်တွင် တရားဝင်မယားကြီးသခင်ရှိနေသည်။ ကျွ… တော်သည် စိတ်၏အပျံ့အလွင့်ကို ထိန်းသိမ်းရမည်။ ကိုယ်၏… အရာကို ချုပ်ထိန်းရမည်။ သို့ကြောင့်ပင် စကားနောက်၌ တရား… …ည်ကို အချိန်မီ ထိန်းသိမ်းပစ်လိုက်သည်။

"အော် ... လေးလေးရဲ့ စေတနာနဲ့ မေတ္တာကို ကိုဇေ… လေးစားမိတယ်လို့ ဆိုလိုက်တာပါ လေးလေး၊ ဒါထက် … ဇော်မှာ တစ်ခုလိုနေပြန်ပြီ လေးလေး ..."

"ဘာလဲ ကိုဇော်"

"လေးလေးမှာ သေနတ်တစ်လက်လောက် မရှိဘူးလာ… ဟင်"

"ရှိသားပဲ လေးလေးရဲ့ သွားလေသူကြီးက လေးလေးကို… ဟာကိုယ် ကာကွယ်နိုင်ဖို့ဆိုပြီး လိုင်စင်သေနတ်တစ်လ… လုပ်ပေးထားခဲ့တယ် ကိုဇော်"

"အဲဒါ အခုပါလာခဲ့သလား"

"ကြိကြိဖန်ဖန် ကိုဇော်ရယ်၊ လေးလေးကသေနတ်… လက်ကိုင်ပြီး လျှောက်သွားနေရအောင် ပေါ်တော… မိန်းကလေးမှ မဟုတ်တာ၊ ညရေးညတာအတွက်သာ ဒီ… နတ်ကို အားကိုးတာ"

"ဒါဖြင့် အခုမုံရွာအသွားမှာ အဲဒီသေနတ် ကိုဇော့်ကို… ငှားပေါ့ လေးလေး"



"ရပါတယ် အိမ်မှာဝင်ယူကြတာပေါ့"

ကျွန်တော်နှင့် လေးလေးမြင့်သည် စိန်ပန်းရပ်မှ …ထွက်လာခဲ့ကြသည်။ လေးလေးမြင့်ကပင် ကားမောင်းပေးသည်။ …၏အိမ်ဘက်သို့လှည့်ကာ သူမ၏သေနတ်ကို သွားရောက်ယူပေး …ားသည်။ သေနတ်သည် ဒဿမသုံးနှစ် ဂျာမန်လုပ် မော်ဇာပစ္စ… တစ်လက်ဖြစ်တော့သည်။ ထိုသေနတ်ကို ကျွန်တော်၏လက်ထဲ… လေးလေးမြင့်က ပစ်ပေးကာ မုံရွာ သံဗုဒ္ဓေဆီသို့မောင်းနှင်ထွက် …လာခဲ့ပါလေတော့သည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

မည်မျှပင် မော်တော်ကားက သစ်လွင်ကောင်း
သည်ဖြစ်စေ မည်မျှပင် ကားမောင်းသူက ကျင်လည်သည်ဖြစ်
မော်တော်ကားချင်း ထိပ်တိုက်ရှောင်ရခြင်း၊ အခြားတစ်စင်း
ကျော်တက်နိုင်ရန်အတွက် ရှေ့ကားမှနေရာပေးရသည်အထိ
စားရခြင်း၊ မော်တော်ကားလမ်းမပေါ်သို့ လက်ဝဲလက်ျာ ခွမော
နေသည့် နွားလှည်းများကို ရှောင်တိမ်းရခြင်း၊ မော်တော်ကားလ
မပေါ်တွင် အုပ်လိုက်ကြီး သွားလာနေသော နွားအုပ်,ဆိတ်အုပ်
ကို ရှောင်ရှားရခြင်းတို့သည် အချိန်ကိုများစွာ ဖင့်နွဲ့စေလေ
မြန်မာပြည်၏ ခရီးဝေးပြေးမော်တော်ကားလမ်းများသည် ကျ
လွန်းကြောင်း မောင်းဖူးသူတိုင်းက ဝန်ခံရပေမည်။

မန္တလေးနှင့် မုံရွာသည် မိုင်ရှစ်ဆယ်ကျော်ဝေးသ
အချိန်ဖင့်စေအောင် တံတားများကူးရသည်မှအစ အခြားအကြော



အမျိုးမျိုးရှိသည်။ မန္တလေးမှ မွန်းလွဲတစ်နာရီခွဲပိုပိုတွင် ထွက်လာသော ကျွန်တော်တို့သည် သံဗုဒ္ဓေဘုရားအရောက်တွင် မိုးစုံးစုံးချုပ်လေပြီ။ အညာဒေသသည် သီတင်းကျွတ် လလယ်လောက်ဆိုလျှင် နှင်းဖွဲ့ငြင်ပြီး ဆောင်းဦးဝင်လာတတ်သည်။ မိုးသားများကြောင့်ရော၊ ဆောင်းဦးဝင်သည်မို့ရော ... နေသည် စောစီးစွာဝင်တတ်သည်။

သံဗုဒ္ဓေဘုရား၏ ပရဝုဏ်အပြင်ဘက်တွင် လေးလေးသည် မော်တော်ကားကိုရပ်လိုက်သည်။

အပြင်ဘက်တွင် ဒေါ်ရည်မွန်အား အသင့်မတွေ့ရပေ။

ကျွန်တော်သည် အိတ်ထဲမှ လေးလေးမြင့်၏ မော်တာပစ္စတိုသေနတ်ကို ထုတ်ကာ မောင်းဆွဲတင်လိုက်သည်။

"ကဲ ... အပြင်မှာပဲစောင့် လေးလေး၊ ကားထဲက အောက်မဆင်းနဲ့"

"သတိမြဲပါစေ ကိုဇော်"

ကျွန်တော်က မှောင်ထဲမှပင် ခေါင်းညိတ်ပြကာ သံဗုဒ္ဓေဘုရား၏ ပရဝုဏ်အတွင်းသို့ ဝင်လာခဲ့သည်။ အမှောင်ထဲဝယ် ထန်ဆောင်းရှည်ကြီးများ၊ ဇရပ်ကြီးများနှင့် အဆောက်အဦကြီးများမှာ ဝံယာသို့ မျက်စိကစားထားရသည်။

ညသည် ချောက်ချားဖွယ်ကောင်းလှသည်။

ပင်စည်မြင့်သော သစ်ပင်ကြီးများမှ လေအတိုးတွင် သစ်ရွက်အချင်းချင်း၏ ပွတ်တိုက်သံသည်၎င်း၊ ပယင်းများ၏ သံကုန်ဟစ်သော အော်ဟစ်သံသည်၎င်း၊ ဇီးကွက်,လင်းဆွဲ စသည်ညှစ်ငှက်များ

www.burmeseclassic.com

www.burmeseclassic.com



၏ တိုးဝှေ့ပျံသန်းအော်မြည်သံသည်ငင်း ချောက်ချားထိတ်လန့်ဖွယ် အကိပြီးတော့သည်။

"မမမွှန် ... မမမွှန်"

ကျွန်တော်က တိုးတိုးအုပ်အုပ်ခေါ်သည်သာ ဖြ သော်လည်း လှိုင်းသံသည် တန်ပြန်ကာ ကျယ်လောင်သွားတော့ သည်။

မမမွှန်၏ ပြန်ထူးသံကား ထွက်မလာပေ။

ကျွန်တော်သည် ကိုက်တစ်ရာခန့်ထိ ရှေ့သို့ တိုး လာခဲ့သည်။ မျက်လုံးများကလည်း ရှေ့နောက်ဝဲယာတွင် မမမွှ ကို ရှာဖွေနေမိသည်။

ထိုစဉ်မှာပင် ကျွန်တော်နှင့် ခပ်လှမ်းလှမ်း အဆောက်အဦကြားတခုထဲမှ လူရိပ်တစ်ရိပ်ထွက်လာသည်ကို ကျွန်တော် ဝိုးတဝါးမြင်ရသည်။ ကျွန်တော်၏နှလုံးခုန်နှုန်းသည် ပို မြန်လာလေတော့သည်။ ထိုအရိပ်သည် မမမွှန်လည်းဖြစ်နိုင်သည် 'ထိုသူငယ်'လည်း ဖြစ်နိုင်သည်။ ကိုသူရတော့ မဖြစ်နိုင်ပေ။ ကိုသူ ရသည် ထွားကျိုင်းသော အမျိုးသားတစ်ဦးဖြစ်သည်။ ထိုအရိပ်က သိပ်ထွားထွားကျိုင်းကျိုင်း မရှိလှ။ ထိုအရိပ်၏လက်ထဲဝယ် စီးက ရက်မီးပွိုင့်လေးတရဲရဲ ကိုင်ဆောင်ထားသည်။ အမှောင်ထဲဝယ် စီး ကရက်မီးထိပ်သည် တစ္ဆေသရဲ၏ မျက်လုံးလိုတောက်ပလွန်းသည်

ကျွန်တော်သည် သစ်ပင်တစ်ခုကိုကွယ်ကာ အရိပ် နှင့်စီးကရက်မီးကို လှမ်းကြည့်နေမိသည်။ သွားဟန်လာဟန်ကို ကြည့်ခြင်းဖြင့် မမမွှန်မှန်း ကျွန်တော်သေချာပေသည်။



မမမွှန်အား ငါးစာလုပ်ခါ ကျွန်တော့်အား မျှားခြင်း သတည်း။

အကယ်၍ သွေးရိုးသားရိုးသာ ဆိုပါလျှင် မမမွှန် သည် ပရဝုဏ်အပြင်ဘက်မှ ကျွန်တော့်အား လာရောက်စောင့်ရ သည်။ ကျွန်တော်တို့၏ မော်တော်ကားသံကို ကြားနိုင်သည်။ ဖွင့် ခောင်းလာရသော မီးရောင်ကိုမြင်နိုင်သည်။ ထိုအကြောင်းအရာ များမှပင် မမမွှန်သည် ပရဝုဏ်အတွင်း၌ စီးကရက်ခဲကာ အမှောင် ကြီးထဲ၌ လမ်းသလားပြနေသည်။ ထောင်ချောက်မှ အစစ်အမှန် ထောင်ချောက်ဖြစ်ပေသည်။

မည်သို့ဆိုစေ ထွက်မလာမိကပင် ထောင်ချောက် ထဲသို့ဝင်ရောက်ရန်အတွက် ဖြစ်လေသောကြောင့် ကျွန်တော်သည် သူတို့၏ထောင်ချောက်ကိုမမှုပေ။ သူတို့သည် မမမွှန်အား တစ်နေ ရာမှ သေနတ်နှင့်ချိန်ရွယ်ထားကာ ကျွန်တော် မမမွှန်ဆီသို့ လာ ရောက်စေရန် လှူရောင်ပြစေခြင်းဖြစ်ပေမည်။

"မမမွှန် ... မမမွှန် ... ကျွန်တော်ဖော်မြင့်ဝင်းလေ"

ကျွန်တော်၏အသံကို မမမွှန်ကြားပုံရသွားသည်။ လမ်းလျှောက်နေရာမှ ရပ်လိုက်သည်။

"ပြေး ... ပြေး ... မမမွှန် အပြင်ဘက်ကိုရောက်အောင်ပြေး အပြင်ဘက်မှာ လေးလေးမြင့်ရဲ့ကားရှိတယ် ... ပြေး ပြေး"

မမမွှန်သည် တွေဝေနေပုံရသည်။

"ပြေးလေ မမမွှန် ... လက်ထဲက စီးကရက်ကို ပစ်ချခဲ့"

"ကိုယ့်မောင်ရေ ... ကိုယ့်မောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မမမွန်သည် ကျွန်တော်၏အသံကြားရာဆီသို့ ပြေးလာတော့သည်။ မမမွန်၏အမှားသည် လက်ထဲမှစီးကရက်ကို လွှင့်မပစ်ခဲ့ခြင်းပင်။ သူမ၏ အလှုပ်အရှားကို စီးကရက်မီးက ပြသ လျှက်ရှိသည်။

"ကိုယ့်မောင် မလာနဲ့ … သူတို့မှာသေနတ်နဲ့၊ ကိုယ့်မောင် သတိထားပါ"

မမမွန်၏အသံသည် ကျယ်လှသည်။

ထိုစဉ်မှာပင် 'ဒိုင်း'ခနဲ သေနတ်သံထွက်လာသည်။ သို့သော် မမမွန်သည် အပြေးမပျက်ပေ။

'ဒိုင်း … ဒိုင်း'

ဟု ကျွန်တော်က မမမွန်အား ကျည်ကာသဘော ဖြင့် တစ်ဘက်မှ သေနတ်သံလာရာ အမှောင်ထဲသို့ ပြန်ပစ်ပေး လိုက်သည်။

"မမမွန် … စီးကရက်ကို ပစ်ချလိုက်စမ်းပါ"

မမမွန်က စီးကရက်ကို ပစ်မချခဲ့ပေ။ ပြေးမြဲသာ ပြေးနေတော့သည်။ မမမွန်ရှိရာနေရာကို စီးကရက်မီးက အထင်း သားဖေါ်ပြလျှက်ရှိတော့သည်။

"ဒိုင်း … ဒိုင်း'

တစ်ဘက်မှ ထပ်မံပစ်သော သေနတ်သံဖြစ်သည်။ ထိုသေနတ်သံ၏အဆုံးဝယ် မမမွန်ခမြာ မြေပေါ်သို့ စိုက်ကျကာ ထိုးလဲသွားသည်ကို ကျွန်တော်တွေ့ရပါတော့၏။

"ဒိုင်း … ဒိုင်း … ဒိုင်း"



နှင့် အော်တိုမက်တစ် မော်ဇာအား ကျွန်တော် သည်စိတ်တိုစွာဖြင့် တစ်ဘက်သေနတ်သံလာရာသို့ အတင်းပစ် သည့် လိုက်ပေသည်။ ကျွန်တော်၏ လက်ချောင်းများသည် ကလောင်တွင် ကျွမ်းကျင်ပါသည်။ သေနတ်ကိုမူ ပစ်နည်းခတ်နည်း သိရုံမျှနှင့် ပစ်ခတ်တတ်ရုံသာ ကျွန်တော်၏လက်ချောင်းများက ကွေးတတ်ဆန့်တတ်၏။ ပစ်ကွင်းပစ်မှတ်ကို ကျွန်တော်မရွေးချယ် တတ်။ အတည့်အတန်းအဖြောင့်အမတ်သည် ကျွန်တော်ပစ်သော သေနတ်၌ မရှိရာ။

တဘက်ရန်သူတွင် ကျွန်တော်၏ပစ်ခတ်မှုကြောင့် ဘာမျှ အထိအခိုက်ရှိဟန်မတူ။ ပြေးလွှားသွားသော ခြေသံများ ကြားရကာ ချက်ချင်းဆိုသလိုပင် မော်တော်ကားတစ်စီး၏ အရှိန် ပြင်းစွာ မောင်းထွက်သွားသံကို ကျွန်တော်ကြားရပါတော့သည်။

ကျွန်တော်သည် အငမ်းမရ မမမွန်အား ခေါ်ကြည့် မိသည်။ တတ်နိုင်၍ မမမွန်ပေါင်း အထောင်၊ အသောင်း၊ အသိန်း၊ အသန်း၊ ကုဋေကုဋ္ဌာခေါ်လိုက ခေါ်လိုက်စမ်းပါ။ မမမွန်ကတော့ ထူးနိုင်တော့မည် မဟုတ်တော့ပေ။ အကယ်၍ မမမွန်က ပြန်လည် ထူးသည်ပဲထားဦး၊ ကျွန်တော်ကြားတော့မည် မဟုတ်ပေ။ အဘယ် ကြောင့်ဆိုသော် မမမွန်က ပြန်လည်ထူးသည်ပဲထား … တမလွန် ဘဝမှသာ ပြန်ထူးလိမ့်မည် ဖြစ်သောကြောင့်တည်း။

မမမွန်၏အလောင်းဘေးမှ တစ်ပေပတ်လည်ခန့် မမမွန်ကိုင်ဆောင်လေ့ရှိသော လက်ဆွဲအိတ်ကို ကျွန်တော် ကောက်ယူကာ ဓာတ်မီးခြစ်ကိုခြစ်ပြီး ကြည့်မိသည်။ အထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ငွေများရှိသည်။ မှတ်ပုံတင်ကတ်ပြားရှိသည်၊ အခြား စာရွက်စာတမ်း
များနှင့် မိန်းမသုံး အလှပစ္စည်းအားလုံးရှိနေသည်။

မရှိနေသည်မှာ ကျွန်တော့်ထံမှ မမမွန်ငှားယူသွား
သော မိနိုင်၏စုံထောက်စာအုပ်ပင်ဖြစ်တော့သည်။ မမမွန်သည် ခ
သွားစဉ် လမ်းခရီး၌ စာဖတ်တတ်လေ့ရှိသည်။ ဤစုံထောက်
အုပ်ကို မမမွန်သည် ဤကြီးမားသော လက်ပွေ့အိတ်ထဲတွင် ထည့်
ထားတတ်သည်ကို ကျွန်တော်မြင်တွေ့ရဖူးသည်။

ယခုမူ လက်ပွေ့အိတ်ထဲ၌ စုံထောက်စာအုပ်သည်
ရှိမနေတော့ပေ။ သူတို့သည် မိနိုင်နှင့်ဒေါ်ရည်မွန်၏အသက်နှ
ချောင်းကို စတေးပြီး ဤစာအုပ်ကို အရယူသွားနိုင်ကြပေပြီ။

ကျွန်တော်သည် ဒ်သွားကို ကျိုခနဲမြည်အောင်
ကြိတ်မိသည်။ မမမွန်အတွက် ကျွန်တော့်တွင် ခံပြင်မှု၊ နာကြည်
မှုနှင့် ယူကျုံးမရမှုတို့သည် ရင်ဝထိအောင် တလိပ်လိပ်တက်လာ
တော့သည်။

ယင်းအခိုက်ဝယ် ...

လေးလေးမြင့်အား ထားပစ်ခဲ့သော ပရဝုဏ်အပြ
ဘက်ဆီမှ သေနတ်သံတစ်ချက် ကျွန်တော်ကြားလိုက်ရပြန်သည်
သူတို့သည် အပြင်သို့မောင်းထွက်ရင်း လေးလေးမြင့်အား ရန်ပြုလေ
ပြီ ထင်ပါ၏။

မမမွန်၏အလောင်းနှင့် လက်ပွေ့အိတ်ကိုထား
ကာ အပြင်သို့ ကျွန်တော်ဒုန်းစိုင်းပြေးထွက်လာခဲ့ပြန်သည်။ အပြ
တွင် လေးလေးမြင့်၏ကားကို ရပ်ထားသည့်အတိုင်း တွေ့ရ၏။ သ



သော် လေးလေးမြင့်မှာ ကားထဲ၌ ရှိမနေရှာပေ။

"လေးလေး ... လေးလေး"

"ရှိပါတယ် ကိုဇော် ... လေးလေးဘာမှမဖြစ်ပါဘူး၊ သူတို့ကားထွက်လာကတည်းက လေးလေး ဒီကားနောက်ကို အကာအကွယ်ယူထားပြီးသားပါ၊ သူတို့ပစ်သွားတာက မော်တော်ကားဘီးကိုပဲ ကိုဇော် ... သူတို့နောက်ကို မလိုက်နိုင်အောင်ပေါ့"

လေးလေးမြင့်သည် ကျင်လည်စွာပင် ကားထဲမှ
ကိုယူကာ ပေါက်နေသောရှေ့ဘီးဘက်တွင် ထောက်လိုက်၏။
ျွန်တော်က ကူညီပြီး အပိုဘီးတပ်သည်ကိုလုပ်ပေးသည်။ ပစ္စည်း
ားလုံးမှာ အဆင်သင့်ဖြစ်ပြီး သေးငယ်သော မော်တော်ကား ဖြစ်
သာကြောင့် ဆယ်မိနစ်ပင်မကြာပဲ ကားဘီးလဲပြီးသွားသည်။

"သူတို့ကားထဲမှာ ဘယ်သူ့ကို တွေ့လိုက်ရလဲ လေးလေး အေးလေ ... ဒီလောက်မှောင်နေတာ ဘာကိုမှ တွေ့မှာလဲ မဟုတ်ပါဘူး"

"သိပ်တွေ့တာပေါ့ ကိုဇော်၊ လေးလေးက သူတို့ကား ခပ်လှမ်းလှမ်းက ဒလကြမ်းမောင်းလာကတည်းက ဒီကားမီးလုံးကြီးကိုဖွင့်ပြီး အောက်ဆင်းပြေးတာ၊ ကိုယ့်ဆီက အလင်းရောင်ထိုးထားပြီး ကိုယ့်ကမှောင်ထဲမှာနေရင် သူတို့ကိုယ့်ကို မတွေ့နိုင်ဘူး မဟုတ်လား ... ပြီးတော့ ကိုယ်က သူတို့ကိုလဲ မြင်သာသေးတယ်လေ"

"တော်တယ်လေးလေး၊ အရေးအကြောင်းထဲမှာ လေးလေး

www.burmeseclassic.com

www.burmeseclassic.com



က တကယ်သတိကောင်းသားပဲ၊ ဒါဖြင့် သူတို့ကားထဲမှာ ဘယ်သူတွေကို တွေ့ရလဲ လေးလေး"

"မောင်းတဲ့လူကတော့ လူငယ်တစ်ယောက်ပဲ၊ ဦးထုပ်နဲ့ ခပ်ချောချောကောင်လေး၊ ကိုဇော်ရဲ့မိတ်ဆွေဟောင်းချ တိတ်ဆိုတာ ဖြစ်မယ်၊ နောက်ကူရှင်မှာ လူတစ်ယောက် သေးတယ်၊ သူ့ကိုတော့ လေးလေးသဲသဲကွဲကွဲ မမြင်ရဘူ ကိုဇော်၊ သူကသူ့ကားဘောင်အရိပ်နဲ့ မှောင်ခိုနေတယ်၊ ပ ချာတိတ်ကိုသာ လက်ကိုင်ဘီးစတီရာရင်က ညာဘက်မှ မှို့ မီးထိုးတဲ့အောက်မှာ အတိုင်းသားတွေ့ရတာ"

"နောက်ကလူဟာ ကိုသူရပဲ ဖြစ်မှာပေါ့လေ"

"ဟုတ်ချင်ဟုတ်မှာပေါ့ ဒါထက် ဒေါ်ရည်မွန်ကော"

ကျွန်တော်က ပခုံးကိုသာတွန့်ပြပြီး ဒုတိယအကြိ အံ့ကြိတ်လိုက်မိပြန်သည်။

"သူတို့က မမမွန်ကို အသေပစ်သတ်ခဲ့ကြတယ် လေးလေး"

လေးလေးမြင့်ထံမှ စိတ်မကောင်းစွာ စုတ်သတ်သံ ထွက်လာလေသည်။ တအောင့်မျှလည်း တွေတွေဝေဝေ ဖြစ်သွား ရှာသည်။

"ဒါဖြင့်လဲ လေးလေးတို့ သွားကြစို့ကိုဇော်"

"ဘာ ... သွားကြစို့ဟုတ်လား မမမွန်ကို ဒီအတိုင်းကြီးထား ပစ်ခဲ့ရမှာလား လေးလေး"

လေးလေးမြင့်က ကျွန်တော်၏ပခုံးကိုကိုင်ကာ ကျွန်တော့်အား မျက်နှာချင်းဆိုင်လိုက်ပေသည်။ ပြီးနောက် ပြ



ားစွာလည်း ပြောချလိုက်ပေသည်။

"ဟုတ်တယ် အန်တီမွန်ကို ဒီအတိုင်းပဲ ထားခဲ့ရမယ် ကိုဇော်"

"အို ... မဟုတ်တာ"

ဟု ကျွန်တော်က အော်ပစ်လိုက်သည်။

"ဒီမှာ လေးလေး မမမွန်ဟာ လူသားတစ်ယောက်ပါ၊ ပြီးတော့ ထိုက်ထိုက်တန်တန် အမျိုးသမီးကြီးပါ၊ တိရစ္ဆာန်တစ်ကောင်လို ဒီအတိုင်း ကိုဇော်ကထားခဲ့ရင် ကိုဇော်တရားပါ့မလား၊ ပြီးတော့ မမမွန် အခုလိုသေဆုံးရတာ ကိုဇော်ရဲ့ပရောဂလဲ ပါနေတယ်၊ အို ... မထားခဲ့နိုင်ဘူး ထားကို မထားခဲ့နိုင်ဘူး"

"ကဲ ... ထားကိုမထားခဲ့နိုင်ဘူးဆိုရင် ကိုဇော်ဘာလုပ်မလဲ၊ ပိုင်နက်က မုံရွာမြို့နယ်ထဲမှာ အလောင်းကို မန္တလေးယူတာနဲ့ ကိုဇော်ဟာ ရဲတပ်ဖွဲ့ရဲ့ဥပဒေနဲ့ ပတ်သက်နေပြီ သေရတာက သေနတ်နဲ့ပစ်သတ်ခဲ့တဲ့ လူသတ်မှု မဟုတ်လား"

ကျွန်တော်ငြိမ်နေမိသည်။

"ကိုဇော် အတတ်နိုင်ဆုံးလုပ်နိုင်ရင် မုံရွာရဲ့တပ်ဖွဲ့နဲ့ မုံရွာဆေးရုံကို ယူသွားရုံပဲ၊ ကောင်းပြီ ရဲတပ်ဖွဲ့ရောက်တာနဲ့ ကိုဇော်ဘယ်လို အဖြေပေးမလဲ၊ ဟိုကင်းတားသွားတုံးက မိနိုင်ရဲ့ ရာဇဝင်ကြောင်းကအစချီပြီး ကိုဇော့်ပြောပြမလား။ ပြောပြပါပြီတဲ့ ရဲတပ်ဖွဲ့က ကိုဇော်ပြောသမျှ ယုံမတဲ့လား လောလောဆယ်တော့ ကိုဇော်နဲ့လေးလေးကို ဖမ်းဆီး

www.burmeseclassic.com

www.burmeseclassic.com



ထားမှာပဲ၊ ကိုဇော်က ဟိုချာတိတ်ကို နာမည်တောင်မသိ ဘူး၊ မရေမရာတရားခံကို လည်ညှိုးထိုးပြမလား၊ အဲဒီတရား ခံ ချာတိတ်ကို ဘယ်မှာလိုက်ရှာခိုင်းမလဲ၊ ဒါဖြင့်ကိုဇော်က ကိုသူရကို စွပ်စွဲမလား၊ ဘာအထောက်အထားနဲ့ စွပ်စွဲမလဲ ကိုသူရက ဒေါ်ရည်မွန်သေဆုံးတဲ့ ဒီကနေ့ ဒီအချိန်မှာ သူ ဟာ မန္တလေးဘယ်နေရာမှာ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့ အတူ ရှိနေပါတယ်လို့ အလီဘိုင်ပြနိုင်ရင် ကိုဇော်ဘာကိုဆက်ပြီး ခိုင်ခိုင်မာမာ စွပ်စွဲမလဲ ပြောလေ ကိုဇော်"

ကျွန်တော်မပြောနိုင်ပါ လေးလေးမြင့်ကိုသာ ငေး ကြည့်နေမိတော့သည်။ ဤသူငယ်မသည် မှုခင်းနှင့်ပတ်သက်၍ အချက်ကျကျပြောတတ်လှချည့်လား၊ မြင်တတ်လှချည်လားဟုသာ ကျွန်တော်မှတ်ချက်ပြုရတော့သည်။

"နှလုံးသားနဲ့ ပတ်သက်လာရင် လေးလေးဟာ မိန်းမသား ပါကိုဇော် ကိုဇော်တို့လို ယောကျ်ားတွေထက် ပိုပြီးကြင်နာ တတ်တယ် သနားတတ်တယ် ဒါပေမဲ့ နှလုံးသားနဲ့ချည်း ဆုံးဖြတ်လို့ဘယ်ဖြစ်မလဲ ... အခြေအနေကိုလဲ ကြည့်ဦးမှာ ပေါ့ ... ပြီးတော့ ကိုဇော့်စိတ်ထဲမှာ ကိုဇော်က ပြန်လှန်ပစ် ခတ်လို့သူတို့က ဒေါ်ရည်မွန်ကို အသေပစ်သတ်တာလို့ ထင် ချင်ထင်နေမယ် ... လေးလေးကတော့ အဲဒီလိုမထင်ဘူး သူတို့ ဒေါ်ရည်မွန်ကိုဖမ်းသွားနိုင်ကတည်းက ဒေါ်ရည်မွန် အတွက် မျှော်လင့်ချက်မရှိနိုင်ဘူး၊ ကိုဇော် ... သူတို့ဘယ်သူ ဘယ်ဝါဆိုတာ ဒေါ်ရည်မွန်က သိသွားပြီပဲ ... ဒေါ်ရည်မွန်ကို



ပါးစပ်ပိတ်ပစ်ရမှာပေါ့ ... တကယ်တော့ ဒေါ်ရည်မွန်ကို မသတ်သေးဘဲ ကိုဇော်ကိုထောင်ချောက်ဆင်တာဟာ သူတို့မှာ အကြောင်းတစ်ခုခုရှိနေလို့သာ ဖြစ်မှာပါ ... အဲ သူတို့ထောင်ချောက်ထဲ ကိုဇော်မိသွားရင်လဲ ... ကိုဇော့်ကို သူတို့က ဒေါ်ရည်မွန်လိုပဲ နှုတ်ပိတ်ပစ်မှာ အသေအချာပဲ ကိုဇော်"

ကျွန်တော်မငြင်းနိုင်ပေ၊ စောဒက မတက်နိုင်ပေ၊ လေးလေးမြင့်၏ စကားလုံးတိုင်းသည် အကြောင်းအချက်ခိုင်လုံ စွာ ရှိနေကြသည်။

"ကဲ ... ကိုဇော်တက် ... သွားကြစို့ ... ကိုဇော်တို့ သေနတ် ပစ်ပွဲက ပေါက်ပေါက်ဖောက်သလားအောက်မေ့ရတာ ... တော်ကြာ လူတွေဝိုင်းလာမှ အထွက်ခက်နေမယ် ကိုဇော်"

ကျွန်တော်သည် ကားပေါ်သို့ တက်လိုက်သည်။ လေးလေးမြင့်က ကျင်လည်စွာစက်နှိုးကား မောင်းထွက်လာခဲ့ သည်။ ကျွန်တော်၏ရင်ဝယ်အလုံးကြီးတစ်လုံးသည် ဆို့နေပါ၏။ ဒေါ်မိုင်ခရီးလောက် အဝေးပြေးခဲ့ရသလို ကျွန်တော် မောဟိုက် နေသည်။ အဓိကသည် မမွန်အတွက် ကျွန်တော်ရင်ဆို့ ရင်မော နေသာဖြစ်ပေမည်။

ညသည်မှောင်လှသည်။ အားကောင်းလှသော မီးရောင်ဖြင့် လေးလေးမြင့်က လီဗာကိုဖိနင်းကာ အရှိန်နှုန်း မြှင့်ကာ မောင်းနှင်နေပေသည်။ မိုးချုပ်ပြီမို့ ခရီးသွားကားများ နှင့်ကျနာချင်းမဆုံတတ်၊ လေးလေး၏ကားသည် ညို့မှလွတ်

www.burmeseclassic.com

www.burmeseclassic.com



လေသောမြားနှယ်ပေတည်း။

ကတ္တရာလမ်းမည်းမည်းပေါ်တွင် ထုံးစံအတိုင်း
ဝပ်ငှက်ငယ်များသည် သူ၏ချစ်သူကို ငေးငိုင်ကာ စောင့်စားလျ
ရှိကြသည်။ လေးလေးမြင့်၏ ကားအရှိန်ကို သူတို့ခမြာက္လန့်ဖျ
အောင် အတောင်ခတ်ပြီး သေပြေးရှင်ပြေးရှောင်ကြတိမ်းကြရသည်

ဤမြေဝပ်ငှက်များ၏ ဝိညာဉ်ထဲဝယ် ... မိခိုင်တ
ယောက်ရှိချင်ရှိနေမည်။ သို့မဟုတ် အပျိုဟိုင်းကြီး ဒေါ်ရည်မွန်တ
ယောက်လည်း မြေဝပ်ငှက်ကလေးဖြစ်ချင်ဖြစ်သွားလေပြီလာ
မပြောတတ်တော့

"ဖြည်းဖြည်းမောင်းပါ လေးလေး"

"ဘာလို့လဲ ... ကြောက်လို့လား ကိုဇော် ... လေးလေးလ
ကို လေးလေးနိုင်ပါတယ် စိတ်ချပါ"

"လုံးဝမကြောက်ဘူးလေးလေး ... မြေဝပ်ငှက်ကလေးေ
ကို နင်းမိတိုက်မိမှာ စိုးလို့ပြောနေတာ"

လေးလေးက အရှိန်လျှော့ရှာပေသည်။ ကျွန်တေ
ကိုလည်း စွေစောင်းကြည့်ရှာ၏။ လေးလေးမြင့်သည် ရှည်လ
သောသက်ပြင်းတစ်လုံးကို ဆွဲဆွဲငင်ငင် ချလိုက်မိတော့သည်။

"ကိုဇော်"

"ပြောပါ လေးလေး"

"တကယ်တော့ သူတို့ဟာ ကိုဇော်ပြောသလိုဆိုရင် ေ
ရည်မွန်ဆီက လိုချင်တဲ့စုံထောက်စာအုပ်ရသွားပြီပဲနော် ...
ဒီကြားထဲက ဘာလို့ကိုဇော့်ကိုထပ်ပြီး ထောင်ချောက်ဆ



ဖမ်းချင်ကြတာလဲ"

"သတ်ပစ်ချင်လို့နေမှာပေါ့"

"မဟုတ်ဘူး ကိုဇော် ... မဟုတ်နိုင်ဘူး ကိုဇော့်ကိုသတ်ချင်
ရင် သူတို့မှာ သတ်ပစ်နိုင်တဲ့ အခွင့်အရေးရှိနေကြတယ်၊
လေးလေးတို့ ဝင်လာကတည်းက ကားစက်သံကြားရမယ်
ကားမီးကိုမြင်ကြမယ် ... ကိုဇော့်ကိုသတ်ချင်ရင် အလွယ်
လေး ... မောင်းရိပ်နိုပြီး ပစ်လိုက်ယုံပဲ၊ လေးလေး ... စိတ်
ထင်တော့ ဒေါ်ရည်မွန်ဆီက သူစာအုပ်ရသွားပြီးကြပေမယ့်
သူတို့လိုချင်တာ မပြည့်စုံသေးဘူးလို့ ထင်တာပဲ၊ သူတို့ဟာ
တစ်ခုခုကို ထပ်လိုချင်နေကြသေးတယ်၊ အဲဒီသူတို့လိုချင်
တဲ့ပစ္စည်းဟာလဲ ကိုဇော့်ဆီမှာရှိတယ်လို့ သူတို့ယုံကြည်နေ
ကြပုံပဲ၊ ဒါကြောင့် ဒေါ်ရည်မွန်ကို ငါးစာတပ်ပြီး ကိုဇော့်ကို
မျှားတာပဲ ကိုဇော်"

"အဲဒါ ... ဖြစ်နိုင်သားပဲ"

"ဒါဖြင့်ရင် ကိုဇော်ရယ် ... လေးလေးကိုအားလုံးပြောပြပါ
လား ... ကိုဇော်နဲ့ မိမိခိုင်စပြီး တွေ့တဲ့အချိန်ကစပြီး အသေး
စိတ်ကိုပေါ့ ကိုဇော်"

အတောင်ပံကို တဖျတ်ဖျတ်ခတ်ခါ ... မှောင်ရာ
ရိပ်သို့ တိုးဝင်ပြေးကြလေသည့် မြေဝပ်ငှက်ကလေးများကို ကြည့်
း ကင်းတားသွားခရီးစဉ်နှင့် မိခိုင်သေဆုံးရပုံများကို ကျွန်တော်
ဖြည်းလေးစွာ ပြောပြနေမိသည်။

"ဒါဖြင့် မိမိခိုင်ဟာ သူရန်ကုန်သွားမယ်လို့ ပြောခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



နော်”

“အဲဒီလို ပြောတာပဲ လေးလေး … မီးရထားမသွားလို့

ယာဉ်လက်မှတ်တောင် ဝယ်ထားသတဲ့”

“ဒါပေမဲ့ ကိုသူရရဲ့ ရေချိုးခန်းထဲက လက်ပွေ့အိတ်ထဲ

လေယာဉ်လက်မှတ် ကိုဇော်မတွေ့ခဲ့ဘူးနော်”

“အင်း”

“ဒါဖြင့် မိနိုင်ကိုယ်တိုင်က လေယာဉ်လက်မှတ်ကို တ

မဝယ်ဘဲ ညာပြောတာကော မဖြစ်နိုင်ဘူးလား ကိုဇေ

“ဖြစ်နိုင်သားပဲ”

လေးလေးမြင့်က တွေးတွေးဆဆဖြင့် ဆက်၍

ပြသည်။

“မိမိနိုင်ဟာ တကယ်တန်း ရန်ကုန်ကိုသွားမယ်ဆိုရင်

သူ့ဆီကို သွားမယ်ဆိုတာလောက်ပြောဖို့ ကောင်းတာ

ကိုဇော် … အခုတော့ မိမိနိုင်ရဲ့စကားအရဆိုရင် သူ့အ

ဟာ တောထဲမှာပဲပျော်နေတဲ့ သမိုင်းသုတေသီတစ်ဦး

တယ် … သူ့အမေဟာ သူငယ်ငယ်လေးထဲကဆုံးသွ

တယ် … သူ့မှာတခြားအစ်ကိုတွေ အစ်မတွေ၊ အဒေါ်

ဦးလေးတွေ တစ်ယောက်တလေမှမရှိတော့ဘူးတဲ့လ

တစ်ဦးတည်းမွေးလို့ အစ်ကိုတွေ၊ အစ်မတွေ၊ မောင်

ညီမ တွေ မရှိဘူးပဲထားပါဦး၊ မိအဒေါ်ဘက်နဲ့ဖအဒေါ်ဘက်

အဒေါ်တွေ၊ ဦးလေးတွေလောက်တော့ ရှိကောင်းသေး

ပေါ့ ကိုဇော်”



“အဒေါ်တွေ၊ ဦးလေးတွေ”

ဟု ကျွန်တော်က ပြန်လှန်ရေရွတ်မိလိုက်သည်။ တစ်ချိန်တည်းမှာပင် ကင်းတားခ္ဓ မိနိုင်ကျွန်တော်၏ အခန်းသို့လာ အိပ်စဉ်က အိပ်ခါနီးပြောသွားသော စကားကို ယခုလေးလေးမြင့် က စကားစဖော်ပေးမှ အမှတ်ရမိသည်။ မိမိနိုင်၏အပြောကလေး များကို နားထဲ၌ ကြားယောင်ပြန်မိသည်။

“မိနိုင်မှာ ဦးလေးဝမ်းကွဲ တစ်ယောက်ရှိသတဲ့အစ်ကို … နာမည်က (ဦးဝေဇင်တဲ့) အဲဒီဦးလေးက မိုင်းအင်ဂျင်နီယာ တဲ့၊ ဖေဖေ့ညီတဝမ်းကွဲတဲ့၊ မိနိုင်ငယ်ငယ်ကတည်းက နိုင်ငံ ခြားတွေလျှောက်သွားနေတာ မြန်မာပြည်ပြန်ရောက်တာ တောင် မကြာသေးဘူးတဲ့၊ ခုလောက်ဆို ဆင်းဒဝတ်လမ်း ထဲက မိနိုင်တို့အိမ်မှာ တက်နေသလား မသိဘူး၊ ဦးလေး ဆိုပေမယ့် မိနိုင်တစ်ခါမှ မမြင်ဖူးဘူး အစ်ကို”

ကျွန်တော်သည် ကျွန်တော်၏ခေါင်းကို ဖျတ်ခနဲ ပုတ်လိုက်မိသည်။ ယခုမှ သတိရမိသော မိနိုင်၏ဦးလေးဝမ်းကွဲ အကြောင်းကို လေးလေးမြင့်အား ရှင်းပြလိုက်တော့သည်။

“အား … ဟုတ်ပြီ လေးလေးပြောမှ ကိုဇော်သတိရတယ်၊ မိနိုင်ဟာ ကိုဇော့်ကို သူ့မှာ ဦးလေးဝမ်းကွဲတစ်ယောက်ရှိ တယ်လို့ ပြောဖူးတယ်၊ သူ့ဦးလေးဝမ်းကွဲကို တစ်ခါမှမမြင် ဖူးဘူး လို့လဲပြောတယ်၊ အဲဒီတုံးက ဒီကလေးမပါးစပ်ထဲ တွေ့ရာလျှောက်ပြောတာပဲဆိုပြီး ကိုဇော်အလေးအနက် မထားခဲ့ဘူး၊ ပြီးတော့ သူတို့အိမ်ဟာ ရန်ကုန်ဆင်းဒဝပ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိတယ်လို့လဲ ပြောတယ်လေးလေး"

"မိခိုင်ဟာ ကိုဇော်ပြောသလိုဆိုရင် အမှုအရာက ကလေး ဆန်ပေမယ့် အင်မတန်သိပ်သည်းတဲ့ သဘောရှိပုံရတယ် ကိုဇော်၊ သူပြောသမျှဟာ ကိုဇော့်အနေနဲ့ ပါးစပ်ထဲတွေ့ ကရာပြောတယ်ထင်ပေမယ့် သူကတော့ အဓိပ္ပာယ်ရှိ ပြောသွားတယ်လို့ ယူဆနိုင်စရာပဲ"

လေးလေးမြင့်၏ စကားကို ကျွန်တော်သည် လုံးလုံးလျားလျားထောက်ခံမိလေသည်။ မိခိုင်ကို ကျွန်တော် ကိုယ်တိုင်ဆက်ဆံခဲ့ရသူမို့ ပိုမို၍ပုံဖမ်းနိုင်သည်။ မိခိုင်သည်အသ ငယ်ငယ်လေးနှင့် သူမအတွက် အကာအကွယ်လိုလေသောအ လူကိုအကဲခတ်ပြီး ကျွန်တော့်အား အားကိုးလိုစိတ်ဖြင့် ဆက်သွယ် ခဲ့သည်။ အားကိုးပြီး ဆက်သွယ်စေကာမူ သူမ၏လျှို့ဝှက်ချက်ကို ဖွင့်မပြောမိအောင် နှုတ်လုံခဲ့ပြန်သည်။ သူမ၏လျှို့ဝှက်ချက်တစ် ဖြစ်သော အင်္ဂလိပ်စုံထောက်စာအုပ်အား ကျွန်တော်၏လက်သို့ ပြောင်းပေးလိုက်ပုံကပင် အမှတ်မထင် သဘောမျိုးကို သက်ဝင် အောင် သရုပ်ပြသွားခဲ့သည်။ မိခိုင်လုပ်သမျှသည် အဓိပ္ပာယ်ရှိ သည်။

ယင်းသို့ဆိုပါက ... မိခိုင် ပြောသမျှသည်လည်း အဓိပ္ပာယ်ရှိလိမ့်မည်သာ။ ကင်းတား၌ ကျွန်တော်၏အခန်းကိုလာ ရောက်အိပ်စဉ် မအိပ်မီ စကားမစပ် ဘာမစပ်ဘဲ သူမကိုယ်တိုင် မြင်ဘူးသော ဦးလေးဝမ်းကွဲတစ်ယောက်၏အကြောင်းကို ပြော ခဲ့လေသည်။ သူမ၏ဦးလေးထံသို့ ကျွန်တော့်အား မသိမသာ ညွှန်



ခြင်းဖြစ်တန်ရာသည်။ အခြေခံနိုင်ဖို့အတွက်လည်း သဲလွန်စ အဖြစ် န်ကုန် ဆင်းဒဝပ်လမ်းမှ သူမ၏အိမ်ကို ညွှန်းခဲ့သည်။

မိခိုင်သည် ပါးနပ်လှကြောင်း ယခုမှ ကျွန်တော် သဘောပေါက်မိသည်။ မြစ်ကြီးနားမှထွက်လာပြီး ကင်းတားကို ိုက်ပါလာသည်အထိ မိခိုင်သည် သူမ၏နောက်ပါး၌ကြီးမားသော အန္တရာယ်ပါလာမှန်းသိပုံရသည်။ ဤအန္တရာယ်ကြောင့် သူမတွင်တစ် ခုတစ်ခုဖြစ်သွားပါက သူမ၏လျှို့ဝှက်ချက်ကို ကျွန်တော်က ဆက် က်ဆောင်ရွက်စေရန် စကားညွှန်းတွေပေးခဲ့သည်။ အမှတ်မထင် င်္ဂလိပ်ဝတ္ထုစာအုပ်ကိုပေးခဲ့သည်။ သို့သော်သူမ၏စကားညွှန်းနှင့် မှတ်မထင် စာအုပ်လက်ပြောင်းမှုသည် ပညာသားပါလှသည် ူမ၏ လျှို့ဝှက်ချက်ကိုလည်း အားလုံးကျွန်တော့်အား လုံးဝအုပ်စုံ ာ်မပြပေ။ သူမတွင် ဘာမှမဖြစ်ပါက သူမဘာသာ ဆောင်ရွက် ားလိုစိတ်ရှိပုံရသည်။ သူမတွင် တစ်စုံတစ်ခုဖြစ်သွားပါကလည်း ျွန်တော်က ဉာဏ်နှင့်တွေးကာ သူမ၏အညွှန်းကို ဆက်လက် ဆာင်ရွက်ပေးစေလိုဟန်ရှိသည်။ ကျွန်တော်၏ အတွေးအခေါ် ယူအဆသည် သာမန်လူထက်ပိုကာ သူမ၏အညွှန်းနောက်သို့ ျွန်တော်လိုက်ပါနိုင်မည်ဟု မိခိုင်ယူဆပုံရသည်။

သို့သော် ကျွန်တော်စာရေးဆရာ ဇော်မြင့်ဝင်းသည် ိုးလှပေစွ။ စုံထောက်စာအုပ်ကို ဒေါ်ရည်မွန်လက်သို့ အလွယ်တ ပေးအပ်ခဲ့သေးသည်။ ယခု ဒေါ်ရည်မွန်သေပြီးနောက် လေး းမြင့်က အဖော်ပေးမှ ယခုလိုအတွေးရောက်လာသည်။ အချိန် ည် များစွာနှောင်းလေပြီ ထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ မိခိုင်ပေးခဲ့သော စာအုပ်ကိုယူ
သူမ၏ ဦးလေးတစ်ဝမ်းကွဲဆီသို့ အရောက်ပေးပို့လိုက်နိုင်ပါလျှ
မိခိုင်လိုချင်သော ကိစ္စအားလုံးသည် ပြီးမြောက်သွားနိုင်သည်
ဒေါ်ရှည်မွှန်အား စုံထောက်စာအုပ် မငှားမီလေက ... ယခု
အသေဆိုးဖြင့် ဒေါ်ရှည်မွှန် သေဆုံးရလေမည်လည်း မဟုတ်။

ကျွန်တော်၏ တုံးလှသောဉာဏ်ကို မကျေနပ်
ကာမူလည်း ကျွန်တော်သည် အတတ်နိုင်ဆုံးဆက်လက်လှုပ်ရှား
ရန် အကြံပြုရပါတော့သည်။ ကျွန်တော်ရန်ကုန်သို့ အမြန်ပြန်
ဆင်းဒဝပ်လမ်းမှ မိခိုင်၏အိမ်ကို မူရင်းသဲလွန်စထားကာ မိခိုင်
ဦးလေးဝမ်းကွဲကိုရှာမည်။ မတွေ့တွေ့အောင် ရှာမည်။

တွေ့လေသောအခါ အဖြစ်သနစ်မှန်ကို ပြောပြ
မိခိုင်၏ဦးလေးသည် သူ့ဟာသူသဘောပေါက်သလို ဆက်လ
ဆောင်ရွက်နိုင်ပေလိမ့်မည်။

ယခုအချိန်ထိ မိခိုင်နောက်သို့လိုက်ခါ နောက်
ဒေါ်ရှည်မွှန်ကိုအထိ လက်စသတ်နေသော သူတို့သည် သူတို့လို
သည့် ကိစ္စမပြည့်စုံသေးကြောင်းထင်ရှားသည်။ ဤကိစ္စအဝ
ကျွန်တော်က သဘောပေါက်ပေမယ့် မိခိုင်ဦးလေး ဆိုသူက
သဘောပေါက်ကောင်းပေမည်။

ကျန်ရှိသော အပိုင်းကဏ္ဍများကိုမူ သူတို့သ
ပေါက်ကြသူအချင်းချင်း ဆက်လက်ဆောင်ရွက်ကြပေလေ့
တော့။ ကျွန်တော်၏တာဝန်မှာ မိခိုင်၏ဦးလေးအား တွေ့အေ
ရှာပြီး အဖြစ်သနစ်အားလုံး ပြောပြလိုက်လျှင် တာဝန်ကျေ



ပြီဟုသာ ကျွန်တော်မှတ်ယူရပါတော့မည်။ ယင်းကိစ္စကို လေးလေး
အား ဖွင့်တိုင်ပင်ပြီးနောက် "မနက်ဖြန်ကာလောက်ဖြစ်ဖြစ် ကိုဇော်
ရန်ကုန်သွားတော့မယ် လေးလေး"

ဟု ပြောလိုက်မိသည်။

"ဘာနဲ့သွားမလဲ ကိုဇော် ... ရထားလမ်းကမဖွင့်သေးဘူး"

"လေယာဉ်ပျံနဲ့ ဖြစ်ဖြစ်ပေါ့"

"သွားလေ ... ကောင်းသားပဲ၊ လေးလေးပါလိုက်ခဲ့မယ်"

ကျွန်တော်၏မျက်ခုံးနှစ်ခုသည် အလိုအလျှောက်
အထက်သို့ပင့်တင်မိလျက်သား ဖြစ်သွားရတော့သည်။

"မဟုတ်တာပဲ လေးလေးရာ"

"ဘာလဲ ... မဟုတ်တာဘဲ လေးလေးရာ ... လေးလေးက
ဘာလို့လိုက်မှာတဲ့လဲလို့ ပြောမှာပဲ မဟုတ်လားကိုဇော်"

"ဒီမှာလေးလေး ... ကိုဇော်ပြောတာသေချာနားထောင်
ကင်းတားသွားတုံးက မိခိုင်နဲ့ ကိုဇော် ပတ်သက်မိလို့ ကို
ဇော့်မှာ ဘယ်လောက်ဒုက္ခရောက်ရလဲ၊ ဟော ... ကိုဇော့်
ကိုထပ်ဆင့်လာပြီး ခင်တွယ်တဲ့ ဒေါ်ရှည်မွှန်ခမြာသေသွား
ရှာပြန်ပြီ၊ ကိုဇော်ဟာ သေမင်းလက်ဆောင်ပဲ လေးလေး
လေးလေးဟာ ရုပ်ချောတယ် ငွေကြေးချမ်းသာတယ်
အသက်ငယ်သေးတယ် ... ဘာလို့များ ကိုဇော်နဲ့ဆက်သွယ်
ပြီး ဒုက္ခအရောက်ခံချင်တာလဲ"

လေးလေးမြင့်သည် ခေါင်းမာစွာဆက်၍ ပြောပြန်
တော့သည်။ မည်သည့်အခါမဆို လေးလေးမြင့်သည် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခုခု၌ ယထာဘူတကျသော အချက်အလက်များကို ဖော်ပြတတ်သည်။ ဤသူငယ်မသည် နှယ်နှယ်ရရမဟုတ်။ ပညာဉာဏ်ကြီးလွန်းလှပေသည်။

"ဒီမှာကိုဇော် လျှာမရှည်နဲ့၊ ပထမအချက်က ကိုဇော်နက်ဖြန် ရန်ကုန်ကိုသွားချင်တယ်ထား လေယာဉ်လက်မှတ်ဝယ်လို့ရမယ်ထင်သလား အဲ ... လေးလေးကတော့ အဆက်ကောင်းတယ် လေယာဉ်အခေါက်တိုင်းမှာ အရေးတကြီး ကိစ္စအတွက် ရီဇာ့(ဗ)အမြဲထားလေ့ရှိတယ် အဲဒါကိုဇော် ဝယ်နိုင်စွမ်းမရှိဘူး လေးလေးဆိုရင်ဝယ်နိုင်စွမ်းရှိရမယ်"

မှန်၏။ ကျွန်တော်မငြင်းနိုင်။

"ဒုတိယအချက်က အခုပဲ ကိုဇော်နဲ့လေးလေးဟာ တပူးတွဲနေတာကို ရန်သူကမမြင်ဘဲနေမလား အခုလောလောဆယ် ရန်သူကဘယ်မှာလဲ မန္တလေးမှာပဲရှိနေတယ် ကိုဇော်ကိုဇော်ကတော့ ရန်ကုန်ပြေးသွားပြီ ဒီမှာကျန်ခဲ့တဲ့လေးလေးကို ရန်သူက ဆက်ပြီး မနှောင့်ယှက်ဘူးလို့ ကိုဇော်အာမခံချက်ပေးလားနိုင်မလား ... "

မှန်၏။ ကျွန်တော်မငြင်းနိုင်

"တတိယအချက်က လေးလေးရဲ့ သွားလေသူကြီးရဲ့အသက်အာမခံ ကိစ္စဟာ မပြီးပြတ်သေးဘူး ... ရန်ကုန်မှာလေးလေးကိုယ်တိုင် လိုက်ရှင်းရမယ့်ကိစ္စတွေရှိနေတယ် အဲဒါကြောင့် လေးလေးဟာ ရန်ကုန်ကိုသွားရမယ် ကိုဇော်



မှန်၏။ ကျွန်တော်မငြင်းနိုင်။

"ဒီမှာ ... ကိုဇော် ... "

"ပြောပါလေးလေး နားထောင်နေပါတယ်"

"ကိုဇော်ဟာ မယားငုတ်တုတ်နဲ့မို့ လေးလေးကိုချစ်ချင်ချစ်မယ် မချစ်ချင် မချစ်ဘူးဘဲထား ... "

ဤကိစ္စကိုတော့ ကျွန်တော်အဖြေမပေးပေ၊ ကျွန်တော်၏နှလုံးသားကသာ အသိဆုံးဖြစ်ပေမည်။

"ကိုဇော်က လေးလေးကို အတိအလင်းမချစ်ဖို့ ငြင်းဆိုလို့ရပါတယ် ဒါပေမဲ့ လေးလေးရဲ့ ဘယ်ကိုသွားမယ် ဘယ်ကိုလာမယ်ဆိုတာတော့ ကိုဇော့်မှာ ပိတ်ပင်ခွင့်မရှိပါဘူး ကိုဇော် အဲဒီတော့ လေးလေးလဲ နက်ဖြန် လေယာဉ်ပျံ နဲ့ ရန်ကုန်ကို သွားမယ်ပဲပေါ့ ကဲ ... ရှင်းပလား"

ရှင်းပါ၏ မှန်ပါ၏ ကျွန်တော်သည်လေးလေးမြင့်၏စကားကို ဘယ်လိုအချက်အလက်ပြကာ ငြင်းဆိုနိုင်ပါမည်နည်း၊ လေးလေးမြင့်သည် အမြဲတစေ ကျွန်တော်၏ရှေ့သို့ ခြေတစ်လှမ်းရောက်နေလေ့ရှိသည်ပင် မဟုတ်ပါလေလော။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

မန္တလေးသို့ ကျွန်တော်တို့ပြန်ရောက်သောအခါတွင် ဈေးချိုညဈေးပင် သိမ်းလေပြီ၊ မိုးလင်းဖွင့် ကုလားဆိုင်တစ်ခုမှ ကျွန်တော်သည် အသားသွတ်ပလာတာနှစ်ချပ်ဆင်း၍ ဝယ်သေး၏။ ဆာလှသောကြောင့်တော့ မဟုတ်ပေ၊ ကျွန်တော်၏ရင်မှာ တင်း ကျပ်ပြည့်သိပ်လျက်ရှိသည်။

ယခုပေါက်ဆိုလျှင် မမမွန်၏ အဖြောင်းကို သက် ဆိုင်ရာများက တွေ့လောက်ပေပြီ၊ မမမွန်၏ လက်ပွေ့အိတ်ထဲဝယ် မမမွန်၏ မှတ်ပုံတင်ကတ်ပြား ပါရှိသည်။ မမမွန်နှင့်ပတ်သက်သော စာရွက်စာတမ်းများ ပါရှိသည်။ ရဲတပ်ဖွဲ့သည် မမမွန်၏ အဆက် အသွယ်နှင့် သင်္ဂြိုဟ်ရန်ကိစ္စကို ဆက်လက်ဆောင်ရွက်လိမ့်မည် ထင် ပါသည်။

အသားသွတ်ပလာတာများကို ထုပ်ခါစိန်ပန်းရပ်ရှိ ကျွန်တော်၏နေအိမ်သို့ ပြန်လာခဲ့ကြသည်။ လေးလေးမြင့်သည်



၏ အိမ်သို့ မပြန်သေးဘဲ ကျွန်တော်၏အိမ်ထဲသို့ လိုက်ပါလာ

ကျွန်တော်က အိမ်ရှင်ဖြစ်နေသောကြောင့် မီးဖိုထဲ ကာ ရေနွေးကြို၊ ကော်ဖီဖျော်ပြီး အသားသွတ်ပလာတာနှင့် ာ်ဖီကို ကျွန်တော်တို့၏ ယနေ့နံနက်ရော ညစာပါအတွက် စား ာက်ကြသည်။

"နက်ဖြန်လေယာဉ်နဲ့ သွားနိုင်ဖို့ လေးလေးတယ်လီဖုန်း ဆက်ထားပါလား လေးလေး"

"အင်း ... ဟုတ်ပါရဲ့ ... လေးလေးဖြင့် မေ့တောင်နေတယ်"

ဟုပြောကာ တယ်လီဖုန်းဆီသို့ လေးလေးမြင့်ထ ကာ မြန်မာနိုင်ငံလေကြောင်း သယ်ယူပို့ဆောင်ရေး မန်နေဂျာ တယ်လီဖုန်းခေါ်နေရှာပေတော့သည်။

လေးလေးမြင့်သည် မန်နေဂျာနှင့် ရင်းရင်းနှီးနှီးရှိ သည်။ သာမန်ခင်မင်မှုသာဆိုလျှင် ယခုလိုအချိန်မျိုး၌ လူတစ် း အိပ်ရာမှနိုးကာ အပူကပ်ရသည်မှာ အလွန်အားနာစရာ င်းပေလိမ့်မည်။ လေးလေးမြင့် တယ်လီဖုန်းခေါ်နေစဉ်မှာပင် ခါးဖွင့်ကာ ကျွန်တော်ထွက်လာခဲ့သည်။ မည်သည့်နေရာကို ည်ဟူ၍ လေးလေးမြင့်အား ကျွန်တော်မပြောခဲ့၊ ပြောရန်မလို ည်း ကျွန်တော်ထင်မိသည်၊ ကျွန်တော်သွားမည့်နေရာကို သူမ ချင်၍ ဖြစ်ပေသည်။ အ…ယ်ကြောင့်ဆိုသော် ကျွန်တော် ကိုသူ့ရဲ့အိမ်ဆီသို့ သွားလိုသောကြောင့်ပေတည်း။ လေးလေး ပေါ်တောင်ကားကို ကျွန်တော်ယူမသွားပေ၊ လမ်းထိပ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုက္ကားတစ်စင်းဖြင့် ထွက်လာခဲ့သည်။ လေးလေးမြင့်သိလျှင်လည်း လိုက်မည်ဟုပြောလေဦးမှာ အသေအချာမို့ ကျွန်တော်တိတ်တ ဆိတ် ထွက်လာခဲ့ခြင်းဖြစ်သည်။

ယခုတစ်ကြိမ်၌မူ ကိုသူရ၏အိမ်သည် ခြံဝင်းတံခါး လည်း ပွင့်နေသည်။ အတွင်းရှိ မြင်းကြားခန်းဆီးများ ကြားမှလည်း မီးရောင်ကိုမြင်တွေ့ရသည်၊ ကိုသူရသည် အိမ်ပြန်ရောက်ပေပြီ 'ထိုသူငယ်'လည်း ကိုသူရနှင့်အတူ ရှိကောင်းရှိပေလိမ့်မည်။

ကျွန်တော်သည် အင်္ကျီအိတ်ထဲမှ လေးလေးမြ ပေးထားသော မော်ဇာပစ္စတိုကို ထုတ်ယူလိုက်သည်။ လူ ခေါင်းလောင်းကို မနှိပ်သေးဘဲ ပထမဦးစွာ တံခါးဘုသီးကို လှ ကြည့်မိသည်။ ကိုသူရသည် နမော်နမဲ့ ရှိလှသည်။ တံခါးကိုအတွ မှပိတ်ထားခြင်း မရှိသည်ကို တွေ့ရသည်။ ကျွန်တော်သည် ကျေ သွားမိသည်။ ကိုသူရအား ကျွန်တော်သည် တင်ကြိုအကြောင် ကြားဘဲ ဖြုံးခနဲတွေ့သည့်အတွေ့မျိုးနှင့် ပိုမိုတွေ့သင့်သည် မဟု ပါလော။

တံခါးဖွင့်ကာ ဖျတ်ခနဲ အထဲသို့ဝင်လိုက်သည်။

ဧည့်ခန်းထဲဝယ် အမျိုးသားတစ်ဦးကိုတွေ့ရ ထိုအမျိုးသားကို ကျွန်တော်တစ်ခါမျှ မတွေ့ဘူးပေ၊ သူသည် နယ်အပါးစား ညဝတ်အင်္ကျီနှင့်ဘောင်းဘီပွကို ဝတ်ဆင်ထားသ ထိုလူသည် အမှတ်မထင် တိတ်တိတ်ဆိတ်ဆိတ်ရောက်ရှိလာ ကျွန်တော့်အား မြင်သွားကာ အထိတ်တလန့် ဖြစ်ခြင်းထက် ကျွ တော်၏လက်မှ သူ့ကိုချိန်ထားသည့်သေနတ်ကို ပိုမိုထိတ်လန့်



သာဖြစ်ပါမည်။

ကျွန်တော်သည် တစ်အိမ်လုံးအား ရှောင်တခင် အကဲခတ်လိုက်သည်။ ဧည့်ခန်းနှင့်အိပ်ခန်း၌သာ မီးဖွင့်ထား၏။ ကျန်သော အခန်းအားလုံးသည် မီးမှိတ်ထားသည်၊ ယေဘုယျအား ဖြင့် ဧည့်ခန်းနှင့် အိပ်ခန်းထဲ၌သာ လူရှိသည်ဟု မှတ်ယူနိုင်လောက် သည်။

"လက်ကို ငြိမ်ငြိမ်ထားပြီး အိပ်ခန်းထဲကိုသွား"

"နေဦး … ခင်ဗျားကဘယ်သူလဲ၊ အခုဟာက … "

"ပါးစပ်ပိတ်ထားပါ၊ အိပ်ခန်းဆီကိုသွားပါ"

သေနတ်ကိုတော့ ကြောက်ရှာသည်၊ ထိုလူသည် ကျွန်တော်၏ညွှန်ကြားချက်အတိုင်း လမ်းလျှောက်ရာ၌ လက်ပင် မလွှဲဘဲ အရုပ်ကြီးလို အိပ်ခန်းထဲ ဖြည်းလေးစွာဝင်သွားပါလေ၏။

ညက ကျွန်တော် အိပ်ခဲ့သော ခုတင်ပေါ်တွင် အမျိုးသမီးတစ်ယောက်က လဲလျောင်းကာ စာဖတ်နေပေသည်။ ကျွန်တော်နှင့် ထိုလူဝင်ရောက်လာသည့်အဖြစ်ကိုကြည့်ကာ အမျိုး သမီးခမျာ ထိတ်လန့်တကြား အော်လိုက်ပေသည်။ ကျွန်တော်က ပါးစပ်ပိတ်ထားရန် သတိပေးရ၏။

အိပ်ခန်းထဲဝယ် အပြောင်းအလဲများရှိပေသည်။ သေတ္တာသုံးလေးလုံးခန့်သည် အပုံလိုက်သားရှိနေပေ၏။

"ခင်ဗျား ဘာလိုချင်သလဲ၊ ငွေလိုချင်သလား … ရှိသမျှ ကျွန်တော်ပေးပါ့မယ်၊ ကျွန်တော့်ဇနီးကိုတော့ နာနာကျင် ကျင်မဖြစ်ပါစေနဲ့ဗျာလို့ တောင်းပန်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်သည် သေနတ်ဖြင့်ချိန်လျက်သားက
အိပ်ခန်းနှင့်ဆက်နေသော ရေချိုးခန်းအား မီးဖွင့်၍တံခါးဖွင့်ကြ
သည်။ ရေချိုးခန်းထဲဝယ် နံရံကပ်သေတ္တာကလေးသည် ရှိ
တော့ပေ၊ ဆိုလိုသည်မှာ မိခိုင်၏လက်ပွေ့အိတ်အနီသည် ရေချိုး
ထဲ၌ ရှိမနေတော့ပေ၊ အလားတူပင် ကိုသူရသည် ဤအိမ်၌ရှိ
တော့ပါပေ။

ခုတင်ပေါ်မှအမျိုးသမီးသည် ကတုန်ကယင်
နေရှာသည်။ ညဝတ်အင်္ကျီပါးနှင့် လှပသောအမျိုးသမီးတစ်ဦးပ
ပေ၏။ လေးလေးမြင့်နှင့်အသက်ရွယ်တူလောက်ရှိတန်ရာသည်

"ကောင်းပြီ ... ဧည့်ခန်းကိုလာတုန်းကအတိုင်း ပြန်သွား

"ခင်ဗျား ဘာလုပ်နေတာလဲဗျာ ... ဘာလိုချင်လို့လဲ"

"ကျွန်တော်ပြောသလိုသာ လုပ်ပါလေ"

အမျိုးသားသည် လက်မလွှဲဘဲ ဧည့်ခန်းဆီသို့
သွားပြန်သည်။ ကျွန်တော်က ဧည့်ခန်းနှင့်ဆက်နေသော မီးဖို
သို့သွားကာ မီးဖွင့်ကြည့်သည်။ အခြားမည်သူမျှမရှိ၊ ကျွန်တေ
လူဆီသို့ ပြန်လာခဲ့သည်။

"ကိုသူရ ဘယ်အချိန်ပြန်လာမလဲ"

"ကို ... သူ ... ရ အဲဒီကိုသူရဆိုတာက ဘယ်သူလဲဗျ

"ဒီအိမ်မှာနေတဲ့ ကိုသူရကို ကျွန်တော်ပြောနေတာ"

ထိုလူသည်မျက်လုံးပုတ်ခတ်ပုတ်ခတ်နှင့်
တော့်အားကြောင်၍ ကြည့်နေသည်။ ပြီးမှ ...

"ဒီအိမ်မှာ ကိုသူရဆိုတာ တစ်ခါမှ မရှိပါဘူးဗျာ ... ဒါ

တော့်အိမ်ပါ"

"မနေ့ညကဘဲ ကိုသူရကို ဒီမှာ ကျွန်တော်တွေ့ခဲ့သေးတာပဲ"

ထိုလူသည် တစ်စုံတစ်ခုကို သဘောပေါက်သွားသည့်အလား ဦးခေါင်းကိုညိတ်ပြလိုက်ပြီးမှ ရှင်းပြတော့သည်။

"ယုံပါဗျာ ... ဒီအိမ်ဟာ ကျွန်တော့်အိမ်ပါ ကျွန်တော်လွန်ခဲ့တဲ့လ,ကမှ လက်ထပ်ပြီးတောင်ကြီးကို ပျားရည်ဆန်းထွက်သွားကြတာ ကနေ့ညနေမှ ပြန်ရောက်ကြတာ"

"ဘာပြောပြော ကိုသူရဟာ ဒီမှာနေခဲ့တာအမှန်ပဲ မိတ်ဆွေ"

"ကိုသူရဆိုတာကို ကျွန်တော်လုံးဝမသိပါဘူး ... ကျွန်တော့်အိမ်ကလုံခြုံတာမို့ ကျွန်တော်တို့ အိမ်တံခါးသော့ခတ်သွားကြတာ၊ အဲ ထူးခြားတာတစ်ခုတော့ရှိတယ်၊ ကျွန်တော်တို့လင်မယားပြန်လာတော့ အိမ်တံခါးဟာ သော့ခတ်လျက်ပါပဲ၊ ဒါပေမဲ့ အိမ်ထဲမှာတော့ ပြောင်းဆန်နေတာ တွေ့ရတယ်၊ အရက်လုံးဝမသောက်တတ်တဲ့ ကျွန်တော့်ရဲ့အိမ်ထဲမှာ အရက်ပုလင်းတွေလဲ ရောက်နေတယ်၊ အိမ်မှာထားခဲ့တဲ့ ပစ္စည်းတွေကတော့ ဘာမှအပျောက်အရှမရှိဘူး၊ အဲဒါကို ကျွန်တော်စဉ်းစားမရဖြစ်နေတုန်း ခင်ဗျားရောက်လာတာပါ၊ ကိုသူရဆိုတဲ့လူဟာ ဒီအိမ်ကိုဘယ်သူ့အမိန့်နဲ့များ နေသွားခဲ့သလဲမှ မသိတာ"

ထိုလူ၏အမူအရာနှင့် အပြောအဆိုကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သည်ကျကျနနအကဲခတ်ကြည့်သည်။ ယုံကြည်နိုင်လောက်သ
ကျွန်တော်မှတ်ချက်ပြုမိ၏။

ပစ္စတိုကို အိတ်ထဲသို့ ကျွန်တော်ပြန်ထည့
လိုက်သည်။ ထိုလူကိုလည်း ကျွန်တော်က တောင်းပန်စကား
ပါ၏။

"အေးဗျာ ... ဝမ်းနည်းပါတယ်လို့ပဲ တောင်းပန်ပါ
ဗျားခနီးကိုလဲ ထိတ်လန့်အောင်လုပ်မိတာကို ခွင့်
လို့သာ ပြောလိုက်ပါတော့ဗျာ"

ချာခနဲလှည့်ကာ တံခါးပေါက်မှ ကျွန်တေ
ထွက်လာခဲ့တော့သည်။ ကိုသူရသည် အကွက်စေ့စေ့ဖြင့် ကျ
အား ခပ်တည်တည် ဖိန့်သွားနိုင်ခဲ့လေပြန်ပြီကော။ ကိုသ
ကျွန်တော်သည် တတ်နိုင်၍မြေလှန်ရှာလေဦးတော့ ထပ်မံ
သည် မလွယ်တော့ပေ။ ကိုသူရသည် သူ၏လုပ်ကွက်အ
ကျားကစားသကဲ့သို့ တိတိပပအကွက်ချကာ လုပ်ဆော
ပေတည်း။

တွေ့ရာဆိုက်ကားဖြင့်ပင် ကျွန်တော်သည
ရပ်သို့ ပြန်ရောက်လာခဲ့သည်။ ကျွန်တော်၏အိမ်တံခါးသ
တော်ထွက်လာစဉ်ကအတိုင်း ပွင့်လျက်သားရှိနေပေသည
အိမ်၏တံခါးဝသို့အရောက်တွင် အထဲမှ
မြင့်တယ်လီဖုန်းပြောနေသံကြားရသောကြောင့် အထဲမဝင
အပြင်မှ နားစွင့်ထောင်မိသည်။ လေးလေးမြင့်သည် ကျ
ထွက်သွားစဉ်က တယ်လီဖုန်းပြောနေသော ပုံစံအတိုင်း



လျက်ရှိသေးသည်။ ဝင်ပေါက်တံခါးဘက်သို့ ကျောပေးကာ
နေခြင်း ဖြစ်၏။ ကျွန်တော်သွားသည်မှ ပြန်သည်အထိရှိလှပါ
လေးဆယ်ခန့်မျှသာ ယခုအချိန်ထိ ယူဘီအေလေယာဉ်လက်
ရရှိရေးအတွက် လေးလေးမြင့်ပြောရတုန်းပေပဲလား။

မဟုတ်ပေ။

လေးလေးမြင့်သည် ဘယ်လိုမှ ကျွန်တော်မမျှော်
သောစကားများကို တယ်လီဖုန်းမှ ပြောနေခြင်းဖြစ်တော့

"သူဘယ်သွားမယ်လို့တော့ ပြောမသွားဘူး၊ ထွက်သွားတာ
ပဲ၊ လေးလေး စိတ်ထင်တော့မနေ့ညက ရှင့်အိမ်ကိုပဲသွား
တယ် ထင်တာပဲ"

လေးလေးမြင့် ရယ်လိုက်ပြန်သေးသည်။

"အင်းပေါ့ ... သူ့စိတ်တွေဟာ တော်တော်ပဲ ယောက်ယက်
ခတ်နေရှာတယ် ... ဒေါ်ရည်မွန်ကို ရှင်သတ်ပစ်တယ်ဆိုပြီး
မကျေမချမ်းဖြစ်နေတာပေါ့ရှင် ... ဒါပေမဲ့ စိတ်မပူနဲ့ကိုသူရ
အားလုံးအဆင်ပြေနေပါတယ် ... သူက လေးလေးကိုသိပ်
ယုံကြည်နေပုံပဲ၊ နက်ဖြန်ဆိုရင် သူရန်ကုန်သွားတော့မှာ
အင်းပေါ့ ... လေးလေးလဲ သူနဲ့လိုက်သွားမှာပေါ့"

တစ်အောင့်ရပ်သွားပြန်သည်။ တစ်ဘက်မှပြောစ
လေးလေးမြင့် နားထောင်နေပြန်သည်။

ကျွန်တော်၏ ခန္ဓာကိုယ်ထဲမှ ရှိသမျှသော သွေးတို့
ယ်ထိပ်ဆီသို့များ စုပြုံတက်သွားလေသလားဟု ထင်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ကျွန်တော်မှန်ထုသွားမိသည်။ လေးလေးမြင့်
ကျွန်တော့်အား အယုံသွင်းကာ ပူးသတ်ပေပြီ။ အိတ်ထဲ၌ရှိ
သေနတ်ဖြင့်သာ ကျွန်တော်သည် လေးလေးမြင့်အား ထိုးပစ်
ချင်မိသည်။ သို့သော် မဖြစ်သေး၊ သတိကိုပြန်လည်ထိန်းချုပ်ရ
ကျွန်တော်က လူတစ်ယောက်ကို သတ်မိလေလျှင် ကျွန်တေ
လူသတ်မှုအတွက် အပြစ်ဒဏ်ခံရလိမ့်မည်။ ထိုအပြစ်ဒဏ်
အတွက် ယခုကိစ္စအားလုံးသည် ကျွန်တော်၏ကိုယ်ရေးကိုယ်
နှင့် တိုက်ရိုက်ပတ်သက်သောကိစ္စပေလော။ အမှတ်မထင်မိ
တွေ့ခဲ့ကြပြီး ကျွန်တော်ကဓာတ်ရှုပ်ထဲသို့ မသိမသာပါဝင်
ခြင်းသာဖြစ်သည်။ ကိုသူရသည် ကျွန်တော့်အား အကြောင်
သည်။ 'ထိုသူငယ်'သည်ကျွန်တော့်အားနောက်ယောင်ခံထား
လေးလေးမြင့်သည် ကျွန်တော့်အားအယုံသွင်းပူးပေါင်းသည်
သူအားလုံးမှာ ကျားမိုလ်ကြီး ကိုသူရ၏ ကျားကောင်များသ
သည်။ အမှန်မှာ ကိုသူရသည် ကင်းလိုချင်၍'ထိုသူငယ်'နှင့်
လေးမြင့်အားပေးကျွေးလိုက်သည့်သဘောပင်။ ယှဉ်ပြိုင်က
သူနှစ်ဦးမှာ 'ကိုသူရ'နှင့် ကျွန်တော်ပင်ဖြစ်၏။ ဉာဏ်ရည်ပြိ
မည်။ ကြမ်းတာတွေ၊ ရမ်းတာတွေ မလိုအပ်၊ ဦးနှောက်သ
ဉာဏ်ပွဲ၌ အဆုံးအဖြတ်ဖြစ်သင့်သည်။

ကျွန်တော်သည် နောက်ဘက်ဆီသို့ ခြေသံ
အောင်ခပ်လှမ်းလှမ်းပြန်လျှောက်သွားလေပြီးမှ ခြေသံကိုပြ
နင်းပြီး ပြန်လာခဲ့သည်။ ချောင်းကိုလည်း ဆိုးပြလိုက်သေး
တံခါးကိုလည်း အသံမြည်အောင်တွန်းဖွင့်လိုက်သည်။



ကျွန်တော်အိမ်ထဲသို့ ရောက်ချိန်ဝယ် ညေ့ခန်းက
ားထိုင်တစ်လုံးပေါ်၌ လေးလေးမြင့်သည် ပုံ့ပုံ့ကလေးထိုင်ကာ
း၊တစ်ချောင်းနှင့် ခေါင်းဖီးလျက်ရှိနေတော့၏။

"ဟော ... ကိုဇော်ပြန်လာပြီ"

"ဟုတ်တယ်လေးလေး ... ကိုဇော် ပြန်လာပါပြီ"

"လေးလေးတစ်ယောက်တည်း ထားခဲ့ပြီး ဘယ်သွားတာ
လဲ ကိုဇော်၊ လေးလေးမှာ တစ်ယောက်တည်း ကြောက်
လည်း ကြောက်တယ်၊ ပြီးတော့ ကိုဇော့်အတွက်လည်း စိတ်
ပူနေရတာပေါ့ ... လေးလေးကို ဘာမှလည်းပြောမသွား
ဘူး"

ချစ်ဇနီး သခင်တို့၏ ရုပ်ရှင်စကားနှင့်ဆိုရပါလျှင်
ကယ်၍သာ လေးလေးမြင့်သည် ဓာတ်ဆောင်တစ်ဦးဖြစ်ပါက
အမှုအရာသည် အကယ်ဒမီရှော့ဟု ဆိုရလောက်ပေသည်။ စိုးရိမ်
လေးမှာလည်းပေါ်လွင်သည်။ ကြောက်လန့်နေပုံလေးမှာလည်း
ာဝကျသည်။ ကျွန်တော်က လေးလေးမြင့်ဘေးရှိ ကုလားထိုင်
တ်တန်းတွင် မှေးထိုင်လိုက်သည်။

"ကိုသူရအိမ်ကိုသွားခဲ့တာပါ လေးလေး"

"ဟယ် ကိုဇော်တစ်ယောက်တည်း သွားတယ်၊ ဒီလောက်
ကြောက်စရာကောင်းတဲ့ လူဆိုးကိုများ တစ်ယောက်တည်း
သွားတာ အံ့ပါရဲ့ ... မသကာ လေးလေးကို အဖော်ခေါ်
သွားရောပေါ့"

"အဲဒီလို ... လေးလေးလဲ လိုက်မယ်ပြောမှာစိုးလို့ မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘဲ သွားတာပေါ့ လေးလေး ... ဒါပေမဲ့ ကိုသူရနဲ့မတွေ့ခဲ့ ရလို့ ဘာမှမဖြစ်ပါဘူး၊ အဲဒီအိမ်မှာ အိမ်ရှင်တွေပြန်ရောက် နေတာပဲ တွေ့ရတယ်၊ တကယ်တော့ကိုသူရက အဲဒီအိမ် ကို သူ့အိမ်ဆိုပြီး သော့တူနဲ့လိမ်ပြသွားတာပါ လေးလေး"

လေးလေးမြင့်သည် ကျွန်တော်၏လက်မောင်းကို ယုယစွာဆုပ်ကိုင်လိုက်ပေသည်။

"သိပ်လည်း ဆန္ဒမပြင်းပါနဲ့ ကိုဇော်ရယ် ... လေးလေး နားလည်ပါတယ်၊ ကိုဇော်ဟာ ဒေါ်ရည်မွန်အတွက် အား မကြေနိုင်ဘဲ ကိုသူရကို ရင်ဆိုင်နေချင်မှန်း ... ဒါပေမဲ့ စိတ် ကိုလျှော့လိုက်ပါ ကိုဇော်"

"လျှော့ပါတယ် လေးလေး၊ နက်ဖြန်ဆိုရင်ပဲ ကိုဇော်ရန်ကုန် ပြန်တော့မှာပဲ၊ အန္တရာယ်တွေနဲ့ စိတ်မကောင်းစရာတွေ ဟာ ကင်းတားနဲ့ မန္တလေးမှာပဲ ကျန်ခဲ့ပါစေတော့လေ ကွယ်"

"အော် ... ဟုတ်ပါရဲ့ ကိုဇော် ... လေးလေးပြောဖို့မေ့ လိုက်တာ နက်ဖြန်အတွက် လေယာဉ်လက်မှတ် နှစ်စောင် ရမယ်တဲ့ ... "

လေးလေးမြင့်သည်သူမ၏ ဆံကေသာပိတုန်းရောင် ကို ရှိုးရှိုးယဉ်ယဉ်ပင် နောက်တွဲထုံး၍ ပြီးသွားသည်။ နေရာမှ ကာ စားပွဲပေါ်ရှိ လက်ပွေ့အိတ်နှင့်ကားသော့ကို ကောက်ယူလို ၏။

"လေးလေးပြန်သင့်ပြီ ကိုဇော် ... အရွယ်ရှိသေးတဲ့ မုဆိုး



တစ်ယောက်ဟာ ဒီလောက်ညဉ့်နက်မှ ပြန်ရင် အိမ်နီးနား ချင်းအထင်သေးခံရတော့မယ် ... ပြီးတော့ နက်ဖြန်ရန်ကုန် သွားဖို့အတွက် ပစ္စည်းလေးဘာလေး ထုပ်ပိုးရဦးမယ် မဟုတ်လား"

လေးလေးမြင့်သည် ပြန်ရန်နေရာမှ ထသော်လည်း သူမ၏အိမ်သို့တန်းတန်းမတ်မတ်ပြန်လေမည်ဟု ကျွန်တော်မယုံ ကြည် သူမသည်'ကိုသူရ' ဘယ်မှာရှိနေသည်ကို အတတ်သိထား သောကြောင့် တယ်လီဖုန်းပင်ပြောခဲ့၏။ ယခုလည်း လေးလေးမြင့် သည် ကိုသူရထံသွားလေမည်သာ။

ကျွန်တော်သာ သူမ၏နောက်သို့ နောက်ယောင်ခံ လိုက်သွားပါက ကိုသူရရှိနေမည့်နေရာကို ကျွန်တော်သိရှိခွင့် ရနိုင် သည်။ သို့သော် ကျွန်တော်က သူမနောက်မည်သို့များ နောက် ယောင်ခံလိုက်နိုင်မည်နည်း။ သူမတွင်သစ်လွင်၍ စက်ကောင်း သောမော်တော်ကားရှိသည်။ ကျွန်တော့်တွင် ဘာမျှမရှိ။ ယခုအချိန် တွင် အငှားကားကိုရှာရန်ခက်ပေမည်။ ထို့ထက်မှာမူ ကျွန်တော် အပြင်ထွက်သည်နှင့် 'ထိုသူငယ်'၏ရန်ကို ကြောက်ရသေးသည်။ ဒေါ်ရည်မွန်ထံမှ သူတို့လိုသောစုံထောက်စာအုပ်သည် သူတို့လက် ထဲသို့ရသွားလေပြီပဲထား၊ သူတို့တွင်ပြည့်စုံဟန်မတူသေးပေ။ သူ တို့ထပ်မံ အလိုရှိသောပစ္စည်းတစ်ခုခုသည် ကျွန်တော်၏ထံ၌ရှိနေ သည်ဟု သူတို့ကယုံကြည့်ထားကြသည်။

"ပြန်မယ်နော် ကိုဇော်"

"အင်း ... "

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒါထက် လေးလေးရဲ့သေနတ်ပြန်ပေးလိုက်ဦး
လေ ကိုဇော်"

ကျွန်တော်ကပြုံး၍ ခေါင်းခါပြလိုက်သည်။

"ကိုဇော်ပဲ ယူထားဦးမယ်လေးလေး"

"အင်းလေ ... ယူချင်လည်းယူထားဦးပေါ့ ... ကောင်းပါ
တယ် ကိုဇော့်မှာ အန္တရာယ်ကအများသား"

ဟု ပြန်ပြောပြီး လေးလေးမြင့်သည် အိမ်ပြင်ဘက်သို့ထွက်သွားလေတော့သည်။ သူမထွက်သွားလျှင် ကျွန်တော်က တံခါးကိုပိတ်လိုက်သည်။ ပြီးလျှင် အပြင်ဘက်သို့မြင်သာသော ပြ တင်းပေါက်ဆီသို့ သွားကာလေးလေးမြင့်၏ မော်တော်ကားရပ် ထားရာဆီသို့ လှမ်းကြည့်နေမိသည်။ လေးလေးမြင့်သည် ဂူခြေရ စွာပင် မော်တော်ကားကို စက်နှိုးကာထွက်ခွာသွားတော့သည်။

မီးဖိုချောင်ဆီသို့ ကျွန်တော်ပြန်လျှောက်လာခဲ့ သည်။ ဘရန်ဒီပုလင်းကိုယူကာ ဖန်ခွက်ထဲသို့ငှဲ့လိုက်သည်။ ကျွန် တော်၏ လက်များသည် တုန်တုန်ရီရီနေကြသည်။ ဒေါ်ရည်မွန် အသတ်ခံရခြင်း၊ ကိုသူရက ကျွန်တော့်အား အကြိမ်ကြိမ်တပတ်ရိုက် ခြင်းနှင့် လေးလေးမြင့်က ကျွန်တော့်အား ပူးသတ်ခြင်းများကို ပြင်းလွန်းလှသောကြောင့် တုန်တုန်ရီရီဖြစ်နေရခြင်း ဖြစ်ပေသည်။

ပုလင်းရောခွက်ပါဆွဲယူပြီး ဧည့်ခန်းဆီသို့ ကျွန် တော်ထွက်လာခဲ့ပြန်သည်။ ကုလားထိုင်တွင် ထိုင်ချကာ ဘရန်ဒီ ကိုမော့မြိုလိုက်သည်။ လည်ချောင်းနှင့်ရင်တစ်ခုလုံး ပူနွေးသွား ပါလေ၏။ ယခုလောက်ဆိုလျှင် လေးလေးမြင့်သည် 'ကိုသူရ' ရှေ့



မှောက်သို့ရောက်ကာ ဖြစ်ကြောင်းကုန်စင်ကိုနုတ်သံများနှော၍လေ မည်လားမသိ။

ကျွန်တော်သည် မုံရွာမှအပြန်တွင် လေးလေးမြင့် အားယုံကြည်ရင်းစွဲရှိသည်မို့ ရန်ကုန်တွင်ရှိသော မိခိုင်၏ဦးလေး အကြောင်းကို ပြောပြမိခဲ့သည်။ မိခိုင်တို့၏အိမ်သည် ဆင်းဒဝတ် လမ်းတွင်ရှိကြောင်းပြောခဲ့မိသည်။ မိခိုင်၏ဦးလေးဆိုသူနှင့် ကျွန် တော်သွားရောက်တွေ့ဆုံမည်ဟုလည်း ပြောခဲ့သည်။

ကျွန်တော်နှင့်အတူ လေးလေးမြင့်သည် သူမပါ လိုက်မည်ဟုချက်ချင်းဆိုခဲ့ပေသည်။ ထိုစဉ်ကမူ သူမသည်ကျွန် တော့်အား တွယ်တာသောစိတ်ဖြင့် စိတ်မချ၍လိုက်လေမည်ဟု သာ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစွာထင်မှတ်မှားခဲ့ ၏။ တကယ်မှာမူ လေးလေးမြင့်သည် ကျွန်တော့်အား သူမ၏ အကျဉ်းသားအဖြစ် မျက်ခြည်မပြတ်စေရန် လိုက်ပါလိုကြောင်း ယခု ကျွန်တော်သဘောပေါက်ပါလေပြီ။

သူတို့အားလုံးသည် မိခိုင်က ကျွန်တော့်အားပေးခဲ့ သော အင်္ဂလိပ်စုံထောက်ဝတ္ထုစာအုပ်ကို ဒေါ်ရည်မွန်ထံမှတဆင့် ရယူပြီးသွားကြစေကာမူ ကျွန်တော်၏ထံမှ တစ်စုံတစ်ခုကို ထပ်မံ လိုချင်နေဆဲပင်ဖြစ်သည်။

သူတို့လိုချင်သောပစ္စည်းမှာ မိခိုင်က ကျွန်တော့် အားပေးခဲ့သေးသည်ဟုယူဆလေသောပစ္စည်းတစ်ခုခုပင်ဖြစ်ပေ၏။

မိခိုင်သည် ကင်းတား၍ ကျွန်တော့်အား အခြားဘာ ပစ္စည်းများပေးခဲ့သေးပါလိမ့်ဟု ကျွန်တော်ပြန်စဉ်းစားကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဝတ္ထုစာရေးဆရာ Patric Quentin ၏ Run To Death စာအုပ်ပေးခဲ့သည်။ ထိုစာအုပ်သည် မိနိုင်သေဆုံးသော နေ့မှာပင် ဒေါ်ရည်မွန်က ငှားရမ်းသွားပြီး ယခု သူတို့လက်ထဲ ရောက်ပေပြီ။

ထို့ပြင် မိနိုင်က ကင်းတားတွင် သူမ၏အခန်းသော့ ကျွန်တော့်အား ကင်မရာယူနိုင်းစဉ်က ပေးခဲ့သည်။ ထိုအခန်းသော့ ကို လူအများရှေ့မှာပင် ရဲတပ်ဖွဲ့အရာရှိအား ကျွန်တော်အပ်နှံလိုက် ပြီးဖြစ်သည်။ အကယ်၍ မိနိုင်၏အခန်းသော့ ကျွန်တော့်အား ပေးခဲ့ ခြင်းကြောင့် ကျွန်တော်က မိနိုင်အခန်းကိုဖွင့်ကာ အထဲမှ သူတို့ အလိုရှိသော ပစ္စည်းတစ်ခုခုကို ကျွန်တော်က ရယူထားလိုက်သည် ဟု သူတို့ကတွက်ဆလေသလား။ ယင်းသို့လည်း မဖြစ်တန်ရာ၊ ကင်းတားရှိ မိနိုင်နေခဲ့သော အခန်းအား ကျွန်တော်က သော့ဖွင့်ပြီး ကြည့်မိစဉ်က တစ်စုံတစ်ဦးသည် ကျွန်တော့်ထက်အရင်ဦးစွာ မိနိုင် ၏အခန်းကို မွှေနှောက်ခဲ့ပြီဖြစ်ကြောင်း ကျွန်တော်သတိရမိသည်။ သူတို့အရင်ဦးစွာ မွှေနှောက်သည့်တိုင် သူတို့လိုသော ပစ္စည်းကို ရမသွားသေးကြောင်းက ယခုနောက်ပိုင်းအဖြစ်အပျက်များအရ ထင်ရှားလှသည်။ သူတို့လိုသော ပစ္စည်းမရသေးသောကြောင့်လည်း ထိုတစ်စုံတစ်ခုသော မိနိုင်၏ပစ္စည်းသည် ကျွန်တော်၏ထံ၌သာရှိ သည်ဟု မှတ်ယူကာ ကျွန်တော့်အား သဲကြီးမဲကြီးလိုက်နေခြင်းဖြစ် သည်။ ယခုလေးလေးမြင့် ရန်ကုန်လိုက်ပါခြင်းမှာလည်း ကျွန်တော် က ကျွန်တော်ရထားသော မိနိုင်၏ပစ္စည်းကို မိနိုင်ဦးလေးဆိုသူ ဦးဝေဇင့်ထံ သွားပေးမည်ထင်ကာ လိုက်ခြင်းပင် ဖြစ်မည်။



ကျွန်တော်ထပ်မံ စဉ်းစားပြန်၏။

မိနိုင်သည် အခြားမည်သို့သော ပစ္စည်းတစ်ခုခု ကျွန် တော့်အား ပေးခဲ့ပါသေးသနည်း။

ကျွန်တော် သတိရပါလေပြီ။

မိနိုင်သည် ကျွန်တော်၏ထံတွင် (Sunburn Cream) ဘူးကြီးတစ်ဘူးထားခဲ့လေသည်။

ထိုပစ္စည်းသည် မိနိုင်က ကျွန်တော့်အားတမင်တ ကာ ပေးခဲ့ခြင်းမဟုတ်။ ကင်းတားသို့ စကိုဒါကားနှင့်သွားစဉ်ကပင် ကျွန်တော်၏မျက်နှာ၊ ကျွန်တော်၏လည်ပင်းတို့၌ နေလောင်ထား သည်ကို မိနိုင်ကကြည့်ကာ သူမတွင်ရှိသော (Sunburn Cream) ဖြင့် လိမ်းပေးမည်ဟု ဆိုခဲ့သည်။

(အစ်ကို့ မျက်နှာမှာရော၊ လည်ပင်းမှာရော၊ လက် မောင်းတွေမှာရော နေလောင်ထားတယ်၊ တစ်ခုခုမလိမ်းဘူးလား အစ်ကို ... ကြာရင် အသားတွေ အဖတ်လိုက်ကွာလိမ့်မယ်။)

(မိနိုင်မှာ လိမ်းဆေးပါပါတယ်၊ နားကြတဲ့အခါ လိမ်း ပေါ့ ... အစ်ကို။)

အမှတ်မထင် ကျွန်တော်၏ အခန်းစားပွဲပေါ်သို့ တင်ထားခဲ့သည်။

ထို (Cream) ဘူးသည် မိနိုင်က ကျွန်တော့်အား တမင်ပေးထားခဲ့သော ပစ္စည်းမဟုတ်။ အမှတ်မထင် စားပွဲပေါ်သို့ တင်ထားခဲ့ခြင်းမျှသာဖြစ်သည်။ ထို (Cream) ဘူးကို မကျေနပ်သော ကြောင့် တစ်ကြိမ်ကလည်း ကျွန်တော် ဖွင့်ကြည့်သေး၏။ (Cream)

www.burmeseclassic.com

www.burmeseclassic.com



ဘူးထဲတွင် ထွေထွေထူးထူးမရှိ။ စပါးလုံးတထောက်ခန့်သာရှေ့သေးသော (Cream) ဖြူဖြူများသာ တွေ့ခဲ့သည်။

မည်သို့ဆိုစေ။

မိခိုင်က တမင်ပေးခဲ့သည်ပဲဖြစ်ဖြစ်၊ အမှတ်မထင် ကျွန်တော်၏ထံ၌ ကျန်ခဲ့လေသော ပစ္စည်းပဲဖြစ်ဖြစ် (Cream) ဘူးသည် တစ်ခုတည်းသာကျန်ခဲ့သော မိခိုင်၏ပစ္စည်းဖြစ်နေပေသည်။ ထိုဘူးကို ကျွန်တော်သည် ထပ်မံစစ်ဆေးသင့်သည်ဟု ယူဆလိုက်မိသည်။

ကျွန်တော်သည် နေရာမှထလိုက်သည်။ အိပ်ခန်းထဲသို့ဝင်လာခဲ့သည်။ ခုတင်အောက်တွင် ပစ်စလက်ခတ်ထားသော ကျွန်တော်၏ ဂါဗာဒင်းလက်ဆွဲအိတ်ကို ဆွဲထုတ်လိုက်ပြီး မိခိုင်ထံမှ ကျန်ခဲ့သည့် (Cream) ဘူးကို ရှာမိသည်။

ဆပ်ပြာခွက်၊ သွားတိုက်ဆေး၊ မှတ်ဆိတ်ရိတ်ကိရိယာဗူး၊ ကိုယ်လိမ်းပေါင်ဒါ စသည်တို့နှင့်အတူ မိခိုင်၏ (Sunburn Cream) ဘူးဖြူဖြူကြီးမှာ ထွက်လာပေသည်။

ကျွန်တော်သည် ဦးကျော်စိုး၏အိမ်သို့ ပြောင်းလာသည်မှစ၍ ဤပစ္စည်းများကို မထုတ်မိပေ။ ဦးကျော်စိုး၏ မှန်တင်ခုံပေါ်၌ အသင့်ရှိသော ခေါင်းလိမ်းဆီ၊ ကိုယ်လိမ်းပေါင်ဒါများကို သုံးနေသည်။ ဦးကျော်စိုး၏ရေချိုးခန်းထဲ၌ရှိသော မှတ်ဆိတ်ရိပ်ကိရိယာဖြင့် မှတ်ဆိတ်ရိပ်သည်။

ကျွန်တော်သည် မိခိုင်ထားခဲ့သော (Cream) ဘူးဖြူဖြူကြီးကို ကောက်ကိုင်ကာ ဖွင့်လိုက်သည်။ အထဲ၌ (Cream)



များသာတွေ့ရသည်။ ကျွန်တော်ထပ်မံ၍ မလိမ်းသောကြောင့် နဂိုအတိုင်းပြည့်လုနီးပါး (Cream) များရှိနေသည်။ ဘူးကိုကိုင်ထားရင်း

ကျွန်တော် ထပ်ဆင့်စဉ်းစားကြည့်ပြန်သည်။

ကျွန်တော့်အား ကုသိုလ်တော်ဘုရားထဲတွင် 'ထိုသူငယ်'က ရိုက်ပုတ်ခါ အဝတ်အစားများ ချွတ်သည်နှင့် တစ်ချိန်တည်းအပင် ဤအခန်းသည် သူတို့၏အမွှေအနှောက်ကို ခံခဲ့ရသေးသည်။ ကျွန်တော်၏လက်ဆွဲအိတ်ကိုလည်း မွှေသွားခဲ့သည်။ သို့သော် ပစ္စည်းအားလုံးကို ဤအတိုင်းပင် ထားခဲ့၏။

သူတို့လိုချင်သည်မှာ ဤ (Sunburn Cream) ဘူးလည်း မဟုတ်တန်ရာ ...

အော တစ်ခုတော့ရှိသည်။ ဤ (Sunburn Cream) ဘူးသည် မိခိုင်ထားခဲ့သော ပစ္စည်းဟူ၍တော့ ကျွန်တော်မည်သူ့ကိုမှ မပြောမိသေး။ ဤ (Cream)ဘူးမျိုးသည် မိန်းမသုံး သက်သက်ပစ္စည်းလည်းမဟုတ်။ နေပူစပ်ခါး သွားလာနေသော နေလောင်ခံရတတ်သည့် မည်သည့်ပုဂ္ဂိုလ်မဆို အသုံးပြုတတ်သည်။ အမျိုးသမီးလည်း သုံးသည်။ အမျိုးသားလည်းသုံးသည်။ ထို့ပြင် ထို (Cream) ဘူးသည် အခြား ကျွန်တော်၏ဆပ်ပြာခွက်၊ သွားတိုက်ဆေး၊ကိုယ်လိမ်း ပေါင်ဒါဘူးများနှင့် ရောနှောပြီး အိတ်ထဲတွင်ရှိနေသည်။ ထို့ကြောင့်သူတို့သည် ထို (Cream) ဘူးကို အထူးတလည် တွေး၍ ကောက်ချက် ချနိုင်လိမ့်မည်မထင်။

လက်ထဲ၌ (Cream) ဘူးကိုကိုင်ရင်း ငေးငေးနေမိစဉ်မှာပင် (Cream) ဘူးသည် လိုအပ်သည်ထက် ပိုမိုလေးလံလျက်ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏စိတ်၌ ထင်လာသည်။

ကျွန်တော်သည် စိတ်ထဲ၌ သံသယဖြစ်လာသေ

ကြောင့် သစ်သားမီးခြစ်ထဲမှ မီးခြစ်ဆံတစ်ဆံ ထုတ်ယူကာ Cr

များ အလည်တည့်တည့်သို့ ထောက်ကြည့်လိုက်သည်။

ကျွန်တော် မျက်လုံးပြူးပါလေပြီ။

ဤ Cream ဘူးသည် အနည်းဆုံး မီးခြစ်ဆံတစ်ဆံ

အရှည်မက ဖောက်နက်ပါလျက် ကျွန်တော် ထိုးလိုက်သော မီး

ဆံသည် တစ်လက်မ၏ထက်ဝက်ခန့် Cream ထဲသို့ဝင်သွားပြီး

ကနဲ တန့်ခံနေတော့သည်။

Cream ဘူးထဲတွင် တစ်ခုခုရှိနေလေပြီ။

မီးခြစ်ဆံကိုလွှတ်ပစ်ခါ ကျွန်တော်၏လက်ညှိုး

Cream များထဲသို့ သွင်းလျက် အထဲမှပစ္စည်းကို ကလော်ထုတ်လိ

သည်။ ဓီးဖြူသီးအလုံးကြီးကြီးခန့်အရွယ် ပမာဏရှိသောမာ

သည့် အရာဝတ္ထုတစ်ခုသည် Cream များပေကျံလျက် အပြင်သို့

လာလေတော့၏။

ပေကျံနေသော Cream များကို အဝတ်တစ်ခုနှ

အောင် သုတ်ဖယ်ပစ်လိုက်သောအခါ ထိုဓီးဖြူသီး တစ်လုံး

အရွယ်ရှိသော ပစ္စည်းသည် ချောကလက်ရောင် ကျောက်ခဲတစ်

ဖြစ်နေသည်ကို ကျွန်တော်တွေ့ရပါလေတော့သည်။

ကျွန်တော်က ချောကလက်ရောင် ကျောက်

မီးရောင်တွင် ဖင်ပြန်ခေါင်းပြန်လှည့်ကြည့်မိသည်။ ကျောက်ခဲ

ကျောက်ခဲသာလျှင်ဖြစ်တော့သည်။ ကျွန်တော့်အဖို့မူ လောက်



သုံးခန့်စာလောက်သာ တန်ဖိုးထားသင့်သော ကျောက်ခဲဖြစ်၏

သို့သော် ဤကျောက်ခဲသည် မိနိုင်နှင့် ဒေါ်ရည်မွန်

အသက်ကိုစတေးခဲ့ပေပြီ။ ကုသိုလ်တော်ဘုရားထဲတွင် ကျွန်

အား ရိုက်ပြီး အဝတ်အစားများချွတ်ယူသွားသည်မှာလည်း

ကျောက်ခဲကြောင့်ပင်ဖြစ်၏။ ထိုကျောက်ခဲသည် အင်္ကျီအိတ်

င်းဘီအိတ်များတွင်ငှင်း၊ အင်္ကျီ၊ ဘောင်းဘီတို့၏အခေါက်အနား

းထဲတွင် ထည့်ထားနိုင်သောအရွယ်အစားမဟုတ်ပါလား။ ထို

ကျောက်ခဲကို ကျွန်တော်က ကိုယ်နှင့်မကွာထားသည်ဟုထင်ကာ

တော်၏ အင်္ကျီ၊ ဘောင်းဘီများကိုချွတ်ယူသွားကြောင်း ကျွန်

သဘောပေါက်ရပေပြီ။

ထို့ပြင် ...

မိနိုင်ကပြောခဲ့သည်။ သူမ ကိုယ်တိုင်မမြင်ဘူးသေး

သူမ၏ဦးလေး ဦးဝေဇင်သည် နိုင်ငံတကာသို့ သွားရောက်နေ

မိုင်းအင်ဂျင်ယာဟုဆိုလေသည်။

မိနိုင်သည် ထိုကျောက်ခဲကို သူမ၏ဦးလေးထံသို့

ရန်လာရင်းမှပင် အသတ်ခံရခြင်းဖြစ်တော့သည်။

ကျွန်တော် တွေးကြည့်ရပြန်သည်။

သူတို့ရှိသွားသော စုံထောက်စာအုပ်၏ တစ်နေရာ

မိနိုင်ဦးလေး၏ နေရပ်လိပ်စာပါရှိလေမည်။ မိနိုင်က ဦးလေး

သိရသည်။ လူမြင်လျှင်ပင်သိမည်မဟုတ် ဆိုခဲ့ခြင်းကြောင့်

ဦးလေး၏လိပ်စာကို အသေအချာ မှတ်ယူခဲ့ရပုံပေါ်ပေသည်။

ကျွန်တော်သည် ထိုကျောက်ခဲကို ကုတ်အင်္ကျီ၏

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအကျဆုံးအိတ်ထဲသို့ ထည့်သွင်းသိမ်းဆည်းလိုက်ပြီးနော တယ်လီဖုန်းရှိရာသို့ လျှောက်လာခဲ့သည်။

လေးလေးမြင့်၏ နံပါတ်ကိုတောင်းခံလိုက်သ

ယင်းသို့ တောင်းခံလိုက်သည်မှာ ကျွန်တော် အကြောင်းအရာ(၂)ချက်ရှိပေသည်။ ပထမအချက်မှာ လေး မြင့်သည် ယခုအချိန်ထိ အိမ်ပြန်မရောက်သေးဘဲ ကိုသူရထံ၌ လေသလားကိုသိရန်ဖြစ်၏။ ဒုတိယအချက်မှာ လေးလေးမြ ဆက်သွယ်ပြောရလျှင် သူမနှင့်သူမ၏ဆရာ ကိုသူရတို့အား တော်က တန်ပြန်ကျားကွက်ဆင်လို၍ဖြစ်တော့သည်။

"လေးလေးမြင့်ပါရှင့် ... အမိန့်ရှိပါ"

"ကိုဇော်ပါလေးလေး ... "

"ဪ ... ကိုဇော် ခုတောင်မအိပ်သေးဘူး ... ဘာတွေ အလုပ်ရှုပ်နေလဲ"

"ဟာ ... အလုပ်ရှုပ်တာတော့မပြောနဲ့ လေးလေး ပုလင်းထဲက ဖန်ခွက်ထဲထည့်လိုက်၊ ဖန်ခွက်ထဲက ဗိုက် လောင်းချလိုက် ... တစ်ခါပုလင်းထဲက ဖန်ခွက်ထဲပြန် လိုက် ... "

"အာယိုယို ... ကိုဇော်အရက်တွေ နင်းသောက်နေသ စိတ်ညစ်နေသလားကိုဇော် ... ဒေါ်ရည်မွန်အတွက် ခု ထိ စိတ်ထိခိုက်နေတုန်းပဲလား ... ကဲပါ ကိုဇော် ... လိုက်ဝါတော့နော်၊ နက်ဖြန်လည်း ရန်ကုန် သွားကြ မှတ်လား ခရီးမပန်းအောင် အိပ်ရေးဝဝအိပ်ထားမှ



"အဲ့ဒါပြောမလို့ပေါ့ လေးလေးရ ... နက်ဖြန် သွားမယ်လို့ သာ လေးလေးကပြောနေတာ ... ဘယ်အချိန်ကိုသွားမယ် လေယာဉ်ကွင်းကို ဘာနဲ့သွားရမယ်ဆိုတာ ကိုဇော်ဘာမှ မသိလို့ အခုသတိရပြီး လေးလေးကိုလှမ်းမေးတာ ... "

လေးလေးမြင့်ကတဟင်းဟားရယ်သွမ်းသွေးလိုက်၏။

"ဟုတ်ပါရဲ့ ... လေးလေးစိတ်ထဲက ကိုဇော်ကို လေးလေး ဝင်ခေါ်မှာပဲဆိုပြီး ပြောမထားမိဘူး ... မနက်(၆)နာရီခွဲ လေယာဉ်နဲ့သွားမယ် ကိုဇော် ... ကိုဇော့်ကို လေးလေးဝင် ခေါ်မယ် ... "

"ဒီအချိန်မှာ မန္တလေး၊ ရန်ကုန်လေယာဉ်ပျံ ရှိလို့လား"

"ဪ ... ခက်ပါရဲ့ကိုဇော်ရာ ... အခုလေယာဉ်က အထူး လေယာဉ်တဲ့၊ ကဲ ... လေးလေးအစအဆုံးဘဲ အစီရင်ခံပါ့ မယ်တဲ့ရှင် ... ရိုးရိုးလေယာဉ်ပျံဆိုရင် သုံးရက်စာအတွက် နေရာမရှိဘူးတဲ့ကိုဇော် ... လေးလေးတို့ကံကောင်းတာက အထက်မြန်မာပြည်ကိုလာပြီး လေ့လာတဲ့ နိုင်ငံခြားသား တွေက နက်ဖြန်မန္တလေးက ရန်ကုန်ကိုပြန်မှာမို့ အထူးစီစဉ် ပေးရတာ အဲ့ဒီအထဲက နိုင်ငံခြားသား လေးဦးက ပုဂံ ညောင်ဦးမှာ ဆက်လေ့လာချင်တယ်ဆိုပြီး ကျန်ခဲ့တယ်၊ အဲဒါကြောင့် ကိုဇော်နဲ့လေးလေး နှစ်ယောက်အတွက် မန်နေဂျာက စီစဉ်ပေးတာ၊ ကဲ ... ရှင်းပလား"

"နို ... အစက အဲဒီလိုမှမပြောတာ"

လေးလေးမြင့်က ရယ်လိုက်ပြန်သည်။ တယ်လီဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲ မှပင်ဖြစ်စေကာမူ လေးလေးမြင့်၏ရယ်သံသည် သာလှ၏။

"အော် ... ဒါထက် ကိုဇော်မနေ့က ဟံသာဝတီသတင်းစ
ကို ဖတ်ပြီးပြီလား ... "

"ဘယ်နေ့က ဘာသတင်းစာမှ မဖတ်မိသေးဘူး"

"မနေ့က ထုတ်ဟံသာဝတီ ... ကိုဇော်အိမ်မှာရှိရင် ဖ
ကြည့်ကိုဇော် အဲဒီအထဲမှာ မိခိုင်ရဲ့အဖေလို့ ထင်ရတာ
အဲ ... သူ့အကြောင်းပါလာတယ် သတင်းစာမရှိရင်တော
မနက်ကျမှ ကိုဇော်ဖတ်ဖို့ လေးလေးယူလာခဲ့မယ်"

"အဲ ... အဲ ... နေဦး ... မိခိုင်ဆိုလို့ ကိုဇော့်မှာလဲ ပြော
ရာရှိတယ် ... လေးလေး ... "

"ပြောစရာရှိရင်ပြောပေါ့ ... "

"ကိုဇော်လေ နက်ဖြန်ပြန်ဖို့ဆိုပြီး ပစ္စည်းတွေသိမ်းတာ မိခိုင်
ရဲ့ပစ္စည်းတစ်ခု ကိုဇော့်ဆီရောက်နေတာ တွေ့ရတယ်"

"ဘာအထူးအဆန်းပစ္စည်းလဲ ကိုဇော်"

"ဖွတ်ရှူး ... ဘာမှမထူးဆန်းတဲ့ ပစ္စည်းပေါ့ လေးလေ
ကိုဇော်ရဲ့အသားတွေလောင်နေတယ်ဆိုပြီး ကိုဇော့်ကိုလိမ်
ပေးတဲ့ မိခိုင်ရဲ့ (Sunburn Cream) ဘူးပါ။ ပြီးတော့ မိခိုင်က
ကိုဇော်ရဲ့အခန်းစားပွဲပေါ်မှာ မေ့ထားခဲ့တာ ... ကိုဇော
ကင်းတားကပြန်လာတော့ ထားမပစ်ခဲ့ချင်တာနဲ့ လက်
အိတ်ထဲပစ်ထည့်ထားတာ အဲဒါမေ့နေတယ် ... အခုတွေ့
သတိရလို့ လေးလေးကိုပြောပြတာ၊ လေးလေးကမိခိုင်
ပစ္စည်းထဲက ကိုဇော့်မှာ ဘာတစ်ခုခုရှိနေသေးလဲလို့ မေ



တယ်မဟုတ်လား ... "

"ကိုဇော် ... အဲဒီဘူးကို ဖွင့်မကြည့်ဘူးလား"

"ကြည့်တာပေါ့၊ (Cream) တွေပဲရှိတယ်၊ စပါးလုံးတထောက်
စာလောက်တောင် မလျော့သေးဘူး"

လေးလေးမြင့်ထံမှ ငြိမ်သွားပေသည်။ တအောင့်
ကြာမှ ...

"အင်းပေါ့ ကိုဇော် ... ဘာမှမထူးဆန်းလဲ ဒီအတိုင်းထား
လိုက်ပေါ့လေ ... ကဲ ... အိပ်ကြစို့ ကိုဇော် ... မနက်လဲ
စောစောထကြရဦးမှာ မဟုတ်လား ... "

"ကောင်းပါပြီ ... ကိုဇော်လဲ အိပ်ချင်ပြီပဲ"

"အော် ... ကိုဇော် ... "

"ဆို"

"ကိုဇော် အိပ်ပျော်သွားလို့ အိပ်မက်လှလှကလေး မက်ရင်
ကိုဇော့်အိပ်မက်ထဲမှာ လေးလေးကိုထည့်မက်နော်"

"စိတ်ချ၊ လေးလေးကိုလဲ ထည့်မက်မယ် ပြီးတော့ ရှမ်းမြီး
တဲ့ ချစ်စနီးသခင်ကိုလဲ ထည့်မက်မယ်"

"ဟွန်း ... လူကြီးကိုက မုန်းစရာ"

လေးလေးမြင့်ဘက်မှ တယ်လီဖုန်း ဝှပ်ခနဲချလိုက်
သံကြားရသည်။ ကျွန်တော်က ပြုံးကာညင်သာစွာပင် ကျွန်တော်
၏ တယ်လီဖုန်းကို ချလိုက်ပါတော့သည်။ အကယ်၍သာ
အကြောင်းရင်းကို ကျွန်တော်သိမထားပါက လေးလေးမြင့်၏ ညှတ်
တွင်းလှလှသည်ကျွန်တော်အဖို့အလွယ်တကူဝင်ရောက်ချင်စဖွယ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးစွာ ကျွန်တော်သည်ဦးကျော်စိုး၏ မှန်တ
ခုံအံဆွဲများကို မွှေနှောက်ရှာမိသည်။ သူတို့ရုပ်ရှင်သမားများသ
ပြင်ပရိုက်ကွင်းများ၌ နေ၏အပူဒဏ်ကို အများဆုံးခံရတတ်သူ
ဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် နေလောင်ရာ၌ အသုံးပြုရ
(Sunburn Cream) မျိုးတို့ကို သိုမှီးထားတတ်ကြသည်။

မိခိုင်၏ဘူးမျိုးနှင့်အလားတူစွာ ဦးကျော်စိုး၏
တင်ခုံထဲဝယ် အရွယ်အစားတူ အမျိုးအစားတူ သုံးဘူးပင် တွေ့
သည်။ ထို့ကြောင့်လည်း ကိုသူရတို့အဖွဲ့သည် ထို(Cream) ဘူးမျ
မည်သို့မျှ စနိုးစနောင့်မဖြစ်ဘဲ ဤအတိုင်းထားခဲ့ခြင်း ဖြစ်ပေမ
ကျွန်တော်သည် တစ်ဘူးကို ထုတ်ယူလိုက်သ
အဖုံးဖွင့်ကာ အထဲစပါးလုံးတထောက်ခန့် (Cream) များကို
နှုတ်ပစ်လိုက်၏။ ပြီးလျှင် ကျွန်တော်၏လက်ဆွဲအိတ်ထဲသို့
ထားလိုက်သည်။ မနက်စောစော ခရီးသွားဖို့အတွက်လည
ကျွန်တော်၏ ပစ္စည်းတို့ကို သိမ်းဆည်းလိုက်သည်။

ဦးကျော်စိုး၏အိမ်တွင် ကျွန်တော်နေချင်သလို
ပြီး ခွင့်ပန်ကြားခြင်းမရှိဘဲ ယူငင်လိုက်မိသည်။ နေလောင်
(Cream) ဘူးအတွက် နောက်မှ တောင်းပန်စာတစ်စောင်ရေး
မည်ဟု ကျွန်တော်စိတ်ကူးရသည်။

ပြီးလျှင် ကျွန်တော်သည် ဧည့်ခန်းဆီသို့ပြန်
သည်။ မနေ့က နေ့စွဲနှင့်ထုတ်သော ဟံသာဝတီသတင်းစာကို
ဖွေယူငင်ခဲ့သည်။ အိပ်ရာပေါ်တွင် ကျောခင်းချကာ သတင်း
ကိုတစ်ရွက်ချင်း ရှာယူဖတ်ရှုကြည့်ပါတော့သည်။



တတိယစာမျက်နှာအောက်ခြေနားတွင် လေးလေး
ငြ ညွှန်းလေသော သတင်းကို ကျွန်တော်တွေ့ရှိပါတော့သည်။

**ရှေးဟောင်းသမိုင်း သုတေသီတစ်ဦး**
**ပျောက်ဆုံးနေခြင်း။**

မြစ်ကြီးနား အောက်တိုဘာ ၁၅။

မြစ်ကြီးနားခရိုင် မေခနှင့် မေလိခမြစ်ဆုံနေရာ
ခြာက်ဘက်အတန်ငယ်ကွာလှမ်းသော တောတောင်ဒေသထဲတွင်
ရှေးခေတ်လူတို့၏ သမိုင်းဝင်ပစ္စည်းများကို တူးဖော်ရှာဖွေလျက်ရှိ
သော သမိုင်းသုတေသီတစ်ဦးသည် ယမန်နေ့ညက စခန်းချရာ
သို့ ပြန်မရောက်ဘဲ၊ ပျောက်ဆုံးလျက်ရှိကြောင်း။

ထိုအဖွဲ့ကို ဦးဆောင်သူနှစ်ဦးမှာ တူးဖော်ရေးမှူး
ဦးလှဘူးနှင့် ရှေးဟောင်းသမိုင်းသုတေသီ (Archaeologist) ဦးမြခိုင်
တို့ ဖြစ်ကြောင်း။

သမိုင်းသုတေသီ ဦးမြခိုင်သည် ယမန်နေ့ညက
စခန်းချရာတဲသို့ ပြန်မရောက်ဘဲ ပျောက်ဆုံးသွားရာ တောအတွင်း
ပင် မတော်တဆ သားရဲတိရစ္ဆာန်များနှင့် တွေ့ရှိခြင်းပေလား၊ သို့
မဟုတ် သောင်းကျန်းသူများနှင့်တွေ့ရှိကာ ဖမ်းဆီးသွားခြင်းပေ
လားဟု အမျိုးမျိုးတွေးနေရကြောင်း။

သမိုင်းသုတေသီဦးမြခိုင်နှင့် တူးဖော်ရေးမှူးဦးလှ
ဘူးတို့သည် ရှေးခေတ်လူတို့၏ မြို့တစ်ခုသည် ဤမြစ်ဆုံနေရာဒေသ

www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိခဲ့ကြောင်း အထောက်အထားတို့ကိုတင်ပြနိုင်ရန် တူးဖေ
ရှာဖွေနေခြင်းဖြစ်သည်ဟု သိရကြောင်း။

ဦးမြနိုင်ပျောက်ဆုံးခြင်းမရှိမီ တပါတ်အလိုကပင်
လှဘူးသည် မြစ်ကြီးနားသို့ ကိစ္စတစ်ခုဖြင့် လာရောက်နေ
ကြောင့် ဦးမြနိုင်ပျောက်ဆုံးချိန်၌ ဦးလှဘူးမှာတောတွင်း၌ ရှိ
ကြောင်း။

ယခုအခါ ရှာဖွေရေးအဖွဲ့များသည် သုတေသီဦး
နိုင်အား တောနင်း၍ရှာနေလျှက်ရှိဆဲဟု သိရှိရကြောင်း။

ထိုသတင်းကိုဖတ်ပြီးသည့်အဆုံးတွင် ကျွန်တေ
သည် မျက်လုံးကိုမှေးကာ စဉ်းစားကြည့်ရပြန်သည်။ မိနိုင်သည်
မ၏ဖခင်အကြောင်းကို ကျွန်တော့်အား အမှန်အတိုင်းပြောခဲ့
သည်။ သမိုင်းသုတေသီ (Archaeologist) ဦးမြနိုင်သည် မိနိုင်၏ဖ
ဆိုသည်မှာ မှန်ကန်လျှက်ရှိပေပြီ။

အဘယ်ကြောင့်များ မြစ်ဆုံဒေသတွင် ဖခင်ဖြ
က ပျောက်ဆုံးသွားရပြီး သမီးဖြစ်သူ မိနိုင်က ကင်းတား၌ အသ
ခံရပေသနည်း။ အဖြေသည် ပေါ်မလာပေ။

မည်သို့ဆိုစေ ရန်ကုန်တွင် မိနိုင်ညွှန်းလေသော သ
၏ဦးလေး မိုင်းအင်ဂျင်နီယာ ဦးဝေဇင်နှင့် တွေ့ပါလျှင် ထိုပဟေ
တို့သည် အထိုက်အလျှောက် ပေါ်လာလေမည်ဟု မှတ်ချက်ချ
ကျွန်တော်သည် အိပ်ပျော်ရန် ကြိုးစားရပါတော့သည်။

⌘



အပိုင်း | ၃ |

www.burmeseclassic.com

www.burmeseclassic.com



(ရန်ကုန်မြို့တွင်)

## အခန်း(၁၈)

ချမ်းမြသာစည် လေဆိပ်သည် မန္တလေး၏တောင်ဘက် အတန်ငယ်လှမ်းသေးသော မြို့အဝင်တွင် ဖြစ်ပေသည်။

ကျွန်တော်တို့လေယာဉ်ကွင်းသို့ ရောက်ချိန်မှာ မိုးလင်းစနေရောင်မပြူ့တပြူအချိန်ပင်တည်း။ လေယာဉ်ကွင်း၏ အနေအထားသည် အတော်အတန် ပျံ့ပျူးလှသည်။ နေ့လယ်နေ ခင်းတွင် ချမ်းမြသာစည်လေယာဉ်ကွင်းသည် ကွင်းကျယ်လေသည် နှင့်အမျှ မန်းမြို့၏ နေခြည်အောက်ဝယ် ခြောက်သွေ့သည်ဟုထင် မှတ်ရတတ်သည်၊ ယခုလို ဆောင်းဦးမကျတကျ နှင်းမှုန်မဖွားတ ဖွား နံနက်မျိုး ကျပြန်တော့လည်း ချမ်းမြသာစည်က ရှုမငြီးအောင် လှပလျှက်ရှိပေ၏။ အဝေးတွင် မှိုင်းပြကာ ခရမ်းသွေးနှောသော တောင်တန်းတချို့ကိုမြင်ရသည်မှာ ဆွတ်ပျံ့ဖွယ်ပင်ဖြစ်တော့၏



ကျွန်တော်တို့နှင့် မရှေးမဲနှောင်းမှာပင် ဟီးနိုးကား အသေးကလေးတစ်စင်းသည် ချမ်းမြသာစည်ထဲသို့ ဝင်လာခဲ့သည်။ ထိုကားပေါ်မှ ဘောင်းဘီဝတ်နှင့် ဂါဝန်ဝတ်အမျိုးသား၊ အမျိုးသမီး နှစ်ဆယ်ခန့်တို့ ဆင်းလာကြသည်။ ကမ္ဘာလှည့် မာင်မယ်များပင်၊ ဥရောပနွယ်ဝင်များ အားလုံးပင်ဖြစ်ဟန်တူ၏။ သူတို့၏လက်ထဲတွင် လက်ဆွဲအိတ်များ၊ ကင်မရာများ စသည်ဖြင့် ဆွဲကိုင်လျှက်ရှိကြသည်။

"ကိုဇော် ... သူတို့ကို ကြည့်စမ်းပါဦးနော်"

"ဘာဖြစ်လဲ လေးလေး"

"အော် ... သူတို့အသားတွေမှာ နေလောင်ထားလိုက်တာ၊ ရဲရဲဟောက်နေတာပဲ"

ဟုတ်တော့လည်းဟုတ်ပေသည်။ ဤကမ္ဘာလှည့် လေ့လာရေးအမျိုးသား၊ အမျိုးသမီးတို့သည် နေခြည်ပူပြင်းလေသော ရွှေဘိုမုံရွာ၊ စစ်ကိုင်း၊ ပုဂံ၊ ညောင်ဦး စသည်တို့တွင် လှည့်ပတ်လေ့လာခဲ့သည်ထင်ပါသည်။ အထက်အညာတွင် ဆောင်းဦးမဝင်တဝင် ဖြစ်သည်ဆိုစေဦးတော့ နံနက်ခင်း စောစောနှင့်ညပိုင်းသာ အအေးဓာတ်ကရှိနေတတ်သည်။ နေ့ခင်းပိုင်းမှာမူ နေ၏ရောင်ခြည်က ပူမြဲ၊ ကျက်မြဲ။ တစ်ခါတစ်ရံ နေ့ခင်းနေ့လယ်ပူလေသော ဆောင်းနေသည် သာမန်ထက်ပင် ပို၍ပူသလားဟု ထင်ရတတ်သည်။ ကျွန်တော်တို့က ကုတ်အင်္ကျီလို အနွေးထည်ဝတ်ခါ လာသည့်ကြားမှပင် ထိုကမ္ဘာလှည့် ဥရောပသားကြီးတို့မှာ လက်တို အင်္ကျီ ကြယ်သီးဖြုတ်ခါ ရင်ပတ်ဟာဖြဲထားနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်၏အစီအစဉ်မှာ နံနက်(၆)နာရီ (၂၀) နစ်တွင် ချမ်းမြသာစည်သို့ဆိုက်စေပြီး (၆)နာရီ(၃၀)မိနစ်တွင် ကုန်သို့ ပြန်ထွက်မည်ဟု သိရသည်။

အနည်းငယ်စောသေးသည်မို့ ကျွန်တော် လေး လေးမြင့်နှင့် နိုင်ငံခြား ကမ္ဘာလှည့်ခရီးသည်များပါ ချမ်းမြသာစည် ထဲ၌ စောင့်စားနေကြရသည်။

ထိုစဉ် ...

လေးလေးမြင့်သည် သူမ၏လက်ပွေ့အိတ်ထဲမှ ကရက်ဘူးကိုထုတ်ယူကာ တစ်လိပ်ကို နှုတ်ခမ်း၌ခဲလိုက်သည်။ နောက် သစ်သားမီးခြစ်ကိုထုတ်ခါ ဖောက်ခနဲခြစ်လိုက်သည့်အသံ နှင့်အတူ ရှဲခနဲ မီးခြစ်၏ယမ်းများ မီးအားနှင့် ပန်းထွက်သည်ကို ကျွန်တော်ကြားလိုက်ရသည်။

"အို ... လုပ်ပါဦးကိုဇော် ... လက်ကိုလောင်သွားလို့"

"ဟုတ်လား"

ဟု ကျွန်တော်က ပြောပြောဆိုဆို လေးလေးမြင့် ပြသော လက်ညှိုးကလေး၏ထိပ်ကို ကိုင်တွယ်ကြည့်လိုက်မိသည်။ လေးလေးမြင့်နှုတ်ခမ်း၌ တွဲလဲခိုနေသော စီးကရက်မှာ လေးလေး မြင့်၏အလန့်တကြားအော်မှုဖြင့် အောက်သို့ကျသွားတော့သည်။

မှန်ပေသည်။ လေးလေးမြင့်၏ လက်ညှိုးထိပ်က လေးမှာ မီးခြစ်မှ ယမ်းအား၏တွန်းကန် တောက်လောင်မှုကြောင့် လောင်ကျက်သွားကာ အဖြူကွက်ကလေးပင် ဖြစ်နေရှာ၏။

"ပူလိုက်တာ ကိုဇော်ရယ် ... လိမ်းစရာဆေးတစ်ခုခုများ



မပါဘူးလားဟင်"

"ကိုဇော် ပါးစပ်ထဲငုံထားပေးမယ်လေ ... လိမ်းစရာဆေး တော့ ကိုဇော့်မှာ ပါမှမပါတာ"

"ကျွတ် ... ကျွတ် ... သိပ်ပူတာပဲ ... အော် ... ကိုဇော့်မှာ (Sunburn Cream) ဘူးပါတယ် မဟုတ်လား"

"အဲဒါက နေလောင်ရင်လိမ်းတာပဲ လေးလေး"

လေးလေးမြင့်က စိတ်မရှည်သလို ဆောင့်ဆောင့် အောင့်အောင့်ပင် ကျွန်တော့်အား ငေါက်၍ပြောလိုက်ပေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ ကိုဇော် ... မီးလောင်လို့ အဲဒါခဏ လောက် လိမ်းထားရင် အပူတော့ သက်သာမှာပေါ့"

ကျွန်တော်သည် ကျွန်တော်၏ ဂါဗာဒင်းအိတ်၏ ဇစ်ကိုဖြဲခနဲ ဖြဲကာ (Sunburn Cream) ဘူးကိုရှာဖွေထုတ်ယူလိုက်ရပါ တော့သည်။

"ပေး ... ပေး ... လေးလေး ဘာသာ လိမ်းမယ်"

"မဟုတ်တာ ... ကိုဇော်ကလိမ်းပေးရမှာပေါ့ လေးလေး"

ဟု ဆိုရင်း ဘူးကိုဖွင့်ကာ Cream များ အနည်းငယ်က လော်ပြီး လေးလေးမြင့်၏ လက်ညှိုးထိပ် မီးလောင်ရာ နေရာလေး သို့ ကျွန်တော်ကသုတ်လိမ်းပေးနေပါတော့သည်။ ယင်းသို့သုတ် လိမ်းရင်း လေးလေးမြင့်အား ကျွန်တော်မသိမသာအကဲခတ်ကြည့် ရာ လေးလေးမြင့်၏ မျက်လုံးအစုံသည် ကျွန်တော်ကိုင်ထားသော Cream ဘူးဆီသို့သာ မျက်လုံးဝိုင်းအောင် ကြည့်နေကြောင်း ကျွန်တော် တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဝမ်းထဲ၌ ကျိတ်၍ပြုံးမိရင်း ...

"သက်သာတယ်ကိုဇော် ... ဒီဆေးကဘာယ်ဆိုးလို့လဲ"

ကျွန်တော်က ဘူးကိုပြန်လည်ပြီး အဖုံးပိတ်လိုက် သည်။ ထိုဘူးသည် ကုတ်အင်္ကျီအိတ်ထဲ ထည့်ရမည်ဆိုလျှင် ဖု ဖောင်းဖောင်းနှင့် အတော်အတန် ကြီးမားနေသဖြင့် ကျွန်တော့် အင်္ကျီအိတ်ထဲထည့်ရမလို၊ ကိုင်ထားရမလိုနှင့် ယောင်ချာချာဖြစ်နေ သေး၏။

"ပေး ... ကိုဇော် ... လေးလေး လက်ပွေ့အိတ်ထဲ ထည့် ထားမယ် ... လေယာဉ်ပျံပေါ်ကျတော့ ပူရင်လည်း လိမ်း သေးတာပေ့ါ ..."

"နေ့ပေ့စေ လေးလေး ... ဘူးကြီးက လေးလေးနဲ့ကိုဇော် လက်ဆွဲအိတ်ထဲမှာပဲ ပြန်ထည့်ထားလိုက်မယ် ... ခဏကြ ရင် ကိုဇော်တို့ ရန်ကုန်ရောက်ကြတော့မှာပဲ၊ မင်္ဂလာဒုံဆေး ဆိပ်မှာ မီးပူလောင်တာကို လိမ်းတဲ့ဆေး (Burnol) ရမှာ အဲဒီမှာကျမှ ကိုဇော်ဝယ်ပြီး ထပ်လိမ်းပေးမယ်လေးလေး"

လေးလေးမြင့်သည် ထပ်၍စောဒက မတက်သော် လည်း ကျွန်တော်၏အဖြေကိုမူ မကျေနပ်မှန်း မျက်နှာအမူအရာ သိသာလှပေသည်။ ထိုအခိုက်မှာပင် ချမ်းမြသာစည်ကွင်းသို့ လေ ယာဉ်ဝဲနေသံကြားရသောကြောင့် လူတွေအားလုံးလေယာဉ် မော့်၍ကြည့်ရင်း လေယာဉ်ဆီသို့ အာရုံရောက်သွားကြသည်။

ကျွန်တော်လည်း (Cream) ဘူးကို လက်ဆွဲအိတ် ထည့်လိုက်ပြီး ဇစ်ကိုပိတ်ခါ လေယာဉ်ကို မော့်ကြည့်နေမိတော့



သည်။

လေယာဉ်ဆိုက်လိုက်သောအခါ ကျွန်တော်တို့သည် လေယာဉ်တွင် နေရာအသီးသီးရယူကြလေသည်။ (၆)နာရီ(၃၀)မိ နစ်တိတိတွင် မန္တလေးချမ်းမြသာစည်ကွင်းမှ လေယာဉ်သည်ထွက် ခွာကာ ရန်ကုန်မင်္ဂလာဒုံ ဆီသို့ ဦးတည်ပျံသန်းပါလေတော့သည်။ နိုင်ငံခြားကမ္ဘာလှည့်အဖွဲ့အတွက် သီးသန့်လေယာဉ်ဖြစ်သော ကြောင့် လမ်းတွင်အနားအရပ် အဆင်းအတက်မရှိဘဲ တိုက်ရိုက်ပင် ပျံသန်းပါလေတော့၏။

"ရန်ကုန်ကျရင် လေးလေးကဘယ်မှာတဲမှာလဲ"

"အိုရီရင့်မှာတဲဖို့ စိတ်ကူးတယ်ကိုဇော်၊ လေးလေးမှာ တဲစ ရာ တခြားရှိမှမရှိတာ ... ကိုဇော်ကော"

"ကိုဇော်လဲ အိုရီရင့်မှာပဲပေ့ါ လေးလေး"

"ဟွန်း ... မဟုတ်တာ၊ ကိုဇော်ရဲ့ အိမ်ကရန်ကုန်မှာပဲ ရှိ တယ် မဟုတ်လား"

"ဒါတော့ဒါပေ့ါလေးလေး ... ကိုဇော်ရဲ့အိမ်က ရွှေတောင် ကြားလမ်းမှာရှိပါတယ်၊ ဒါပေမဲ့ ကိုဇော်ရဲ့ရွှေမင်းသမီးသံဇင် မှ ပြန်မရောက်သေးတာ၊ လေးလေးနဲ့အတူ အိုရီရင့်မှာပဲ တည်းမှာပေ့ါ"

"အယ် ... မဟုတ်တာ"

"အယ် ... မဟုတ်တာ လုပ်မနေနဲ့ ... ကိုဇော်က အိုရီရင့် မှာ နှစ်ယောက်တွဲခန်း ငှားပြီး လေးလေးနဲ့အတူတူနေမှ မဟုတ်ပါဘူး တစ်ယောက်တစ်ခန်းပေ့ါ ... ရွှေတောင်ကြား

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာက ယောက္ခမတွေရှိတယ်၊ သဇင်ပြန်မရောက်ခင် အိမ်ကိုမပြန်ချင်ပါဘူး၊ လမ်းထွက်ရင်တောင် မင်းဘယ်သွားမှာလဲ၊ ဘယ်အချိန်ပြန်လာမလဲနဲ့ အမေးအမြန်းထူလွန်းလို့ စိတ်ညစ်ရမှာ၊ ကိုဇော်က မိခိုင်ဦးလေးဦးဝေဇင်နဲ့ တွေ့ကြရဦးမယ်မဟုတ်လား ... ဒါကြောင့် သဇင်ပြန်လာတဲ့အထိ ကိုဇော်လဲ အိုရီရင့်မှာပဲ တည်းမလို့၊ ကဲ ... ရှင်းပြီလား"

ဤတချိတွင် ကျွန်တော်ကပင် အရင်ဦးစွာ ကဲ ... ရှင်းပြီလားဟု လေးလေးမြင့်အား မေးထားလိုက်ရပေသည်။ လေးလေးမြင့်က သွားတက်နဲ့ ပါးချိုက်ပေါ်အောင် ရယ်လိုက်ပေသေးသည်။ ပြီးမှ ...

"ကဲ ... ရှင်းပါပြီတဲ့ရှင်"

ဟု အဖြေပေးလိုက်ပါလေတော့၏။

⌘



အခန်း (၁၉)

ရန်ကုန်မင်္ဂလာဒုံ လေယာဉ်ကွင်းသို့ နံနက်(၉)နာရီ ...တွင် ကျွန်တော်တို့လေယာဉ်ဆိုက်ပေသည်။ ထုံးစံအတိုင်းပင် ...တော်တို့၏လက်ဆွဲအိတ်များသည် ခုံရှည်တစ်ခုပေါ်၌ တန်းစီ... လေယာဉ်ဝန်ထမ်းတို့က ချထားပေးသည်။ အကောက်ခွန ...ဝင်မှုကြီးကြပ်ရေးဌာနမှ ပူးတွဲစစ်ဆေးပြီးမှ ကိုယ့်လက်ဆွဲ...ကို ကိုယ်ရွေးယူရမည်ဖြစ်ပေသည်။

"သြော် ... ကိုဇော် ... လေးလေးဖို့ Burnol ဝယ်ပေးမယ်ဆို၊ လက်ဆွဲအိတ်တွေ လေးလေး ရွေးထားလိုက်မှာပေါ့ ကိုဇော့်အိတ်အတွက် ရွေးဖို့လေဘယ်(လ်)လက်မှတ်ပေးလေ"

ကျွန်တော်က လေးလေးမြင့်ကို တစ်ချက်စိုက် ...ပြီးမှ ပခုံးတွန့်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ၊ ရော့ ... ကိုဖော့်အိတ်အတွက် လေဘာယ်
(လ်)ကတ်ပြား၊ ပြီးရင် ဒီကပဲစောင့်နော်"

လေယာဉ်ကွင်း အဆောက်အဦထဲမှ အရောင်းဆိုင်ရှိရာဘက်သို့ ကျွန်တော်ထွက်လာခဲ့သည်။ ကျွန်တော်၏ မျက်လုံးအစုံသည် လေယာဉ်အဆောက်အဦတစ်ခုလုံးအား ပတ်မွှေကြည့်မိသည်။ ကိုသူရကိုတွေ့ရလိုတွေ့ရငြား ဖြစ်ပေသည်။ ကြည့်လိုသာကြည့်ရသည်။ မနေ့ညကအထိ ကိုသူရသည် မန္တလေးတွင် လေးလေးမြင့်နှင့်တယ်လီဖုန်းပြောခဲ့သေးသောကြောင့် မန္တလေး၌ပင်ကျန်ခဲ့သည်ဟု ယူဆစရာပင်ဖြစ်သည်။ သို့တိုင်လေးလေးမြင့်သည်သိပ်လျှင်သည်။ သိပ်တတ်နိုင်သည်။ အကယ်၍ ညပိုင်းထွက် အထူးလေယာဉ်နှင့် ထည့်မပေးဟု မည်သို့ ကျွန်တော်ယုံရဲပါမည်နည်း။

ယခုပင် ကြည့်ပါလေဦး။

မနေ့ညက လေးလေးမြင့်ထံ ကျွန်တော်သည် ဖုန်းဆက်ပြီး မိမိနိုင်၏ Sunburn Cream ဘူးတစ်ခု ကျွန်တော့်ထံ၌ ရှိနေသည်ဟု ပြောခဲ့သည့်အတွက် ချမ်းမြသာစည် လေယာဉ်ကွင်းတွင်သူမ၏လက်ကို မီးလောင်ပစ်စေသည်။ ထို Cream ဘူးထဲမှ ဆေးဖြင့်လိမ်းစေသည်။ ထို့ပြင် ထို Cream ဘူးကို သူမအားပေးထားပါရန်တောင်းခံသေးသည်။ ကျွန်တော်က မပေးဘဲ ထားသောအခါ ယနေ့မင်္ဂလာဒုံလေဆိပ်တွင် Burnol ဝယ်ရန်ကျွန်တော့်အား ပ,ထုတ်လွှတ်လိုက်ပြန်သည်။ ကျွန်တော်၏ လက်ဆွဲအိတ်ကို ရွေးပြီးလျှင် Cream ဘူးကို ထုတ်ယူကာ လေးလေးမြင့်က စစ်ဆေးလေမည်မှမလွဲ။



အကယ်၍သာ Cream ဘူးထဲမှ ကျောက်ခဲကို ကျွန်တော်က ဦးစွာတွေ့ရှိထားခြင်းမရှိလျှင်၊ အကယ်၍သာ လေးလေးမြင့်က ကိုသူရထံမနေ့ညက တယ်လီဖုန်းဆက်ပြောခဲ့ခြင်းကို ကျွန်တော်ကြားမိခဲ့ခြင်းမရှိလျှင် လေးလေးမြင့်၏ ပရိယာယ်ညွှတ်ကွင်းသို့ ကျွန်တော်သည် ကျကျနနကျ ဆင်းပြီးသားဖြစ်ပေမည်။ ဤ Cream ဘူးထဲမှ ကျောက်ခဲ တုံးကလေးကိုလည်း လေးလေးမြင့်သည် ရလောက်သွားပေပြီ။

ကျွန်တော်သည် အချိန်ဆွဲကာ Burnol တစ်ဘူးကိုဝယ်ယူသည်။ ဝယ်ယူပြီးနောက် အမျိုးသားရေးအိမ်ထဲသို့ တဖန်ဝင်ခဲ့ပြန်၏။ ကုတ်အင်္ကျီအိတ်ထဲမှ ကျောက်တုံးကလေးကို ထုတ်ယူကာ လက်ကိုင်ပဝါဖြင့် ထုပ်ပတ်ခါ ကျွန်တော်၏ပေါင်တွင် ကပ်ချည်ထားလိုက်လေတော့သည်။

လေးလေးမြင့်ထံသို့ ကျွန်တော်ပြန်ရောက်ချိန်တွင် လေးလေးမြင့်သည် သူမ၏လက်ဆွဲအိတ်ရော၊ ကျွန်တော်၏လက်ဆွဲအိတ်ပါ ရွေးပြီးသားဖြစ်နေပါတော့သည်။ ကျွန်တော့်ကိုယ်ပင်စောင့်နေလေပြီ။

ကျွန်တော်က Burnol ကိုထောင်ပြရင်း ...

"ကဲ ... လိမ်းလိုက်စို့ လေးလေး၊ မီးလောင်ရင် ဒီဆေးကမှနိုင်တာ"

ဟု ပြောပြောဆိုဆို လေးလေးမြင့်၏ မီးလောင်ထားသော လက်ညှိုးချောင်းကလေးရှိရာ လက်ကိုဆွဲယူလိုက်သည်။

လေးလေးမြင့်၏ လက်ညှိုးချောင်းကလေးသည်

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဖျားမှ အရင်းထိ Cream များပေကျံလျက် ဖြူဖြူဖွေးနေသည်ကို တွေ့ရပါတော့၏။

"ဟဲ ... တစ်ချောင်းလုံး ဖွေးဖွေးဖြူလို့ပါလား"

"ပူတာကိုး ... ကိုဇော်ရဲ့ ... ကိုဇော်ကသွားလိုက်တာ အကြာကြီးပဲ ... ပူလွန်းတာနဲ့ ကိုဇော်ရဲ့အိတ်ထဲက Cream ဘူးထုတ်ပြီး ထပ်လိမ်းထားလိုက်တာပေါ့"

ကျွန်တော်က ဘာမှမပြော။ ဝယ်လာသော Burnol ကို အနည်းငယ်ညှစ်ထုတ်ပြီး သူမ၏လက်ညှိုးထိပ်ကလေးကို လိမ်းပေးလိုက်သည်။ ကျွန်တော်လိမ်းပေးနေစဉ် လေးလေးမြင့်သည် ကျွန်တော်၏မျက်နှာကို မော့ကြည့်နေရှာသည်။ သူမ၏ မျက်လုံးကလေးများသည် အရည်လဲ့လျက်ရှိကြသည်။ ကျွန်တော်၏အပြုအမူ အယုအယအတွက် ကျွန်တော့်အပေါ် ကျေနပ်နှစ်သိမ့်သော အသွင်သည် လေးလေးမြင့်၏မျက်နှာတွင် ပေါ်လွင်လျက် ရှိသည်။ သူမ၏စိတ်ထဲဝယ် ကိုသူရနှင့် သူမပေါင်းစပ်ပြီး ကျွန်တော့်အား ညွှတ်ကွင်းထောင်ချောက်ဆင်နေသည်ကို မသိရှာဘဲ သူမ၏အပေါ်၌ ယုံကြည်ခင်တွယ်နေသော ကျွန်တော်ပါလားဟု အတွေးရောက်ခါ ကြင်နာစိတ်ဖြစ်နေဟန်တူသည်။

"တော်ပါပြီ ကိုဇော်ရယ် ... လေးလေးလက်က မပူတော့ပါဘူး၊ ကိုဇော့်ကိုလေးလေး သိပ်ကျေးဇူးတင်တာပဲ၊ ပြီးတော့ ကိုဇော့်ကို လေးလေးသိပ်သနားတာပဲ"

"ပြီးတော့ကော ..."

"ပြီးတော့ ... ကိုဇော့်ကို လေးလေးသိပ် ... အို ... မပြော



ချင်ပါဘူး ... ကိုဇော်က မလွှတ်မလပ်လူကြီး၊ ကဲ ... လေးလေးတို့ သွားကြပါစို့၊ အငှားကားနဲ့ပဲ သွားကြပါစို့"

အပြင်ဘက်တွင် အပြာရောင်ဆီဒင်ဆလွန်းအငှားကားကြီးများ ဘွားခနတွေ့လေမလားဟု ကျွန်တော်သတိရသေး၏။ ယခုအချိန်ထိ ကျွန်တော်၏ ကုတ်အင်္ကျီအိတ်ထဲဝယ် လေးလေးမြင့်၏ မော်ဇာပစ္စတိုသေနတ်က ရှိသေးသည်မို့ သိပ်တော့ မကြောက်လှပေ။ ကိုသူရနှင့်ထိုသူငယ်သည် မနေ့ညက မော်တော်ကားဖြင့်ထွက်လာကာ ရန်ကုန်သို့ ဦးစွာရောက်လျှင် ရောက်နိုင်ပေသည်။ မီးရထားလမ်းရှေကြီး၍ အစိုးရယာဉ်ဖြစ်သော မီးရထားများ မထွက်စေကာမူ ပုဂ္ဂလိက မော်တော်ကားများသည် ရန်ကုန်မန္တလေးသို့ သွားနေကြသည်သာဖြစ်၏၊ တစ်ခါတစ်ရံ မီးရထားလမ်းရှေကြီးတတ်သော်လည်း မော်တော်ကားလမ်းက ပွင့်နေတတ်သည်။

ကျွန်တော်မျှော်လင့်သလို အပြာရောင်ဆီဒင်ဆလွန်း အငှားကားကိုဖြစ်စေ၊ ကိုသူရကိုဖြစ်စေ၊ ထိုသူငယ်ကိုဖြစ်စေ တတ်ဝန်းကျင်တစ်ခုလုံး၌ အရိပ်အယောင်မျှ မတွေ့ရပေ။

မာဇဒါလေးဘီးအငှားကားတစ်စီးကို ကျွန်တော်က ခေါ်ယူပြီး မင်္ဂလာဒုံမှ ရန်ကုန်မြို့လယ် အိုရီရင့်ဟိုတယ်ဆီသို့ ကျွန်တော်တို့ ရောက်လာခဲ့ကြသည်။

ဟိုတယ်တွင် လေးလေးမြင့်ကတခန်းသတ်သတ်၊ ကျွန်တော်က တစ်ခန်းသတ်သတ် ငှားကြသည်။ ကျွန်တော်တို့ တည်းခိုရမည့်အခန်းကို ဟိုတယ်မှ ဝန်ထမ်းငယ်တစ်ဦးက လိုက်ပြ

www.burmeseclassic.com

www.burmeseclassic.com



ပြသပေးလေသည်။ လေးလေးမြင့်သည် သူမ၏လက်ဆွဲအိတ်ဖြ သူမ ရှိသောအခန်းဆီသို့ ထွက်သွား၏။ ကျွန်တော်က ကျွန်တေ ၏ အခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းမှာ အရာခပ်သိမ်း သပ်သပ်ရပ်ရပ်နှင့် နေခ စဖွယ်ဖြစ်သည်။ အခန်းတိုင်းဝယ် လှပသော တယ်လီဖုန်းကဒေ များနှင့် တယ်လီဖုန်းလမ်းညွှန်စာအုပ်တစ်အုပ်စီ ထားရှိပေးပုံရဒေ သည်။ အခန်းတို့သည် အသံလုံသောအခန်းများ ဖြစ်ကြသည်။

ယခုလောက်ဆိုလျှင် လေးလေးမြင့်သည် ကိုသူ ထံသို့ ဖုန်းဆက်နေလောက်ပေပြီ။ ကျွန်တော့်တွင် မိနိုင်ပေးထာ ခဲ့သော Sunburn Cream ဘူးကို တွေ့ရသည်တော့ မှန်သည် သို့သော် ထို Cream ဘူးထဲ၌ သူတို့လိုချင်သော ပစ္စည်းကိုမတွေ့ ကြောင်း ဟိုင်ကြားပြောဆိုပေလိမ့်မည်။ ထိုပစ္စည်းအား လျှို့ဝှက် ထားရှိလိမ့်မည်ဟုလည်း သူတို့ယူဆကြပေလိမ့်မည်။

ရင်းပစ္စည်းကို ကျွန်တော်သည် မိနိုင်၏ဦးလေး မိ အင်ဂျင်နီယာဦးဝေဇင်၏လက်သို့ အပ်လိမ့်မည်ဟုလည်း လေးလေ ကို ကျွန်တော်ကပြောထားခဲ့မိသည်။ ယင်းသို့သာဆိုပါက ဦးဝေ ၏ လက်သို့ ကျွန်တော်က မအပ်နိုင်သေးမီအချိန်အတွင်း ကိုသူ သည် ကျွန်တော့်ထံသို့ စောစီးစွာ ချဉ်းကပ်လာစရာအကြောင် နေသည်။ သူတို့သည် အနုနည်းနှင့်လည်း ချဉ်းကပ်ပေမည်။ အကြ နည်းနှင့်လည်း ချဉ်းကပ်ပေမည်။

သူတို့ထက်အရင်ဦးစွာ ကျွန်တော်ကထိုပစ္စည်း ဦးဝေဇင်၏ လက်သို့ အပ်နိုင်ဖို့အရေးကြီးပေသည်။ ခက်နေသည်



ကိုသူရတို့၏ အလုပ်အရှားသည် ကျွန်တော်၏မျက်ကွယ်၌ ဖြစ်နေ ကြသည်။ သူတို့ မည်သို့လှုပ်ရှားလေမှန်း ကျွန်တော်က မသိ။

သို့တစေ ...

ကျွန်တော်၏ လှုပ်ရှားမှုမှန်သမျှကို ကိုသူရတို့က သိ ရှိနေကြသည်။ လေးလေးမြင့်သည် ကျွန်တော့်အား ပူးကပ်ထား က ကျွန်တော်၏လှုပ်ရှားမှုမှန်သမျှကို ကိုသူရတို့ထံ သတင်းပေး နေသောကြောင့်ပင်တည်း။ ယခုလည်းလေးလေးမြင့်သည် ကျွန် တော့်အား မျက်ခြေပြတ်ခံတော့မည်မဟုတ်၊ ဦးဝေဇင်ထံ ကျွန် တော်မရောက်မီ သူတို့က ကျွန်တော့်အား စီးမိရန် ကြိုးစားလေ ည်သာ။

ကျွန်တော်လုပ်နိုင်သော အခွင့်အရေးတစ်ရပ်မှာ ကျွန်တော်ဦးဝေဇင်နှင့်မတွေ့မီ ကျွန်တော်၏ အလုပ်အရှားကို ကိုသူ ရတို့ သိမထားစေခြင်းပင်ဖြစ်သည်။ လေးလေးမြင့်က ကျွန်တော် ၏ လှုပ်ရှားမှုတို့ကို ကိုသူရတို့ထံ သတင်းမပို့နိုင်အောင် ကျွန်တော် က တစ်ခုခုဆောင်ရွက်နိုင်ရမည်။

ထို့ပြင် ကျွန်တော်သည်၊ အချိန်ဖြုန်းမနေတော့ဘဲ မိနိုင်၏ ဦးလေးဦးဝေဇင်အား အမြန်တွေ့ရှိဆက်သွယ်နိုင်အောင် ကြိုးစားရလေမည်။

တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ကျွန်တော် ကောက်ကိုင်လိုက်သည်။ မိနိုင်၏ဖခင်သည် ဦးမြခိုင်မှန်း ကျွန်တော် သိထားသည်။ မိနိုင်၏အိမ်သည် ဆင်းဒဝတ်လမ်းမှာမှန်းလည်း ကျွန် တော်သိ၏။ ထိုနှစ်ခုကိုအခြေခံကာ ဦးမြခိုင်၏ဖုန်းနံပါတ်ကို ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်ရှာကြည့်နိုင်သည်။ မိခိုင်မသေမီက ပြောခဲ့သောစကားအ
သူမ၏ဦးလေးမိုင်းအင်ဂျင်နီယာ ဦးဝေဖေသည် လစ်လပ်လျှ
သောဆင်းဒဝတ်လမ်းမှအိမ်တွင် နေကောင်းနေမည်ဖြစ်၏။

သို့သော် အခက်အခဲတွေ့ရပေသည်။ တယ်လီ
လမ်းညွှန်စာအုပ်သည် နှစ်လက်မလောက်ထူထဲသည်။ ပုဂ္ဂလိ
တယ်လီဖုန်းကို အက္ခရာစဉ်ဖြင့် ရှာသည်ထားဦး၊ ရန်ကုန်တွင်ဦး
ခိုင်ဆိုသော နာမည်တွေက သောင်းကျန်းနေပေမည်။ ဤလမ်း
စာအုပ်ကို ဖွင့်၍ရှာရလျှင် အချိန်အတော်များများယူရလေမည
ကျွန်တော်၏အတွက် အချိန်နာရီသည် တန်ဖိုးရှိလွန်းနေပေပြီ။ ကိ
ရတို့ထက် ကျွန်တော်သည် တကွက်စောနိုင်ဖို့ အချိန်မှာ ကျွန်တေ
တွင် လိုအပ်လျက်ရှိ၏။

ကျွန်တော်အကြံတစ်ခုရသည်။ တယ်လီဖုန်း နံပ
တစ်ခုသိနိုင်ရေးတွင် တယ်လီဖုန်းအော်ပရေတာများသာလျှ
အကျွမ်းကျင်ဆုံးဖြစ်သည်။ ကျွန်တော်တို့လူစိမ်းထက် သူတို့က
ရာကောက်မြန်နိုင်သည်။ ရန်ကုန်တယ်လီဖုန်းအားလုံးသည် အေ
တိုဖြစ်နေ၍ အော်ပရေတာနှင့်ဆက်သွယ်၍မရ၊ ရနိုင်သောန
သည် တရန့်ကော(လ်)ခေါ်နယ်သို့ခေါ်ယူရသော ဖုန်းသည်အေ
ပရေတာနှင့် စကားပြောခွင့်ရသည်။

ထို့ကြောင့် ကျွန်တော်သည် နယ်ကိုတောင်းခံဖေ
နံပါတ်သုည၊ သုညတစ်(၀၀၁)ကို တယ်လီဖုန်းခွက်တွင် လှည့်လို
၏။

"အမိန့်ရှိပါရှင်"



"အား ... ကျေးဇူးပြု၍ပေါ့ခင်ဗျာ ကျွန်တော်ပြောမှာလုပ်ငန်းထုံးစံတော့ ဟုတ်ချင်မှ ဟုတ်မှာ ... ဒါပေမဲ့ ကျွန်တော့်မှာ အရေးကြီးလွန်းလို့ အကူအညီပေးဖို့ပါ"

"အမိန့်ရှိပါ"

"ဒီလိုပါခင်ဗျ ဆင်းဒဝတ်လမ်းထဲမှာ ဦးမြခိုင်ဆိုတာရှိပါတယ် ... သူ့အိမ်က တယ်လီဖုန်းနံပါတ်ကို သိချင်လို့ပါ ... ကျွန်တော်တို့လူစိမ်းထက်ပိုပြီး ညီမတို့က ခြေရာခံရှာပေးရင် ပိုမြန်မလားလို့ပါ"

အကယ်၍ တစ်ဘက်မှ အော်ပရေတာ အမျိုးသမီးသည်အသက်ငါးဆယ်ခန့် အမျိုးသမီးတစ်ဦးဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် နားဝင်ချိုစေရန် ကျွန်တော်က 'ညီမ' ဆိုသော စကားကို သုံးလိုက်ရ၏။ မည်သည့်အမျိုးသမီးမဆို သူမတို့အား ငယ်ရွယ်သည် နုပျိုသည်၊ လှပသည်ဟု ပြောလေလျှင် ကျေနပ်ကြစမြဲ မဟုတ်လား။

"ဆင်းဒဝတ်လမ်း အိမ်အမှတ်ကကော"

"အဲဒါလဲ ကျွန်တော်မသိလို့ပါ ခင်ဗျာ"

"လွယ်တော့မလွယ်ဘူးပေါ့ရှင် အထူးသဖြင့် ဒီဆင်းဒဝတ်လမ်းထဲမှာ ဦးမြခိုင်နှစ်ဦးသုံးဦးရှိနေရင် ပိုခက်တာပေါ့ ဒါပေမဲ့ ကျွန်မကြိုးစားပေးပါ့မယ် ခဏကိုင်ထားဦးပေါ့"

ကျွန်တော့်မှာ အမျိုးသမီးအားကျေးဇူးတင်မိသည်။ ကြည်ညိုလည်းကြည်ညိုမိသည်။ လူတစ်ဦး၏အခက်အခဲကို ကယ်ကာထခံကာ ကိုယ့်ကျိုးမရှိဘဲ ကူညီတတ်သူများသည် ဤခေတ်တွ

www.burmeseclassic.com

www.burmeseclassic.com



၌ ရှားလှပေစွ၊ ယခုအမျိုးသမီးကမူ စေတနာကောင်းသူတစ်ဦး ဖြ
ပေသည်။

"အဲ ... တွေ့ပြီရှင့် ရှင်ကံကောင်းပါတယ် အဲဒီလမ်းမှာ ဦး
နိုင်တစ်ယောက်ပဲရှိပါတယ် အိမ်အမှတ်က (....)ဖြစ်ပြီး ဖုန်
နံပါတ်က(....) ဖြစ်ပါတယ်"

"အင်မတန် ကျေးဇူးတင်ပါတယ် ညီမ"

တယ်လီဖုန်းကို ကျွန်တော်ပြန်ချထားလိုက်သည
ပြီးလျှင် ပြန်ကောက်ကိုင်ကာ အမျိုးသမီးပြောသောနံပါတ်အတိုင
ကောက်ယူလှည့်လိုက်ပေသည်။

"ဦးမြနိုင်အိမ်က ထူးနေပါတယ် ... အမိန့်ရှိပါ"

"အား ... ဦးမြနိုင်တော့ မဟုတ်ဘူးလို့ ကျွန်တော်နားလည်
ပါတယ်၊ အခုပြန်ထူးနေတာက ဘယ်သူပါလဲဗျာ"

ဟု ကျွန်တော်က မေးမြန်းလိုက်ပါ၏။ တစ်ဘက်
ခေတ္တတိတ်ဆိတ်နေပြီးကာမှ ...

"ဒီလိုလုပ်ပါမိတ်ဆွေ ဒီအိမ်ကိုမိတ်ဆွေတွေက စခေါ်တဲ့
ပဲ မိတ်ဆွေကဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာအရင်ပြေ
သင့်တယ် မဟုတ်လားဗျာ"

မှန်ပေသည်။ ကျွန်တော်ကအရင်ပြောသင့်ပေသည

"ကျွန်တော်ဇော်မြင့်ဝင်းပါ ... စာရေးဆရာ ဇော်မြင့်ဝင်း

"ဩ ... ကိုဇော်မြင့်ဝင်းလား ... ကျွန်တော်က ဦးဝေ
ပါ ကိုဇော်မြင့်ဝင်း မိုင်းအင်ဂျင်နီယာ ဦးဝေဇင်ပါ ဦးမြ
ဟာ ကျွန်တော့်အစ်ကိုမို့ သူ့အိမ်မှာ ကျွန်တော်ခဏနေတ



ပါ ဘာကိစ္စကြောင့် ဖုန်းဆက်တယ်ဆိုတာ အမိန့်ရှိပါဦး
ကိုဇော်မြင့်ဝင်း"

ဦးဝေဇင်ကတော့ ကျွန်တော့်ကိုသိမှ မဟုတ်ပါဘူး၊
ကျွန်တော်ဟာ မိမိနိုင်ရဲ့ မိတ်ဆွေပါ"

"မိမိနိုင် ... ဟုတ်လား"

ဟု တစ်ဘက်မှလေးတွဲ့စွာ ပြန်လည်၍သံပြန်လိုက်
ပြောသည်ကို ကျွန်တော်ကြားရ၏။

"ကျွန်တော့်ဆီမှာ မိနိုင်ဆီကပစ္စည်းတစ်ခု ရှိနေပါတယ်၊ ဒီ
ပစ္စည်းဟာ ဦးဝေဇင်ကိုပေးရမယ့်ပစ္စည်းပါပဲ၊ အခုကျွန်တော်
လာခဲ့ရင် ဦးဝေဇင်ကို အိမ်မှာတွေ့နိုင်မလားလို့ပါ"

"ကျွန်တော်ကိုဇော်မြင့်ဝင်းကို စောင့်ပါ့မယ်"

"အော် ... ဦးဝေဇင်"

"အမိန့်ရှိပါ ကိုဇော်မြင့်ဝင်း"

ကျွန်တော်က တယ်လီဖုန်းမှာပင်ဖြစ်စေကာမူ
အသံကို တိုးနိုင်သမျှတိုးအောင် ပြောကြားလိုက်ပါသည်။

"ဦးဝေဇင်လဲ သိချင်သိမှာပါ။ အဲဒီပစ္စည်းနောက်မှာ လူတစ်
စုလိုက်ပါနေကြတယ် ဦးဝေဇင်၊ ဒုက္ခဖြစ်တဲ့ လူတွေလဲဖြစ်
ကုန်ကြရပြီ၊ အဲဒီတော့ ဦးဝေဇင်ရဲ့အိမ်တံခါးကိုပိတ်ထားပါ၊
သတိလဲမလစ်ပါစေနဲ့ ... ကျွန်တော်လာတဲ့အခါ တံခါးကို
သုံးချက်ခေါက်ပါ့မယ်၊ ဒါမှ ဖွင့်ပါ ... "

"ကျွန်တော် သဘောပေါက်ပါတယ် သတိမလစ်စေအောင်
ကျွန်တော်ကြိုးစားပါ့မယ်၊ သုံးချက်တိတ်ခေါက်မယ်နော်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... သုံးချက်တီတီခေါက်ပါ့မယ်"

ကျွန်တော်သည် တယ်လီဖုန်းကို ပြန်ချလိုက်သည် ကျွန်တော်၏ လက်များသည်တုန်နေကြပေသည်။ ဦးဝေဇင်အ အလွယ်တကူဆက်သွယ်မိသည်ကိုဝမ်းသာ၍ လက်တုန်သည် လား။ သို့မဟုတ် နှလုံးခုန်အောင် ထိတ်လန့်နေလေသောကြော လက်တုန်ခြင်းပေလားကိုမူ ကျွန်တော်၏ကိုယ်ကိုပင် ကျွန်တေ မသိတော့နိုင် ...။

"ခေါက် ... ခေါက် ..."

အပြင်မှ တံခါးခေါက်သံ ထွက်လာသည်။ လေးမြင့်ပင် ဖြစ်ပေမည်။ တော်ပေသေး၏။ ကျွန်တော်ဦးဝေ နှင့်ဆက်သွယ်ပြောဆိုပြီးလေကာမှ ရောက်ရှိလေသောကြောင့် ဖြ သည်။ တံခါးကို ကျွန်တော်ဖွင့်ပေးလိုက်၏။

လေးလေးမြင့်ပင်ဖြစ်၏။ အထဲသို့ ကြွကြွရွရွက ဝင်လာသည်။ သူမသည် မင်္ဂလာဒုံလေယာဉ်ကွင်း၌ မိနိုင် သည်ဟု နားလည်ထားသော Sunburn Cream ထဲတွင် သူတို့အ သောပစ္စည်းမတွေ့ရှိလေမိသောကြောင့် ထပ်မံစုံစမ်းရန် အ ဆင်ဖို့ ဝင်ရောက်လာသည်ဟုပဲ ကျွန်တော်ထင်မိသည်။

"ဟင်း ကိုဇော်တစ်ယောက် ဘာမှလဲ မသိမ်းသေးဘူ လေးလေးကူသိမ်းပေးမယ်လေ၊ ကိုဇော်ရဲ့လက်ဆွဲအိ က အဝတ်အစားတွေ ဗီရိုထဲထည့်ပေးရမလား၊ လေး လုပ်ပေးမယ် ကိုဇော်"

အသားလို၍ လေးလေးမြင့်က အရိုးတောင်း



မင်္ဂလာဒုံလေယာဉ်ကွင်းတွင် လေးလေးမြင့်အတွက် ကျွန်တော် လက်ဆွဲအိတ်ကို တစ်အိတ်လုံး မွှေနှောက်နိုင်ဖို့အချိန်သည် မရခဲ့ Cream ဘူးထဲ၌ သူတို့အလိုရှိသော ပစ္စည်းရှိ မရှိကိုသာ ရှာဖွေ စွမ်းရှိခဲ့သည်။ ထို့ကြောင့် ယခုကျွန်တော်၏ အိတ်အားမွှေလို သောကြောင့် အခန်းကူးလာသည်ပင်ဖြစ်ရမည်။ သူမ၏ဒါရိုက်တာ သူရက ဘာတွေထပ်ဆင့် ညွှန်ကြားလိုက်လေသည်မသိ။

"ကိုဇော်ရဲ့ပစ္စည်းတွေကို သိမ်းပေးမယ်ဆိုရင် ကိုဇော်က သိပ်ဝမ်းသာရမှာပေါ့ လေးလေး၊ ကိုဇော်တို့ ယောကျ်ား တွေအဖို့ အမြဲတန်း ထိန်းပေးဖို့၊ သိမ်းပေးဖို့ အမျိုးသမီး တယောက်ဟာ လိုနေတတ်တာပဲ မဟုတ်လား"

လေးလေးမြင့်က ပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက် သည်။ ကျွန်တော်သည် လေးလေးမြင့်အနီးသို့ တိုးကပ်သွားမိသည်။ လေးမြင့်၏ ပခုံးနှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည် လေးမြင့်သည် ကျွန်တော်၏ထံသို့ အလိုက်သင့် ပါလာပေ သည်။ လေးလေးမြင့်ကိုယ်တိုင် ကျွန်တော်၏အပေါ်၌ စွမ်းရင်းရှိ သည်မို့ ကဖွန်းခင်းအငြိတွင် အလိုက်သင့်ပါလာခြင်းဖြစ်ချင်ဖြစ် သို့မဟုတ် ထောင်ချောက်နှင့်ညွှတ်ကွင်းဆိုလေသည်မှာ သား မက်သော အစာတစ်ခုခုပြထားလေမှ ကွင်းတိုးညွှတ်တိုး သည်မို့ သားကောင်အကြိုက် အလိုက်သင့် အစာပြခြင်းဖြစ်ချင် သည်။

မည်သို့ဆိုစေ လေးလေးမြင့်သည် ကျွန်တော်၏ဆွဲ ရာသို့ မျက်နှာကိုမော့ လည်တိုင်ကျော့ပြီး ပါလာသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင်ဖြစ်တော့၏။ လေးလေးမြင့်၏စွဲမက်ဖွယ် ထူအမ်းအမ်းနှုတ်ခမ်းအစုံသည် ပဒုမ္မာကြာနှယ်ဖူးတည်း။

ဖျန်းခနဲနေအောင် လေးလေးမြင့်အား ကျွန်တော် လက်ပြန်ရိုက်ချပစ်လိုက်သည်။ လေးလေးမြင့် ယိုင်ကျသွားသည့်အချိန်နှင့် တချိန်တည်းမှာပင် ကျွန်တော်သည် လေးလေးမြင့်၏ ပါးစပ်ထဲသို့ လက်ကိုင်ပဝါတစ်ခု ထိုးထည့်လိုက်သည်။

ပထမတော့ လေးလေးမြင့်သည် ကျွန်တော့်အား နားမလည်သလို ကြောင်ကြည့်နေသေးသည်။ ထို့နောက် ကျွန်တော့်အား တန်ပြန်သတ်ပုတ်ကုတ်ဖဲ့ရန် ကြိုးစားတော့၏။ ကျွန်တော်သည် လေးလေးမြင့်၏ လက်နှစ်ဖက်ကို နောက်ပြန်လှန်၍ ခါးပတ်ဖြင့် တုတ်ထားလိုက်သည်။

လွတ်နေသော လေးလေးမြင့်၏ခြေထောက်များက ကျွန်တော့အားကန်ကျောက်ပြန်၏။ ခြေထောက်ကိုပါ ကျွန်တော်၏ချည်လုံချည်တစ်ထည်နှင့် ထပ်တုတ်လိုက်သည်။

နောက်ထပ်လက်ကိုင်ပဝါတစ်ထည်ဖြင့် အော်ဟစ်ခြင်းမပြုနိုင်စေရန်နှင့် အသက်ရှူသာအောင် လေးလေးမြင့်၏ ပါးစပ်ကို ပိတ်စီးထားလိုက်ရပြန်သည်။

"ဒီလိုလုပ်ရတာ ကိုဇော် စိတ်မကောင်းပါဘူး လေးလေး တစ်ချိန်လုံး ကိုသူရနဲ့ လေးလေးတို့ရဲ့ အရှုံးလုပ်တာကို ကိုဇော်ခံလာခဲ့တာပဲ၊ အခုဒီလိုမှမလုပ်ရင် မဖြစ်တော့လို့ လေးလေး"

အခန်းထောင့်တွင် အတုပ်အနှောင်ဖြင့် နံရံတွင်



ကာလဲကျနေသော လေးလေးမြင့်သည် ကျွန်တော့်အား တွေတွေဝေဝေ မော့်ကြည့်နေပေသည်။

ကျွန်တော်သည် လေးလေးမြင့်၏ နဖူးပြင်ဖွေးဖွေးလေးကို အသာအယာငုံ့ကာ မွှေးမိသည်။ လေးလေးမြင့်က ရုန်းကန်ခြင်း မပြုပေ။

ပြီးလျှင် အခန်းတံခါးကို အပြင်မှသော့ပိတ်ကာ ကျွန်တော်သည် ဟိုတယ်အပေါ်ထပ်မှ အောက်သို့ ဆင်းလာခဲ့တော့သည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ကျွန်တော်သည် ဗိုလ်ချုပ်ဈေး၏ အလယ်ဗဟိုရုံကို
ဖြတ်ခါ နောက်ဘက်သို့တည့်တည့်ကြီး လျှောက်လာခဲ့သည်။

အပြင်ရောက်သောအခါ မီးရထားသံလမ်းကို ကျော်
ဖြတ်ဆောက်လုပ်ထားသော သံတံတားကြီးပေါ်သို့ တက်လာခဲ့၏
ယင်းတံတားကြီး၏ အဆင်းတည့်တည့် လမ်းကြီးသည် ဆင်းဒဝေ
လမ်းပင် ဖြစ်တော့သည်။

ဆင်းဒဝေတ်လမ်းသည် သန့်ရှင်းပြီး ငွေကြေးတတ်
နိုင်သူများနေသော လမ်းဖြစ်ကြောင်းထင်ရှားလှသည်။ လမ်းဘေး
တစ်ဘက်တစ်ချက်တွင် ခေတ်မီတိုက်အိမ်ကလေးများ ကိုယ့်ဝင်း
ကိုယ့်ခြံနှင့် အစီအရီရှိကြသည်။ လမ်းဖြောင့်ကြီးအတိုင်း ကျွန်တော်
လျှောက်လာခဲ့သည်။ ဆင်းဒဝေတ်လမ်းကို ကန့်လန့်ဖြတ်ထားသော
ယောက်လမ်းဆုံကို ကျွန်တော်ဖြတ်ကျော်ခဲ့ပြီးနောက် ဦးဝေဇင်၏
အိမ်အမှတ်ကို တွေ့ရတော့သည်။



ဦးဝေဇင်၏အိမ် သို့မဟုတ် ဦးမြခိုင်နှင့် မိခိုင်တို့ သား
အဖ၏အိမ်သည် ကျယ်ပြန့်သောမြေတွင် ဝန်းနှင့်ခြံနှင့် တစ်ထပ်
တိုက်ကလေးတစ်လုံးပင် ဖြစ်တော့သည်။

ခြံဝန်းတံခါးသည် သံတံခါးဖြစ်သည်။ ပိတ်ထား
သော ခြံဝန်းတံခါးကို တွန်းကြည့်ရာ စေ့ရုံသာစေ့ထားသဖြင့်
လိုက်သင့် ပွင့်သွားပါလေ၏။ တံခါးကို ပြန်စေ့ကာ တစ်ထပ်တိုက်
လေးဆီသို့ ကျွန်တော်လျှောက်လာခဲ့ပြန်သည်။

တစ်ထပ်တိုက်ကလေး၏ တံခါးသည် ပိတ်လျက်
းတွေ့ရ၏။

"ဒေါက် ... ဒေါက် ... ဒေါက်"

တစ်ချက်ချင်းကို သုံးချက်တိတိ ကျွန်တော်က လေး
တွဲ့တွဲ့ခေါက်လိုက်သည်။ တံခါးဘေးတွင် အသင့်ရှိသော လူ
ခေါင်းလောင်းဘုသီးကို ကျွန်တော်အသုံးမပြုပေ။

တစ်အောင့်အကြာတွင် အတွင်းမှ တံခါးမင်းတုံး
သံကြားရပြီး ပုဂ္ဂိုလ်တစ်ဦးက တံခါးဖွင့်ပေးလိုက်သည်။

တံခါးဖွင့်ပေးသော ပုဂ္ဂိုလ်မှာ ကြီးမားထွားကျိုင်း
ပုဂ္ဂိုလ်တစ်ဦးဖြစ်ရုံမက ထိုပုဂ္ဂိုလ်ကို မြင်သည်နှင့် ကျွန်တော့်
အံ့သြခြင်း၏ အထွတ်အထိပ်သို့ရောက်ရတော့သည်။

ဦးမင်းဒင် ဖြစ်နေသောကြောင့်ပင်တည်း။

ပုဂ္ဂိုလ်သည် မကြာသေးမီကမှ မိမိ၏အသက်ထက်
ရှိသော မကေသီအား မန္တလေးတွင် လက်ထပ်ပါသည်ဆို
သတို့သား "ဦးမင်းဒင်" ဖြစ်နေသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဇာတ်လမ်း အရှုပ်အထွေးထဲမှာ ကျုပ်လဲပါဝင်ခဲ့ရတဲ့လူ
ယောက်ပါပဲ ကိုဇော်မြင့်ဝင်း၊ ဒါပေမဲ့ နောက်ဆုံးမှာ
ကိုဇော်မြင့်ဝင်းဟာ ကျုပ်ဆီကို ကောင်းသောရေစက်ခြ
ရောက်ရှိလာခဲ့ပြီပဲ"

"ဒါဖြင့် ဦးဝေဇင်ဆိုတာ"

"ဦးဝေဇင်ဆိုတာက ကျုပ်ပဲပေါ့ဗျာ၊ ဒါပေမဲ့ မန္တလေးနဲ့
တားမှာတုံးကတော့ ဦးမင်းဒင်လို့ လူတွေသိစေရတာ
အဲဒီမှာ ကျုပ်ဟာ မိမိခိုင်ရဲ့ဦးလေးဦးဝေဇင်ပါလို့ ထုတ်
လိုက်တာနဲ့ ခုလောက်ဆို ကျုပ်ဘယ်လိုဖြစ်သွားလော
ပြီဆိုတာ ကိုဇော်မြင့်ဝင်းခန့်မှန်းနိုင်လောက်သားပဲ မိ
ဒေါ်ရည်မွန်ကို သတ်ခဲ့တဲ့လူသတ်သမားက အင်မ
လက် ရဲတဲ့လူသတ်သမား မဟုတ်လား"

ဟု ရှင်းပြရင်း ဦးမင်းဒင်ခေါ် ဦးဝေဇင်ဆို
တံခါးကို ကျွန်တော်ဝင်သာအောင် ဖွင့်ပေးလိုက်သည်။

"အထဲဝင်လေ ... ကိုဇော်မြင့်ဝင်း"

ကျွန်တော်က အထဲဝင်ရန် ဆုတ်ဆိုင်းနေမိသ
ကျွန်တော့်တွင် လူတွေကိုယုံကြည်တတ်သော အလေ့အကျင့်
အလွန်ပင်နည်းပါးသွားလေပြီ။ လေးလေးမြင့်အား ကျွန်တေ
ကြည်ခဲ့မိသည်။ နောက်ဆုံးလေးလေးမြင့်သည် ကျွန်တော့်အ
သတ်လျှက်ရှိနေကြောင်းသိလာရ၏။

ယခုလည်း ကျွန်တော်သိထားခဲ့သော ဦးမင်း
သူသည် သူ့ကိုယ်သူ ဦးဝေဇင်ဟုဆိုပြန်လေပြီ။



"အား ... ကိုဇော်မြင့်ဝင်းကျုပ်ကို အယုံရခက်နေတယ် ထင်
တယ် ...၊ အေးပေါ့လေဗျာ ကျုပ်ဟာ ကိုဇော်မြင့်ဝင်းကို
ထောင်ချောက်ဆင်ပြီး အိမ်ထဲခေါ်တာမျိုးဖြစ်ချင်လဲဖြစ် နိုင်
တာကိုး၊ ကဲ ... ဒီလိုလုပ်စို့ ကျုပ်တို့စားသောက်ဆိုင်
တစ်ခုခုမှာ နှစ်ယောက်တည်းသွားပြီး စားရင်းသောက်ရင်း
စကားပြောကြရအောင် ကိုဇော်မြင့်ဝင်းရွေးချယ်တဲ့ စား
သောက်ဆိုင်ကိုကျုပ်က လိုက်မှာပါ"

ကျွန်တော်က ခေါင်းခါပြလိုက်မိသည်။ ဦးမင်းဒင်၏
သက်အရွယ် ဟန်အမူအရာနှင့်ပြောပုံဆိုပုံမှာ သူသည်ဦးဝေဇင်
ကြောင်း အထိုက်အလျောက် ကျွန်တော်ယုံကြည်မိသလိုရှိနေ
ည်။ ထို့ပြင် ဦးမင်းဒင်သည် ကျွန်တော့်အား ထောင်ချောက်ဆင်
သည်ဖြစ်စေဦး၊ ကိစ္စမရှိ၊ ကျွန်တော်၏အိတ်ထဲတွင် လေးလေး
ရယူထားသော မော်ဇာပစ္စတိုရှိနေသည်။

"ကိစ္စမရှိပါဘူး ဒီအိမ်မှာပဲ ပြောပြကြတာပေါ့"

"ပိုကောင်းတာပေါ့ဗျာ ... ကျုပ်ကိုမယုံကြည်ရင်သာအပြင်
သွားကြဖို့ပြောရတားကိုး"

ဦးမင်းဒင်ခေါ် ဦးဝေဇင်ကပင် ကျွန်တော့်အား
ပေးကာ အိမ်ထဲသို့ လမ်းညွှန်သလို ဝင်ရောက်သွားသည်။
တော်က နောက်မှဖြည်းလေးစွာ လိုက်သွားသည်။ ပထမဦးစွာ
င်းဒင်သည် ဧည့်ခန်းတွင် မထိုင်သေးဘဲ နောက်ဖေးခန်းတစ်ခု
ခေါ်သွားသည်။ ထိုအခန်းထဲမှာ ရှုပ်ပွေနေ၏။ စားပွဲရှည်ကြီး
ုံးရှိ စာတန်းများမှာလည်း အထပ်လိုက် ရှုပ်ပွေစွာရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် အတုံးအခဲကလေးပေါင်း များစွာကိုလည်း တွေ့ သည်။ အကြမ်းအားဖြင့် ကြည့်လိုက်လျှင်ပင်စာတ်ခွန်းခန်းတစ်ခု သိသာလောက်သည်။

"ဒါ ... ကျုပ်ရဲ့ သီးခြားအလုပ်ခန်းပေါ့၊ ဓာတ်ခွဲခန်းလို့ ဆို လဲဆိုနိုင်တယ်ပေါ့ဗျာ ... ကျုပ်နိုင်ငံခြားပြန်လာကတည်း ကိုကြီးနိုင်အိမ်ပေါ်မှာပဲ တက်နေတာ၊ မိနိုင်ကလည်း ဟာသူနေချင်ရာနေ၊ သွားချင်ရာသွားနေတဲ့ က မဟုတ်လား သူမသာပြောရတယ် တစ်ခါမျှမတွေ့ ကျုပ် ပြန်ရောက်တဲ့အချိန် ကောင်မလေးက သူ့အဖေ နိုင် မြစ်ဆုံရောက်နေပြန်သတဲ့ဒါမှာပဲ ထိုင်ကြတာပေါ့

ကျွန်တော်တို့သည် အလုပ်စားပွဲ၌ပင် ဝင်၍ထိုင် သည်။ ဦးမင်းဒင်ခေါ် ဦးဝေဇင်ကပင် ဆက်၍ပြောလေ၏။ သူ အပြောအဆိုသည် တည်ငြိမ်သည်။ ခန့်ငြားသည်။ လူကောင်း ကျိုင်းသည်နှင့် ပြောဟန်ဆိုဟန်နှင့် လိုက်ဖက်သည်။

"ကင်းတားမှာတုန်းကတော့ ကိုဇော်မြင့်ဝင်းကိုလဲကျုပ် ဘူးဗျ၊ မန္တလေးအထိဆိုပါတော့၊ မိနိုင်ကို ခင်ဗျားက ပူး ပြီး တစ်ခုခုကြံစည်နေတဲ့အဖွဲ့ထဲက လူတစ်ယောက် ကျုပ်က ထင်နေတာ တကယ်တော့ ခင်ဗျားက တ လေ့လာရေးအတွက် ထွက်နေတဲ့စာရေးဆရာတစ်ယော ဆိုတာ အခုမှပဲယုံမိတယ်၊ ကျွန်တော်ပြောတာ ကိုဇော်မြင့်ဝင်း သဘောပေါက်ပါတယ်နော်"

ကျွန်တော်ကခေါင်းညိတ်ပြလိုက်သည်။ ကျွန်



အယူအဆကိုလည်း ပြောပြလိုက်သည်။

"မိနိုင်သာ အသတ်ခံရတာပဲ၊ မိနိုင်မှာ သယ်ယူလာတဲ့ ပစ္စည်းတစ်ခုခုအတွက် မိနိုင်ဟာ အသတ်ခံရတာပဲ"

"အဲဒါ အမှန်ပဲပေါ့ ကိုဇော်မြင့်ဝင်း၊ မိနိုင်ဟာ သူသယ်ယူလာ တဲ့ပစ္စည်းတစ်ခုခုအတွက် မိနိုင်ဟာ အသတ်ခံရတာပဲ"

"အဲဒါအမှန်ပဲပေါ့ ကိုဇော်မြင့်ဝင်း၊ မိနိုင်ဟာ သူသယ်ယူလာ တဲ့ပစ္စည်း တစ်ခုခုအတွက် အသတ်ခံရတာပဲပေါ့"

ကျွန်တော်က ဦးမင်းဒင်၏မျက်နှာကို စေ့စေ့ကြည့် ဘာ ဆရာက စာဖြေရမည့်ကျောင်းသားအား မေးမြန်းသလိုမေး ... ကိုတွေ့သည်။

"တကယ်လို့သာ ဦးမင်းဒင်ဟာ မိနိုင်ရဲ့ဦးလေး ဦးဝေဇင်ဖြစ် တာမှန်ရင် ဦးမင်းဒင်ကိုယ်တိုင် ကင်းတားရောက်လာတဲ့ အကြောင်း၊ မန္တလေးမှာနေခဲ့တဲ့အကြောင်းနဲ့ မိနိုင်ဟာ ဘာ ပစ္စည်းတွေသယ်လာခဲ့ပြီး ... ဘာဖြစ်လို့ အသတ်ခံရတယ် ဆိုတာ ရှင်းပြနိုင်ရမှာဘဲ ... ဒါမှသာ မိနိုင်ရဲ့ဦးလေးဖြစ်တယ် ဆိုတာ ကျနော်ယုံကြည်နိုင်မယ်"

ဦးမင်းဒင်က ပြုံးလိုက်ပြီး သူ၏လက်နှစ်ဖက်ကို ...းပွဲပေါ်တွင် တင်ထားလိုက်လေသည်။

"ကျုပ် ... ကိုဇော်မြင့်ဝင်းကို အပြစ်မတင်ပါဘူး ... ဒီမေး ခွန်းတွေပဲ ... ကဲ ... ဒီမေးခွန်းတွေကို ဖြေရမဲ့ဓာတ်လမ်း တစ်ခုလုံးကို ကျုပ်ကမပြောခင် ပထမဆုံးတစ်ခုတော့ ကျုပ်ကပဲ ပြန်မေးပါရစေ ... ကိုဇော်ဝင်းမြင့်မှာ မိနိုင်ဆီက

www.burmeseclassic.com

www.burmeseclassic.com



ရထားတဲ့ စုံထောက်စာအုပ်ရယ်၊ ပြီးတော့ နမ္မူနာပစ္စည်းရယ်
အခုပါလာခဲ့သလား"

နမ္မူနာဆိုသည်မှာ(unburn Cream)ဘူးထဲမှကျွန်တော်
ရယူထားသော ကျောက်ခဲလေးကို ဆိုလိုဟန်တူပေသည်။

"စာအုပ်ဟာ ကျွန်တော့်လက်ထဲမှာ မရှိတော့ဘူး၊ ဒေါ်ရှ
မွန်ကို ငှားထားရာက ကိုသူရတို့လက်ထဲရောက်သွားပြီ"

"နမ္မူနာပစ္စည်းကောဗျာ"

"အဲဒီပစ္စည်းတွေကတော့ အလုံခြုံဆုံးနေရာတစ်ခုမှာ ကျ
ဖွက်ထားခဲ့တယ်၊ ဦးမင်းဒင်ကို ဦးဝေဇင်လို့ ယုံကြည်တာ
ကျုပ် အဲဒီနမ္မူနာပစ္စည်းကို သွားယူပေးလိုက်ရုံပဲ"

"သိပ်သေချာတဲ့ ကိုဇော်မြင့်ဝင်းပဲကိုး၊ မှန်တယ် ဒီလိုပဲ လု
သင့်တယ် ... ကဲ ဒီတော့ကျုပ်က ဦးဝေဇင်အနေနဲ့ သိ
လောက်ပြောပြရတော့မှာပဲပေါ့ဗျာ"

ဟု အစပျိုးကာဆက်၍ ပြောပြပါလေ၏။

"ပထမဆုံးကျုပ်ရဲ့ အစ်ကိုမိမိခိုင်ရဲ့အဖေဦးမြခိုင် အကြော
ကို စပြောရမယ် ကိုဇော်မြင့်ဝင်း၊ ကိုကြီးခိုင်ဟာ တက္ကသို
ရောက်လို့ ဥပစာတန်းမှာထဲက မနုဿဗေဒ (Anthrop
ogy) ဘာသာရပ်ကို အလေးအနက်ထားယူခဲ့တယ် အ
မနုဿဗေဒထဲမှာက ရှေးဟောင်းကျောက်ခေတ် လူ
ရဲ့ အနေအထိုင်အကျင့်အကြံတွေကစပြီး လေ့လာရ
သူဟာ ပထဝီဘာသာရပ်ကိုလဲ လေ့လာခွင့်ရတယ်
သမိုင်းကိုလဲ လေ့လာခွင့်ရတယ်၊ ပြီးတော့ ဘူမိဗေဒကို



လေ့လာခွင့်ရတယ်၊ ကျုပ်ကတော့ ဘူမိဗေဒဘာသာရပ်
သမားပဲ၊ ဒီတော့ ကိုကြီးခိုင်ဟာ မနုဿဗေဒဘာသာရပ်ထဲ
မှာ တစိတ်တဒေသ ပါဝင်နေတဲ့ ဘူမိဗေဒဘာသာရပ်ကို
အနည်းအပါးတီးခေါက်မိနေတယ်၊ ကျောင်းမှာကတည်းက
သူတို့တွေ့ရှိတဲ့ ရှေးခေတ်လူတို့ သုံးဆောင်တဲ့ ကျောက်
လက်နက်တွေကိုပြရင်း ဘူမိဗေဒပိုင်းဆိုင်ရာကို ကျုပ်နဲ့
ဆွေးနွေးလေ့ရှိတယ်၊ ဒီနေရာမှာ တိုတိုနဲ့အကြုံးဝင်တဲ့စကား
ကိုပြောရရင် ကိုကြီးခိုင်ဟာ ဘူမိဗေဒဘာသာရပ်ကိုလည်း
တီးမိခေါက်မိတယ်ပေါ့ ကိုဇော်မြင့်ဝင်း"

"ဆက်ပြောပါ ... ကျွန်တော်သဘောပေါက်ပါတယ်"

"ကိုကြီးခိုင်ဟာ အစိုးရလခစားတစ်ယောက်တော့ မဟုတ်
ဘူး ... ဒါပေမဲ့ ... သူ့ရဲ့တူးဖော်တွေ့ရှိတဲ့ သမိုင်းဆိုင်ရာ
အထောက်အထားတွေက တော်တော်ပဲ နိုင်ငံမှာ အကျိုးရှိ
လေတော့ ကိုကြီးခိုင်တူးဖော်ရေးလုပ်ငန်းမှန်သမျှကို အစိုးရ
က အားပေးထားတယ် ငွေကုန်ကြေးကျခံပေးတယ်၊ လွန်
ခဲ့တဲ့ လေးလလောက်က ကိုကြီးခိုင်ဟာ မြစ်ကြီးနားဘက်
မြစ်ဆုံနေရာမှာ ရှေးခေတ်လူတွေရဲ့ တည်ဆောက်ခဲ့တဲ့ မြို့
တစ်မြို့ရှိတယ်လို့ အထောက်အထားတွေနဲ့ အစိုးရကိုတင်
ပြတယ် ... အစိုးရကလဲ တူးဖော်ဖို့သဘောတူတယ် ဒါပေမဲ့
သူတို့တူးဖို့ နေရာက တောတွေတောင်တွေနက်ပြီး
သောင်းကျန်းသူတွေရှိတဲ့နေရာပဲ ဒါပေမဲ့ ကိုကြီးခိုင်က သူ
ဟာအစိုးရလခစားတစ်ဦးမဟုတ်ဘူး ... သူလုပ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဟာ နိုင်ငံတစ်ခုလုံးနဲ့ဆိုင်တဲ့ သုတေသနလုပ်ငန်း သောင်းကျန်းသူကိုလဲ သူကကြောက်စရာမရှိဘူးဆိုပြီး အစိုးရကထည့်ပေးတဲ့ တူးဖော်ရေးမှူး ဘယ်သူ ... အဲ ဘယ်သူပါလိမ့်၊ ပါးစပ်ဖျားမှာတောင် မေ့နေတယ်"

"ဦးလှဘူးတဲ့"

ဟု ကျွန်တော်ဝင်ရောက်ထောက်ပေးသည်။ ဦးမြင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ကျွန်တော်သည် ဟံသာဝတီသတင် စာဖတ်ခဲ့သောကြောင့်ဝင်၍ ထောက်ပေးနိုင်ခြင်းဖြစ်ပေသည်

"အဲ ... ဦးလှဘူးနဲ့ ကိုကြီးခိုင်ဟာ မြစ်ဆုံဒေသရဲ့မြော ဘက်အတွင်းကျကျမှာ တူးဖော်ဖို့နေရာရှာကြတယ် တူ ဖော်ဖို့ နေရာရွေးချယ်တာက ကိုကြီးခိုင်ရဲ့ အလုပ်လေ ကိုကြီးခိုင် လိုချင်တဲ့ပုံစံအတိုင်း တူးဖော်ပေးဖို့က ဦးလှ ရဲ့အလုပ်၊ ဒါ့ကြောင့် တူးဖော်ဖို့နေရာရွေးတဲ့အခါမှာဦးလှ က လိုက်လေ့မရှိဘူး၊ စခန်းမှာပဲနေခဲ့တတ်တယ်၊ ကိုကြီး ခိုင်က တူးဖော်ရေးအလုပ်သမားသုံးလေးယောက်နဲ့ တောထဲမှာမြေပုံညွှန်းနဲ့လိုက်ကြည့်ရတယ် အဲဒီမှာ ကိုကြီးခိုင်ဟာ နေရာရွေးရင်း ဘာကိုတူးမိတယ်ထင်သ ကိုဇော်မြင့်ဝင်း"

ကျွန်တော်က မဖြေတတ်၊ ပခုံးသာတွန့်ပြလိုက် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိနေမိသည်။ ဦးမင်းဒင်ေ ဦးဝေဇင်က သူ၏ကိုယ်ကြီးကိုရှေ့သို့ကိုင်းကာ အားရပါးရ လိုက်ပါတော့သည်။



"သိုရီယန် (THORIUM) ပါတယ်လို့ ထင်ရတဲ့ကျောက်ကို တူးမိတယ် ကိုဇော်မြင့်ဝင်း"

"သိုရီယန်"

"သိုရီယန်ဆိုတာ ဘာလဲလို့ ကိုဇော်မြင့်ဝင်း နားလည်မှာ တော့ မဟုတ်ဘူး ... ဒါကဘူမိဗေဒဆိုင်ရာပဲကိုး ... အကြမ်း ဖြင်းပြောရရင် သိုရီယန်ဆိုတာဟာ ယူရေးနီးယန်း (URA-NIUM) နဲ့ညီအစ်ကိုတော်စပ်တဲ့ ဓာတ်တစ်မျိုးပဲ"

ဤဘာသာရပ်သည် ကျွန်တော်၏အနေနှင့် မည်သို့မျှ ကျွမ်းကျင်သော ဘာသာရပ်မဟုတ်သောကြောင့် ကျွန်တော်က နားသာထောင်နေရတော့သည်။

"တလောကဆောင်းပါးတစ်ခု ကိုဇော်မြင့်ဝင်း ဖတ်မိမှာ ပေါ့ ဩစတေးလီးယားနိုင်ငံမှာ သံကြောတစ်ခုတွေ့တာ နဲ့နိုင်ငံတစ်ခုလုံးရဲ့ တိုးတက်ကြွယ်ဝမှုကို သူ့ရဲ့အစိုးရနဲ့ ပြည်သူက အားတက်သရော ဖြစ်ရတာမျိုးလေ"

"ဟုတ်ကဲ့ ... ဖတ်ရပါတယ်"

"တကယ်လို့ ကိုကြီးခိုင်ပေးလိုက်တဲ့ နမူနာကို ဆန်းစစ် ပြီး အဲဒါဟာ ကိုကြီးခိုင်ယူဆသလိုသာ သိုရီယန်ဖြစ်နေ ရင် ကျွန်တော်တို့ တိုင်းပြည်အတွက် လက်ခမောင်းခတ် နိုင်စရာပေါ့ဗျာ ... ဩစတေးလီးယားနိုင်ငံထက်တောင် မှ ကျွန်တော်တို့က ပိုပြီးဝမ်းသာစရာဖြစ်နေတယ်၊ သံကြော ထက် အဖိုးတန်တဲ့အတွက်ပေါ့ ဒါပေမဲ့ ပဏ္ဍည်းက နမူနာယူ ပြီး ဓာတ်ခွဲခန်းမှာ ခွဲမကြည့်သရွေ့ သိုရီယန်ဖြစ်ပါတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ မပြောနိုင်ဘူး၊ အဲဒီမှာတင် ကိုကြီးနိုင်ခမျာ အကျပ်ရိုက်နေတယ်၊ ကိုကြီးနိုင်ဟာ တိုင်းပြည်အကျိုးရှိမယ့် ကိစ္စဆိုရင် အစိုးရကိုတင်ပြချင်တယ်၊ ဒါပေမဲ့ ဒီကျောက် ကြောထဲမှာ သိုရီယန်ပါတယ်ဆိုတာက သူရဲ့အထင် လောက်သာရှိနေတယ်၊ တကယ်တန်းဓာတ်ခွဲပြီးမှ သိနိုင် မယ်၊ သူကမရေမရာနဲ့ အစီရင်ခံစာတင်တတ်တဲ့လူမျိုးမှ မဟုတ်တာ၊ အဲဒီအချိန်မှာပဲ မိမိနိုင်က သူ့အဖေကိုကြီးနိုင် ဆီကိုရောက်သွားတယ်၊ ဒီလောက်လှတဲ့ အမျိုးသမီးက လေးတစ်ယောက် မြစ်ဆုံရဲ့ဟိုမြောက်ဘက်တောထဲကိုမှ ရောက်လာတာကို ကိုကြီးနိုင်က သမီးရင်းဖြစ်နေတော့ သိပ် ပြီးစိုးရိမ်သွားရပြန်တာပေါ့ ကိုဇော်မြင့်ဝင်း အဲဒီနေရာမျိုးမှာ က သောင်းကျန်းသူကလဲရှိနေတယ် မဟုတ်လား"

"အင်မတန် စိတ်ဝင်စားဖို့ကောင်းပါတယ် ခင်ဗျား၊ ဆက်ပြီး သာပြောပါ၊ ကျွန်ပေ့ာ် နားထောင်နေပါတယ်"

ဟု ကျွန်တော်က စကားကို ထောက်ပေးလိုက်ပေ သည်။

"အဲဒီမှာတင် ကိုကြီးနိုင်က ကျုပ်ကိုသတိရလာတယ်၊ တစ် ချက်ခုတ်နှစ်ချက်ပြတ်ပေါ့ဗျာ၊ သူတွေ့ရှိထားတဲ့ သိုရီယန် ဓာတ်ပါတဲ့ ကျောက်ခဲတတုံးရယ်၊ အဲဒီကျောက်ခဲ တွေ့ရ တဲ့ နေရာအမှတ်အသားရယ်ကို အသင့်အနားမှာရှိတဲ့ စာ အုပ်တစ်အုပ်ပေါ်မှာ မြေပုံကြမ်းဆွဲပြီး မိမိနိုင်ကို ကျုပ်ဆီ လွှတ်ဖို့ကြံစည်တယ်၊ မိမိနိုင်ကိုလဲ သူနေတဲ့နေရာက ထွက်



သွားရလေအောင် ဒီကျောက်ခဲကိုလည်း ကျုပ်က စမ်းသပ် ပြီး အဖြေရလေအောင် ကိုကြီးနိုင်က ကြံစည်ခဲ့တာပါ၊ ဒီ ကျောက်ခဲထဲမှာ သူမျှော်လင့်တဲ့အတိုင်း သိုရီယန်ဓာတ်တ ကယ်ပါလေမှ အစိုးရကို သူကမျက်နှာလုပ်ပြီး တင်ပြထိုး အပ်လိုတဲ့ သဘောပါပဲ"

"ဒါပေမဲ့ ... အဲဒီသတင်းဟာ ပေါက်ကြားသွားတယ် ကိုဇော် မြင့်ဝင်း၊ ဒီသတင်းကို တူးဖော်ရေးမှူး ဦးလှဘူးဟာ ကိုကြီး နိုင် နောက်ကလိုက်တဲ့ အလုပ်သမားတစ်ဦးဦးဆီက တဆင့် ရိပ်မိသွားပုံပဲ၊ မိမိနိုင်ရဲ့လက်ထဲမှာ သိုရီယန်ကြောတွေ့တဲ့ မြေပုံကြမ်းရယ်၊ နမူနာကျောက်ခဲရယ် ယူပြီးထွက်လာတဲ့ နေ့ရဲ့ နောက်တစ်နေ့မှာပဲ ဦးလှဘူးဟာ သူလဲ မြစ်ကြီးနား မှာ ကိစ္စတစ်ခုရှိတယ် သွားဦးမယ်ဆိုပြီး ထွက်သွားသတဲ့။ အဲဒီလို ဦးလှဘူး ထွက်သွားတာကို ကိုကြီးနိုင်က မသင်္ကာ ဘူး၊ ကိုကြီးနိုင်အနေနဲ့လဲ ထပ်လိုက်လာလို့မဖြစ်ဘူး၊ လုပ် ငန်းက တန်းလန်းကြီးဖြစ်တဲ့အပြင် သူရော၊ ဦးလှဘူးရော လုပ်ငန်းပစ်ပြီး တခြားသွားနေတဲ့အဖြစ်မျိုးလဲ မခံနိုင်ရှာဘူး၊ ဒါကြောင့် ကျုပ်ဆီကို အကျိုးအကြောင်းတယ်လီဖုန်းပြော လို့ရတဲ့နေရာက တယ်လီဖုန်းနဲ့လှမ်းအကြောင်းကြားတယ်၊ ကိစ္စအားလုံးတယ်လီဖုန်းထဲက ပြောပြတယ်၊ ဒါကြောင့် ကျုပ်က အားလုံးသိရတာပေါ့၊ အဲဒီမှာတင် မိနိုင်အတွက် ကျုပ်ပူလာရတော့တယ်၊ ကျုပ်လက်ထဲကိုမြေပုံကြမ်းနဲ့ ဓာတ်ခွဲကြည့်ဖို့ နမူနာရောက်မလာဘဲ သောင်းကျန်းသူ

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲရောက်သွားရင် မခက်ဘူးလား၊ ဦးလှဘူးဟာ ဘယ်လိုအကြံအစည်နဲ့ မိနိုင်နောက်ကိုလိုက်မှန်းမှ မသိတာ အဲဒီတော့ ကိုကြီးနိုင်ရဲ့ အပြောအရ ဦးလှဘူးထက်တစ်နေ့စောပြီး မိနိုင်ကထွက်လာတာမို့ မြစ်ကြီးနားနဲ့ မန္တလေး ကြားလမ်းမှာတော့ ဦးလှဘူးက မိနိုင်ကို မိနိုင်စရာမရှိဘူး မိချင်းမိရင် မန္တလေးမှာ သောင်တင်နေမယ့် မိနိုင်ကို မန္တလေးမှာ မိနိုင်တယ်၊ ဒါ့ကြောင့် ကျုပ်ကမန္တလေးကိုမီရေလေယာဉ်ပျံနဲ့ လိုက်လာခဲ့တာပဲ ကိုဇော်မြင့်ဝင်း"

ကျွန်တော်သည် စီးကရက်ကို ဆေးလိပ်ပျာခံခွက်မတွေ့သည်မို့ ကြမ်းပြင်တွင်ချကာ ဖိနပ်နှင့် နင်းလိုက်ပေသည်။ ဦးမင်းဒင်အား ဦးဝေဇင်အဖြစ် ကျွန်တော်ယုံကြည်စပြုမိသည်။ သူပြောပြသော ဇာတ်လမ်းသည် ကျွန်တော်တွေ့ရှိခဲ့သလောက်နှင့် တိုက်ဆိုင်မှုများစွာရှိကာ အကျိုးအကြောင်း ဆီလျော်ပေသည်။

ဦးဝေဇင်က ဆက်၍ပြောပြန်၏။

"ခက်နေတာက တူမကို ဦးလေးကမသိ၊ ဦးလေးကိုတူမက မသိတဲ့ သက်အခဲပဲဗျ၊ နောက်တစ်ခုခက်နေတာက ဦးလှဘူးဆိုတဲ့လူကိုလဲ ကျုပ်ကမသိဘူး၊ မမြင်ဘူးဘူး မဟုတ်လား၊ မိမိနိုင်ကို ကျုပ်ကဆက်သွယ်မိဖို့ ကြိုးစားတုံးမှာပဲ ဦးလှဘူးဟာ ဆက်သွယ်မိတယ်၊ အဲဒီဦးလှဘူးဆိုတာ ဘယ်သူလဲဆိုတာ ကိုဇော်မြင့်ဝင်း ရိပ်မိရဲ့လား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဦးလှဘူးဆိုတဲ့လူဟာ ကျွန်တော်တို့က "ကိုသူရ" အဖြစ်



သိနေတဲ့ လူပဲ မဟုတ်လား ဦးဝေဇင်"

"သိပ်ဟုတ်တာပေါ့၊ သူကမိနိုင်ကို အရင်ဆက်သွယ်မိပြီး လုပ်ဇာတ်တစ်ခုခင်းပြလိုက်တယ်၊ ဦးမြနိုင်ဟာ သူ့သမီးမိမိနိုင်ကို စိတ်မချလို့ နောက်ထပ်ပြီး သူ့ကိုလွှတ်လိုက်တယ်၊ မန္တလေးမှာ မိမိနိုင်ဆီကို သူရဲ့ဦးလေးယောင်ဆောင်ပြီး လူတစ်စုဟာ မိမိနိုင်လက်ထဲက ပစ္စည်းတွေကိုရယူဖို့ ကြိုးစားနေကြတယ်၊ ဒါ့ကြောင့် သူက မိမိနိုင်ကို စောင့်ရှောက်ရအောင် ဦးမြနိုင်က လွှတ်လိုက်တာလို့ပြောတယ်၊ သူ့နာမည်တမင်ပြောင်းပြီး စောင့်ရှောက်ပေးရတယ်ပေါ့"

မှန်လောက်ပေသည် မိနိုင်သည် စကိုဒါကားနှင့် ကျွန်တော်ကင်းတားသို့ ထွက်ရန်ဟန်ပြင်နေစဉ် ဘုမသိဘမသိ ကျွန်တော့်အား လာရောက်ဆက်သွယ်ခဲ့သည်။ သူမအတွက် ကျွန်တော်သည် အဖော်ကောင်းတစ်ယောက် အားကိုးရာတစ်ယောက်ဖြစ်နိုင်အောင် သွေးဆောင်ခဲ့သည်။ မန္တလေးမှ ကင်းတားသို့ကားစထွက်တည်းက သူမသည် သူမ၏နောက်၌ ကပ်ပါလာလေမည့် အန္တရာယ်ကို စိုးရွံ့ထိတ်လန့်စွာ နောက်ပြန်တကြည့်ကြည့်ဖြစ်နေခဲ့သည်များကို ကျွန်တော်ပြန်လည်မြင်ယောင်မိရသည်။

"ကျွန်တော့် အပိုင်းတွေကတော့ ကိုဇော်မြင့်ဝင်းက အသိဆုံးပဲပေါ့ဗျာ၊ ကျုပ်မိမိနိုင်ကို ဆက်သွယ်ဖို့ကြိုးစားတဲ့အခါမှာ ကိုသူရလို့နာမည်ပြောင်းထားတဲ့ ဦးလှဘူးစကားက မိနိုင်ကို ဇဝေဇဝါဖြစ်ပြီး ကျုပ်ကိုတောင်ကြောက်နေတယ် အကာပ်မခံဘူး၊ ဒါပေမဲ့ မိမိနိုင်မှာ ချိုးမွမ်းစရာတစ်ခုတော့ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေက သူ့ကိုစောင့်ရှောက်ဖို့ လွှတ်လိုက်ပါတယ်ဆိုတဲ့ ကိုသူရကိုလဲ သူမယုံဘူး၊ ဘာဖြစ်လို့ မယုံတာလဲတော့ ကျုပ်တို့ မသိနိုင်ဘူးပေါ့ဗျာ ...”

ဦးဝေဇင်၏ ဤစကားသည်လည်း မှန်လျက်ရှိပြန်သည်။ မိနိုင်သည် ကျွန်တော့်အား ပူးပေါင်းပြီး နောက်ဆုံးသူမ၏ ခန္ဓာကိုယ်ဖြင့်ပင် လိုက်လျောမှုပေးရန် ဆုံးဖြတ်ထားဟန်ရှိသော်လည်း သူမ၏အန္တရာယ်နှင့် အခက်အခဲကို ကျွန်တော်က အကြိမ်ကြိမ်မေးမြန်းခဲ့သည့်တိုင် ယုံကြည်စွာ ဖော်ထုတ်ပြောပြဖူးခဲ့ခြင်း မရှိရာပေ၊ မိနိုင်သည် အမြင်အားဖြင့် ကလေးဆန်သည်ထင်ရစေကာမူ သူမသည် အသက်သေဆုံးသွားရသည်အထိ သူမ၏ဖခင်ပေးလိုက်သောပစ္စည်းများကို ရန်သူ့လက်မရောက်ရလေအောင် လိမ္မာပါးနပ်စွာ ကျင့်သုံးသွားခဲ့ရှာသည်။

“ကင်းတားမှာ မိနိုင်သေဆုံးသွားပြီတဲ့နောက် ကျုပ်စိတ်ထဲမှာ ပစ္စည်းအားလုံးဟာ ဦးလှဘူးခေါ် ကိုသူရတို့လက်ထဲရောက်သွားပြီလို့ပဲ ယူဆမိတယ်၊ စိတ်တော့မဆိုးနဲ့ပေါ့ဗျာ အဲဒီတုန်းက ကိုဇော်မြင့်ဝင်းကိုလဲ ဦးလှဘူးတို့ အသိုက်အဝန်းထဲက တစ်ယောက်ပဲလို့ ကျုပ်ယူဆမိတယ်၊ ဒါနဲ့ ကျုပ်ကိုသူရဆီက ပြန်ရနိုင်မယ့်နည်းလမ်းကိုရှာနေမိတယ်၊ အဲဒီမှာတင် ကျုပ်မိန်းမကေသီက ဆေးရုံတင်ရပြန်တော့ ကျုပ်မှာ တပူပေါ်နှစ်ပူဆင့်ဖြစ်နေရတယ်၊ ဒေါ်ရည်မွန်ရဲ့ ပါတီပွဲကို ကျုပ်ရောက်လာခဲ့ရပြီး မိမိနိုင်ရဲ့စာအုပ်ဟာ ဒေါ်ရည်မွန်ရဲ့လက်ထဲမှာရှိမှန်း သိလိုက်ရတော့ဟော ခုချိန်



ထိ ကိုသူရတို့ သူတို့ လိုချင်တာမရသေးပါလားဆိုပြီး အားပြန်တက်လာမိတယ်ဗျ၊ ဒါပေမဲ့ ကိုဇော်မြင့်ဝင်း ကျုပ်ရဲ့ ကိုကြီးခိုင်ဟာ တောထဲမှာ ပျောက်ဆုံးနေတယ်လို့ သတင်းစာထဲပါတဲ့နေ့က ကျုပ်အားတက်မိရပြန်ရော ... ကေသီကလည်း ကောင်းကောင်းမကျန်းမာတာနဲ့ ရန်ကုန်ပြန်တာ အေးပါတယ်ဆိုပြီး ကျုပ်ရန်ကုန်ကို ပြန်လာခဲ့တာပဲ”

ဦးဝေဇင်သည် သူပါဝင်လှုပ်ရှားခဲ့ရသော အပိုင်းကဏ္ဍကို ဤမျှပင် အဆုံးသတ်ပေသည်။ ကျွန်တော်ကလည်း ကင်းတား၌၎င်း မန္တလေး၌၎င်း၊ နောက်ဆုံးရန်ကုန်ရောက်လာပြီး ဦးဝေဇင်နှင့် ယခုထိုင်၍စကားပြောနေသည်အထိ ကျွန်တော်ပါဝင်လှုပ်ရှားခဲ့ရသမျှကို ပြန်လည်ဖောက်သည်ချပြလိုက်ပေသည်။ ကျွန်တော်၏ ဘုမသိဘမသိဖြင့် ယောင်ဝါးဝါးပါဝင်လာရပုံ၊ စွန့်စားရပုံများကို ဦးဝေဇင်သည် စိတ်ပါဝင်စားစွာနားထောင်ပြီးနောက် ...

“တော်တယ် ကိုဇော်မြင့်ဝင်း တကယ်တော့ ကိစ္စတစ်ခုကို ဂဃနဏသိပြီး ပါဝင်လှုပ်ရှားရတာမျိုးဆိုတာက ကြိုတင်ခန့်မှန်းတွေးဆပြီးရှောင်နိုင် တိမ်းနိုင်တတ်တာမို့ မခဲယဉ်းဘူးပေါ့ဗျာ၊ အခုကိုဇော်မြင့်ဝင်းပါဝင်ပုံက အသည်းယားစရာကြီး တကယ်တော့ ကိုဇော်မြင့်ဝင်းကို ကိုသူရလို့ခေါ်တဲ့ ဦးလှဘူးတို့က သတ်မပစ်တာဟာ ကိုဇော်မြင့်ဝင်းလက်ထဲမှာ ရှိနေသေးတဲ့ နမူနာပစ္စည်းကြောင့်မို့ပဲ၊ ကိုဇော်မြင့်ဝင်း သေသွားတာနဲ့ ပစ္စည်းဟာ လမ်းဆုံးသွားမှာကြောက်လို့ ဒီလောက် သူတို့မျှောနေကြတာပဲဖြစ်မယ်၊ နို့ ... အဲဒီနမူနာ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလေးကော ကိုဇော်မြင့်ဝင်း ... ”

ကျွန်တော်က ပေါင်တွင်လက်ကိုင်ပဝါဖြင့် ကပ်နှိ ထားသော ကျောက်တုံးကလေးကိုယူကာ စားပွဲပေါ်သို့ တင်ပေး လိုက်ပေသည်။ ဦးဝေဇင်သည် ဖြည်းဖြည်းဆေးဆေးလေးလေးတွဲ တွဲ့ဖြင့် ကျောက်တုံးကို ကောက်ကိုင်ကြည့်လိုက်သည်။

“အင်း ... ဒီကျောက်တုံးလေးဟာ သိုရီယန်ဓာတ်ပါတဲ့ ကျောက်တုံးလေးဖြစ်မှာပါပဲဗျာ ဟုတ်မဟုတ်တော့ ဓာတ် ခွဲကြည့်ရမှာပေါ့လေ၊ ဒါပေမဲ့ ကျုပ်တို့မြန်မာတွေ ယူဆတတ် ကြတယ် မဟုတ်လား မြေတွင်းထွက်ပစ္စည်းတစ်ခုဟာ သိ အဖိုးတန်လာရင် နိုက်တတ်တယ်လို့လေ၊ အခုဆိုရင် ဒီကျောက်တုံးလေးကြောင့် ကျုပ်တူမ မိမိနိုင်ခမျာသေရှ ပြီ၊ ဘုမသိဘမသိဒေါ်ရည်မွန်ကြီးလဲ သေရှာပြီ၊ ပြီးတော့ ကိုကြီးခိုင်တစ်ယောက်လဲသေလားရှင်လားမသိရတဲ့ အခြေ အနေရောက်နေတယ်၊ ကျုပ်အဖို့တော့ ဒါလေးကို ဓာတ်ခွ ကြည့်မယ် သိုရီယမ်ဓာတ်တကယ်ပါခဲ့ရင် အစိုးရကိုဖြ ကြောင်းကုန်စင် နှုတ်သံနှောမြီး ကိုကြီးခိုင်ကိုယ်စား အ ပေးလိုက်မယ် ကိုဇော်မြင့်ဝင်း”

ယိုအပိုင်းကဏ္ဍသည် ဦးဝေဇင်၏ အပိုင်းကဏ္ဍသာ လျှင်တည်း။ ကျွန်တော့်အဖို့မူ မိခိုင် ဆောင်ရွက်ပေးစေလိုသည် ဆန္ဒအတိုင်း ကျွန်တော်ဆောင်ရွက်ပြီးစီးပြီဖြစ်၍၊ ကျွန်တော်၏ ကဏ္ဍပြီးဆုံးခဲ့လေပြီ။

“ကျွန်တော့်ကိစ္စအားလုံးကတော့ ဦးဝေဇင်ဘယ်လိုပဲ ဆော



ရွက်ဆောင်ရွက်ပေါ့ဗျာ ... ကျွန်တော့် တာဝန်တော့ ပြီးပြီ မို့ ကျွန်တော့်ကို ပြန်ခွင့်ပေးပါဦး”

ဦးဝေဇင်သည် ရင်းနှီးဖော်ရွေစွာပင် တံခါးဝအထိ ကျွန်တော်၏ပခုံးကိုဖက်ခါ လိုက်လံပို့ရှာပေတော့သည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ဦးဝေဇင်အိမ်မှ ထွက်လာခဲ့ပြီး၊ ကျွန်တော်သည် လာစဉ်ကလမ်းအတိုင်း ဗိုလ်ချုပ်ဈေး သံတံတားကြီးဘက်သို့ လျှောက်လာခဲ့တော့သည်။ ယခုကျွန်တော်တည်းခိုရာ ဟိုတယ်သို့ ပြန်မည်။ အခန်းရောက်လျှင် လေးလေးမြင့်အား အချီအနှောင်များ ဖြေပေးပြီး တောင်းပန်းစကားဆိုမည်။ ကျွန်တော်၏ တာဝန်များ ပြီးဆုံးသွားပြီ ဖြစ်ကြောင်းကိုလည်း ရှင်းပြမည်။ ထို့နောက် လေး လေးမြင့်နှင့်လမ်းခွဲကာ ကျွန်တော်၏နေအိမ်ရှိရာ ရွှေတောင်ကြား လမ်းအိမ်မှ သခင်ပြန်အလာကို စောင့်တော့မည်။

နေ့ခင်းကျောင်းလွှတ်ချိန်ဖြစ်၍ ထင်သည်။ ဆ ၁၀တ်လမ်းနှင့်ယောက်လမ်းဆုံတွင် ယာဉ်ထိန်းရဲတစ်ဦးက လက် လှုပ်ရှိပြီး၊ အခြားယာဉ်ထိန်းရဲတစ်ဦးက လမ်းဒေါင့်၌ ဝီစီပါး တွင် တပ်ခါရပ်နေသည်။

ယောက်လမ်းအား ဖြတ်ကူးမိသည်ဆိုလျှင် ကျွ



တော်နှင့်မျက်နှာချင်းဆိုင်မှ လာနေသောအမျိုးသမီးကို ကျွန်တော် တွေ့ရသည်။ ထိုအမျိုးသမီးသည် ဦးမင်းအင်ခေါ် ဦးဝေဇင်၏ဇနီး မကေသီပင်ဖြစ်ပါ၏။ သူမသည် ဂုတ်ဝဲဆံတိုနှင့်ဖြစ်သည်။ မျက်နှာ တွင် နှုတ်ခမ်းနီ မိတ်ကပ်များချယ်သထား၏။ ထမီကိုတိုတိုဝတ် ထားသည်။ လက်ထဲ၌ လက်ပွေ့အိတ်ကြီးတစ်လုံး ကိုင်ဆောင်ထား သည်။ ဦးဝေဇင်ကပြောလေသည်မှာ၊ သူ့ဇနီးမကေသီသည် မကျန်း မာဟု ဆိုခဲ့သည်။ ယခုမကေသီတွင် မကျန်းမာသော ရုပ်မျိုးမရှိ ကေတိ ကျန်းမာသူတစ်ဦးလို လှုပ်ရှားနေသည်။

"ဟော ... မကေသီပါလား ... ကျွန်တော် ... အခုပဲ မကေ သီတို့အိမ် ... "

ကျွန်တော်ကစတင်၍ နှုတ်ဆက်သည်ကို မကေသီ က ချက်ချင်းမျက်နှာလွှဲပစ်လိုက်သည်။ ထိုကြောင့် ထူးခြားလှပါ သားဟူသောစိတ်ဖြင့် စကားကိုရပ်ပစ်ခါ၊ မကေသီအား ကျွန်တော် ရူးစိုက်ကြည့်လိုက်မိသည်။ ရူးစိုက်ကြည့်လေသောအခါတွင် မကေသီ၏ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်နှင့် မျက်နှာကျပုံ အသွင် သဏ္ဌာန်သည် ကျွန်တော်၏ မျက်စိထဲ၌ ပီပြင်လာတော့သည်။

မကေသီသည် မကေသီမဟုတ်၊ မကေသီသည် "ဆိုသူငယ်" ပင်တည်း၊ မန္တလေးစိန်ပန်းရပ်တွင်မှစပြီး၊ ဘောင်းဘီ ခင်ကျပ်၊ ဂျာကင်ပွကိုဝတ်ခါ သေနတ်တစ်လက်ဖြင့် ကျွန်တော်၏ နောက်သို့လိုက်နေသော "ထိုသူငယ်" မန္တလေးကုသိုလ်တော် ဘုရားထဲတွင် ကျွန်တော့်အားခေါင်းရိုက်ခဲ့ပြီး အဝတ်အစားများ ချွတ်ယူသွားသော "ထိုသူငယ်" ဒေါ်ရည်မွန်အား ဖမ်းဆီးသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



အသေသတ်ပစ်လေသော "ထိုသူငယ်" ကင်းတားတွင် ဦးမင်းဒင်၏ဇနီး "မကေသီ" အဖြစ် အမျိုးသမီးလိုဝတ်ခါ မိမိနိုင်နောက်သို့ လိုက်ပါလာသော "ထိုသူငယ်"ယောကျ်ားပင်ဖြစ်စေကာမူ ဖြူဖြူ သွယ်သွယ်နှင့်ချောမောနုပျိုသော ရုပ်ရည်ဖြင့် ယခုလည်းမိန်းမလို ဝတ်ခါတွေ့ရသော "မကေသီ" သည်၊ ထိုသူငယ်မှန်းကျွန်တော် မျက်ဝါးထင်ထင် သိမြင်လာပါတော့သည်။

ကျွန်တော်သည် ထမီတိုတိုဝတ်ထားသော သူ၏ ...လုံးသားများကို ငုံ့ကြည့်လိုက်သည်။ ခြေသလုံးနှစ်ဖက်ဝယ် ခြေသလုံးမွေးထိုးထိုးထောင်ထောင်များကို တွေ့ရပါလေတော့ သည်။

"မင်း ... မင်း ..."

ပြောပြောဆိုဆို ကျွန်တော်သည် "ထိုသူငယ်" ဆီ သို့ တိုးကပ်သွား၏။ သူကလည်း အညှိမခံပေ။ ချက်ချင်းပင် လက် ပွေ့အိတ်ထဲသို့ လက်နှိုက်ရန်ပြင်လိုက်သည်။

သို့သော် ... ကျွန်တော်သည် ကျားနာပေတည်း ကျွန်တော်၏အလျှင်အမြန်အသွက်အလက်တို့သည် ကျွန်တော့်ဟာ ပင် ကျွန်တော်အံ့သြမိလောက်သည်။ ကြိမ်ဆတ်သော နွားပဇာ ကျွန်တော်သည် ဝုန်းခနဲ"ထိုသူငယ်" အားခုန်အုပ်လိုက်ပါသည်။ ကျွန်တော်၏လက်သီးများသည် မိုးသီးမိုးပေါက်နှယ် ဒလစပ် "ထို သူငယ်" ၏မျက်နှာပေါ် ကျရောက်သွားသည်။

ကာယဗလချင်းက ကွာသည်မို့ သေနတ်အား ဖြင့်နောက်ကသာ လိုက်ချောင်းရန် ကျွမ်းကျင်သော "ထိုသူငယ်"



...မျှ ကျွန်တော်၏လက်သီးမိုးပေါက်ကြားဝယ်ကြောင်,နှင့် ကြွက်, ...ယ် ဖြစ်ရတော့သည်။

ကျွန်တော်နှင့် ထိုသူငယ်၏ဗယုတ်ဗယက်ကြောင့် ...စီမှုတ်သံနှင့် အတူရဲသားနှစ်ဦးကျွန်တော်တို့ ဆီသို့ပြေးလာတော့ ...သည်။ ထိုသူငယ်မှာလည်း ပိုးလိုးပက်လက်ပလက်ဖောင်းပေါ်တွင် ...ကျနေတော့သည်။

ကျွန်တော်က ကျွန်တော်၏အိတ်ထဲမှ အမျိုးသား ...တ်ပုံတင်ကတ်ပြား၊ ယာဉ်မောင်းလိုင်စင်၊ စာပေလုပ်သား ကတ် ...ား စသည်တို့ကိုထုတ်ယူကာ လက်မောင်းတွင် အရစ်သုံးရစ်ပါ ...သာ ရဲသားလက်ထဲသို့ အပ်လိုက်သည်။

"ရော့ ... ဒါကိုစစ်ပါ၊ ကျွန်တော်ဟာ စာရေးဆရာ ဇော်မြင့် ဝင်းပါ၊ ရုပ်ရှင်မင်းသမီးသဇင်ရဲ့ခင်ပွန်းပါ၊ ဟောဒီလဲကျနေ တာ အမျိုးသမီးမဟုတ်ဘူး ... လူသတ်သမား၊ မိန်းမလိုရုပ် ဖျက်ဝတ်ထားတာ၊ သူ့လက်ပွေ့အိတ်ထဲမှာ ရှာကြည့်လိုင် စင်မဲ့ သေနတ်ရှိမယ်၊ ပြီးတော့ သူဟာ အမျိုးသမီး ဟုတ် မဟုတ်ပါ ဆက်စစ်ကြည့်ပါ၊ ကျွန်တော့်မှာ အင်မတန်အရေး ကြီးနေတယ်၊ ဒီဆင့်ဒဝတ်လမ်းထဲက အိမ်အမှတ်(....)ကို ခင်ဗျားတို့ ဆက်လိုက်ခဲ့ပါ၊ အင်မတန်အရေးကြီးပါတယ်၊ တိုင်းပြည်အတွက် အင်မတန်အရေးကြီးတဲ့ကိစ္စရှိနေပါ တယ်"

ဟု သေပြေးရှင်ပြေး ရှင်းပြကာ ကျွန်တော်သည် ...တောက ဦးမင်းဒင်ရှိရာ အိမ်သို့ ပြန်လည်ပြေးသွားမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဒင်သည် "ဦးဝေဇင်" မဟုတ်၊ မိခိုင်၏ဦးလေး မဟုတ်၊ ဦးမြခိုင်၏ညီ မဟုတ်၊ ထိုသူငယ်ကိုလက်ကိုင်ပြုကာ မိခိုင် အား သတ်သူ၊ဒေါ်ရည်မွန်အားသတ်သူ၊ ကျွန်တော့်အား အကြိမ် ကြိမ် အနှောင့်အယှက်ပေးသူ၊ မိခိုင်နောက်သို့ ထက်ကြပ်မကွာ လိုက်လာသူ တူးဖော်ရေးမှူး ဦးလှဘူးပင် ဖြစ်ရပေမည်။ သူခိုး လူဟစ်လေသော လူယုတ်မာကြီး ဦးလှဘူးပင်တည်း။

တံခါးဝတွင် ကျွန်တော်သည် ခေတ္တအမောဖြေ သည်။ ကျွန်တော်၏ အိတ်ထဲမှ မော်ဇာပစ္စတိုကို ထုတ်ယူလိုက် သည်။ ပြီးမှ ကျွန်တော်သည် တံခါးမခေါက်ဘဲ လူခေါ်ခေါ် လောင်း နှိပ်သီးကိုနှိပ်လိုက်သည်။

အတွင်းမှ ဦးဝေဇင်အယောင်ဆောင်ဦးလှဘူး၏ခြေ တံခါးဆီသို့ တိုးရွေ့လာသံကြားရသည်။ သူ၏အယောင်ဆောင် မကေသီခေါ် ထိုသူငယ်ပြန်လာပေပြီဟု ဦးလှဘူးအထင်ရှိဟန် သည်။ အတွင်းမှ ဦးလှဘူးသည် တံခါးဖွင့်ပေးလိုက်ပါတော့သည်။

"ဟင် ... ကိုဇော်မြင့်ဝင်း ... ပြန်လာ"

သူ၏စကားမဆုံးပါချေ၊ ကျွန်တော်၏သေနတ် လက်သည် သေနတ်ပြားဖြင့်ပင် ဦးလှဘူး၏မေးရိုးဆီသို့ ပင့် ရိုက်မစ်လိုက်သည်။ ခွပ်ခနဲအသံနှင့်အတူ ဦလှဘူး နောက်လန် သွားသည်။ ကျွန်တော်သည် တံခါးကိုခြေနှင့်နောက်ပေါက်ကန် ပိတ်လိုက်ပြီး ဦးလှဘူးဆီသို့ ထပ်မံတိုးသွားပြန်သည်။

ပြီးလျှင် ... ထပ်ရိုက်သည်။ ထပ်ရိုက်ပြီးလျှင် ရှပ်ပင်ရိုက်ပစ်ပြန်၏။



ကြမ်းပေါ်တွင် ဦးလှဘူးသည် ဖွဲ့ အိတ်ဖြစ်သွားရ လေပြီ၊ မလှုပ်မရှားတော့၊ လူကောင်ကြီးထွားကျိုင်းသော်လည်း ဦးလှဘူးသည် ခံနိုင်ရည်နည်းရှာသည်။ မေးရိုးနှင့်ဦးခေါင်းကို သုံးချက်ဆက်ရိုက်ရုံနှင့် သတိမေ့မျှောလျှက်ရှိပေပြီ။ ကျွန်တော် သည် ဦးလှဘူး၏အိတ်ထဲကို ရှာဖွေကြည့်သည်။ သေနတ်တစ်လက် တွေ့ရသောကြောင့် နှိုက်ယူသိမ်းဆီးထားလိုက်သည်။ တွေ့ကရာ ကြိုးများကို ရှာယူကာဦးလှဘူးအား ဝက်တုတ်,တုတ်ထားလိုက် သည်။

စိတ်ချရမှ ကျွန်တော်သည် ဓာတ်ခွဲခန်းထဲသို့ ဝင် လာခဲ့သည်။ ကျွန်တော်ပေးအပ်ခဲ့သော သိုရိုယမ်ကျောက်တုံးက လေးသည် စားပွဲပေါ်၌ပင် ရှိနေ၏။ ပြတင်းမှဝင်လာသော ရောင်ဖြင့် ထိုကျောက်ခဲလေးသည် အရောင်များဖြာထွက်လျှက် နေလေသည်။ ခိုက်လွန်းသော ထိုကျောက်တုံးကလေးမှာ ကျောက်မပျက်စားပွဲပေါ်၌ ရှိနေသည်ကိုတွေ့ရမှ ကျွန်တော်စိတ် အေးသွားရတော့သည်။

ကျွန်တော်သည် စီးကရက်တစ်လိပ်ကိုထုတ်ကာ ဖွာသောက်ရင်း ထိုင်ခုံတွင်ထိုင်ချရင်း စဉ်းစားရပြန်သည်။ အဖြစ်အပျက်တို့မှာ ကောင်းသော အချိန်အတွင်းမှာပင် တကွက်ပြီးတစ်ကွက်ပြောင်း သွားနေသည်။ အကွက်မှာ အကွက်ဆန်းချည်းသာဖြစ်လေသည်။ တို့၏ ဆင်ကွက်တွေမှာ နက်နဲလွန်းလှသည်။

ကောင်းပေပြီ။ ဦးလှဘူးသည် ကျွန်တော့်အား သူ့ ချိန်းဆိုချိန်ဝယ် "ထိုသူငယ်" ကိုဘာများလုပ်ဖို့ အစီအစဉ်ချ

www.burmeseclassic.com

www.burmeseclassic.com



ပေးလေသနည်း။ ကျွန်တော်နှင့်လေးလေးမြင့် လေယာဉ်ဖြင့် ရောက်လာကာ အိုရီရင့်တွင် တည်းခိုမှန်း ဦးလှဘူး မသိမည်မဟုတ် ယင်းသို့ဆိုလျှင် ဟိုတယ်၌ကျန်ခဲ့သော လေးလေးမြင့်အား "ထိ သူငယ်" ဘာတွေများသွားလုပ်ခဲ့လေသနည်း။ လေးလေးမြင့် အတွက် ကျွန်တော်စိတ်ပူရပြန်သည်။ ထို့ကြောင့် တယ်လီဖုန်းဆ သွားကာ အိုရီရင့်အားဆက်လိုက်ပေသည်။ ကျွန်တော်သည်ဟိုတယ် မန်နေဂျာအား ကျွန်တော်၏ အခန်းထဲ၌ချိန်နှောင်ထားခဲ့သော အမျိုးသမီးအား သွားရောက်ဖြေပေးစေရန်နှင့် ဆင်းဒဝတ်လမ်း အိ အမှတ်(.....)သို့ လေးလေးမြင့်အား ချက်ချင်းလွှတ်ပေးပါရ အကြောင်းကြားရတော့သည်။

ဦးလှဘူးသည် မိခိုင်နောက်မှ မကောင်းကြံသော အကြံအစည်နှင့် လိုက်ပါခဲ့မှန်း ကျွန်တော်သိရပေပြီ။ ယင်းသို့သ ဆိုပါက လေးလေးမြင့်သည် မည်သည့်ပုံစံဖြင့် ဤဓာတ်ရုပ်ထဲ ဝင်လာခြင်းပေနည်း။

တစ်ခုပဲရှိ၏။ လေးလေးမြင့်သည် မိခိုင်၏ဦးလေ ဦးဝေဇင်အစစ်၏ ဘက်တော်သားတစ်ဦးသာဖြစ်ရမည်။ မိခိုင်လ မှ သူတို့ရသင့်ရထိုက်သော ပစ္စည်းနောက်သို့ ဦးဝေဇင်အစစ် လည်း လိုက်နေရခြင်း ဖြစ်ရမည်။

ဦးဝေဇင် အစစ်။

နို့ ... ဦးဝေဇင်အစစ်သည် ဘယ်မှာလဲဟု ကျွ တော်ပြန်မေးကြည့်မိသည်။ ဦးဝေဇင်အားတွေ့ဆုံဖို့တွင် ဦးဝေ အတု ဦးလှဘူးအား သဲလွန်စအဖြစ် ကျွန်တော်ထားကြည့်သည်



ဦးလှဘူးသည် ဦးဝေဇင်အစစ်အား အချိန်မီ ဖမ်းဆီးကာ ဦးဝေဇင် ၏နေရာတွင် ဝင်၍ဟန်ဆောင်ခဲ့သူဖြစ်သည်။ ဦးဝေဇင်အစစ်၏ ဤ အိမ်ခဲတစ်နေရာရာတွင် ရှိနေရပေမည်။ ကျွန်တော်သည် သေနတ် ကိုလက်ကမချဘဲ အိပ်ခန်းထဲဆီသို့ ဝင်၍ ရှာဖွေသည်။ မတွေ့။ ရေချိုးခန်း၊ မီးဖိုခန်းများတွင် ရှာဖွေပြန်သည်။ မတွေ့။

ဓာတ်ခွဲခန်းထဲသို့ ပြန်လာခဲ့ပြန်သည်။ ယခုမှ ကျွန် တော်သတိထားကြည့်မိ၏။ ဤဓာတ်ခွဲခန်းထဲဝယ် လူတစ်ရပ်သာ သာ သံမဏိဗီရိုကြီးတစ်လုံးရှိနေသည်။ သော့ခတ်ထားသော်လည်း သော့တန်းလန်းနှင့်ဖြစ်၏။

ကျွန်တော်သော့တန်ကိုလှည့်ကာ ဗီရိုကို ဖွင့်လိုက် သည်။

မျှော်လင့်ထားသည့်အတိုင်းပင် ရှေ့သို့ လူတစ်ဦး၏ ခန္ဓာကိုယ်ကြီး လိမ့်ထွက်လာသည်။ ထိုလူ၏ ပါးစပ်များ ပိတ်ဆို့ ချည်းနှောင်ထားသည်။ လက်နှင့်ခြေများကိုလည်း တုတ်ထား၏။ ကျွန်တော်သာ အချိန်မီမဖွင့်လျှင် လေလုံသံမဏိ ဗီရိုထဲဝယ် ထို လူခမျာ သေဆုံးနိုင်လောက်သည်။

သို့သော် ထိုလူသည် ယခုအချိန်ထိ အားအင် ကုန် ခန်းပုံရသော်လည်း သတိမလစ်သေးပေ။ ကျွန်တော်က ပါးစပ်မှ အပိတ်အဆို့များကို ဦးစွာဖယ်ရှားပစ်လိုက်သည်။ ထိုလူက ပိတ် ထားသော မျက်လုံးကိုဖွင့်ကာ ကျွန်တော့်အား ကြည့်လိုက်သည်။ ကျွန်တော်ကလည်း ထိုလူအား မျက်နှာချင်းဆိုင် ကြည့်လိုက်ပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကာ ဦးဝေဇင်အစစ်ပေတည်း။ ဦးဝေဇင်အစစ်ဆိုသူမှာလည်း ကျွန်တော်တို့၏ "ကိုသူရ"ကြီးပင်တည်း။ ယင်းအချိန်မှာပင် ကျွန်တော် နောက်ပြန်ကန်၍ ပိတ်ထားသော တံခါးသည် သော့မခတ်ထားသောကြောင့် တံခါးဖွင့်ဝင်လာသူကို ကျွန်တော်မြင်ရပေ၏။ လေးလေးမြင့်ပင် ဖြစ်တော့သည်။ လေးလေးမြင့်နှင့်အတူး လက်နက်ကိုင်ရဲအရာရှိတစ်ဦးနှင့် ရဲသားအချို့ ပါလာကြလေတော့၏။

⌘



## အခန်း (၂၂)

ကျွန်တော်၏မျက်စိထဲတွင် တစ်ကွက်ဆန်းလျှင်တွေ့ရပြန်ပေပြီ။ ရဲအရာရှိနှင့် ရဲသားတို့သည် ထုံးစံအတိုင်း ဦးလှဘူးနှင့် "ထိုသူငယ်" ကိုဖမ်းဆီးလေသည်မှာ အဆန်းမဟုတ်၊ ဆန်းနေသည်က ရဲအရာရှိကိုယ်တိုင် လေးလေးမြင့်အား ကျိုးနွံစွာ ဆက်ဆံကာ လေးလေးမြင့် ညွှန်ကြားချက်ကလေးများအတိုင်း လုပ်ဆောင်လျှက်ရှိနေသည်ကို တွေ့ရသည့်အဆန်းကိုသာကျွန်တော်ဆိုလိုပါ၏။

မကြာမီပင် လက်ထိတ်တန်းလန်းနှင့် ဦးလှဘူးသည် ရဲအရာရှိ၊ ရဲသားများနှင့်အတူ ပါသွားလေတော့သည်။

အိမ်ကြီးထဲတွင် ကျွန်တော်၊လေးလေးမြင့်နှင့်ကိုသူရခေါ် ဦးဝေဇင်အစစ်သာ ကျန်ခဲ့တော့သည်။ ဦးဝေဇင်က ကျွန်တော့်အား ပြုံးကြည့်လိုက်ပေသည်။

"ဘယ်နှယ့်လဲဇာတ်ရှည်လယ်ပြီမဟုတ်လားကိုဇော်မြင့်ဝင်း"

"အကုန်လုံးတော့ မလယ်သေးဘူး၊ ကိုသူ အဲ ... ဦးဝေဇင်၊

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဦးဝေဇင်နဲ့လေးလေးမြင့်တို့ ဒီအထဲမှာ ပါဝင် လှုပ်ရှားလာကြတဲ့ အပိုင်းမှာပေါ့ ...”

ဟု အစချီကာ ဦးလှဘူးပြောပြသော ဇာတ်လမ်းကို ကျွန်တော်က အသေးစိတ်ပြောပြလိုက်ပေသည်။ ကျွန်တော်၏စကားအဆုံး၌ ဦးဝေဇင်က ဆက်လက်ရှင်းပြပေသည်။

“ကျုပ်တူမ, မိမိခိုင် မသေဆုံးမီ မြစ်ကြီးနားက ကင်းတားအရောက်အထိ ဦးလှဘူး ပြောပြသွားတာတွေဟာ အမှန်ပဲ၊ သူ့ကိုယ်သူ ဦးဝေဇင်အနေနဲ့ ပြောသွားတဲ့နေရာမှာ ကျုပ်လုပ်ဆောင်ရတာတွေဖြစ်ပြီး သူလုပ်ဆောင်သမျှကို ကျုပ်ကလုပ်တဲ့အနေနဲ့ ပြောသွားတာပဲကွာပါတယ်၊ မိမိခိုင်ဟာ ကျုပ်ကို ဦးလှဘူးစကားအရ ဦးလေးယောင်ဆောင်လာတဲ့လူလို့ ထင်နေတယ်၊ ဦးလှဘူးကိုတော့ သူ့အဖေနဲ့အတူ မြစ်ဆုံမှာ တွေ့ရဖူးထားလေတော့ ဦးလှဘူးကို ကျွန်တော့် ထက်စာရင် မိခိုင်က နည်းနည်းပိုယုံပုံရတယ်၊ ကျုပ်ကလဲ ဦးလှဘူးရဲ့ ခြေလှမ်းကိုပဲ စောင့်ကြည့်နေရတာ၊ မိခိုင်ကင်းတားရောက်တဲ့ညက ဦးလှဘူးဟာ မိခိုင်ရဲ့အခန်းကို ဝင်ကပ်တယ်၊ မိခိုင်ကတံခါးဖွင့်မပေးဘူး၊ ဒါနဲ့နောက်တစ်နေ့မနက်မှာ ကင်းတားဆည်ဘောင့် တောတန်းစပ်မှာ အရေးကြီးတဲ့စကားပြောစရာရှိလို့တွေ့ကြမယ်ဆိုပြီး ချိန်းသွားတယ်၊ အဲဒီညက မိခိုင်အခန်းဘေးမှာ လူကပ်နေတာ ကိုဇော်မြင့်ဝင်းအပြန်မှာ တိုးမိသေးတယ် မဟုတ်လား၊ အဲဒီ ဦးလှဘူးရဲ့နောက်ကို ခြေရာခံလိုက်နေရတဲ့ ကျုပ်ပါပဲ



ကိုဇော်မြင့်ဝင်း ...”

“နောက်တစ်နေ့မနက်မှာ ... ကျွန်တော်က နည်းနည်းအရောက်နောက်ကျသွားတယ်၊ပုံပန်းမှာ မိခိုင်ဟာ ဦးလှဘူးက သူရဲ့အဖေနဲ့အလုပ်တွဲဖက်မို့ အရေးကြီးတဲ့စကားပြောစရာရှိတယ် ဆိုတာကိုလဲ နားထောင်ချင်ပုံရတယ်၊ ဒါကြောင့် ကိုဇော်မြင့်ဝင်းကို ကင်မရာယူခိုင်းပြီး ပ,ထုတ်လိုက်တာ၊ သူ့ဆီမှာရှိတဲ့ သူ့အဖေပေးလိုက်တဲ့ ပစ္စည်းမှန်သမျှကိုလည်း မသိမသာ ကိုဇော်မြင့်ဝင်းလက်အပ်လိုက်တဲ့သဘောပဲ ထင်ပါရဲ့၊ ကလေးမရဲ့ စိတ်ထဲမှာ ဦးလှဘူးလိုလူကတော့ သူ့ကိုသတ်ပစ်လိမ့်မယ်လို့ မျှော်လင့်ထားဟန်မတူဘူး၊ ဒါကြောင့် စကားပြောပြီးလောက်တဲ့အချိန်နဲ့ ကိုဇော်မြင့်ဝင်း ပြန်ရောက်လောက်တဲ့ အချိန်ကိုကိုက်ပြီး ကိုဇော်မြင့်ဝင်းကိုလွှတ်လိုက်တာ၊ သဘောကတော့ ဦးလှဘူးက သူ့အဖေပေးလိုက်တဲ့ ပစ္စည်းတွေလုံခြုံမှုအတွက် သူ့လက်ကိုအပ်ပါဆိုလည်း မိခိုင်လက်ထဲမှာ ဒီပစ္စည်းနှစ်ခုလုံးက ရှိမနေတော့ဘူးလေ၊ ပြီးမှ ကင်းတားတစ်နေ့နဲ့ မန္တလေးတစ်နေ့မှာ ကိုဇော်မြင့်ပင်းကို အဖော်လုပ်ထားပြီး လေယာဉ်လက်မှတ်ရတဲ့နေ့ ရန်ကုန်မှာရှိတဲ့ သူ့ဦးလေးဆီသွားမယ်လို့ ဆုံးဖြတ်ထားတယ် ထင်ပါရဲ့”

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ လေးလေး ...သည် ကျွန်တော့်အား ငေးငေးမောမောလေး ကြည့်နေရှာပေ ... သူငယ်မသည် သူမအားရိုက်ပြီး အခန်းထဲ၌ တုပ်လှောင်ချိ

www.burmeseclassic.com

www.burmeseclassic.com



နှောင်ခဲ့သည်ကိုများ မကျေမနပ်တွေးနေလေသလားမသိ။

"အဲဒီနောက် ဦးလှဘူးနဲ့တွေ့ကြမှာပေါ့၊ မိခိုင်ကပစ္စည်းတွေ သူ့မှာမရှိတဲ့ အကြောင်းပြောတာကိုမယုံဘဲ ဦးလှဘူးက မိ ခိုင်လက်ပွေ့အိတ်အနီကို အရယူပြီး ဆည်မြောင်းထိပ်ကနေ တွန်းချလိုက်ပုံပဲ ကိုဇော်မြင့်ဝင်း"

ကျွန်တော်က မျက်ခုံးများကို ပင့်တင်လိုက်မိသည်။

"ဒါပေမဲ့ အဲဒီလက်ပွေ့အိတ်အနီဟာ ကိုသူရအနေနဲ့ ကျွန် တော့်ကိုခေါ်သိပ်တဲ့ညက တစ်ထပ်တိုက်အိမ်ကလေးရဲ့ ဧ ချိုးခန်းထဲမှာ တွေ့ခဲ့ရပါလား ဦးဝေဇင်"

"ကျုပ်ပြောခဲ့ပြီကော၊ ဦးလှဘူးနဲ့ မိမိခိုင် ချိန်းဆိုထားတဲ့ နေရာကို ကျုပ်ကအရောက်နောက်ကျသွားပါတယ်လို့၊ ပြီး တော့ ကျုပ်အနေနဲ့က သွားရိုးသွားစဉ်လမ်းအတိုင်း လိုက် လို့မရဘူး၊ တောတန်းကိုကွယ်ပြီး သူတို့မမြင်အောင်သွား တာ၊ အဲ ... မိခိုင်လိမ့်ကျသွားပြီးတဲ့နောက်၊ တောတန်း မှာ မိခိုင်ရဲ့အိတ်ကို ဒီအတိုင်းပစ်ချထားတာ ကျုပ်တွေ့ တယ်၊ သဘောကတော့ ဦးလှဘူးဟာ သူလိုချင်တဲ့ပစ္စည်း တစ်ခုမှမပါတော့ လွှင့်ပစ်ထားခဲ့တာနေမှာပေါ့၊ အဲဒါ ကျုပ်ကဖွက်ထားခဲ့ပြီးမှ နောက်တစ်ခေါက်ပြန်ယူမဲ့ ... ဒေါ်ရည်မွန်ပါတီပေးတဲ့ညမှာ ဦးလှဘူးဟာ ကိုဇော်မြင့်ဝင်း ကို တနည်းနည်းနဲ့ဖမ်းဆီးလိမ့်မယ်လို့ ကျုပ်ရိပ်စားမိ တယ်၊ ဘာလို့လဲဆိုတော့ အင်မတန် ဇနီးတစ်ယော အသည်းအသန်ဖြစ်လို့ ဆေးရုံတက်နေရပါတယ်ဆို



ဦးမင်းဒင်က ပါတီပွဲရောက်လာတာကအစ မသင်္ကာလို့ဘဲ၊ အဲဒီနောက် ... ကျုပ်အိမ် မဟုတ်ဘဲ ကျုပ်အိမ်ပါရယ်လို့ ကိုဇော်မြင့်ဝင်းကို လှည့်ထုတ်ပြီး သူတို့လက်က လွတ် အောင်ဖန်တီးလိုက်ရတာ"

"အဲဒီအိမ်ကို ကျွန်တော်နောက်တစ်နေ့ရောက်သွားတယ် ကိုသူရဆိုတာ သူတို့လုံးဝမသိဘူးတဲ့၊ အဲဒီအိမ်ကို ဦးဝေဇင် က ဘယ်လိုနည်းနဲ့ အသုံးပြုခဲ့တာလဲ"

ဦးဝေဇင်က ပြုံးကာ လေးလေးမြင့်အား မေးငေါ့ပြ လိုက်သည်။

"နောက်ပြီးမှ ကိုဇော်မြင့်ဝင်း လေးလေးမြင့်ကို မေးကြည့် ပေါ့၊ ဒီကိစ္စမှာ လေးလေးမြင့်က အစိက တော်တော်ကျ နေတာပဲ၊ ဒါတွေကို လေးလေးမြင့်က ဖန်တီးပေးတာ"

ကျွန်တော်က လေးလေးမြင့်အားကြည့်လိုက်ပြန် သည်။ သူမက ကျွန်တော့်အား သွားတက်ကလေးနှင့် ပါးခွက်က လေးပေါ်အောင် ပြုံးပြနေပေသည်။ ဘာမှတော့ ဝင်ရောက်မပြော သေးပေ။ ကိုသူရခေါ် ဦးဝေဇင်ကပင် ဆက်ပြောလေ၏။

"ထားပါတော့လေ ... ဒါတွေက ဇာတ်ရည်လယ်ပြီးရင် ကို ဇော်မြင့်ဝင်း အလိုလိုသဘောပေါက်လာမှာပါ၊ မိခိုင်သေဆုံး သွားတော့ ကျုပ်ဟာ တစ်ခုခုလုပ်ဖို့ဆုံးဖြတ်ရတော့တယ်၊ ဒီကြားထဲ ကျုပ်အစ်ကို ဦးမြခိုင်ပျောက်ဆုံးနေတာကို ကျုပ် သတင်းစာမှာ တွေ့ရတယ်၊ ဒါနဲ့ မန္တလေးမှုခင်းတပ်ဖွဲ့ ကိုသွားပြီး ဦးမြခိုင် ဖုန်းဆက်ပြောတာကအစ မိခိုင် သေဆုံ

www.burmeseclassic.com

တဲ့အဆုံးအထိ ကျူပ်ပြောပြလိုက်တယ်၊ သိုရီယန်လို ဓာတ်ကျောကြီးအတွက် အစိုးရက ဘယ်လိုများ လစ်လျူရှု ထားနိုင်ပါ့မလဲ၊ သိုရီယန် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မှုခင်းတပ်ဖွဲ့က အထက်အမိန့်တောင်းခံပြီး ဒီကိစ္စထဲ ဝင် လာခဲ့ရတာပေါ့၊ တကယ်လို့ သိုရီယန် ဓာတ်ကျောကြီးလဲ ဟုတ်နေမယ်သောင်းကျန်းသူကလဲ ဒါကို သိသွားမယ်ဆို ရင် သောင်းကျန်းသူတွေလုပ်ချင်ရာ လျှောက်လုပ်တာနဲ့ တိုင်းပြည်မှာ ဆုံးရှုံးနစ်နာစရာတွေ ရှိလာမယ် မဟုတ်လား ဒါကြောင့် တဘက်က လေးလေးမြင့်ကို ကိုဇော်မြင့်ဝင်းနဲ့ ပူးကပ်ထားဖို့ တာဝန်ပေးလိုက်တယ်"

ကျွန်တော် မျက်လုံးပြူးသွားပါတော့သည်

"ဒါဖြင့် ... ဒါဖြင့် ... လေးလေးဟာ"

"ဟုတ်တယ် ကိုဇော်မြင့်ဝင်း၊ တစ်ချိန်လုံး ပရိယာယ်ဧ နဲ့ ကိုဇော်မြင့်ဝင်းကို လာပူးထားလိုက်တဲ့ လေးလေးမြ ဟာ မှုခင်းတပ်ဖွဲ့က ဗိုလ်ကြီးလေးလေးမြင့် ကိုယ်တိုင်ပါ"

ဟုဦးဝေဇင်ကဖော်ထုတ်ပြောပြလိုက်ပေတော့သည်

"ဗိုလ်ကြီး လေးလေးမြင့်"

ဟု ရေရွတ်ရင်း လေးလေးမြင့်အား ကျွန်တော် လှမ်းကြည့်လိုက်သည်။ ယခုတစ်ကြိမ်၌မူ လေးလေးမြင့်သည် အခြားသို့ မျက်နှာလွှဲကာ ပြုံးစေ့စေ့ လုပ်နေပေသည်။

"ကဲ ... ကိုဇော်မြင့်ဝင်း၊ ဖြစ်ကြောင်းကုန်စင်ကတော့ ဒါ ကျူပ်တာဝန်က ဟောဒီစားပွဲပေါ်က ကျောက်တုံးလေး



ဓာတ်ခွဲကြည့်ပြီး တွေ့ရှိချက်အားလုံးကို အစိုးရဆီမှာ တင် ပြမယ်၊ တကယ်ပဲ သိုရီယန်ဓာတ်ကျောက်ကြီးဖြစ်နေရင် ဦးမြ ခိုင်ပေးတဲ့ မြေပုံညွှန်းနဲ့လိုက်ရုံပေါ့"

"မြေပုံညွှန်း၊ အဲဒီမြေပုံညွှန်းက ဘယ်ကရလဲ၊ ဦးလှဘူးတို့က ဒီမြေပုံညွှန်းကို အပ်မတဲ့လား ဦးဝေဇင်"

ဦးဝေဇင်က ပြုံးလိုက်ပြန်သည်။ ပြီးလျှင် သူ၏အင်္ကျီ အတွင်းအိတ်ထဲမှ စာအုပ်ကိုထုတ်ပြလိုက်သည်။ ထိုစာအုပ်သည် ဦးမြခိုင်က ကင်မရာယူခိုင်းစဉ်က ကျွန်တော်လက်သို့ အပ်လိုက်သော အင်္ဂလိပ်စာရေးဆရာ Patric Quentin ရေးသားသည့် Run to Death ကို မြန်မာလို ဆီလျော်အောင် ဖြစ်နေပါတော့၏။

ဤစာအုပ်ကြောင့်ပင် ဒေါ်ရည်မွန် သေဆုံးရခဲ့ပါ လျှက် ယခု ထိုစာအုပ်သည် ဦးလှဘူးတို့လက်ဝယ်မရှိဘဲ ဦးဝေဇင် ထံသို့ မည်သို့ရောက်ရှိနေပါလေသနည်း။

"အဲဒီစာအုပ်ကြောင့် ဒေါ်ရည်မွန်သေရတယ်၊ ဦးဝေဇင်ဒီစာ အုပ်ကို ဦးဝေဇင်က ဦးလှဘူးဆီက ရတာမဟုတ်လား"

"ကြံကြံဖန်ဖန် ကိုဇော်မြင့်ဝင်းရာ၊ ဒေါ်ရည်မွန်က မန်းရိပ် ငြိမ်မှာ ပါတီပေးတဲ့ညကပေါ့၊ ဒေါ်ရည်မွန်ရဲ့ အခန်းကို ကျူပ် သော့တူနဲ့ဖွင့်ပြီး သူ့အိပ်ရာဘေးက မိခိုင်ရဲ့ စာအုပ်အစစ် နဲ့ အတုလဲထားလိုက်တာ၊ ဒေါ်ရည်မွန်အကြောင်း ကိုဇော် မြင့်ဝင်း သိသားမဟုတ်လား၊ လျှာရှောင်တယ်လေ၊ သူက ကင်းတားကအပြန်မှာ ကျူပ်ကိုပြောဖူးတယ်၊ ကိုဇော်မြင့် ဝင်းဆီက အဲဒီစာအုပ်ကို ငှားဖတ်နေတယ်တဲ့၊ စိတ်ဝင်စား

www.burmeseclassic.com



ဖို့ သိပ်ကောင်းတဲ့စာအုပ်ပဲတဲ့၊ အဲဒီစာအုပ်ကို မိနိုင်
ကိုဇော်မြင့်ဝင်းကို ပေးခဲ့တာတဲ့လေ၊ အဲဒီတော့ မန္တလေး
ရောက်တာနဲ့စာအုပ်ဟောင်းရောင်းတဲ့ ဆိုင်တွေမှာ အဲဒီစာ
အုပ် ကျုပ်လိုက်ရှာဝယ်ထားတာ၊ အဲဒီပါတီပေးတဲ့ညက စာ
အုပ်ချင်းလဲယူထားလိုက်တာပဲ"

ကျွန်တော်သဘောပေါက်ပါလေပြီ။ ဒေါ်ရည်မွန်
သေဆုံးရသည့်အတွက်လဲ ကျွန်တော်၏ အသည်းနှလုံးတို့မှာ ထပ်
ဆကျင်ရပြန်သည်။ ဒေါ်ရည်မွန်ထံမှ မြေပုံညွှန်းပါသော စာအုပ်
လို၍ ဦးလှဘူးနှင့် "ထိုသူငယ်"တို့က ဖမ်းဆီးသွားကြသည်။ သူတို့
ရရှိသော စာအုပ်မှာ အတုကြီးဖြစ်မှန်း သိလေသောကြောင့်
ကျွန်တော့်အား ထောင်ချောက်ထပ်မံဆင်ပြီး သံဗုဒ္ဓသို့အရောက်
ခေါ်ယူခြင်း ဖြစ်ပါတော့၏။ အကယ်၍သာ ဤကိစ္စအားလုံးကို
ကျွန်တော်ကြိုတင်သိရှိရပါက ဒေါ်ရည်မွန်အား တင်ကြိုသတိပေးနိုင်
မည်ဖြစ်ပြီး ဒေါ်ရည်မွန်သေဆုံးရမည်မဟုတ်ပါလော။

"တကယ်ဆိုရင် ဦးဝေဇင်နဲ့ ကျွန်တော် လာအိပ်ရတဲ့နေ့က
ဦးဝေဇင် ဒါတွေကိုဖွင့်ပြောဖို့ကောင်းတယ်ဗျာ ... ဒီလိုသာ
သိထားရင် ဒေါ်ရည်မွန်ခမျာ အခုလို သေရမှာ မဟုတ်လား"

"မှန်တယ် ကိုဇော်မြင့်ဝင်း၊ နို့ ... ကိုဇော်မြင့်ဝင်းက ဘာလို့
မိနိုင်ရဲ့လက်ပွေ့အိတ်အနီကို ရေချိုးခန်းထဲမှာ တွေ့ရက်
သားနဲ့ ကျုပ်ကို မေးခွန်းတွေဆက်ပြီး မမေးခဲ့သလဲ၊ ညတုန်း
ကတော့ပုလိပ်စစ်သလို ကျုပ်ကိုစစ်တယ်၊ လက်ပူးလက်
ကြပ် မိနိုင်ရဲ့အိတ်ကိုတွေ့တဲ့အခါမှာတော့ ဘာမှမမေးခဲ့ဘူး



ကျုပ်တို့အနေနဲ့ကတော့ ကိုဇော်မြင့်ဝင်းကို ဘယ်လို ယုံ
ကြည်ထားရမလဲ၊ ကိုဇော်မြင့်ဝင်း ကိုယ်တိုင်ဟာ ဦးလှဘူး
ရဲ့ ဘက်တော်သားတစ်ယောက်လို့ကော ကျုပ်တို့က
မထင်ဘဲနေလို့ရမလား၊ မိနိုင်ရဲ့လက်ပွေ့အိတ်ကို လက်ပူး
လက်ကြပ်ကိုင်ပြီး မေးစေချင်လို့ ကျုပ်ကတမင်ရေချိုးခန်း
ထဲမှာ မြင်သာအောင်ထည့်ပေးထားတာ၊ အဲဒီလိုမေးလာ
တဲ့အခါကျမှ ကိုဇော်မြင့်ဝင်းဟာ ဦးလှဘူးရဲ့ ဘက်တော်
သားဟုတ်မဟုတ် အကဲခတ်ရမှာ၊ ဒါပေမဲ့ ဘာမှမမေးဘဲ
ကျုပ်အိပ်တဲ့အခါမှာ မဟောက်လို့ ကျေးဇူးတင်ပါတယ်ဆို
တဲ့ စာကြောင်းကလေးရေးပြီး ထွက်သွားတယ်၊ ဒါကြောင့်
လေးလေးမြင့်က ကိုဇော်မြင့်ဝင်းကို ဆက်ပြီး ပူးကပ်ထား
ရတယ်၊ ရှင်းပလား ကိုဇော်မြင့်ဝင်း"

ရှင်းပါပြီ၊ အလွန်ပင် ရှင်းပါ၏။ ဒေါ်ရည်မွန်အတွက်
ကျွန်တော့်အဖို့ ကုသိုလ်ပြုလေတိုင်း အမျှအတန်းဝေရန်သာ ရှိပါ
တော့သည်။ ဦးဝေဇင်နှင့်မှူခင်းတပ်ဖွဲ့မှ ဗိုလ်ကြီးဒေါ်လေးလေးမြင့်
သည် ကျွန်တော်၏ထံတွင်ရှိနေသော သိုရီယန်ကျောက်ခဲလေး
သူတို့ထံရောက်ရှိစေရန် အနုနည်းဖြင့် ကျွန်တော့်အား ညှပ်ခါ
သိမ်းသွင်းသွားခြင်းသာဖြစ်သည်။ အကြမ်းဖက်ပါက မသိဘူးဟု
ကျွန်တော်က ဘူးခံကာ မြစ်ထဲချောင်းထဲ လွှင့်ပစ်လိုက်မည်ကို စိုး
ရိမ်ခဲ့ဟန် တူရှာပေသည်။

ဦးဝေဇင်သည် နေရာမှထကာ စားပွဲပေါ်ရှိ သိုရီယမ်
ကျောက်ခဲကလေးကို နေ့ရောင်တွင်ထောင်ကြည့်ကာ အလုပ်ရှုပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နေချိန်တွင် ကျွန်တော်က လေးလေးမြင့်အား လှည့်ကြည့်မိပေသည်။ လေးလေးမြင့်ကလည်း ကျွန်တော့်အား ဝင်းလဲ့သော မျက်လုံးအစုံဖြင့် ကြည့်နေရှာပေသည်။

ကျွန်တော်သည် မနေရာမှထကာ လေးလေးမြင့်ရှိရာကို တိုးကပ်သွားမိသည်။ လေးလေးမြင့်၏လက်မောင်းလေး နှစ်လုံးကို တစ်ဖက်တစ်ချက်မှ ဆုပ်ကိုင်လိုက်မိသည်။ လေးလေးမြင့်က မရုန်းပေ။ လေးလေးမြင့်၏အတွင်းစိတ်နှင့် ကျွန်တော်၏အတွင်းစိတ်တို့သည် လျှာနှင့်နှုတ်ခမ်းများမှ ပွင့်ထွက်မလာစေကာမူ တစ်ဦးစိတ်ကိုတစ်ဦး သိနေကြသလိုပင်။

ကျွန်တော်က ကိုင်ထားသောလက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ လေပူပြင်းကိုလည်း မှုတ်ထုတ်လိုက်မိ၏။ လေးလေးတွဲ့တွဲ့ဖြည်းဖြည်းညင်းညင်းမှုတ်ထုတ်မိခြင်းဖြစ်ပေသည်။

"ဆောရီးပဲ လေးလေး၊ ဟိုတယ်ခန်းထဲမှာ လေးလေးကို ကိုဇော်ရိုက်လည်းရိုက်မိတယ်၊ ကြိုးနဲ့လည်းတုတ်မိတဲ့အတွက် တကယ်ပဲ စိတ်မကောင်းပါဘူး၊ လေးလေး ... အဲဒီအတွက် ကိုဇော်ကိုခွင့်လွှတ်ပါ လေးလေး"

"သိပ်ကိုခွင့်လွှတ်လိုက်ပါတယ် ကိုဇော်၊ အဲဒီအတွက်ပဲဖြစ်ဖြစ်၊ တခြား ကိုဇော်နဲ့လေးလေးတို့ တပူးတွဲတွဲဖြစ်ခဲ့ရတဲ့ အဖြစ်တွေအတွက်ပဲဖြစ်ဖြစ် လေးလေးဟာ သေသည်အထိ ကိုဇော့်ကို သတိရနေမှာပါ ကိုဇော်"

နှစ်ဦးစလုံး ခေတ္တတိတ်ဆိတ်သွားပြန်သည်။

ကျွန်တော်က ဇွတ်ပင်ရယ်ပစ်လိုက်၏။ ပြီးမှ ...



"ဒါနဲ့ ... လေးလေးက ကိုဇော့်ကိုပြောတော့ မုဆိုးမလေးပါဆို၊ ဟုတ်တိပတ်တိ နန်းရှေ့အုတ်ဖိုမှာ လွမ်းသူ့ပန်းခွေများထောင်ချလိုက်သေးတယ်၊ အုတ်ဂူထဲက တမလွန်ကို ရောက်နေတဲ့ လူကတော့ မျက်စိ ဘယ်လောက်လယ်ရှာမလဲဘဲ"

လေးလေးထံမှ သွားတတ်နှင့် ပါးခွက်ကလေးပေါ်လာပေသည်။ လေးလေးသည်လှသည်။ ရယ်လေလျှင်ပို၍လှ၏။ ထို့ကြောင့် လေးလေးမြင့်တစ်ယောက်အား အမြဲရယ်ပြုံး နေစေချင်သည်မှာ ကျွန်တော်၏ စိတ်ရင်းအမှန်ပင်တည်း။

"ဟုတ်တယ် ကိုဇော်၊ လေးလေးဟာ တကယ်မုဆိုးမပါ"

"ဟင် ... မဟုတ်နိုင်တာ ဗိုလ်ကြီး ဒေါ်လေးလေးမြင့်ရဲ့ ဒီလောက် အသားဆိုင်တွေတင်ရင်းနေတဲ့သူဟာ ဘယ်လိုများအိမ်ထောင်ရှင် မုဆိုးမဖြစ်နိုင်မှာလဲ"

"တကယ်ပါ ကိုဇော်၊ လေးလေးဟာ မုဆိုးမပါ၊ ဒါပေမဲ့ လင်သေလို့ ကျန်ခဲ့တဲ့မုဆိုးမ မဟုတ်ဘူးလေ၊ သားကောင်နောက်ကို လိုက်နေရသလို တာဝန်နဲ့ ဒုစရိုက်သားကောင်နောက်ကိုလိုက်နေရတဲ့ မုဆိုးမလို့ ပြောတာပါ၊ ကဲ ရှင်းပလား ..."

ကဲ ... ရှင်းပလား အဆုံးတွင် ကျွန်တော်ရော၊ လေးလေးမြင့်ပါ ကြည်နူးစွာ ရယ်လိုက်ကြမိသည်။

"ဇာတ်လမ်းတော့ဆုံးပြီ ကိုဇော်၊ အခုကိုဇော် ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

"ကိုဇော်ကစာရေးဆရာပဲ၊ စာရေးမှာပေါ့၊ အခုကိုဇော်တို့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရတဲ့ ဓာတ်လမ်းဟာ ဘယ်လောက်လျှို့ဝှက်လဲ၊ ဆန်းကြယ်လဲ၊ တကဲ့သဲထိတ်ရင်ဖိုတွေ အများကြီးပါတယ် မဟုတ်လား၊ စိတ်ကူးယဉ်အချစ်ဓာတ်လမ်းမို့ သိပ်ရေးလို့ ကောင်းမယ့် ဝတ္ထုတစ်ပုဒ်ပဲ လေးလေး"

"ဓာတ်ကောင်တွေရဲ့ နာမည်တွေကျတော့ကော"

"ဒါတော့ ပြောင်းထည့်ရမှာပေါ့"

"နို့ ပြီး … ဟိုအခန်းတွေ ထည့်ရေးမှာလား ကိုဇော် … "

"ဘယ်အခန်းတွေလဲ"

လေးလေးမြင့်က ရှက်သွေးဖြာကာ ယောက်ကန်းကန်းကလေး ဖြစ်နေပြီးခါမှ …

"ဟို … လင်ကြီးသေတာ ခြောက်လစေ့ပြီမို့ လေးလေးဟာ လွတ်ကျွတ်ပါပြီဆိုပြီး ကိုဇော်ရဲ့ စိန်ပန်းရပ်ထဲက အိမ်ကို လေးလေးလိုက်လာပြီး … "

"လိုက်လာပြီး … ဘာပြုလဲ လေးလေး"

"ဟွန်း … ရှက်စရာကြီးပါ ကိုဇော်၊ အဲဒီအခန်းတွေ ထည့်မရေးနဲ့နော်"

"ဘယ်ဖြစ်မလဲ၊ ဒီအခန်းမျိုးက ပရိသတ်အကြိုက်ပဲ၊ နည်းနည်းတောင် ကိုဇော်က ပိုရေးရဦးမယ်"

လေးလေးမြင့်သည် စိတ်မရှည်သလို ခြေကိုဆောင့်လိုက်ပေသည်။ ပြီးလျှင် စကားကိုလည်း ဆောင့်အောင့်ကာ နှုတ်ခမ်းကို ချစ်စရာကောင်းအောင် စူပြလိုက်ရင်း …

"ရေး ကိုဇော်၊ ရေးချင်သလိုသာ ရေးပေတော့၊ ရေးပြီးတဲ့အခါမှာသာ လေးလေးဆီကို ကိုဇော်ကိုယ်တိုင်လက်မှတ်



ထိုးပြီး အမှတ်တရ မေတ္တာလက်ဆောင် တစ်အုပ်ပို့ပေးရမယ်နော် ကိုဇော်"

ကျွန်တော်က အမှတ်တရလက်ဆောင်အဖြစ် ဆက်ဆက်ပို့ပေးပါမည်ဟု ကတိပေးဝန်ခံခဲ့စေကာမူ ထိုနေရာမှ လေးလေးမြင့်နှင့် ခွဲခွာခဲ့ရပြီးသည့်နောက် ကလောင်ကိုပင် မကိုင်မိခဲ့ပေ။ အဘယ်ကြောင့်ဟူမူ နောက်တစ်နေ့မှာပင် ရန်ကုန်–မန္တလေးမီးရထားလမ်းကြီး ပြန်လည်ဖွင့်လှစ်လိုက်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် ချက်ချင်းပင် ရန်ကုန်မြေကိုစွန့်ခွာကာ မီးရထားဖြင့် သာစည်သို့ လိုက်ပါခဲ့မိသည်။ သာစည်မှ တဆင့် ကျွန်တော်၏ ဇနီးချော သဇင်ရှိရာ ရှမ်းပြည်နယ်သို့ ထွက်လာခဲ့တော့၏။ သဇင်၏အပါးသို့ ရောက်ရပြန်တော့လည်း သဇင်၏အယုအယ, အချစ်အခင်ကြားဝယ် ကျွန်တော်ကြည်နူးရပြန်သည်။

တကယ်မှာမူ …

ကျွန်တော်အား မိခိုင်သည် ကျွန်တော့်အားညွှတ်ကွင်းဆင်ကာ ဖမ်းစားခဲ့ခြင်း ဖြစ်ပေသည်။

ဒုတိယ လေးလေးမြင့်သည်လည်း ကျွန်တော့်အား ညွှတ်ကွင်းဆင်ကာ သိမ်းသွင်းခဲ့ခြင်း ဖြစ်ပြန်သည်။

သို့တိုင်အောင် သူမလေးတို့၏ ညွှတ်ကွင်းမှာ အနူးအညွှံ့အလှအပတို့သာလျှင်တည်း။

ကျွန်တော့်အား မိုက်လှစွာသော ပိုးဖလံဟုဆိုချင်သည်း ဆိုစေတော့၊ လှပထွန်းလင်းသော မီးလျှံကို ကျွန်တော်ခုံမင်စွာ ဝင်၍တိုးချင်နေပါသေးသည်။

အကယ်၍သာ ဇနီးချော သဇင့်ထံသို့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အချိန်မီ ကိုယ့်စိတ်ကိုယ် ချုပ်တီးပြီး မပြန်ခဲ့ပါလေလျှင် လေးလေးမြင့်၏ ပိုးသာချည်မျှင်၊ အလှအပ၊ အနူးအညွှံ့ ညှတ်ကွင်းထဲဝယ် ကျွန်တော်သည် မက်မောခုံမင်စွာဖြင့် တဝဲလယ်လယ် ဆင်းသက်မိလေဦးမည် ထင်ပါသည်။ ယခုတွင်မူ ...

ဇနီးချော သခင်၏အပါးတွင် ကျွန်တော့်မှာ မြန်လည်ကာ ပျော်မွေ့ရပါ၏။ မိခိုင်ကိုလည်း မေ့ပစ်လိုက်သည်။ လေးလေးမြင့်ကိုလည်း မေ့လိုက်သည်။ နောက်ဆုံး သိရီယမ်ကျောက်ခဲလေးအကြောင်းနှင့် မြစ်ဆုံတွင် ပျောက်ဆုံးနေသော ဦးမြခိုင်တို့၏ အကြောင်းကိုပင် စုံစမ်းချင်စိတ် မရှိတော့ပေ။

ကျွန်တော်က စုံစမ်းလို၍စုံစမ်းသည့်ပဲထားဦး၊ သိနိုင်ဖို့မှာ ခက်လှပါ၏။ ဦးမြခိုင်နှင့် သိရီယမ်သည် ယခုအချိန်ဝယ် နိုင်ငံတော်၏ ထိပ်တန်းလျှို့ဝှက်ချက် ဖြစ်နေလောက်ပေပြီ။

ကျွန်တော်သည်ကား လေးလေးမြင့်ဆင်ခဲ့လေသည့် ပိုးချည်မျှင်ညှတ်ကွင်းမှ ကင်းလွတ်ချိန်ကစ၍ အရေးမပါ အရာမရောက်တော့ပြီဖြစ်သည့် သာမန်အရပ်သားတစ်ဦး ဖြစ်နေရသည်ပင် မဟုတ်ပါလား။

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com